www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## အသက်ထက် သက်ထား


တမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၄၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၀၀၃၁၀

၂၀၁၀ ခုနှစ်၊ ဇွန်လ

ဒုတိယကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

နေနွယ်ဇင်မြင့်

အသက်ထက်သက်ထား/နေနွယ်ဇင်မြင့်-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၁၀၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) အသက်ထက် သက်ထား


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ""ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသ..လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com







နေနွယ်ဇင်မြင့်

# အသက်ထက် သက်ထား


(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







ဆန္ဒဟူသမျှ ပြည့်ဝခြင်း၊ ဘဝအဆင်ချောခြင်းတွေက လူသားတစ်ဦး၏ဘဝမှာ စကားအဖြစ်သာ တည်ရှိနေတတ်သည်။ လက်တွေ့မှာ ပြည့်ဝစွာ ရရှိခံစားခွင့်ကြုံသူ ကံကောင်းသမားက နည်းပါးပါလိမ့်မည်။

နောင်ရိုး ... လက်ရှိအခြေအနေကို နည်းနည်းလေးမျှ စိတ်ကြိုက်မတွေ့ချေ။ နောင်ရိုးဘဝ မြေမျက်နှာပြင်က ကြမ်းတမ်းလှသည် မဟုတ်ငြား၊ ညှံ့သက် ညက်ညောမှုလည်း မရှိခဲ့။ မေမေ့အတွက် နောင်ရိုးဘဝကို ပေးဆပ်ဖို့ ဖြစ်လာခဲ့တာ၊ ကျေးဇူးဆပ်ခွင့်အဖြစ် လိုက်လှဲဝမ်းသာဖို့ပါ။

သို့ပေမဲ့ ... လွန်ခဲ့သည့် သုံးနှစ်ကျော် ကာလအချိန်က နောင်ရိုးမျက်ဝန်းထဲသို့ ထိုးခွဲစူးနစ် ဝင်ရောက်လာခဲ့သည့် "သက်ထား" ဆိုသော မိန်းမသားက နောင်ရိုး၏ကျေးဇူးဆပ်ခွင့်ရှေ့သို့ကျရောက်ပိတ်ဆီးနေသည်။

တွေ့မြင်ခွင့် မကြုံခဲ့လျှင် ဘယ်လောက်ကောင်းမလဲ။ ဆေးလက်စ၊ ကင်းကွာလက်စနှင့် နောက်တစ်ကြိမ် ထပ်မတွေ့ကြုံလျှင်လည်း ဘယ်လောက်ကောင်းမလဲ။

www.burmeseclassic.com



ခုတော့ … ထာဝရ မှန်တောရီမှိုင်းနေသည့် မျက်နှာထားတစ်ခု ပီပြင်ရုံလေး ပတ်သက်ခဲ့သည်။ မမေ့နိုင်ပါဘဲ မေ့ထားခဲ့တာပါ။ ထာဝရ တမ်းတနေတယ်ဆိုတာကို "အသက်ထက်သက်ထား" ဆိုသည့် သီချင်းလေးက သက်သေပြလျက်ရှိသည်။

စင်စစ် နှောင်ရိုးဘဝ၊ နှောင်ရိုးအနေအထား၊ နှောင်ရိုးရပ်တည်စောင့်ဆိုင်းနေရသည့် ခရီးလမ်းမှာ သက်ထား … ဆိုသည့် အမြင့်စံမလေးနှင့်ယှဉ်တော့၊ လုံးဝ … လုံးဝကို မဆီမဆိုင်ပါဘူးလေ။

✿ ❤ ✿

BURMESE CLASSIC

## အခန်း(၁)

မြေနီလမ်းပေါ်သို့ ချိုးကွေ့ချလိုက်သည်။ ချိုင့်တွေက ရှောင်မလွှတ်အောင် ဆီးကြိုနေသည်။ ယာဉ်မောင်း ဦးကျော်က ကားနောက်ခန်းသို့ လှည့်ကြည့်သည်။ သည်လမ်းထဲသို့ ဒီကားကြီးကို မောင်းဝင်သွားဖို့ နမြောလှပါဘိ။

"ဘယ်လိုလဲ" … ဟု ဖွင့်မပေးပေမယ့်၊ ကားရှိန်ကို ဘီးလိမ့်သည် ဆိုရုံထိ လျှော့ချ၏။

"လမ်းဆိုးတယ်ဟ … ကားကြီး အားနာလိုက်တာ"

ကားပေါ်မှာ ဆယ်ကျော်သက်မလေးချည်း လေးယောက်ပါ၏။ တစ်ယောက်က အားနာပါးနာ ထပြောတော့ ကားပိုင်ရှင် ဖြစ်ဟန်တူသည့် ချာတိတ်မက မေးကလေးတစ်ချက်ဆတ်၍ပြုံးပြသည်။

"ရပါတယ်"

"ဦးလေးတော့ … ဒီလမ်းပေါ်မှာ ပုဆိုးခါးတောင်းကျိုက်ပြီး ကားကို ပခုံးပေါ်သာ ထမ်းသွားချင်တော့တာပဲ"

ကောင်မလေးတွေက ခစ်ခနဲ ရယ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကားဆိုတာ စီးဖို့ပဲ"

ဦးကျော်က ကားပိုင်ရှင်မလေးကို လှည့်ကြည့် လှည့်ကြည့်လုပ်ကာ ဆက်မောင်းဖို့ ဝန်လေးနေပုံရ၏။

"သမီးတို့ ဒီကဆင်းလျှောက်ကြလို့ မဖြစ်ဘူးလား"

ဟု ပြောချင်သည်။ ပြောလျှင် ကြိုက်မှကြိုက်ကြပါ့ မလား တွေးရသေးသည်။

"ပန်းခြံက ဝေးသေးလား"

မမေးသာမေးသာ၊ မေးဖြစ်အောင်မေး၏။

"ဟုတ်သားပဲ၊ ဆင်းလျှောက်ရအောင်ပါဟာ၊ ဒီကားနဲ့ ဒီလမ်းမှာ မောင်းနေရတာ ဟိုမှာ ဦးလေးကျော် နလုံးရောဂါ ရတော့မယ်"

"အေးပါဟာ၊ လာပါ ဆင်းကြမယ်၊ ရပ်ပေးတော့ ဦးလေး ကျော်၊ ပိုင်ရှင်က မနမြောပေမယ့် စီးရတဲ့သူတွေက သီးထတယ်"

နစ်ဆန်းပါလ်ဆာ ခဲပုပ်ရောင်ကားကြီး ငြိမ့်ခနဲထိုး ရပ်တော့ သူ့ရှေ့တည့်တည့် ကားဆိုက်ခံရသည့်အိမ်မှ ကလေး တွေတောင် ပြေးထွက်လာကြတော့သည်။

"ကတ္တရာလမ်းပေါ် ပြန်တက်ထားမယ်နော် သမီး"

"ဦးလေးကျော် သဘောပဲ"

"အေး ... အေးကွယ်၊ ဒါကြီး တစ်ခုခုဆို သမီးတို့က ထမင်းစားရေသောက်ရမယ်၊ ဦးလေးက နမြောလုံးဆို့ပြီး သေနိုင်တယ်"



ဦးကျော် စကားကို ရယ်မောကာ မိန်းကလေး လေးယောက် ကားပေါ်မှ ဆင်းကြ၏။ သူတို့လေးယောက်လမ်း ပေါ်ရောက်သည်နှင့် စာကလေးအုပ် ကျသလား ထင်ရအောင် စကျိုး ပကျိုးသံတွေ လျှံသွားရတော့သည်။

"နှင်းလိုချင်တဲ့ပန်းတွေ အကုန်ရမှာလား"

"ထင်တာပဲ၊ မရရင် တခြားခြံတွေသွားပြီး စုရန်ပေးရဦး မှာ"

"သတို့သမီးညီမ ဖြစ်ရတာ ဖင်ပန်းလိုက်တာဟယ်၊ ယောက်ျားလေးဘက်က ဒါတွေ မစီစဉ်ဘူးလား"

"သူတို့က မေမြို့ပန်းနဲ့သစ္စာပန်းလောက် သိကြတာ၊ ဖြစ် မလား"

"ခပ်တုံးတုံးထဲကလား"

"ကပ်စေးခပ်နည်းနည်းထဲက"

"နှင့်အစ်မနဲ့ ဖြစ်ပါ့မလား"

"ရည်းစားဘဝမှာ လေးကျပ်ခွဲတန် လက်ကိုင်ပဝါလေး နှစ်ထည် မွေးနေ့လက်ဆောင်ပေးပြီး ကျိန်းကျအောင်တဲ့ တစ်မတ်ပြန်တောင်းသွားတဲ့သူမှ ဈေးကြိုက်တာကိုး၊ မဖြစ် လည်း ဖြစ်အောင်နေပေါ့၊ သူ့ထိုက်နဲ့ သူ့ကံ"

"အချစ်မှာ ဂုဏ်မရှိ ငွေမရှိ၊ အချစ်မှာ အချစ်ပဲရှိတယ်ဆိုပဲ"

"နှင့်အချစ်ကို ဆီကျန် ရေကျန်လေး ချက်စားလို့ရရင် ကောင်းသားပေါ့"

"ဆီမကျန်ဘူး၊ ရေပဲကျန်မယ်၊ ဆီက အစကတည်းက ထည့်မှမထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"သတို့သားက ဆရာဝန်ဆို"

"အေး"

"သူတို့က မတတ်နိုင်ဘူးလား"

"တတ်နိုင်တဲ့ ဟိုဘက်ကို တိုင်းပြည်နှစ်ပြည်စာ ကျော်တယ်၊ ကပ်စေးကိုနည်းတာ၊ မကုန်သင့်တာ မကုန်ရဘူးကွဲ"

"အဲဒါ ဟုတ်သားပဲ"

"ဆန်ကြမ်းနဲ့ ရေလုံပြုတ်စားပြီး တစ်လ တစ်လ ရွှေနဲ့စိန် ချည်း ဖိဝယ်နေတာ၊ နင်တို့ သတင်းစောင့်နားထောင်ကြ။ စိန်ပိလို့ သေတဲ့မသာ ပေါ်လိမ့်မယ်"

"နင်ကလည်းဟယ်၊ မင်္ဂလာအချိန်မှာ မပြောပါနဲ့"

"တကယ်ပြောတာ၊ ငါ့ခဲအိုလောင်းရဲ့ ညီမတွေဆိုတာ စိန်လက်ကောက်တွေ ဝတ်ထားတာ တံတောင်ဆစ်နားနီး နေပြီ၊ လက်ကြီးတွေ လေးနေလို့ ကောင်းကောင်းတောင် မမြှောက်နိုင်ဘူး ...

"ဒါပေမဲ့ သူတို့အမေက သူ့ဗိုက်လည်း သူ မသထား၊ သားသမီးတွေလည်း အူခြောက်၊ ဗိုက်ဟောင်းလောင်းထား တဲ့နေရာမှာ ...

"တစ်မိသားစုလုံး အစာအိပ်ရောဂါကိုယ်စီနဲ့၊ ဟား ဟား"

ခစ်ခနဲ မဟုတ်ဘဲ အော်ရယ်တော့၊ တစ်ဖွဲ့လုံးရယ် ကြ၏။

"ငါ့ခဲအို ဆရာဝန်ခံမျှာလည်း ကိုယ့်မိသားစု ကိုယ်ကုရတာ နဲ့ အစာအိပ်ရောဂါ စပါယ်ရှယ်လစ် ဖြစ်သွားရော"



ဝါးခနဲရယ်သံ ထွက်လာပြန်သည်။

"ရှူး ... တိုးတိုး၊ တစ်လမ်းလုံး အိမ်တွေက ထွက်ကြည့် ကုန်ပြီ၊ စိတ်ကျန်းမာရေးဆေးရုံက အရူးမလေးယောက် လွတ်လာတယ်ထင်ပြီး ဝိုင်းဖမ်းလိမ့်မယ်"

ငယ်သူတို့ဘာဝ ပါးစပ်ထဲရှိရာပြောရင်း ခရီးပေါက် လာကြ၏။

"ဒီခြံပဲ"

"ဟိုက် ... အမြဲစိမ်းသစ်တောဆိုတာ ထင်တယ်"

"သတိထား၊ ကျားတွေ ဆင်တွေ အောင်းနိုင်တယ်"

ခြံကြီးက ပြောလောက်အောင်ကို ကျယ်သည်။ သစ်ပင်ကြီးများ အုပ်ဆိုင်းကာ တောနက်ကြီးထဲ ဝင်ရမလား ထင်စရာဖြစ်နေ၏။ ခြံတံခါးဝမှာ ကြိုးတန်းတစ်ခု မြင်သည်မို့ ဝိုင်းဆွဲကြသည်။ ကလင် ကလောင်သံက ဆူညံသွားရတော့သည်။

တစ်ယောက်ဆွဲပြီးသည်နှင့် နောက်တစ်ယောက်က ငါ့အလှည့်ဟုဆိုကာ ဆွဲပြန်၏။ လေးယောက်လုံး ဆွဲပြီးချိန်ထိ ခေါင်းလောင်းမြည်သံ ကျယ်လောင် ရှည်လျားနေရတော့သည်။

"လာပြီဗျို့"

ဒီလိုမှ ပြန်မအော်လျှင်၊ ဒီအုပ်စု ခေါင်းလောင်းကြိုး ဆွဲပုံနှင့် ရပ်ကွက်ထဲက မီးလန့်သလား ထင်ဖို့ရှိတော့သည်။

"လာပြီဟေ့၊ အလိုလေး ... ဥယျာဉ်မှူးက သားနားလှ ချည်လား"

သူတို့ဆီ ယောကျ်ားတစ်ယောက် ပြေးလာနေ၏။ ဂျင်းဘောင်းဘီပြာကို ဒူးဆစ်ထိ လိပ်တင်ထားရာ၊ ခြေသလုံးမွေး

www.burmeseclassic.com

www.burmeseclassic.com



ဖွေးက ထင်းနေ၏။ အင်္ကျီက စပို့ရှပ်အနက်ရောင်။ မြင်ရုံနှင့် လာကော့စ်တေးလ်မှန်း သိကြ၏။

သိဆို ဒီဘက်အုပ်စု မိန်းကလေး လေးယောက် ကိုယ်တိုင်လည်း အဲဒီစပို့ရှပ်မျိုး တစ်ယောက် တစ်ရောင် ဝတ်လာကြတာ။

ဆံပင်တိုတိုကပ်ကပ် မည်းနက်သန်စွမ်းကာ ဂျဲလီမ်း စရာမလိုဘဲ အပေါ်သို့ ထောင်နေ၏။ ဆံပင်နက်နက်နှင့် စပို့ရှပ် မှောင်မှောင်ကြားမှ မျက်နှာပြင်က ဖွေးစင်နေ၏။

"ဥယျာဉ်မှူးလောက် သူစိုက်တဲ့ပန်းတွေ လှမှ မလားဘဲ"

"ပန်းဝယ်ချင်လို့လား"

"ဟောတော့ ... နောင်ရိုး"

လွှတ်ခနဲသံ ထွက်လာတော့မှ နောင်ရိုး တစ်ယောက် ချင်းစီကို ကြည့်လိုက်မိသည်။

"သြော် ... သက်ထား"

"နောင်ရိုး ခြံလား"

သက်ထားက မေးတော့ နောင်ရိုး ခေါင်းညိတ်၏။

ကျန်အဖွဲ့သူတွေက နောင်ရိုးနှင့် သက်ထားကိုတစ် လှည့်စီကြည့်ကြသည်။ နှုတ်ဆက်ကြပုံတွေက တရင်းတနီးလေ။

"ရှစ်ဆယ့်ကိုးခုနှစ်ထဲမှာ ပန်းဝယ်မယ် ကိုနောင်ရိုး၊ ခြံတံခါး ကို ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်ကျမှ ဖွင့်ပေးမယ်စိတ်ကူး ရှိရင် အစ်မ မင်္ဂလာဆောင် မမီတော့ဘူး"

သတို့သမီးညီမ နွေးက နှုတ်ခမ်းစူပစ်သည်။ သက် ထားနှင့် ခင်မင်ရင်းနှီးပုံရသည်မို့ အားနာဖို့ စိတ်ကူးလုံးဝမရှိတော့



ချေ။ စောစောကတည်းက သြော် ... သက်ထား ဟု မှတ်မိစွာ နှုတ်ဆက်ပေမယ့်၊ နောင်ရိုး မျက်နှာက အရယ်အပြုံး မရှိရကောင်း လားဟု တေးမှတ်လိုက်ပြီးသား ဖြစ်နေသည်။

နောင်ရိုးက ခြံတံခါးကိုဖွင့်သည်။

"ကျယ်လိုက်တာဟယ်"

မိန်းကလေးအုပ်စု တောင့်သည်မို့ မီးများ မီးနိုင်၊ ရေများ ရေနိုင်များ ဖြစ်လေသလားမသိ။ ကိုယ့်ခြံ ကိုယ့်မြေထဲ ဝင်လာသလို မြောက်ကြွ မြောက်ကြွ ပုံစံတွေကို နောင်ရိုးမျက် မှောင်ကုတ်၍ ကြည့်သည်။ နောင်ရိုးက ဦးဆောင်ခေါ်စရာတောင် မလိုဘဲ သူတို့သဘောနှင့်သူတို့ သွားချင်ရာသွားကြပြီမို့၊ နောင်ရိုးက ခြံတံခါးကို ပြန်ပိတ်ကာ နောက်မှဖြည်းဖြည်းပဲ လိုက်ခဲ့တော့သည်။

"ဟော့ လူကြီး၊ ပန်းတွေ လိုက်ပြဦးလေ"

ခြံထဲသို့ တော်တော်လေး ဝင်မိသည်အထိ သစ်ပင် ကြီးတွေပဲ အုပ်ဆိုင်းနေသည်မို့ သစ်ခွနာမည်ကြီးလှပါသည်ဆိုသည့် ခြံမှာ သစ်ခွပန်းပင်တွေ ဘယ်ရှာရမှန်းမသိ ဖြစ်နေတော့သည်။

"ခင်ဗျားတို့ဘာသာ ပြေးထွက်သွားကြတာပဲ"

"ဘုကျတယ်တော့"

အတင်းပြောကာ ရပ်စောင့်နေမှ နောင်ရိုး မီလာသည်။

"နောင်ရိုးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့သူငယ်ချင်း တွေ၊ သူက မေနေနွေး၊ ပန်းဝယ်မှာ သူပဲ၊ သတို့သမီး မေဆောင်းအေးရဲ့ညီမ၊ သူက ပိုးကြွေဥ၊ သူက လွင်ဧေ စည်၊ ဒါက ... နောင်ရိုးတဲ့၊ ဒီမှာ ဥယျာဉ်မှူးလား ဘာ လားတော့ မသိဘူး၊ ငါ သိထားတုန်းကတော့ အဆိုတော်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်ပြီ၊ ဆံပင်က သိမ်တိုသွားလို့ မမှတ်မိတာ၊ နောင်ရိုး ... နောင်ရိုး၊ အင်း ... တီဗီမှာ ကြည့်ဖူးတာပေါ့၊ အသံက သိပ်ဆန်းတာပဲ၊ တို့ အရမ်းကြိုက်တာ"

မေနေနွေး မျက်နှာမှာ အစုအပုပ် ပျောက်သွားတော့သည်။

"အတော်ပဲ၊ မမ မင်္ဂလာဆောင်မှာ သီချင်းလာဆိုပေးနော်၊ တစ်ခါတည်း ဖိတ်ခဲ့ပြီ၊ တို့နာမည်လည်း မှတ်ထားဦး"

"သေချာတာက ဒီလောက် ခေါ်ရခက်တဲ့ နာမည်တွေကို တစ်ခုမှ ခေါ်တတ်မှာ မဟုတ်ဘူး"

"နွေးလို့ လွယ်လွယ်ခေါ်ပေါ့၊ သူ့ကို ကြွေဥလို့ ခေါ်လိုက်၊ သူက ဝေစည်၊ မှတ်မိပလား"

"နာရီဝက်လောက် ကျက်မှရမယ်"

သက်ထားက ရယ်နေသည်။

"ဘာပန်းလိုချင်တာလဲ၊ မင်္ဂလာဆောင်အတွက်လား"

"ဟုတ်ပါ့၊ သတို့သားဘက်ကို လွှဲလိုက်ရင် သပြေညွန့် တစ်ဆယ်ဖိုးလောက်နဲ့ ပြီးသွားမှာစိုးလို့"

"နင်ကလည်းလေ၊ မတော်ရသေးတဲ့ ခဲအိုအတင်းများ ပြောရမယ်ဆိုရင် နေရာမရွေးဘူး"

"နေရာရွေးနေရင် ဘယ်သိပ်ပြောရတော့မလဲ၊ ကိုနောင်ရိုး အစာအိမ်ရောဂါဖြစ်ရင်ပြော ... သိလား"

"ကျွန်တော့်မှာ ဘာရောဂါမှ မရှိဘူး"

"ကဲပါ ... နင်ယူမှာ ကတဲလီယာ မဟုတ်လား၊ ကတဲလီယာ ရှိလား နောင်ရိုး"



"ရှိတယ်"

နောင်ရိုး ရှေ့မှ ခပ်တည်တည် ထွက်သွားပြီမို့ နွေးတို့အုပ်စု အပြေးအလွှား လိုက်ရသည်။

"အဆိုတော် ဥယျာဉ်မှူးဆိုတော့ မာနက ခပ်ကြီးကြီးရယ်"

နွေးကတော့ အတင်းပြောရမှ အသက်ရှူလို့ ချောင်လေ၏။

● ❤ ●

ခြံဝမှသည် ကိုက်နှစ်ဆယ်လောက်ထိက မရမ်းပင်၊ သရက်ပင်နှင့် ဒညင်းပင်တွေ။ ခြံစည်းရိုးနားမှာက ကံ့ကော်၊ ငုနှင့် ပိတောက်၊ ပျဉ်းမ စသည့် ပင်လုံးထိန်ပွင့်သည့် ပန်းပင်ကြီးများ ခြံတစ်ပတ်လည်အောင် စိုက်ထားသည်။ သီးပင်ကြီးများဆုံးတော့ သစ်သားအိမ် မည်းမည်းပြာပြာလေး။ အိမ်လေး၏အနောက်ဘက်သို့ သေးမှကွေ့ဝင်လိုက်မှ သစ်ခွရုံသို့ ရောက်လေ၏။

"အမယ်လေး ... တကယ့် ပန်းမြိုင်လယ်ပါပဲလား"

သစ်ခွရုံမှာ အကာမရှိ၊ အမိုးက အကွက်စိပ်စိပ်ဒေါဖမ်းပိုက်လိုမျိုး အပြန့်ကျယ်ကြီးကို အုပ်မိုးထားသည်။

"နေမပူဘူးတော့"

ကလေးပုံစံမျိုး မြူးသွက်စွာ ပြောလိုက်သည့် သက်ထားကို နောင်ရိုး လှည့်ကြည့်တော့ သက်ထား လျှာကလေးတစ်လစ်ထုတ်လေ၏။ သူ့ပုံစံက ရှုတည်တည်ကြီးမို့၊ စတော့ချ်ရှိုးမှာ ထားတတ်သည့်မျက်နှာနှင့် အကွာကြီးကွာသည်။

www.burmeseclassic.com



"အရမ်းလှတာပဲ၊ ဓာတ်ပုံလာရိုက်ချင်လိုက်တာ"

ကြွေဥက သွားရည်တမြားမြား ကျတော့မလောက်ကို ပျော်သွားရသည်။ ကတဲလီယာပန်းရောင်မှာ ခရမ်းရင့်ဝတ်ဆံနှင့် အပွင့်ကြီးတွေက ကော်ဖီပန်းကန်ပြားလောက်ရှိသည်။

"သတို့သမီး လက်ကိုင်ပန်းကို ဒီအပွင့်ကြီးတွေနဲ့လုပ်မယ်၊ အဲဒါ ဘယ်လောက်လဲဟင်"

"တစ်ပွင့် လေးဆယ်ပါ"

"ဆယ်ပွင့် ယူမယ်၊ ဟိုဘက်က ခရမ်းရင့်တစ်ရောင်တည်း နည်းနည်းသေးတာကရော"

"အဲဒါက အလတ်ခေါ်တယ်၊ တစ်ပွင့် အစိတ်၊ အသေးစားက ဒီဘက်မှာ ရှစ်ကျပ်"

"ဗင်ဒါကရော"

"ခုနစ်ကျပ်၊ ဒင်ဒရိဘီယမ် ယူချင်ရင်တော့ အခိုင်လိုက်ယူချင်ရင်၊ အဖူးဖိုးပါ ထည့်ပေးရမယ်၊ အပွင့်ခြွေယူချင်လည်း ရတယ်၊ တစ်ပွင့် သုံးကျပ်"

"ဗင်ဒါက အပွင့်သုံးဆယ်ဆိုရင် ကတဲလီယာ ဆယ်ပွင့်နဲ့ ဘူကေး၊ လုပ်ါမလားဟင် သက်ထား"

"မပြောတတ်ဘူး၊ လုပ်တဲ့သူပေါ် မူတည်မှာပဲ၊ ပန်းကောင်း ဘယ်လောက်သုံးသုံး မလုပ်တတ်ရင် ဘယ်လှမလဲ၊ ကတဲလီယာကြီးတွေ ဆယ်ပွင့်တောင် ဆိုတော့ ပြွပ်သိပ်ကြီး ဖြစ်မနေဘူးလား"

"မလောက်ရင် ခက်မယ်ကွ၊ ဆယ်ပွင့်ပဲ ယူထားမယ်၊ ကိုနောင်ရိုး ... ဒင်ဒရိ အပွင့်တစ်ထောင် ရမလား"



www.burmeseclassic.com



"တစ်ရောင်တည်းတော့ မရဘူး၊ ရောင်စုံယူရင်တော့ ရမယ်"

"ပန်းဖိုးနဲ့ မွဲတော့မယ် မိနွေး"

နွေးက ဝေစည့် စကားကို ဂရုမစိုက်နိုင်အားချေ။ ပန်းတွေကြားထဲ ခုန်ချင်ပေါက်ချင် ဖြစ်နေသည်။

"ရောင်စုံပဲ ယူမှာပေါ့၊ လာတဲ့ဧည့်သည်တွေ အဝတ်အစားနဲ့လိုက်တဲ့အရောင် ကမ်းရရင် ပိုတောင်ကောင်းသေးတယ်"

"ဒင်ဒရိုက ကမ်းဖို့လား"

"အေး ... ကျောက်ခက်နဲ့သီပြီး ကမ်းမှာ၊ ပထမနေ့တည်းက နင်တို့ လာဝိုင်းသီပေးရမှာနော်"

"ဗိုက်ကားအောင်သာကျွေး ... ရတယ်၊ စားနိုင်မှ အလုပ်လုပ်နိုင်တာ၊ ပါးစပ်လှုပ်ရမှ လက်လှုပ်နိုင်တယ်"

"ကောင်းပါ့"

မိန်းမသားတွေမို့ ပန်းတွေကြားထဲမှာ ခုန်ပေါက်ရွှင်မြူးနေကြသည်။ ဒီပန်းကြီး လှလိုက်တာ၊ အမယ်လေး ... ဒီဥစ္စာကမှ စပယ်ရှယ် ... နှင့် အသံတွေကလည်း မျိုးစုံထွက်နေသည်။

"လိုချင်တဲ့ပန်းကို ခပ်လှမ်းလှမ်းက ပြပါ၊ သွားမကိုင်လိုက်နဲ့၊ အပွင့်ကြွေရင် အပွင့်ဖိုးလျော်လို့ရတယ်၊ အပင်နာသွားရင် ဒီအပင်မျိုး ပြန်ရှာပေးမှရမယ်"

"အမယ်လေး ... ကြီးကျယ်တော် မူတတ်ထသော"

နွေးက တိုးတိုးကပ်၍ပြောတော့ ကြွေဥက ဆဒ္ဒန်ဆင်မင်း စအို ... ဟု ပြန်ပြောသည်မို့ ဝါးခနဲရယ်သံ ထွက်လာသည်။ နောင်ရိုး ခပ်တည်တည် လှည့်ကြည့်ပြီးမှ မျက်နှာပြန်လွှဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားသားမို့ မျက်လွှာချရတာတယ်"

ဝေစည်က ကျိတ်ပြောပြန်၏။

"နင်တို့က လောင်စိန်တွေ သိပ်လုပ်မနေနဲ့ကွ၊ ကြိုက်တဲ့ ပန်းကို ရှာဦး"

"တစ်ခြံလုံး ကြိုက်နေပြီ"

"ဟိုက် ... စိုးရိမ်ရတဲ့ အခြေအနေပဲ"

"အေး ... ပန်းတွေလည်း ကြိုက်တယ်၊ အသီးသီးနေတဲ့ အပင်ကြီးတွေလည်း ကြိုက်တယ်။ ဟို ... သစ်သားအိမ် မည်းမည်းလေးလည်း ကြိုက်တာပဲ၊ ဥယျာဉ်မှူးတော့ — မျက်နှာကြောတင်းလွန်းလို့ ချန်ထားခဲ့ပါတယ်"

"သူက ဒီလိုပဲ နေတတ်တာ"

"နင်က ရှေ့နေလား၊ နောက်နေလား သက်ထား"

"ရေပူရေချမ်း ကမ်းလှမ်းပြီး ဖဝါးခြေထပ်လိုက်ဖို့ စိတ် ကူးနေရင်တော့ နောက်နေပဲ ဖြစ်ဖို့ရှိတယ်"

သက်ထားက သူတို့အဖွဲ့ကို မျက်စောင်းထိုးသည်။

"မကျေနပ်ဘူးလား၊ ဘေးနေ လုပ်လည်းဖြစ်တယ်၊ လက် ကလေးချိုင်ပြီး လျှောက်လာတဲ့ မင်္ဂလာစုံတွဲဆိုရင် ပန်းဖို့ အကုန်အကျ သက်သာလိုက်မယ့်ဖြစ်ခြင်း"

"အေး ... တွေ့ကရာလူနဲ့ စကြ၊ စိတ်ပေါက်ပေါက်နဲ့ ကောက်ယူလိုက်မှ လက်ဖွဲ့ဖို့ မနေမြောကြနဲ့"

"ကြည့်ရတာ စိတ်ပေါက်နေပြီ ထင်တယ်"

"သွား ... မိန္ဒးနော်၊ ငါ တကယ်နာအောင်ဆိတ်မှာ"



"ဆိတ်မှာ"ဟု ပြောပေမယ့် လက်ကဆိတ်ပြီးနေပြီ ဖြ နွေးက ကျောကော့၍ ရယ်သည်။ နောင်ရိုးက ခပ်လှမ်းလှမ်း မှာပဲ ရပ်တည်ကြီးနှင့် ရပ်နေ၏၊

"ပန်းဖိုးတော့ မပြောတတ်ဘူး၊ မျက်နှာကြောကဖြင့် တစ် ပြားဖိုးမှ မလျှော့ဘူး"

"ဟုတ်ပါရဲ့၊ ယောကျ်ားလေးတွေ တည်တည်နေနိုင်မှ ကော်ရုံကျမယ်၊ ဆူးပေါ်ဖက်ကျရင် ဆူးကျိုးမယ့်ခေတ် ထင်တယ်"

ပါးစပ်ထဲ တွေ့သမျှ အကုန်ပြောလို့ ဝသွားချိန်ကျ မှပဲ တစ်ခြံလုံးနဲ့အောင်ကြည့်လို့ ပြီးသွားတော့သည်။

✿ ❤ ✿

"ဒမ်ဒရိုဘီယမ်က အပွင့်တစ်ထောင်တောင် ယူမှာဆိုတော့ နှစ်ကျပ်မတတ်တင်းနှုန်းနဲ့ ယူပါ"

တစ်ပွင့်အပေါ်မှာ တစ်ကျပ်နှင့်နှစ်ဆယ့်ငါးပြားကြီး များတောင် လျှော့ချပစ်သည်ဆိုတော့၊ တစ်ထောင့်နှစ်ရာငါးဆယ် ကြီးများ သက်သာသွားရသည်။

"မျက်နှာကြော လျှော့ရမှာစိုးလို့ ပန်းဖိုးကို ဒီလောက်လျှော့ ပစ်တာ ထင်တယ်၊ ဆစ်တောင် မဆစ်ရသေးဘူး"

သက်ထားက မအောင့်နိုင်စွာ ပြောချ၏။ သည်လူ နှင့်တွေ့တိုင်း သူ့မျက်နှာက မှုန်တေတေ စုပုပ်ပုပ်၊ တလောကလုံး နှင့် ရန်ဖြစ်ကာ ကိုယ်စောင့်နတ်နှင့်တောင် တည့်ပုံမရသည့် အချိုးချည်း။

www.burmeseclassic.com

www.burmeseclassic.com

သူ့အသံက အခြားအဆိုတော်များနှင့် ဆင်တူမရှိ သြသြချိုချိုလေးမှ ကျင်ရှရှ အသံလေးဖွက်သည်။ သူ့သီချင်းတွေ ထဲမှာ တစ်စုံတစ်ခုကို မကျေမနပ် ခံစားနေရသည့်အကြောင်းကို ဖွဲ့ဆိုတာများသည်။ အပျော်သီချင်းကရှား၏။ သည်အသံနှင့် သည်ရုပ်ကိုပဲ သက်ထား သံဘောကျ နှစ်ခြိုက်မိပေမယ့်၊ ခုလို စကားပြောသည့်အခါမှာတော့ မှန်တေတေကို တစ်ပတ်မလျှော့ သင့်ဘူးလား။

"သုံးကျပ်ဆိုတာ တစ်ခါတလေမှ နည်းနည်းပါးပါးဝယ် တဲ့ သူတွေကို ရောင်းဈေးပါ၊ ဈေးထဲမှာ ရောင်းတဲ့နှုန်း ဆိုပါတော့။ ဖောက်သည်တွေဆိုရင် နှစ်ကျပ်နဲ့ ပေးပါ တယ်"

"ဖောက်သည်တွေက ရာနဲ့ချီပြီး အမြဲလိုလိုဝယ်တာ၊ အခု ဟာက ထောင်နဲ့ချီပြီး ဝယ်တော့ အထူးနှုန်း ဆိုပါတော့"

စကားပြောတော့ ယဉ်ကျေးသည်။ မျက်နှာထားက တင်းပေမယ့် စကားလုံး အသုံးအနှုန်း သိမ်မွေ့သည်မို့ တည်တည် နေတတ်တာ သူ့အကျင့်ပဲ ထင်ပါရဲ့။

"နွေးတို့ လိုချင်တဲ့ပန်း အကုန်ရမယ်နော်"

"ရပါမယ်"

"ဆယ့်နှစ်ရက်နေ့ မနက်စောစောလာယူမယ်"

"ရပါတယ်"

"ကျောက်ခက်ရော ရှိလား... စောစောက သတိထားမကြည့် လိုက်မိဘူး"



"ရှိပါတယ်၊ သတို့သမီးလက်ကိုင်ပန်းအတွက် ဆိုရင် အဆစ်သဘော ထည့်ပေးလိုက်ပါ့မယ်၊ ရောင်းရင်တော့ တစ်ထွာလောက်ရှိတဲ့ အခက်တစ်ခက်ကို ငါးမူးပါ"

"ဟောတော့ ... သူကလည်း ဈေးကြီးသား"

"အေးနော် ... ဒီတစ်ခြံလုံး အကုန်ဈေးကြီးတယ်"

"မဆစ်ခင် လျှော့တာနဲ့ချေရင် ဘယ်ဈေးကြီးတော့မလဲကွ"

သူတို့အချင်းချင်း တံတောင်ဆစ်နှင့်တွက်ကြ၊ ကုတ် ကျိတ်ပြောကြ လုပ်ပြနေတော့ နှောင်ရိုး မကြားချင်ယောင် ဆောင်နေလိုက်တော့သည်။

"အခု ... ကြွေဥတို့ ပန်သွားဖို့ နည်းနည်းပါးပါး လက် ဆောင်ပေးမလား"

"ရပါတယ်၊ ဒင်ဒရိုထဲက ကြိုက်တဲ့အရောင် တစ်ယောက် တစ်ပွင့်စီ ယူပါ"

"ဟင် ... နည်းနည်းလေး၊ ပေးမနေပါနဲ့တော့"

နှောင်ရိုး မကြားချင်ယောင်ဆောင်ကာ စာရွက်ပေါ် ဘောက်ချာရေးနေလိုက်သည်။

"ဒီခြံထဲမှာ နေရတာတော့ ပျော်တယ်ကွ၊ ဒါပေမဲ့ ပြန်ဦးမှ၊ ဗိုလ်ချုပ်ဈေးသွားပြီး အင်္ကျီရွေးရဦးမှာ"

"ပြန်မယ် နှောင်ရိုး"

နွေးက သူ့လက်ကိုင်အိတ်ထဲမှ ဖိတ်စာတစ်စောင် ထုတ်ယူကာ နှောင်ရိုး လက်ထဲသို့ ထည့်သည်။

"ဆက်ဆက်လာခဲ့ပါ၊ သီချင်း လာဆိုပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က နာမည်ကြီး မဟုတ်ပါဘူး"

"ဒါပေမဲ့ နောင်ရိုးအသံကို မွေးကိုတစ်ဖွဲ့လုံး ကြိုက်တယ်"

"တီးဝိုင်းအဖွဲ့နဲ့ ညှိပါဦး၊ ထုံးစံက အဆိုတော်ဆိုတာ တီးဝိုင်းကဖိတ်မှ သွားရတာ"

"ကာယကံရှင်တွေကဖိတ်လို့ လာကူညီတာတွေလည်း ရှိတယ်မဟုတ်လား"

"ကျွန်တော့်အဆင့်က လာကူညီတယ်လို့ ပြောလောက်အောင် မရောက်သေးပါဘူး"

"နောင်ရိုး ဆီးရိုးစ်မထုတ်ဘူးလား"

"ကြိုးစားနေပါတယ်"

"တီဗီမှာတော့ ခဏ ခဏ တွေ့ရတယ်၊ မင်္ဂလာဆောင်တွေ ဘာတွေမှာ ဆိုတာလည်း တွေ့တွေ့နေတာပဲ"

"အဲဒါ ကျွန်တော်နဲ့ခင်တဲ့အဖွဲ့က ဖိတ်လို့သွားတာပါ"

...က စပယ်ရှယ်ဂက်စ်အဖြစ် ဖိတ်ပါတယ်၊ အထူးသည့်သည်ပေါ့၊ သတို့သမီးညီမကိုယ်တိုင် ဖိတ်တာပဲ၊ လာဖြစ်အောင်လာပါ"

သီချင်းဆိုဖို့ဆိုလျှင် ငြင်းချင်စိတ် သိပ်မရှိ။ မွေးရာပါ ဝါသနာဆိုလို့ သီချင်းဆိုတာရယ်၊ သစ်ပင်စိုက်တာရယ် နှစ်ခုပဲရှိသည်။

ဂီတာလည်း တီးသည်ပေါ့လေ။ အတီးကိုတော့ အဆိုနှင့်တွဲကာ ဂီတအနုပညာတစ်ခုတည်းဟု သတ်မှတ်ထားသည်။

"ကျွန်တော် ကြိုးစားပါ့မယ်"



"ယောကျ်ားဆိုတာ ကြိုးစားရင် ဖြစ်ထွန်းရတယ်နော်၊ လာဖြစ်ဖို့ ကြိုးစားရင် တကယ်ရောက်လာမှ ယောကျ်ား"

ဝေစည်က ပြောချင်လျှင် သိပ်စဉ်းစားမနေဘဲ ပြောတတ်ကျင့်ရှိသည်။

"ဝေစည်တို့ တစ်ဖွဲ့လုံးကို လေးချစ်သူ ပရိသတ်တွေလို့ သဘောထားပါ"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်"

"ဒီလိုဆို ဒင်ဒရိုနှစ်ပွင့်စီ ခူးမယ်နော်"

လှစ်ခနဲ ပြုံးသည်။ ဩော် ... မိန်းမဆိုတာ ကြံဖန်အနိုင်ယူရမှ ကျေနပ်တတ်သည့် အမျိုးအစားထင်ပါရဲ့။

"ပြုံးဘယ်တော့"

ကြွေဥ ထအော်တော့ သက်ထားက တခစ်ခစ်ရယ်လိုက်သည်။ ကြွေဥ အော်မှ မနေတတ် ခံထိုင်ကတတ်ဖြစ်ကာ မျက်နှာတစ်ခုလုံး ရဲတက်သွားသည့် နောင်ရိုးကိုကြည့်ကာ မရယ်ဘဲ မနေနိုင်တော့။ မိန်းကလေးအုပ်စုတောင့်တော့ သူ ရှက်ရှာမလေ။ သူ ရှက်သွားတာကို ရယ်မိပြီးမှ၊ အရယ်အပေါ် ထပ်ရှက်နေပြန်ပြီလားဟု ကြည့်လိုက်မိသည်။

ဟောတော် ... သူကပဲ ခေါင်းငုံ့လို့။

တစ်ယောက် နှစ်ပွင့်စီရမယ့်ပန်းကိုမှ အချိန်ယူစွာ ကြွက်ကြွက်ညံအောင် ရွေးပြီးခူးဖြစ်ကြသည်။ ကျေးဇူးနော် ... ဟု ဆိုကြကာ ပြန်ကြဖို့ နှုတ်ဆက်၏။

"စရန် မ,စခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အားတုံ့အားနာကင်းစွာ စရန်တောင်းတော့ သက်ထားတို့အုပ်စု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ကြပြန်၏။

"ဘယ်လောက် ပေးထားခဲ့ရမလဲ"

"ကောင်းတာကတော့ တစ်ဝက်ပေါ့"

"ပါမှ ပါပါ့မလားပဲ၊ ပန်းမှာရင် စရန်ပေးရမှန်း မသိဘူး၊ မှာခဲ့ရုံပဲ မှတ်လို့"

"ဒီလိုပ် လာမှာတတ်ကြပါတယ်၊ မှာထားတော့ နောက်လာဝယ်မယ့်သူကို မရောင်းဘဲ ချန်ထားရပါတယ်၊ မှာတဲ့နေ့မှာ လာမယူတဲ့အခါကျတော့ ပန်းတွေကနွမ်းပြီး တခြားလူလည်း ရောင်းလို့မရဘဲ ဆုံးရှုံးရတာ များပါပြီ၊ စရန်ပေးခဲ့တော့ ဘယ်သူမဆို လာယူဖို့ သေချာသွားတာပေါ့"

ပိုက်ဆံက ပါတော့ပါသည်။ တခြားဝယ်စရာတွေအတွ ် ချန်ရဦးမည်။ ပန်းဖိုးက နှစ်ထောင်ကျော်ကျမှာဆိုတော့ အနည်းဆုံး တစ်ထောင်တော့ ပေးခဲ့ဖို့လို၏။ သက်ထားက နွေးကိုလှမ်းကြည့်သည်။ သဘောလည်းပေါက်၏။

သက်ထား ပိုက်ဆံအိတ်ကိုဖွင့်ကာ ဆယ့်ငါးကျပ်တန်တစ်အုပ် ဆွဲထုတ်သည်။

"ထောင့်ငါးရာပါ"

နောင်ရိုးက လှမ်းယူကာ သူရေးထားသည့် ဘောက်ချာစာရွက် စရန်နေရာမှာ ထောင့်ငါးရာ ရေးသည်။

"ငါ ပြီးတော့ ပြန်ပေးမယ်နော် သက်ထား"



"ဟော့အေး ... နင့်အစ်မ မင်္ဂလာဆောင်အတွက် လိုတဲ့ပန်း အကုန်လုံး ငါ လက်ဖွဲ့တယ်"

"ဟဲ့ ... အများကြီး"

"ဘာဖြစ်လဲ၊ ပန်းလှူတော့ နောက်ဘဝကျ လှမှာပေါ့"

"ကားလည်း နင့်ဆီကပဲ ဆွဲရတယ်"

"နင်တို့ကားက အလုပ်များပြီးအားမှမအားတာ၊ ဘာဖြစ်လဲ"

"အားနာတာပေါ့ကွ"

"အောင်မယ် ... မနွေး ပါးစပ်ကအားနာစကား ထွက်လို့"

"ကဲ ... သေလိုက်"

ဆိတ်ရင်း၊ ဆွဲရင်း၊ ရန်ဖြစ်ရင်း၊ စကားပြောရင်း မြူးထူး သွက်လက်စွာထွက်သွားကြသူများကို နောင်ရိုး ငေးကြည့်ကျန်ရစ်လေ၏။

ဆယ်ကျော်သက်တွေလေ။ အပျော်ရွှယ်ပေါ့။ ကိုယ်တိုင်လည်း ဆယ်ကျော်သက် အပျော်ရွှယ်ပါပဲ။ သူတို့လိုလည်း ပျော်ခဲ့ဖူးတာပါပဲ။ ဒီအပျော်တွေ ပျက်လွင့်ကာ မကျေနပ်စိတ်တွေ အစားထိုး ဝင်ရောက်လာတာကတော့ နည်းနည်းကြာပြီ။

မေမေ ... ရွှေပြည်အေးတရားကို ဟောကာမှ ရင်ထဲ နာကျင်ဆွေးမြည့်ခြင်းဆိုသည့် ဆန့်ကျင်ဘက် ခံစားမှုတွေဝင်လာခဲ့သည်။ သည်ကတည်းက မျက်နှာထားတည်ကာ မှုန်တေသော ဖြစ်လာခဲ့ရ၏။

သီချင်းဆိုနေတုန်းလေး တစ်ခိုက်တော့ ကြည်နူးချမ်းမြေ့ခြင်းများစွာ ဖြစ်ထွန်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ငွေစက္ကူထပ်ကို ကြည့်ဖြစ်သည်။ ထောင့်ငါးရာတဲ့။ မင်း ပေးခဲ့တာ ပိုက်ဆံတွေ မဟုတ်ရင် ဘယ်လောက်ကောင်းမလဲကွာ။ ခုတော့ သမားရိုးကျ စကားကိုပဲ ပြောရမည့်အဖြစ်လေ။ အဆင့်အတန်းချင်းက ကွာ၏။

အညတရသီချင်းသည် ဥယျာဉ်မှူးနှင့် မိုးကုတ်သူဌေးသမီးတဲ့။

❁❤❁



## အခန်း(၂)

တို့ကို သက်ထား ဘယ်လိုသဘောပေါက်သွားမယ်ဆိုတာ မတွေးတတ်ဘူး။ တို့ ... သက်ထားနဲ့ဆုံဖို့ ဘယ်တုန်းကမှ မကြိုးစားခဲ့ဖူးပါဘဲ မွေးနေ့ပွဲမှာ ဆုံခဲ့ကြတယ်။

ဘယ်လိုလဲ ... ကြုံဖို့ ဆုံဖို့ ကြမ္မာဖန်တီးတာလား။ တို့ ဆိုခဲ့တဲ့ အသက်ထက်သက်ထား သီချင်းဟာ၊ သက်ထားအတွက် သီသန့်ဝေဒနာတေးပေမယ့်၊ သက်ထားရှိနေမယ်မှန်းသိရင် မဆိုဖြစ်ဖို့ ကြိုးစားမိမှာပဲ။

ဆိုဖြစ်သွားပြီးမှ သက်ထားကို တွေ့ရတယ်။

သုံးနှစ်ကျော်ကာလကို မေ့လျော့ခဲ့တာလား။ သက်ထား လုံးဝမမှတ်မိသလို၊ စိမ်းသစ်စွာ မိတ်ဆက်ခဲ့တယ်။ မေ့တတ်သူရဲ့လက်ကိုင်ပဝါမှာ မတောင်းဆိုဘဲ ရေးထိုးခဲ့တဲ့ လက်မှတ်ကလေးဟာ မျက်နှာငယ်နေမှာလား။ တို့ စိတ်မနိုင်ဘဲ ဆေါက်ကွဲမှု သရုပ်ပြလေးဆိုတာ သက်ထားသိရင် မျက်နှာငယ်လက်မှတ်ကလေးကို ကြင်နာတန်ကောင်းပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ ဒီနေ့ ဆက်ဆံရေး ကျဲပါးသလား သက်ထား။ သက်ထားဆန္ဒက ကျဲကျဲပါးပါး ရှိနေလိမ့်မယ်ထင်လို့ အလုပ်သဘောဆန်စွာ တောင်းခဲ့တဲ့ စရန်ကို ဘာဖြစ်လို့များ ထောင့်ငါးရာ ပေးသွားခဲ့ရတာလဲကွယ်။ လိုရာဆွဲပြီးတော့တောင် မပျော်ဝံ့ခဲ့ဘူးဆိုတာ သက်ထား ... ယုံတော့။

"ဟိုမှာ နောင်ရိုး"

နွေးမပြခင်ကတည်းက သက်ထား မြင်ပြီးသားပါ။ လာကော့စ်တေးလ် စပို့ရှပ်ရောင်စုံကလေးတွေ အရောင်မထပ်အောင် ဝတ်တတ်သည့် နောင်ရိုးကို သက်ထားအဝေးကြီးက အစောကြီးကတည်းက မြင်ပြီးသား။ သူ တခြားအင်္ကျီ အလွန်ဝတ်ခဲသည်။ သူ့ကိုမြင်လိုက်တိုင်း လာကော့စ်တေးစပို့ရှပ်ကလေးနှင့်ပါပဲ။ သူ တော်တော်နှစ်သက်ပုံရသည်။

ပြီးတော့ ... သူ့မှာ စတုန်းဝပ်ရှ်(Stone Wash) လုပ်ထားသည့် ဘောင်းဘီကလည်း ရောင်စုံရှိသည်။ အပြာဆိုလျှင်အရောင်နည်းနည်းလေး ကွာသွားသည့် အပြာနု၊ အပြာရင့်၊ အပြာမှိုင်း၊ မီးခိုးပြာ၊ နက်ပြာ၊ ခဲပုပ်၊ အနက်။ အင်္ကျီနှင့်ဘောင်းဘီ အရောင်ကို ဘယ်တော့မှ လိုက်ဖက်စွာ မဝတ်တတ်ချေ။ အင်္ကျီတစ်ရောင် ဘောင်းဘီတစ်ရောင် ခြားနားအောင် ဝတ်တတ်ပုံကလည်း သူများထက်ထူး၏။



လူအများကြားမှာ လာကော့စ်တေး စပို့ရှပ်ကလေး တွေ့လိုက်ရလျှင်၊ သူများလားလို့ သက်ထား လိုက်ကြည့်ဖြစ်ခဲ့တာချည်းပါပဲ။ သူ ဖြစ်နေလျှင် မျက်နှာချင်းဆိုင်ဖို့ မကြိုးစားမိ။ တော်တဆ မျက်ဝန်းချင်းဆုံလျှင် လှစ်ခနဲ ပြုံးပြလိုက်သည်။ သူက သူ့မှန်တေတေ မျက်နှာကို ကြည့်သွားရုံလေး တစ်ချက်ဝင်းလက်ပြကာ ခေါင်းညိတ် အသိအမှတ်ပြုကာ ထွက်သွားတတ်မြဲ။ ဘယ်တော့မှ သက်ထားနှင့် စကားလက်ဆုံကျဖို့ မကြိုးစားတတ်ခဲ့။

ဒါကြောင့်မို့လည်း သက်ထားနှင့်သူ သူငယ်ချင်းဖြစ်နေတာကို နွေးတို့အုပ်စု မသိခဲ့တာလေ။

"တွေ့လား"

"တွေ့ပါတယ်"

"ကျောင်းလာတက်တာလား"

"အေ"

"ဘယ်မေဂျာလဲ"

"ကယ်မစ္စတြီ"

"နင်က သိလှချည်လား"

"သိတယ်"

"သတင်းက အတိအကျပါလား"

"အတိအကျပဲ"

"မိဘမျိုးရိုး"

"ဒါတော့ မသိဘူး"

www.burmeseclassic.com



"ဟိုပန်းခြံမှာ သူ တစ်ယောက်တည်း နေတာလား၊ ဟိုနေ့ကတော့ ခြံကြီးတစ်ခုလုံး သူတစ်ယောက်တည်း တွေ့ခဲ့တာပဲ"

"သူငယ်ချင်းတစ်ယောက်၊ ခွေးတစ်ကောင်နဲ့နေတယ်"

"ဟောတော့ ... တကယ်၊ မိဘရော ညီကိုမောင်နှမရော တို့ မတွေ့ခဲ့ဘူးနော်"

"မိဘရှိတယ်၊ အဖေအမေနဲ့ တူတူမနေဘူး၊ မနေတာက သူက စီးပွားရေးတစ်ခု လုပ်နေလို့တဲ့၊ သူ့မိဘက ရန်ကုန်ထဲမှာ"

"သြော် ... ဟုတ်တာပေါ့၊ စိုက်ပျိုးရေးဆိုတော့ မြို့ပြင်မှာ ခြံကျယ်ကျယ် ရမှာပေါ့"

"သူ ခြံစိုက်တာ ငါ မသိဘူး၊ စီးပွားရေးတစ်ခုခု လုပ်မှာပဲ သိတာ၊ ဟိုနေ့ကမှ သူ ပန်းစိုက်တာ သိတာ"

"မောင်နှမရော"

"အရင်းတော့ တစ်ယောက်တည်း၊ ဝမ်းကွဲတွေရှိတယ်"

"ငါတို့လည်း သူ့အသံကြိုက်တာပါပဲ၊ နင့်လိုသတင်းအ... အကျ မစုံစမ်းထားမိဘူး၊ နင်က ငါတို့ထက် ဘာပိုမေ... လဲ ... ပြော၊ ကောင်စုတ်"

"စကားစပ်မိပြီ။ သိရတာပါကွ၊ ဖြူဖွေး မွေးနေ့တုန်း..."

"နင် ... ရိုးရဲ့လား"

"ရိုးသမှ အရိုးချည်းပဲ၊ မေမေကဆို ငါ့ ဆော့လွန်း... အလုပ်အရှုပ်များလို့ အသားမကပ်တာတဲ့၊ မတွေ့ဘူးလား..."



သက်ထားက မျက်နှာလေး မော့ပြသည်။ အားလုံးထဲမှာ သက်ထား အပိန်ဆုံးလေ၊ သက်ထား ပြောသလို အသားမကပ်တဲ့အထိ အရိုးကျအောင် ပိန်နေတာတော့ မဟုတ်ချေ။ ပါးပါးလျားလျား သွယ်လျလျ ကိုယ်လုံးမှာ အရပ်ကပါ မြင့်သည်မို့ ပိန်သည်ဟု ထင်ရတာပါပဲ။

✿ ❤ ✿

ဖြူဖွေး မွေးနေ့က ကျောင်းပိတ်ရက်ထဲမှာ။ ကျောင်းပိတ်ရက်ဆို သက်ထားတို့ တစ်ဖွဲ့လုံး ခရီးထွက်နေကျ။ ဒီတစ်ခေါက်ကျကာမှ မေမေက နေမကောင်းသည်မို့ ရန်ကုန်အိမ်မှာသာနေပြီး ဆရာဝန်ပြနေရခိုက်နှင့် ကြုံ၏။ မေမေက နည်းနည်းပါးပါး နေမကောင်းလျှင် စိတ်ဓာတ်က အရင်ကျတတ်သူမို့ အဖေနှင့် သက်ထား တစ်ဖဝါးမှမခွာ ပြုစုနိုင်မှ တော်ကာကျသည်။

ခွေးတို့အုပ်စုနှင့် လိုက်မသွားဖြစ်သည်မို့ ဖြူဖွေးမွေးနေ့ကို ရောက်ဖြစ်ရ၏။

"တစ်ညနေပိုင်းလေးတော့ လွှတ်ပေးပါနော် အန်တီ"

ဖြူဖွေးတို့ ညီအစ်မတွေ လာပိုင်းတောင်းပန်ထားကြသည်မို့ သက်ထားတို့မေမေက အားနာစွာ လွှတ်ပေး၏။ ထိုသည်နေ့မှာ သူ့ကို သက်ထား ဒုတိယအကြိမ် မြင်ဖူးရတာပါပဲ။

"အခု သီဆိုဖို့ အလှည့်ကျသူကတော့ နောင်ရိုး ဖြစ်ပါတယ်"

မွေးနေ့မှာ စတေ့ချ်ရှိုး ပါသည်မို့ လူက အရမ်းစည်ကားသည်။ စားသောက်ပြီးသည့်တိုင် သီချင်းနားထောင်ဖို့ မပြန်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

နေနေကြသည်။ ဖြူဖွေးက မွေးနေ့ရှင်မို့ လူစေ့စားပွဲစေ့ နှုတ်ဆက်နေရတော့၊ သက်ထားက ဖြူဖွေးညီမ ညိုစိမ့်တို့ဝိုင်းမှာ သွားထိုင်နေရသည်။ ဒီပွဲမှာ သက်ထားနှင့် တရင်းတနှီး တွဲမြဲဖြစ်သည့် နွေးတို့မပါ။ အချို့သူငယ်ချင်းတွေနှင့် သီပေ ခင်ပေမယ့် နွေးတို့လို ပြောမနာ ဆိုမနာ မဟုတ်တာရယ်၊ သက်ထား ကိုယ်တိုင်က သီချင်းနားထောင်ချင်တာရယ်ကြောင့် ညိုစိမ့်တို့ဝိုင်းမှာ လာထိုင်နေခြင်း ဖြစ်လေသည်။

သူ စင်ပေါ်သို့ တက်လာသည်။

"ကျွန်တော် နောင်ရိုးပါ၊ ကျွန်တော်ဆိုမယ့် သီချင်းက အသက်ထက်သက်ထား ဖြစ်ပါတယ်၊ နားဆင်ကြည့်ပါ ခင်ဗျာ"

သက်ထားနာမည်က သီချင်းခေါင်းစဉ်ထဲ ပါဝင်နေ သည်မို့ သက်ထားက ပို၍စိတ်ဝင်စားသွားရ၏။

"မမသက်ထား ... တီဗီမှာ အင်္ဂါနေ့တွေ မကြာ မကြာလာ တဲ့ အဆိုတော်လေ၊ သိလား"

"အင်း ... မမက သူ့အသံကို အံရမ်းသဘောကျတာ ဒီအသံမျိုး ဆင်တူမရှိဘူး"

"အစစ်ပဲ၊ ညိုတို့လည်း အရမ်းကြိုက်လို့ မိတ်ဆက်စာတောင် လှမ်းရေးသေးတယ်"

"ပြန်လား"

"အရမ်းလည်း ကျေးဇူးတင်ပါတယ်၊ သိပ်လည်းခင်တယ် ပါတယ်၊ ဝေဖန်စရာတွေ့ရင် အားမနာပါနဲ့၊ ကျွန်တော် စကားများများ မပြောတတ်သလို၊ စာရှည်ရှည်လည်း မ



တတ်လို့ ဒီလောက်နဲ့ပဲ ကျေနပ်ပါတဲ့။ စာက တိုလွန်းလို့ အလွတ်တောင် ရနေတယ်၊ ဓာတ်ပုံတောင်းထားတာ မရသေးဘူး၊ တော်ကြာမှ သွားထပ်တောင်းရဦးမယ်၊ ချောတယ်နော် မမ"

"အင်း"

သက်ထားလည်း သူ့အသံကို ရင်ထဲစွဲနေအောင် နှစ်သက်ရတာပါ။ ညိုစိမ့်တို့လို မိတ်ဆက်စာရေးဖို့ကျတော့ ရှက်ကိုးရှက်ကန်းလိုလိုမို့သာ မရေးဖြစ်ခဲ့တာလေ။

သူ့ရုပ်က ချောသည် ဆိုတာထက်၊ ရှင်းသန့်ဝင်းပနေသည်ဟု ပြောရမလား မသိ။ အသားက ဆွတ်ဆွတ်ကိုဖြူသည်။ နှုတ်ခမ်းရဲရဲက ဆေးလိပ်မီးခိုးငွေ့ လောင်မြိုက်မထားတာ သိသာသည်။ မျက်ခုံးနက်နက်မှာ နှာတံချွန်ချွန်နှင့် တော်တော်လေးတော့ ချောပါ၏။

သူ့လို သူ့လောက် သူ့ထက်ချောသည့် ယောကျ်ားတွေလည်း ရှိသည်။ စတေ့ချ်အောက်ခြေနားမှာ အဆိုတော်သီးသန့်ဝိုင်းမို့ ထိုင်နေကြသည့် ယောကျ်ားမိန်းမ အဆိုတော်တွေ အများကြီး စုစုဝေးဝေး ဖြစ်နေ၏။ အဲဒီစားပွဲဝိုင်းထံ လှစ်ခနဲ အကြည့်တစ်ချက် ရောက်စဉ်က ဝေ့ဝဲကြည့်မှာ သူ့မျက်နှာကိုသာ ပထမဆုံး မြင်လိုက်ရသည်။

သူက အများထဲမှာ ထင်ရှားစွာ ပေါ်နေ၏။ သူနှင့်တန်းတူချောသူတွေကြားထဲမှာ သူ့မျက်နှာပေါ်ရှိ မည်သည့်ပစ္စည်းက တောက်လက်နေမှန်း မသိ။ သူ့မျက်နှာက ဝင်းဝင်းပပဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း စသည်တို့ လှကြတာချင်းတူတူမှာ သူ့ကျတော့မှ အဲဒီပစ္စည်းများ စုဝေးတည်ရှိနေပုံက အချိုးတကျ ဖြစ်နေလို့များ ပို၍ကြည့်ကောင်းသွားရေ သလား မသိပါ။ သူများထက် ထူးတာဆိုလို့ စင်ပေါ်မှာစကားပြောစဉ် လှစ်ခနဲ ပြုံးလိုက်တော့ ဖွေးခနဲလက်သွားရသည့် သွားစွယ်ဖြူဖြူလေးနှစ်ခုတော့ ပါ၏။

"အသက်ထက် သက်ထား ... တဲ့၊ မမသက်ထားကို ဆိုတာထင်တယ်"

"ကြံကြံဖန်ဖန်၊ မမနဲ့ဖြင့် မသိဘူး"

မဖြစ်နိုင်ဖို့ များပေမယ့် ညိုစိမ့်တို့ ပြောသလို ခံစား သွားလိုက်မိရကာ သူ သီချင်းဆိုနေစဉ် တစ်ချိန်လုံး သူ့မျက်နှာကို တငေးတမော ကြည့်နေမိတော့သည်။

ချို၍သြသော သူ့အသံ ကျင်ရှရှလေးထဲမှာ သက်ထား၏ ခံစားမှုအာရုံများ စီးမျောပါဝင်သွားရတော့သည်။ နားထောင်လို့ဝကို မဝနိုင်သည့် အသံမျိုးပါပဲ။

"စီးရီးစ်ထုတ်ဖို့ ကောင်းပြီ၊ တီဗီနဲ့ ပွဲထိုင်မှာ ဆိုနေရုံနဲ့ ကျေနပ်နေတယ်၊ ညိုစိမ့်တို့က တစ်ဝကြီး နားထောင်ချင်တာ"

ညိုစိမ့်က ကြိုက်သည့်လည်း ဆိုသေး၊ စကားကျတော့ များနေသည်မို့ သက်ထားရင်ထဲ အနှောင့်အယှက်တောင် ဖြစ်မိသည်။ သူ့သီချင်း ချိုချိုဆွေးဆွေးလေးကို နှောင့်ယှက်မှုကင်းစွာ ခံစားနားဆင်ချင်မိတာပါ။



သီချင်းအဓိပ္ပာယ်က မိန်းကလေးတစ်ယောက်ကို အသက်နှင့်ထပ်တူ ချစ်ရသည်မို့ သက်ထားဟု တင်စားခေါ်လိုက်ချင်သမယ့် စကားလုံးက ရင်တွင်းခံစားချက်ကို လိုက်မမီခဲ့။ သက်ထားဟု ခေါ်ရုံဖြင့် သူ့ မြတ်နိုးတွယ်နှောင် ချစ်မက်မှုမပေါ်လွင်ပါ။ အသက်ကို နှစ်ပြန်ပေး၍ ချစ်လွန်းရသူမို့ ချစ်သူကို အသက်ထက် သက်ထားဟုပဲ ခေါ်ချင်ပါတော့သည် ... တဲ့။

အချစ်ဘွဲ့ ရိုးရိုးလေးပေမယ့် သူ့ကိုယ်ပိုင်အသံ၊ အနိမ့်အမြင့် အတက်အကျ လိုက်ဆွဲသွားပုံလေးက ကောင်းလွန်းသ၏။

"အမယ်လေး ... ကောင်းလိုက်တာ၊ နားထဲ နို့ဆီလောင်းထည့်လိုက်သလား မှတ်ရတယ်"

သီချင်းဆုံးတော့ ညိုစိမ့်က အော်ပြောသည်။

"ပျားရည်ပါ ညိုစိမ့်ရယ်"

သက်ထား ရယ်၍ ပြင်ပေးပေမယ့် ညိုစိမ့် ခေါင်းခါသည်။

"စကားလုံးမှားတာ မဟုတ်ဘူး မမရဲ့၊ တကယ့်ကိုပြောတာ၊ ပျားရည်က အချိုသက်သက်၊ အရည်လည်းကျဲတယ်၊ အစ်ကိုနှောင်ရိုး အသံက ချိုလည်းချို၊ ဆိမ့်လည်းဆိမ့်၊ ပျစ်ပျစ်နှစ်နှစ်ကြီးနဲ့ နားထဲဝင်တော့ နို့ဆီနဲ့ပိုတူတယ်"

ညိုစိမ့် ပြောပုံက သဘောကျလွန်းသည်မို့ သက်ထား တော်တော်ကြာကြာလေး ရယ်နေလိုက်မိသည်။

"ထိုင်နေနော် မမ၊ ညိုစိမ့် သွားခေါ်လာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အတင်းဆွဲခေါ်လာသူက ညိုစိမ့် မဟုတ်ပဲ ညိုစိမ့်နှင့်ရွယ်တူ ဆယ့်လေးငါးနှစ်လောက် ရှိဦးမည့် ညိုစိမ့်သူငယ် ချင်းဖြစ်ဟန်တူသည့် ချာတိတ်မလေးတစ်ယောက်။

"အစ်ကိုနောင်ရိုးက ပဲပဲကာစင်လေ၊ ပဲပဲက ညိုစိမ့်သူငယ် ချင်း၊ အစ်ကိုနောင်ရိုးကို ဟိုမှာ ဝိုင်းမိတ်ဆက်နေကြ ပဲပဲနဲ့ အတင်းဆွဲခေါ်လာခိုင်းရတာ"

ညိုစိမ့်က သက်ထားထက် လေးငါးမိနှစ်စော သိကျွမ်းခဲ့ရသူမို့ လူရင်းလုပ်ပစ်လိုက်သည်။

"အစ်ကိုနောင်ရိုး ... ညိုစိမ့်မမရဲ့သူငယ်ချင်းပါ၊ သက်ထား တဲ့၊ အစ်ကို့ပရိသတ်"

"ကျေးဇူးတင်ပါတယ်"

သူများတကာတွေလို တွေ့ရတာ ဝမ်းသာပါတယ် ဟု မဆို၊ ကျေးဇူးတင်ပါတယ်တဲ့။

သူ့ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ဟန်အဖြစ် ဤဝါကျ ရွေးထားဟန်တူ၏။ ပြောနေကျအတိုင်း ပြောချလိုက်ပြီးမှ သက်ထား ဆိုသည့် နာမည်ကို သတိထားသွားမိပုံနှင့် အားတုံ့အားနာ ရွက်သော အပြုံးယဲ့ယဲ့လေး ပေါ်လာသည်။

ပြီးတော့ သူ့ပုံစံအတိုင်း ပြန်တည်သွားလေ၏

"သက်ထားက ကိုနောင်ရိုးရဲ့အသံကို တီဗီမှာ လာကတည်း က သဘောကျနေတာပါ၊ တချို့မင်္ဂလာပွဲတွေမှာ လူကိုယ် တိုင် ဆိုတာလည်း နားထောင်ဖူးပါတယ်"



ပဲပဲက နောင်ရိုးကို အတင်းဆွဲ၍ ထိုင်ချခိုင်းနေ သည်။

"ထိုင်ပါဦး အစ်ကိုနောင်ရိုး၊ ညိုစိမ့် အော်တိုမှာ လက်မှတ် ထိုးပေးခဲ့ပါဦး"

နောင်ရိုး မနေသာဘဲ ထိုင်ချရသည်။ ဘာမှထွေ ထွေထူးထူး ပြောတတ်ပုံလည်း မရချေ။ စကားက နည်းလွန်းကာ အပ်ရွယ်ရာရာ ပြောဖို့ကို ဝါသနာမရှိတာလားမသိ။ ပဲပဲ ဆွဲထိုင် ခိုင်းသည်မို့သာ ခုံပေါ်ထိုင်ဖြစ်လျက်၊ လူက ငုတ်တုတ်ကြီး ငြိမ်နေ လေသည်။

✿ ❤ ✿

"အဲဒီညကတော့ လာကော့စ်တေးလ် မဟုတ်ဘူးကွ၊ ဖော ရိန်းမိတ်ရယ်ဒီရှုပ်ပဲ။ အနီမှိုင်းခံမှာ ရွှေရောင်ကွမ်းရိုးစင်း လေးတွေ ပါတယ် ...

"ဘောင်းဘီက ညဘက်မို့ သေသေချာချာ သတိမ ထားလိုက်မိဘူး၊ ရေနံရောင်လိုလို ရွှေအိုရောင်လိုလိုပဲ ...

"အဲဒီပေါ်မှာ အဖြူညစ်ရောင် ကုတ်ဝတ်ထားတယ်၊ ကုတ်နဲ့ရှပ်ကိုရောပြီး လက်ခေါက်ထားတော့ ဝါကျင်ကျင် ကုတ်ကို နီရွှေညိုနဲ့ နှုတ်ခမ်းသတ်ထားသလို ဖြစ်နေတာ ...

"သူ့အသားဖြူဖြူနဲ့ အရမ်းလိုက်တယ်ကွာ ...

"ကြည့်စမ်း ... ရောဂါက အသည်းအသန်ပါလား သက်ထား"

www.burmeseclassic.com

www.burmeseclassic.com



"အနုပညာသည်ကို အနုပညာပစ္စည်းတစ်ခုအဖြစ် နှစ်သိမ့်ခံစားတာပါဟာ"

"နင့်အနုပညာပစ္စည်းက သက်ရှိကြီး"

"သက်ထား ... နင် ပါးစပ်က အမြုပ်ထွက်အောင် စကားမှ ပြောခဲ့ရဲ့လား"

"အဲဒါ ဆန်းတယ်၊ ငါ စကားသိပ်မပြောဖြစ်ဘူး၊ ချာတိတ်တွေ ကြားထဲမှာ ငါ တစ်ကောင်တည်း ကြီးကောင်ကြီးမားမို့ ရှက်နေတယ်"

"ဩ ... ရှက်တဲ့ မျက်နှာက စပ်ဖြဲဖြဲနဲ့"

"အဲဒီတုန်းက မျက်နှာပိုးလေးနဲ့ပါ"

"ဟိုနေ့က ... ပန်းသွားဝယ်တုန်းကလည်း မိန်းမ ... မျက်နှာပိုးသေသေနဲ့ စကားနည်းနေတယ်၊ ဤမြေ့ရှင် ဒီနိုင်းမေလေ"

နောင်ရိုး ရှေ့မှာ စကားနည်းနေမိတာ ကိုယ့်ကိုယ်ကိုယ သည်း အံ့ဩမိသည်။

"နင် ရင်ခုန်သေးလား"

"ဘာလို့ ခုန်ရမှာလဲ၊ မခုန်ပါဘူး၊ နည်းနည်းပါးပါး ရှက်ကိုးရှက်ကန်းတော့ ဖြစ်တယ်"

လူကြားကောင်းအောင် ဖုံးဖုံးဖိဖိလုပ်ဖို့ မလိုသည့် အပ်စုထဲမှာမို့ သက်ထား ရင်ထဲရှိသမျှ ပြောချပြီးမှ တကယ်ပဲ ရှက်ကိုးရှက်ကန်း ဖြစ်လာမိသည်။

ညိုစိမ့် သူငယ်ချင်းတွေ ဝိုင်းလာကာ အော်တိုစာအုပ် ထိုးပေးသူကပေး၊ လက်ကိုင်ပဝါမှာ လက်မှတ်ထိုးခိုင်းသူကခိုင်း



နှင့် အလုပ်ရှုပ်ကုန်ကြချိန်မှာ သက်ထားက ခပ်ငေးငေးလေးပဲ ကြည့်နေဖြစ်သည်။

စီးရီးစ်ထွက်ပြီးမှ နာမည်ကြီးကာ လူကြိုက်များကြ နှိုး ထုံးစံပါ။ သို့ပေမဲ့ စီးရီးစ်မထွက်မီ နာမည်ကြီးနှင့်သူ ရှိတော့ နိုင်၏။ အရည်အတွက် နည်းပါးသည်။ သည်ရှားရှားပါးပါးထဲ သူ ပါဝင်နေတာ ကြည်နူးသလို ခံစားမိရသေးသည်။

နောက်ဆုံး ... ဝိုင်းမှ ထဲခါနီး၊ သက်ထားကမတောင်းဆိုပါပဲ သက်ထားရှေ့ စားပွဲပေါ် အမှတ်မထင် တင်ထားမိသည့် သက်ထား လက်ကိုင်ပဝါလေးကို သူ ဆတ်ခနဲဆွဲယူကာ လက်မှတ်ထိုးပေးသွားသည်။

သက်ထား ကြောင်၍ ကြည့်နေလိုက်မိပြီးမှ ကျေနပ်ကျေးဇူးတင်စကားပြောဖို့ သတိရသည်။ သက်ထားထက် ငယ်သူတွေကြားမှာမို့ သက်ထားက ဆင်ခြင်လိုက်ရတာပေမယ့် သက်ထားလက်ကိုင်ပဝါမှာ သူ့လက်မှတ်ရဖို့အတွက် ဆန္ဒက ရင်ထဲမှာ အိတ်တဆိတ် ပြင်းပြနေခဲ့ရတာပါ။

သက်ထား စကားပြောမည့်ဆဲဆဲမှာ သူ မတ်တတ်ရပ်သည်။ သက်ထားကို ငုံ့ကြည့်၏။ သက်ထား ငေးကြောင်ကြောင် ပြန်ကြည့်ကာ ပြောဖို့ရည်ရွယ်ထားသည့်စကားတွေ မေ့ကုန်၏။

"နောက်တစ်ခါတွေ့ရင် နောင်ရိုးလို့ပဲခေါ်ပါ"ဟု ပြောကာ လှည့်ထွက်သွားတော့ သက်ထား ဘာမှပြန်မပြောလိုက်နိုင်ပါ။ ပြောခွင့်ရသည့်တိုင် နှုတ်ဆွံ့နေမိမှာ ကိုယ့်ကိုယ်ကိုယ် သချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို အဖွဲ့ထဲ ချပြောဖို့ပေမယ့် သူ့အကြောင်းကို အစဉ်တစိုက် တွေးလိုက်မိသည်မို့ ပြောဖို့မေ့သွားရတော့သည်။

"သူ့အကြောင်းတွေ နင့်ကို အဲဒီ ပဲပဲဆိုတဲ့ ကောင်မလေးက ပြောတာလား"

သက်ထား ခေါင်းညိတ်သည်။

"သူက သီချင်းနောက်တစ်ပုဒ် ထပ်ဆိုပြီးတော့ ပြန်သွားတယ်၊ ပဲပဲက ညိုစိမ့်နား ရောက်လာတယ်၊ ငါက ဖြူဖွေး ပြန်ပို့မှ ပြန်ရမှာမို့ ညိုစိမ့်နားပဲ ဆက်ထိုင်ပြီး သီချင်းနား ထောင်နေလိုက်တယ်"

"နင် စိတ်မပါတော့ဘူး မဟုတ်လား၊ ကြားရော ကြားသေးရဲ့လား၊ ကျန်တဲ့အဆိုတော်တွေ ကိုယ်စား နင့်ကို ငါစိတ်ဆိုးလိုက်တာ"

တကယ်ပဲ မကြားတစ်ချက် ကြားတစ်ချက်ဖြစ်ကာ စိတ်ကို ဝင်စားကြည့်တာတောင် မရခဲ့ပါ။

ပဲပဲက ပြောပြတယ်၊ သူတို့ကာစင်ဆိုတော့ ညိုစိမ့်တို့က ဝိုင်းမေးကြတယ်လေ"

"ဘာတွေပြောလဲ"

"စောစောက ငါ ပြောသလောက်ပဲပေါ့၊ အဆိုတော်နောင်ရိုးကယ်မစ္စတြီအောနပ်စ် ဖတ်စ်ယီးယား ဆိုတာတွေ သိလာရတယ်၊ အဲဒီလောက်ပဲ ပြောပြီးရော ...

"ကိုကိုနဲ့ပတ်သက်လို့ ပြောပိုင်ခွင့် ကုန်ပါပြီတဲ့၊ ဒီလောက်ပဲ ပြောတတ်ပါတယ်တဲ့၊ နောက်ထပ် ... ထပ်မမေးကြပါနဲ့တော့လို့ တစ်ခါတည်း ပိတ်ပြောတော့တာပဲ"



"နင်က အဲဒီကိစ္စကို ဘာဖြစ်လို့ ခုထိမြှုံထားရတာလဲ၊ ဟိုနေ့က ပန်းဝယ်ရင်းကြုံမှ နင်တို့အသိဖြစ်နေမှန်း သိရလို့ အခုမှ အစ်ရတယ်ကွာ"

ဝေစည်က အသိနောက်ကျရသည့်အတွက် စိတ်ဆိုးနှင့် နှုတ်ခမ်းစူနေ၏။

"ဘာအထူးအဆန်းပါလို့ နင်တို့ကို တကူးတက သံတော်ဦးတင်နေရမှာလဲ"

"အေး ..., ထူးဆန်းတာနဲ့ ချက်ချင်းသိရပစေ၊ မြှုံထားလို့ကတော့ အုပ်စုတွင်း ဥပဒေနဲ့ မသေမချင်း ကလိထိုး သတ်မယ် ... ဒါပဲ"

ကြွေဥ စကားကို ဝါးခနဲ ရယ်လိုက်ကြရာတွင် သက်ထားလည်း ပါပါသည်။ သို့ပေမယ့် အရယ်က သူတို့လောက် ကြွစင်တာကိုတော့ ကိုယ့်ကိုယ်ကိုယ်ပဲ သိလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ငါးပါးသီလထဲမှာ အဒိန္နဒါန တစ်ခုတော့ ပန်းနဲ့ပတ်သက်လာရင် မမြဲဘူး"

ပြောလည်းပြော၊ ခစ်ခနဲအရယ်မှာ အနိုင်လိုက်ပွင့်နေသည့် ဒင်ဒရိုဘီယမ် သစ်ခွပန်းလေး တစ်ခုကို လှစ်ခနဲ ခူးလိုက်ပြီးသား ဖြစ်သွားရ၏။

"ဟဲ့"

မမရို့ တားပေမယ့် မရတော့ပါ။ အချိန်မမီတော့။ ပန်းပွင့်လေးက သက်ထား ပိုက်ဆံအိတ်ထဲ ရောက်သွားပြီ။ သက်ထား သဘောကျစွာ မျက်နှာလေးမော့၍ ရယ်နေသည်။ မိန်းကလေးတိုင်းလိုလို ပန်းကြိုက်ကြသည်ချည်းပါ။ ဘယ်သူတွေ ဘယ်လိုကြိုက်ကြိုက် သက်ထားကိုတော့ မီမည်မထင်။ ပြီးတော့ သူ့ ကြိုက်ပုံကအဆန်း။

သက်ထားက သူနှင့် လက်တစ်ကမ်းစာအကွာမှာ ပန်းတွေရှိနေရတာကိုပျော်၏။ ပန်းပင်တစ်ပင်ကို ပြုစုပျိုးထောင်ဖို့၊ ရေလောင်းဖို့၊ ပေါင်းသင်ဖို့၊ တယ်ယုတယ လုပ်ငန်းတွေကျတော့ နည်းနည်းလေးမှ ဝါသနာမပါ။



မေမေ့ပြုစုယုယမှုဖြင့် ပန်းတွေပွင့်ပြီဆိုလျှင်တော့ အဲသည်ပန်းတွေ အကုန်လုံး သူ့ပန်းတွေချည်းပဲတဲ့။ မေမေက နှမြောလွန်းစွာ ရင်ဘတ်ဖိပြီး ဘယ်လိုတားတား၊ မသိအောင်တစ်မျိုး။ ဖွတ်တရွတ်တစ်မျိုး၊ ခူးကို ခူးရမှ။

"ပန်းမြင်ပြီး မခူးရရင် သက်ထား အားကြီးစိတ်ဆိုးတယ်"

ရွှတ်နောက်နောက် ပြောကာ သူ့ခြံကိုယ့်ခြံ ဘယ်တော့မှမရွေး။ အနည်းဆုံး တစ်ပွင့်တော့ ခူးလိုက်ရမှ။ အိမ်မှာဆို မေမေ့ပန်းတွေကိုခူးပြီး ခေါင်းအုံးအောက်ထဲ ထိုးဝှက်ထားတာများလွန်းလို့ မေမေက သက်ထားအခန်းထဲဝင်ပြီး ခေါင်းအုံးလှန်ကြည့်ဘတ်တာ တစ်နေ့ကို လေးငါးကြိမ်။

ရှာတိုင်းလည်း တွေ့သည်။

'သက်ထား ပိုက်ဆံအိတ်ထဲမှာ ပန်းအနည်းဆုံးနှစ်ပွင့် သုံးပွင့် ရှိတတ်သည်။ စာအုပ်တိုင်းလိုလို၏ ကြားမှာတော့ ပန်းခြောက်ကလေးတွေ ညှပ်ထားတတ်သည်။ မိန်းမသားတို့ အကျင့်၊ လက်ကိုင်ပဝါလေး တကိုင်ကိုင် လုပ်လျှင်တောင် အဲဒီလက်ကိုင်ပဝါထဲမှာ ပန်းပေါက်စလေး တစ်ပွင့်ပါတတ်၏။

သူများတွေ ရင်ဘတ်မှာ ရင်ထိုးအမျိုးမျိုး ထိုးတတ်သမယ့် သက်ထားက ပန်းအစို တစ်မျိုးမျိုးကိုသာ ထိုးလေ့ရှိသည်။ ထူးခြားတာက ခေါင်းမှာကျတော့ ပန်းမရှိ။ သက်ထား ပန်းမပန်တတ်ပါ။ သူ့ ဆံပင်တိုတိုလေးမှာ ပန်းပန်ပြီဆိုလျှင်လည်း ပန်းက ထိုးထိုးထောင်ထောင်ဖြစ်လျက် ကြည့်မလှ။

"နေရာမရွေးဘူး သက်ထားရယ်၊ ပိုင်ရှင်မြင်သွားရင် ပန်းလေးတစ်ပွင့်နဲ့ အပြောခံရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ပြောမှာပေါ့၊ ငါးပါးသီလထဲမှာ အဓိန္နာဒါနာကံကို ပန်းနဲ့ပတ်သက်ရင် မမြဲတတ်လို့ပါရှင် ... ရို"

"စိတ်ညစ်ပါရဲ့အေ၊ ပန်းတွေ့ရင် ညည်း ဖျက်ကိုဖျက်ချင်တာ တယ်"

မမချိုက သက်ထားအစ်မဝမ်းကွဲပါ။ ပန်းအိုးထိုး၊ လက်ကိုင်ပန်း၊ ပန်းခြင်း စသည့် ပန်းအလှပြင်ခြင်းကို ဝါသနာပါ၏။ အသိမိတ်ဆွေတွေမှာ ပန်းနှင့်ပတ်သက်၍ အကူအညီလိုတိုင်း သူ့ခြံမှပန်းရော၊ သူများခြံမှ ပန်းတွေပါ အိတ်စိုက်ထုတ်၍ အလှပြင်ပြီးမှ လက်ဆောင်ပေးတတ်သူလည်း ဖြစ်သည်။

မမချိုက သူ့စိတ်ကြိုက် ပန်းတွေဖြတ်မို့ ဖြူရှင်းရှင်း တစ်ဖက်လှည့်ထွက်သွားတုန်း သက်ထားက လှစ်ခနဲ တခြားသို့ ပြေးထွက်ခဲ့ပြန်သည်။

"အာ ... နီညိုလေးတော့၊ လှလိုက်တာ"

ကတ်လီယာ နီညိုရောင်လေးက ဖယောင်းဆီသုတ်ထားသလို ပြောင်နေသည်။ တန်ဖိုးကြီးမှန်း သိသည်မို့ သက်ထား ခူးဖို့ နည်းနည်းလက်တွန့်သည်။ စင်စစ် ... သည်ပန်းတန်ဖိုးကို ပေးရလည်း သက်ထားအဖို့ အပန်းမကြီးပါ၊ ကြည့်ရင်း ကြည့်ရင်း အသည်းယားလာကာ မခူးဘဲ မနေနိုင်တော့သည်မို့ ဆတ်ခနဲခူးဖို့ လက်ရောက်အသွားမှာ ...

"ဟိတ် ... သူခိုး"

ရုတ်တရက်အားဖြင့် မယောက်ျားလက်ဟုတောင် မထင်မှတ်လိုက်မိသည့် လက်ချောင်းသွယ်သွယ်နှင့် ဖွေးဖွေးစင်စင် လက်တစ်ဖက်က သက်ထားလက်ကို တားဆီးဖမ်းဆုပ်လိုက်သည်။



"ဒီပန်းတစ်ပွင့်ကို အစိတ်တန်တယ် သိလား"

ပြောပုံက တင်တင်စီးစီးမို့ သက်ထား ဒေါသထွက်သွားရသည်။ သူ့လက်ထဲမှ မိမိလက်ကို ဆောင့်ရုန်းရသည်။ လွှတ်သွားတော့ တစ်ခုခု ပေကျန်ခဲ့သလိုမျိုး လက်ကို ခါပစ်၏။

"ဝယ်နိုင်တယ်၊ အပွင့်တစ်ရာပေး"

သက်ထားက လက်ချင်းထိတာကို မတူမတန်ပုံနှင့် ခါထုတ်ပစ်သည်မို့ နောင်ရိုး ရင်ထဲ အောင့်သွားရသည်။ ကလေးမ မာနက မိုးပေါ်မှာ။

"ဝယ်နိုင်တဲ့သူက ခိုးနေရလား"

"ခိုးတာမဟုတ်ဘူး၊ ခူးတာ"

"ပိုင်ရှင်ထံမှာ ခွင့်မတောင်းဘူး"

"ပြီးရင် ငွေချေမှာ"

"မတွေ့ရင်လည်း မချေတော့ဘူးပေါ့"

"အောင်မယ် ... နင်က ခြံစောင့်လား"

အသက်ချင်းက ရွယ်တူမတိမ်းမယိမ်းလောက်ပဲရှိမှာ။ ပြီးတော့ ဆယ့်ခြောက် ဆယ့်ခုနစ် အရွယ်ကလေးတွေ။ ခုနီတုန်းက သက်ထား ဆယ်တန်းပဲ ရှိသေးသည်။

"ခြံစောင့် မဟုတ်ဘူး၊ လေ့လာသူ၊ ပန်းချစ်သူ၊ ပန်းတစ်ခြံသာယာရေး လိုလားသူ"

"အမယ်လေးဟဲ့ ... နည်းနည်းနောနောရာထူး မဟုတ်ပါလား"

"သူခိုးစောင့်ဖမ်းရတဲ့ ရာထူးလည်း ဖြစ်တယ်"

"ဟင်း ... ဒုရဝမ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ပိုက်ဆံအိတ်ထဲမှာ ဒင်ဒရိဘီယမ်တစ်ပွင့် ခရမ်းနဲ့ အဝါကြားလေး၊ နင် ခိုးထားတာထုတ်"

"အောင်မယ် ... အောင်မယ်"

သက်ထား ဆွေ့ဆွေ့ခုန်သွားရသည်။ လက်ပူးလက်ကြပ်ကြီးလိုမို့ ရှက်လိုက်တာလည်း လွန်ပါရော၊ သို့ပေမယ့် သက်ထားပဲ၊ ကိုယ့်ဘက်က ဘယ်လိုများများ ငြင်းရမှ၊ ခံပက်ရမှ၊ ဘယ်တုန်းကမျှ ခေါင်းငုံ့ခံတတ်တာ မဟုတ်ဘဲ။

"ပြီးရင် ပိုက်ဆံချေမှာ၊ ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းတဲ့၊ နင်သာ ခြံစောင့်လိုလိုနဲ့ ပန်းခိုးရောင်းမှာ"

"ငါ့သိက္ခာကို မစော်ကားနဲ့"

"ငါ့သိက္ခာကို စော်ကားနေတာ ကျတော့ရော"

"နင်က သူခိုး"

"ဒီလိုပန်းတွေ ငါ့ခြံထဲမှာ ပေါလွန်းလို့၊ ခူးပြီး ခြံထဲက မြေနီလမ်းမှာ ကြဲထားတာ သိလား၊ ဗန်းခိုးရောင်းမှထမင်းစားရတာ မဟုတ်ဘူး"

"နင်နော် ... မိန်းမဖြစ်နေလို့။ ငါ သတ်ရင် သေတော့မယ်"

"သတ်လေ ... သတ္တိရှိ ထိကြည့်"

သက်ထား ရင်ကလေးကော့၍ ခေါင်းမော့ကာ ထီမထင်မျက်နှာပေး လုပ်ပစ်လိုက်သည်။

"ငါ့အသားကို လက်ညှိုးလေးနဲ့ ထိကြည့်"

လက်ကလေး ပိုက်ထားသည်။ ရင်ကလေးချီ၍ မျက်နှာက မော့မော့လေး။ မျက်ကြောကျတော့ စင်းချကာ နှုတ်



...ကို ချစ်စရာကောင်းလောက်အောင် စူတတ်ပုံမျိုး။ နောင်ရိုး ...ချစ်သက်နှင့်တစ်ခါ သည်တစ်ကြိမ်ပဲ ကြုံရဖူးသည်။

ဘယ်မိန်းကလေးနှင့်မှ နီးနီးစပ်စပ် မရှိခဲ့။ ကျောင်း ...တော့တောင် ယောကျ်ားလေးကျောင်းမှာ။ မိန်းကလေးတွေနှင့် ...အားပြောဖြစ်ဖို့ အခွင့်ရေးကိုမရှိ။ ပြောလည်းမပြောဖြစ်။ အိမ် ...တော့င် မေမေက ချူချာသူမို့ ဝေယျာဝစ္စလုပ်ပေးတုန်း ခဏက ...၍ စကားသိပ်မပြောဖြစ်ခဲ့။

ခုမှ သူ့လက်ကလေးကို အမှတ်မထင် လှမ်းဆွဲလိုက် ...တော့ နောင်ရိုး လက်ဖဝါးမှာ နွေးခနဲ ဖြစ်သွားရတာ။ အရပ်ချင်း ...သည်မို့ နောင်ရိုးကငုံ့ကြည့်၊ သူက မော့ထား၊ မျက်နှာချင်း ... တစ်ထွာသာသာပဲကွာတာ။ သူ့ကိုယ်မှာ မွှေးပျံ့ပျံ့ရနံ့သင်း ...က ပတ်ဝန်းကျင်လေထုကို ကြိုင်လှောက်စေပြီးမှ နောင်ရိုး ...ထဲသို့ တိုးဝင်ကာ ...။

သည်ဖြစ်ရပ်များအားလုံး စုပေါင်းကာ နောင်ရိုး ...ထဲ လှုပ်ရှားယိမ်းထိုးသွားရသည်။ တဒိတ်ဒိတ်ခုန်လာသည့် ...ကို နားမလည်။ ယောကျ်ားချင်းတောင် ဗိုလ်မထားခဲ့သည့် ...နောင်ရိုး ... သည်မျက်နှာ မော့မော့လှလှလေးကျကာမှ ကြည့်ရင်း ...ကြည့်ရင်း ကြောက်လာသလိုလို၊ သနားသလိုလို။

ကိုယ့်ရင်ခုန်နှုန်းကို ကိုယ် မခံရပ်နိုင်စွာ နောင်းရိုး ...တစ်လှမ်းဆုတ်၍ မျက်လွှာချရလေတော့သည်။ ကိုယ့်ရင်ထဲ ... မရိုးမသား ပေါက်ကွဲရသည့်အဖြစ်မို့ အပြစ်ရှိသူပမာ ခံ...း ...ိက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်သွားပြီလား"

ဩော် ... ခံနိုင်ရည်မဲ့သူကိုမှ လွှမ်းမိုးဖို့ ကြိုးစားရ[...] လေခြင်း။

"ပြောလေ ... အိမ်မှာ သက်ထားကဗိုလ်၊ အားလုံးကြော[...] ရတယ်၊ နင်လည်း ကြောက်သွားပြီ မဟုတ်လား"

"ကြောက်တာတော့ ဘယ်ဟုတ်ပါ့မလဲ"

နောင်ရိုး ခေါင်းငုံ့ဆဲမှာ စကားကို တိုးတိုးပြောသည်[...]

"အရှုံးပေးတယ်ပေါ့၊ အညံ့ခံတယ်ပေါ့"

တော်တော်အနိုင်ယူချင်သည့် ချာတိတ်မလေး[...] လား။ နောင်ရိုး ခေါင်းညိတ်လိုက်သည်။ ခြေလှမ်းကိုရှ[...] လှည့်ထွက်ဖို့ပြင်သည်။ သည်သို့ ခြေတစ်လှမ်းအရွာမှစကာ သ[...] မျက်နှာလှလှလေးက နောင်ရိုး ရင်ထဲမှ ခုန်ထွက်ကျန်ရစ်ခဲ့ပါ[...] တော့။

အိပ်မက်ဆိုရင်တောင် နိုးချိန်မှာ တစ်ခုမျှသတိ[...] စဉ်းစားလို့တောင် ပြန်မသိနိုင်တော့တဲ့အထိ ကွယ်ပျောက် လွင့်[...] ပါစေတော့ဟု ဆန္ဒပြုမိလေ၏။

"နေဦးလေကွာ"

နောင်ရိုး လှည့်ထွက်ပေမယ့် သူ မကျန်ခဲ့။ လှ[...] ခေါ်ကာ ပြေးလိုက်လာသည်။ မင်း ငါ့ရင်ထဲထိ ခုန်ဝင်တော့[...] လား။ နေခဲ့ပါ။ ကျန်ခဲ့ပါ။ မေးမှိန်တိမ်ကောခဲ့ပါ မိန်းကလေးရ[...]

"နေပါဦးဆို၊ အညံ့ခံတယ်ဆိုလို့ နင့်ကိုခင်သွားပြီ၊ ဖြ[...] ဖြည်းလျှောက်၊ ပြောလို့မရဘူးလား၊ ချော့လဲအောင် [...] ထိုးခံလိုက်မယ်"



နောင်ရိုး မျက်နှာတည်ကြီးက ရုတ်ခြည်းရယ်တော့၊ [...]ပုံအချိုးတကျ မဖြစ်။ ပြောပုံလေးကို မပြုံးဘဲ မရယ်ဘဲ [...]မှာနေနိုင်တော့မှာလဲ ချာတိတ်မရယ်၊ နင်ပဲ အနိုင်ယူပါတော့။

"ဟင်း ... ရယ်ပုံကြီးက လှလည်းမလှဘူး၊ ခပ်တည်တည် လေးကမှ ဟုတ်တုတ်တုတ်"

"မင်းကကျတော့ စူပုပ်နေလည်း လှပါတယ်"

"အဲဒါ ဘဝအကျိုးပေး ကောင်းတယ်လို့ ခေါ်တယ်၊ ဟို ဘဝက ပန်းလှူခဲ့လို့၊ သိလား ... နင် ငါ့ကို ပန်းလှူကွာ၊ နောက်ဘဝကျရင် လှလှလေး ရယ်တတ်အောင်နော်၊ စော စောကပန်းလေး ခူးမယ်နော်"

ဘေးနား အတင်းကပ်ပါလာကာ လက်ညှိုးလေး [...]ထောင်ထောင်နှင့် ချွဲနွဲ့နွဲ့ပုံစံလေးကို နောင်ရိုး သံမဏိလူ [...]မို့ ငြင်းဆန်နိုင်ရက်အားတော့မှာလား။

နောင်ရိုး ပြန်လှည့်ကတည်းက သက်ထားဘက်က [...]ပြီဆိုတာ သိလိုက်သည်။ သက်ထားတို့က လှစ်နေအောင်ပါး [...]လေ။

"တို့ သူငယ်ချင်း ဖြစ်သွားပြီနော်၊ တို့နာမည်က သက်ထား တဲ့၊ မင်းနာမည်ကရော"

"နောင်ရိုး"

"ဟော်တော့ ... ဘုရင်နောင် ဖောင်ဖျက်တဲ့ တိုက်ပွဲကြီးပါ လား၊ ဒါတောင် ချက်ချင်းအရှုံးပေးတယ် ... ခစ် ခစ်"

ကြောက်ပါပြီဆိုမှ မှတ်ပလား မေးချင်သေးသည့် [...]ယ်မကို နောင်ရိုး အံကြိတ်၍ စိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ရိုး သတ္တိကို လာမစမ်းနဲ့၊ မင်းမို့လို့ပေါ့ကွာ" ကျိတ်ပြောဆဲမှာပင် အံကြိတ်က အလိုလို ပြေကျသွားရတော့သည်။ မော့မော့လေး ရယ်နေပုံက အပြစ်ကင်းစင်ကာ တစ်ဖက်သားကို စော်ကားမော်ကားလိုစိတ် လုံးဝရှိပုံမရ။ ကလေးဆိုးနှယ် ပါးစပ်ထဲတွေ့ရာ ကောက်ပြောတတ်ပုံလေးပါပဲ။

"နောင်ရိုးက ဒီခြံမှာ အလုပ် လုပ်တာလား"

"မလုပ်ဘူး၊ တို့ သစ်ခွစိုက်နည်း လေ့လာနေတာ"

"ဝါသနာပါလို့လား"

"လိုအပ်လို့"

"ဟင် ... အဆန်းပဲ၊ သက်ထားတို့တော့ လိုအပ်ပေမယ့် မလုပ်ပေါင်၊ လုပ်ချင်မှ လုပ်မှာပေါ့၊ သက်ထားက ပန်းခူးရတာ သိပ်ဝါသနာပါတယ်၊ ပန်းပင်ကို ပြုစုယုယဖို့တစ်စက်ကလေးမှ စိတ်မပါဘူး၊ သူများ ယုယထားလို့ ပန်းပွင့်ရင်တော့ သက်ထား အရင်ဆုံးခူးရမှ"

"ပန်းလည်း မပန်ပါလား"

"မပန်ချင်ပါဘူး၊ ဒီဆံပင် တိုစိစိလေးထဲမှာ ပန်းပန်ရင် ပန်းက မတ်တတ်ကြီး ရပ်နေမှာ၊ ထိုးထိုးထောင်ထောင်နဲ့ ဆံပင်ရှည်ပြီး ဆံထုံး,ထုံးမှ ပန်းပန်လို့လှတာ"

"ဆံပင်ရှည် မထားချင်ဘူးလား"

"အမယ်လေး ... ပန်းလေးတစ်ပွင့် ပန်ရဖို့ ခေါင်းပေါ်မှာ ဆံထုံးကြီးကို ရွက်မထားနိုင်ပါဘူး"

"ဒါဖြင့် ပန်းတွေရရင် ဘာလုပ်လဲ"



"မွှေးတဲ့ပန်းဆိုရင် အိပ်ရာပေါ် ပစ်တင်ထားတယ်၊ လက်ကိုင်ပဝါနဲ့ ထုပ်တယ်၊ လှရုံလှပြီး မမွှေးတဲ့ပန်းတွေဆိုရင် စာအုပ်ကြားထဲ ညှပ်တယ်၊ စားပွဲပေါ်လည်း တင်တယ် ...

"သက်ထားနားမှာ ပန်းတွေရှိနေရင် ကြိုက်တာပဲ။ ခူးပဲ ခူးချင်တာ။ ခူးပြီးရင်တော့ ဟိုပစ် ဒီပစ်ပဲ"

အံ့သြဖို့ ကြောက်ဖို့ ကောင်းလှသည့် ဝါသနာပါသား။ နောင်ရိုး ပခုံးနှစ်ဖက်ကို စုတွန့်သည်။ မင်းနဲ့ ငါနဲ့ ဒီခြံထွက်တာနဲ့ မေ့သွားကြဖို့ အရေးကြီးတယ်။ မင်း ငါ့နားမှာ အတွေးထဲမှာ ရစ်ဝဲ ရစ်ဝဲ မကျန်ခဲ့ပါနဲ့ဟု ရင်တွင်းဆုကို တောင်းမိပါတော့သည်။

"ခူးမသိနော်"

"ခူးပါ"

"ခြံရှင်က ဘာပြောမလဲဟင်"

"တို့ပြောပေးရင် ရပါတယ်"

"ဈေးကြီးတယ်ဆို"

"တို့နှုတ်ပေးလိုက်မယ်"

"အားတော့နာတယ်၊ ဒါပေမဲ့ ပန်းဆိုရင် ဝယ်ယူရတာထက် အလကား အနိုင်ကျင့်ယူရတာနဲ့ ခိုးရတာကို ပိုပျော်တယ်၊ နောင်ရိုးကို သနားလို့ ဈေးနည်းနည်းပေါတဲ့ပန်းပဲ ခူးမယ်၊ နည်းနည်းပေါတာကိုပြ"

"ခူးပါ၊ မင်း ကြိုက်သလိုသာ ခူးပေတော့"

"အရမ်းခင်သွားပြီ၊ နောင်ရိုးကို သက်ထား ဘယ်တော့မှ မမေ့ဘူးနော်၊ နောက် လမ်းမှာတွေ့ရင် ခေါ်မယ်၊ အိမ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ရတယ်၊ ဖုန်းဆက်ချင်လည်း ဆက်ပေါ့၊ အိမ်လာလည်ရင်တော့ ပန်းတွေယူခဲ့"

"ဟိုပစ် ဒီပစ် ပစ်မှာပဲလား"

"မွှေးရင် ခေါင်းအုံးအောက်မှာ ထားမယ်"

သြော် ... သက်ထား ဆိုတဲ့ မိန်းကလေး၊ မင်းအတွက် နောင်ရိုးဆိုတဲ့ကောင်ဟာ မွှေးတဲ့ပန်းတစ်ပွင့် ဖြစ်မလာနိုင်တာ သေချာနေပါပြီ။ ခြံရှင် အစ်ကိုလေးက ပြောတယ်။ အဲဒါ မိုးကုတ်သူဌေးသမီးတွေတဲ့။ ခက်ပြီ သက်ထားရယ်။

အဲသည်နေ့က သက်ထား စိတ်တိုင်းကျ ပန်းတွေခူးလိုက်တာ ရာနှင့်ချီ၍ကျသည်။ နောင်ရိုး အနေပြောကင်းစွာ စိုက်ပေးဖို့ကိုပဲ ပျော်နေရသည့်အဖြစ်လေ။

မမချိုက သူ့ကိစ္စပြီး၍ ပြန်ဖို့ကားပေါ်တက်တော့ ကားပေါ်မှာ ပန်းကော်ဇော ခင်းထားသလား ထင်ရအောင် သက်ထား ကြဲချထားသည့် ပန်းတွေကိုကြည့်၍ ရင်ဖိလေ၏။

"မြတ်စွာဘုရား"

ခြံရှင်ကိုတစ်လှည့်၊ နောင်ရိုးကိုတစ်လှည့်၊ သက်ထားကိုတစ်လှည့် ကြည့်ကာ ဘုရားတ,ရုံမှလွဲပြီး ဘာစကားတစ်ခွန်းမျှ မပြောနိုင်အောင် ဖြစ်နေပုံကို သက်ထားကကြည့်၍ တခစ်ခစ် ရယ်၏။

"ကျွန်တော့်သူငယ်ချင်းပါ အစ်ကိုလေး၊ ကျွန်တော်ပေးပါ့မယ်"

ခြံရှင့်မျက်နှာက ခပ်ပျက်ပျက်။ နောင်ရိုးဆိုသည့် ကောင်လေးမျက်နှာက မှုန်အစ်အစ် ရီဝေဝေ ကြားထဲက မျက်ဝန်း



ဆေး လက်နေသည်။ မိန်းမသက်ထားတို့ကတော့ ပျော်နေလိုက်ပုံ
ဘ အရူးမတစ်ပိုင်း။

မမချို စိတ်ပေါက်ပေါက်နှင့် ကျိတ်တွေးကာ မျက်နှာ
ဘ ရှုံ့မဲ့နေသည်၊ ထိုင်ခုံကူရှင်တွေပေါ် ဖြန့်ကြဲထားသည့် ပန်း
တွေကို အားနာပါးနာ တစ်ပွင့်ချင်း လိုက်ကောက်စုရင်း သက်ထား
ကို မျက်စောင်းချည်း ဖိထိုးနေသည်။

နောင်ရိုးက ခြံရှင်ကို ခေါ်သွားပြီး ဘာတွေပြောနေ
မှန်းမသိ၊ ခပ်လှမ်းလှမ်းသို့ ရောက်နေ၏။

"ခုခေတ်မှာ ပန်းစိုက်ရောင်းတဲ့ သူတွေဟာ ထမင်းငတ်လို့ လုပ်နေတာ မဟုတ်ဘူး၊ သူဌေးကြီးပဲ သိလား မိသက်ထား"

"ဟုတ်လား ... ကောင်းတာပေါ့"

"အရူးလား၊ ပန်းတွေကြဲထားတာ၊ ပန်းချစ်တတ်လို့ ပန်းစိုက်တာ၊ တစ်ပွင့်အစိတ်တန်ကို ညည်းက တစ်ရာပေးဝယ်ဦး ခုလိုဖင်ခုထိုင်ပြရင် ဓားနဲ့လိုက်ခုတ်မှာ၊ နားလည်ရဲ့လား"

"ဟောတော့ ... တကယ်"

"ခုကောင် ရိုက်သတ်ဖို့ ဘိုင်ပင်နေတာလား မသိဘူး"

"ဟင် ... သက်ထား ကြောက်တယ်"

"ညည်းကြောင့် ငါ သေချင်တယ်"

"ဒီပန်းဖိုးတွေ နောင်ရိုးက ပေးမှာ"

"ပေးတာ မပေးတာက အကြောင်းမဟုတ်ဘူး၊ ညည်းလုပ်ထားပုံက စော်ကားရာ ရောက်တယ်"

"ဈ ... ဈ ... မမချို။ အကုန်လုံး သက်ထား ရင်ခွင်ထဲ မွှေ့ပြလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတော့လေ"

တကယ်ကြောက်သွားပုံနှင့် တစ်ပွင့်ချင်း လိုက်ကောက်ကာ ခေါင်းပေါ်မှာ တင်လိုတင်၊ ရင်ထဲ ပွေ့လိုပွေ့ လုပ်ပြနေတော့လည်း မမချို ရယ်ချင်ရပြန်၏။

"အသက်အန္တရာယ်ကင်းအောင် ဒီခြံထဲက မြန်မြန်ပြေးမှ ဖြစ်မယ်"

ကြောက်ချင်တော့လည်း သက်ထား အကြောက်တတ်ဆုံးလူသား ဖြစ်နေရပြန်သည်။ ကားနောက်ခန်းထဲမှာ ပါလာသည့် အထုပ်တွေထဲက စက္ကူအိတ်သုံးလုံးကို သက်ထားဆွဲယူသည်။

"ဒါက ဘာလုပ်ဦးမလို့လဲ"

သက်ထား မဖြေဘဲ နောင်ရိုး ရှိရာသို့ ပြေးလာ၏။

"နောင်ရိုးရေ"

နောင်ရိုး လှည့်ကြည့်ကာ ပြေးကြိုချင်စိတ်ကို မျိုသိပ်ရင်း ခပ်မှန်မှန်ပဲလျှောက်လာရတာကို ဝန်လေးနေ၏။

"ရော့ ... သက်ထားရဲ့လက်ဆောင်နော်၊ သက်ထားက လာကော့စ်တေးလ်စပို့ရှပ် သိပ်ကြိုက်တာ၊ ယောက်ျားရော မိန်းမပါ ဝတ်လို့ရတာနဲ့ နောင်ရိုး ယူနော်"

"ဟာ ... ဘာလို့ယူရမှာလဲ"

"ခင်မင်ခြင်း အထိမ်းအမှတ်"

သူ ပန်းဖိုးလျော်ချင်တော့လည်း စကားလှအောင် ပြောတတ်နေသည့် သက်ထားကို နောင်ရိုး စိုက်ကြည့်သည်။



"မိန်းမတွေဝတ်ရင် ယောက်ျားတွေက ဘယ်ဝတ်လို့ကောင်းမလဲ"

"ကောင်းပါတယ်၊ ယောက်ျားဝတ်တဲ့ပုံစံပါ၊ ဒီဘယ် မဟုတ်လား၊ မိန်းမတွေကိုက သောင်းကျန်းတာ နောင်ရိုးရဲ့၊ ယောက်ျားတွေ ဝတ်စရာ မကျန်အောင် လိုက်ဝတ်နေတာ၊ ဆိုးတယ်နော် ...

"နောင်ရိုး ဝတ်နော်၊ သက်ထား လက်ဆောင်"

ပစ္စည်းမက်သည် မဟုတ်ပေမယ့် သက်ထားထံမှ အမှတ်တရပစ္စည်းလေး တစ်ခုခု ရလိုက်ချင်စိတ်ကြောင့် စက္ကူအိတ်တစ်အိတ်ကိုပဲ ဆွဲယူ၏။

"တစ်ထည်တော်ပြီ"

"သုံးထည်လုံး ယူပါ"

"ဒီအင်္ကျီတစ်ထည်ကို ဈေးဘယ်လောက်ဆိုတာ တို့သိတယ်၊ သုံးထည်ကြီးတောင်ဆိုတော့ ဘယ်ကောင်းမလဲ"

"ယူပါကွာ၊ ဒီလိုလုပ်လေ ... သက်ထားကို သစ်ခွတစ်အိုး လက်ဆောင်ပေး၊ မေမေ့ကို မျက်နှာလုပ်ဖို့၊ ယူကွာ ... ရော့ ... ရော့၊ ကိုင်ထားရတာ လက်ညောင်းတယ်"

နောင်ရိုးရင်ထဲ သုံးထုပ်လုံး ထိုးကြိတ်ထည့်တော့ ရှုပ်ရှုပ်ထွေးထွေးလေးတွေ ဖြစ်ကုန်ရသည်။

မမချိုက ကားပေါ်မှလှမ်းကြည့်ကာ မျက်စိထဲ နောက်လာရသည်။ စင်စစ် ... မမချိုဟု ခေါ်ပေမယ့် သက်ထားအမေ၏ ညီမဝမ်းကွဲ အဒေါ်တစ်ဝမ်းကွဲတော်သည့် အပျိုကြီးဖို့ သက်ထားကို ချစ်သလောက် အလကားနေရင်း ကြည့်မရဖြစ်ကာ ရိုက်ချင်စိတ် ပေါက်နေသူလည်း ဖြစ်သည်။

www.burmeseclassic.com



"သစ်ခွတစ်အိုး ပေးကွာ၊ ဟိုဟာ ..."

သက်ထားက နီးရာပန်းအိုးကို လက်ညှိုးကောက်ထိ သည်။ နောင်ရိုး ဖြုတ်ပေးလိုက်တော့သည်။ သက်ထားပေးခဲ့သည့် စပို့ရှပ်သုံးထည်ကိုလည်း ရင်မှာ ကျစ်ကျစ်ပွေ့လိုက်ဖြစ်သည် သုံးထည်ဆိုတော့ သုံးခွန်းသောစကား ဆိုတာနှင့် တွက်လည်း သည်။ အင်္ဂလိပ်လိုဆိုလည်း အိုင် လပ်ဗ် ယူ ပေါ့။

ကိုယ့်အခိပ္ပာယ်နှင့်ကိုယ် ပြုံးကာ မှန်အစ်ရီဝေမျက်နှာ ကြီးတစ်ခုလုံး ချို၀င်း ရွှန်းစက်စွာ ငေးငေးကြီး ကျန်ရစ်ခဲ့တော့ သည်။

"နောင်ရိုး ပေးလိုက်တာ မမချို"

ကားကတော့ ဂူးခနဲ မောင်းထွက်ခဲ့ပါပြီ။ ယာဉ် မောင်းကိုယ်တိုင်က အဖြစ်အပျက်တွေကို ကြားသိနေရသူမို့ ဒီ ထဲ ကြာကြာနေလျှင် ပြဿနာတစ်ခုခု တက်တော့မည်မှန်း ကြို သိကာ ...န်ပြေးဖို့ပဲ စိတ်သန်နေ၏။

"...ကြီး"

"ဟုတ်"

"ဒါ ... ဟာမာတိုရှီလန်၊ နှယ်နှယ်ရရ မှတ်နေလား"

"သိဘူးလေ ဟာမာတိုရှီလန်လား၊ ရှေရှီလန်လား"

"အကျိုးနည်း ... ဒီအိုးမျိုး ဝယ်ချင်ရင် ပန်းအိုးတန်ဖိုးကို ဖြတ်ဖို့ ရွက်ရေကို ကြည့်ရတယ်အေ့၊ တစ်ရွက်ပါရင် တစ်ရာနဲ့ ရှစ်ဆယ်ကြားမှာ ရှိတယ်၊ နှစ်ရွက်ပါတဲ့ အပင် ဆိုရင် တစ်ရာ့ခြောက်ဆယ်နဲ့ နှစ်ရာကြားမှာရှိတယ် ညည်းအိုးက ဘယ်နှရွက်လဲ"



သက်ထားက ကမန်းကတန်း ရေတွက်သည်။

"ကော်တာပဲ၊ ဆယ့်တစ်ရွက်တောင်ပါတယ်၊ အဖူးခိုင်က နှစ်ခိုင် ... ပွပါပြီဗျို့"

သက်ထားကတော့ သဘောကျနေ၏။ မမချိုမှာသာ ရှစ်ဆယ်နှင့်ပဲတွက်ဦး ရှစ်ရာ့ရှစ်ဆယ်တန်နေသည့် ပန်းအိုး၊ ဆောစောပိုင်းက ခူးထားသမျှ ကတဲလီယာတွေ၊ ဒင်ဒရိုဘီယမ် တွေး ဗင်ဒါကီအမ်အေတွေ့ ဈေးတွေကို စိတ်တွက်နှင့်တွက်ရင်း လာကော့စ်တေးလ် စပို့ရှပ် သုံးထည်ဈေးနှင့် ချိန်နေသည်။

ကောင်လေးတော့ ရှုံးပါပြီ။

သက်ထား လက်ဆော့ထားတာကိုက သုံးလေးရာဖိုး ရှိနေတာ။ အင်းလေ ... ရှုံးလည်း နည်းနည်းပါးပါးမို့ တော်ပါ သေးရဲ့။ အပျိုကြီးမို့ သံယောဇဉ် အညွန့်အခက်လေး ထွက်လာ ရင်တောင်မှ ခုတ်ပိုင်းဖြတ်တောက်ကာ ပစ္စည်းချင်းဖလှယ်သည့် ဈေးတွက်နှင့်ပဲ တွက်လိုက်လေတော့သည်။

✿ ❤ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"နောင်ရီးရယ် ... ဆယ်တန်းနှစ်တုန်းက ငိုလ်ကျခဲ့ဖူးတာ လေးကို သက်ထား ဘယ်တုန်းကမှ မမေ့ခဲ့ဘူး သိလား ဒါပေမဲ့ တမင်ပဲ မေ့ထားခဲ့တာပါ"

သည်လိုဖွင့်ပြောနိုင်သည့် အခြေအနေသို့ ရောက် ချင်မိပါ၏။ ဒီတုန်းက သက်ထား လုံးဝရင်မခုန်ခဲ့တာ အမှန်ပါ ဆော့ဖို့၊ လူတကာကို ငိုလ်ကျဖို့။ စွာဖို့၊ တစ်ဖက်သားနစ်နာမည် ဆိုလျှင်တော့ တစ်နည်းတစ်လမ်းက ပြန်လည်ကူညီပေးခဲ့ဖို့၊ ဒီ စိတ်မျိုးလေးတွေပဲ သက်ထားမှာရှိသည်။

နောင်ရီးကို တကူးတက မေ့ပျောက်ဖို့ စိတ်ကူးလည်း မရှိ၊ သတိရ တမ်းတနေဖို့လည်း မဟုတ်။ သို့ပေမယ့် ဟာမာတို့ လန် သစ်ခွအိုးလေးကို မမေ မြတ်နိုးလွန်းတာက နောင်ရီး သတိတရ ဖြစ်နေဖို့ ဖန်တီးခဲ့သည်။

"သမီးသူငယ်ချင်းလေးကို ကျေးဇူးတင်လိုက်တာ" ဆိုသည့် စကားကို ပန်းခိုင်စေး ပွင့်လာတော့ နေ့တိုင်းပြောသည် ပန်းမပွင့်ချိန်မှာတောင် တစ်လတစ်ခါလောက် ပြောဖြစ်အောင် ပြောနေသည်။



"သူငယ်လေးနာမည် ဘယ်သူ"

"နောင်ရီးတဲ့"

"နာမည်က ကောင်းလိုက်တာ"

သက်ထားမှာက အနှောင်အတဲ တစ်ခု ရှိနေသည်။ သက်ထားက မောင်နှမတွေထဲမှာ အငယ်ဆုံး။ ဖေဖေတို့ မမေ တို့က သားသမီးသုံးယောက်လုံးကို အစွမ်းကုန် ပုံအောရှ်အလို လိုက်ကြသည်။ ဟဲ့တစ်ချက်လည်း မငေါက်။ ဘာတစ်ခုမှမငြိုငြင် ဆေရ။

သို့ပေမဲ့ အကြီးနှစ်ယောက်လုံး မိဘကြည်ဖြူသူနှင့် သာ အိမ်ထောင်ပြုကြရသည်။

"မေမေပေးစားမှ လက်ထပ်ရမယ့်တူတူ စိတ်ဆင်းရဲမယ့် ပြဿနာမျိုး ဖန်တီးမထားကြနဲ့။ ဒီတစ်ခုတော့ ယတိပြတ် ပဲ"... တဲ့။

ရှေ့နှစ်ယောက်က အလိမ္မာလွန်သည်မို့ သည်တစ် ချက်တွင် သက်ထားလည်း မလူးသာ မလွန့်သာ ရှိလှသည်။ ဘက်တာက မမေသည် ရန်ကုန်အိမ်မှာ လာနေတိုင်း ဟာမာတို့ရှိ သန့်သစ်ခွအိုးလေးကို တယုတယ လုပ်နေတတ်တာ။

"သမီးသူငယ်ချင်းလေးနာမည် ဘယ်သူ"ဟု မေး မေးနေတတ်သည်။

"နောင်ရီးတဲ့ ...။ မမေကလည်း ခဏ ခဏမေ့ပြော၊ ခဏ ခဏ မေ့တာပဲ၊ မှတ်လည်း မထားဘူး"

"အသက်ကြီးတော့ မေ့တယ်အေ့၊ လူငယ်တွေလို မဟုတ် ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောလဲ ... သမီး သူငယ်ချင်းလေးနာမည် ဘယ်သူ ... ဟု လုပ်ပြန်သည်။ နောင်ရိုး ... တဲ့ဟု ဖြေရမြန်၏။

နောင်ရိုးဆိုသည့် အမည်က ဘယ်မှာ မေ့ပျော မေးမိန့်သွားပါတော့မလဲ။ နောင်ရိုး နာမည်ကိုသတိရတိုင်း သူ စွပ်စွဲခံရတာကို သတိရပြီး ဒေါသပြန်ထွက်ရတာမျိုး ခံစား သည်။ ယောကျ်ားလက်ဟုတောင် ထင်ရစရာမရှိသည့် လက် ချောင်းသွယ်သွယ် ဖွေးဖွေးတွေက သက်ထားလက်ကို လာဆုပ် ကာ ပန်းပြန်လုသည့် ခံစားမှုက ရင်ကို နွေးခနဲ နွေးခနဲ ဖြစ်သွား စေရသည်။

မကြာခဏ သတိရစေဖို့ ဖြစ်နေသည့် အဆင့်အ မကျော်လွန်ခဲ့ပေမယ့် နောင်ရိုးသည် သက်ထား၏နှလုံးသား အသံဖြင့် ထိုးခွဲဖောက်ထွင်းခဲ့သည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစ က အင်္ဂါနေ့မှာ မျက်နှာသစ်အဆိုတော်လေးများဖြင့် မိတ်ဖွဲ့ပေး ခဲ့၏။

"ဟာ ... နောင်ရိုး"

တီဗီထိုင်ကြည့်ရင်း သက်ထား လွှတ်ခနဲ အော်ထော မေမေက လှည့်ကြည့်သည်။

"ပန်းပင်ပေးတဲ့ သူငယ်လား"

ဒီတစ်ခါတော့ မေမေက နာမည်ကို မှတ်မိသား ရှိနေသည်။

"ဟုတ် ... ဟုတ်တယ် မေမေ၊ သူ သီချင်းဆိုတာ သ တောင် မသိဘူး၊ အသံကောင်းတယ်နော်"



"သမီးသူငယ်ချင်းလေး"မှသည် "သူငယ်"ဆိုသည့် သုံးအနှုန်းသို့ ချက်ချင်းကြီး ပြောင်းသွားတာကို သက်ထား သတိမထားမိပါ။ နောင်ရိုး၏ အသံထဲသို့ နစ်မျောစီးဝင် ရသည်။ ရွှန်းစက်သော မျက်ဝန်းများဖြင့် တောက်ပစွာ ငေး သည့်သမီးကို မေမေ အကဲခတ်နေတာလည်း မသိတော့။

မေမေ နောက်ထပ်ထုတ်သည့် မေးခွန်းတွေကိုလည်း ကြားသည်မို့ မဖြေမိ။ ကုလားထိုင်မှာ ပြေလျော့စွာ မထိုင်နိုင် ဘဲ ကိုယ်ကိုရှေ့သို့ကိုင်းကာ နောင်ရိုး၏အသံနှင့် ရုပ်သွင်ကို ဝန်းများမှတစ်ဆင့် စုပ်ယူကာ ရင်ထဲမျိုချနေသလားဟု မေး ဖြစ်နေတာလည်း သက်ထား မသိ။

ရီဝေသော တမ်းတသော မျက်ဝန်းမှိုင်းမှိုင်းများနှင့် ဖွေးဖွေး နှုတ်ခမ်းရဲရဲလေးက ကြည့်လို့ကောင်းလိုက်တာ၊ တောင် မပြတတ်။ ရုပ်ဖြူလည်ကတုံး၊ တိုက်ပုံမီးခိုးရောင်၊ ဆိုး အပြာရင့်တို့က နောင်ရိုးကို ရင့်ဟန်ထင်ပေမယ့် ရှင်း ကြော့မော့ကာ အားကိုးပစ်လိုက်ချင်စရာ ကောင်းလောက် ကျက်သရေ ရှိလွန်းပါဘိ။

ချိုသော သြရှရှအသံလေးက ရင်ထဲ ထိုးဖောက်ခွဲ စီးဝင်သွားကာ နှလုံးသားကို လွှမ်းခြုံနှောင်ဖွဲ့သွားလိုက်တာ ပ်ဆို့နင်လို့တောင်လာသည်။

နောင်ရိုးရယ် ...

သီချင်းသံဆုံးပြီး ပုံရိပ်ပါ ကွယ်တော့မှ သက်ထား ကိုမှိလျော့ချလိုက်နိုင်သည်။ သက်ပြင်းမောကျသံက ရင်ထဲ ဒိန်းခနဲမြည်၏။ လှုပ်ရှားယိမ်းထိုးသွားရသည့် ရင်ခွင်ကို ထိန်း သီချင်းတစ်ပုဒ်တည်းနှင့် အပိုင်ယူသွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကောင်းတာပဲ မေမေ၊ ဒါကြောင့် သူ့လက်ချောင်းတွေက သွယ်သွယ်ရှည်ရှည် ဖြစ်နေတာ။ သူ ဂစ်တာတီးတော့ လက်ချောင်းလေးတွေ မေမေတွေ့လိုက်လား ...

"အသံက ဆန်းလည်းဆန်း၊ ရှားလည်းရှားတယ်။ အတီးမပါဘဲ အဆိုချည်းတောင် နားထောင်ကောင်းမယ့် အသံမျိုးနော် ...

"အသံထဲမှာကို ဂီတလှိုင်းတွေ ပါနေတာ"

ရင်ထဲရှိသမျှ တဝကြီးပြောပစ်လိုက်ပြီးမှ မေမေ့မျက်ဝန်းများနှင့် တန်းခနဲဆုံရတော့သည်။ ဟောတော့ ... မေမေ ဘယ်လိုကြည့်နေတာလဲ။

မေမေကတော့ ပြောမှာပါ။

"ငါ့ဗိုက်ထဲက ထွက်တဲ့သမီး၊ အူဘယ်နခွေ၊ နံရိုးဘယ်နချောင်းဆိုတာ ငါ မသိဘဲ နေပါ့မလား" ... လို့

သက်ထားကလည်း ပြောချင်ပါသည်။

"မေမေ့ဗိုက်ထဲမှာ ကိုးလလုံးလုံး နေထိုင်စားသောက်လာခဲ့ရတာ၊ နှလုံးရယ်၊ အသည်းရယ်၊ အဆုတ်ရယ်၊ အရောင်ချင်း နည်းနည်းလေးတွေစီ ကွာခြားတာကအစ သိပါတယ် မေမေ"... လို့။

သားအမိနှစ်ယောက် အသံတိတ် စကားပြောကြသည်။ မေမေက တစ်ခုတည်းသော ချမှတ်ထားသည့် စည်းကမ်းကို သတိတရရှိဖို့၊ ပြဿနာမရှာဖို့ တင်းကျပ်စွာ တားသည်။ သက်ထားက သမီးရဲ့နှလုံးသားကို မတားနိုင် မဆီးနိုင်၊ ပိုင်စိုးလွှမ်းမိုးသွားပါပြီ မေမေရယ်ဟု ဝန်ခံ၏။



စကားသံအားဖြင့် မည်သူ့ထံကမှ ထွက်ပေါ်မလာခဲ့ပါ။ နောက် သုံးရက်မှာ မေမေ မိုးကုတ်ပြန်တော့ ဟာမာတိုရှိ ...န်သစ်ခွအိုးလေးပါ သယ်သွားသည်။

"သတိမရစေဖို့ ဖန်တီးလိုက်တာကိုက မမေ့နိုင်အောင် အလွမ်းအမင်း တမ်းတစေဖို့ ဖြစ်သွားရပါတယ် နောင်ရိုးရယ်"

တကယ်တော့ ... ဟိုတုန်းက မသိမသာ နေရာယူ...တာ၊ နှလုံးသားနယ်စပ်တွေကို တစ်စတစ်စ ချဉ်းနင်းသိမ်းပိုက်...ခဲ့တာလည်း ဖြစ်နိုင်သည်။ သက်ထား သတိမထားလိုက်မိတာ...ည်း ဖြစ်နိုင်၏။ မသိကျိုးကျွန် ဥပေက္ခာပြုခဲ့ရက်သည့် နေ့များ... ပြန်လည်တမ်းတမိသည်။

ဒါတောင်မှ သက်ထား ရင်ထဲက ဝေဒနာတွေကို ...တားသော့ခတ်ခဲ့ပါသေးတယ် နောင်ရိုးရယ်။

✿ ❤ ✿

"အသက်ထက် သက်ထား"... တဲ့။

ဖြူဖွေး ဖွေးနေ့မှာ ဆိုတဲ့သီချင်းလေး။ နောင်ရိုးရေ ...ရိုးလည်း သက်ထားကို တမ်းတနေတာလား။ မမေ့နိုင်တာ ... လာကော့စ်တေးလ်စပို့ရှပ်လေးဝတ်ပြီး လှယောင်ပြတာ ... မံမြင့်ချင်ယောင် ဆောင်တတ်တဲ့ သက်ထားကို စိတ်မှာ ...သား။

www.burmeseclassic.com

www.burmeseclassic.com



ကြုံဆုံခွင့်မရပါဘဲ၊ မျက်ဝန်းချင်း စကားဆိုခွင့်မရပါဘဲ၊ တစ်ဦးနဲ့တစ်ဦး နားလည်သွားကြရတာမျိုးလား နှောင်ရိုးရယ်။ နှောင်ရိုးက သက်ထားထက် အသက်နည်းနည်းပိုကြီးမှာလား တွေးမိပေမယ့် ...

ပထမဆုံး မြင်ဖူးရစဉ်က အသားဆွတ်ဆွတ်၊ နှုတ်ခမ်းရဲရဲနဲ့ မျက်နှာနုနုလေးကြောင့် ရွယ်တူပဲလို့ သတ်မှတ်မိတာရယ်၊ တော်ရုံ တန်ရုံနဲ့ အရိုအသေ မပေးချင်ဘဲ ကိုယ်ကသာ ဗိုလ်ကျ အနိုင်ယူချင်တဲ့ စိတ်ရယ်ကြောင့်၊ နှောင်ရိုးလို့ပဲ ခေါ်ခဲ့မိတာ၊ ခုတော့လည်း နှုတ်ကျိုးနေရပါပြီ နှောင်ရိုးရယ်။

ငရဲကြီးမလားတော့မသိ။ ကိုတွေ မောင်တွေ မတပ်ဘဲ နှောင်ရိုးလို့ ခေါ်ချလိုက်ရတာကိုပဲ ရင်ထဲမှာ အနှစ်ပြည့်သလို ခံစားမိရသေးတယ်။ နှောင်ရိုးရယ်... မတောင်းမဆိုပါဘဲ သက်ထားရဲ့လက်ကိုင်ပဝါလေးထဲမှာ "နှောင်ရိုး"လို့ လက်မှတ်ထိုးပေးသွားတာ ဘာသဘောလဲဟင်။

နှောင်ရိုးဆိုတဲ့ လက်မှတ်ကလေး၊ သက်ထားလက်ကိုင်ပဝါထဲ လိုက်ပါလာခွင့်ရအောင် တမင်ဖန်တီးတာပဲမို့လား။ သက်ထားရဲ့ တစ်ဘဝလုံးကို သက်ထား ပိုင်ပါသည်၊ သက်ထားစိတ်၊ သက်ထားကိုယ်၊ သက်ထားဆန္ဒဟူသမျှ ဒီဘဝမှာမပြည့်တာ မရှိစေရဆိုတဲ့ လွတ်လပ်မှုမျိုးကို သက်ထား ရခဲ့ပါသည်။

ချွင်းချက်ဆိုလို့ တစ်ခုကလေးရယ်။

သက်ထားဟာ သက်ထားရဲ့အိမ်ထောင်ဖက်ကို ကိုယ်ပိုင်ရွေးချယ်ခွင့် မရှိပါဘူး။ အနန္တ ကျေးဇူးရှင်မေမေရဲ့ စိတ်ဆင်းရဲ



မှုနဲ့ အရင်းအနှီးပြုပြီး သက်ထားတို့ မိသားစုရဲ့ စည်းဘောင်လေးကို မချိုးဖျက်ချင်ဘူး နှောင်ရိုးရယ်။

နှောင်ရိုး ရှိနေမယ်မှန်းသာသိရင် မွေးတို့ ပန်းဝယ်ဖို့ ဟိုတုန်းက သက်ထား လိုက်ခဲ့ဖို့ ငြင်းမိမှာပါ။ မကြုံမဆုံချင်တော့ဘူးလေကွယ်။ ပန်းဖိုးအတွက် စရန်ပေးတော့လည်း ဆယ့်ငါးကျပ်တန် အရွက်တစ်ရာ၊ တန်ဖိုးအားဖြင့် ထောင့်ငါးရာဆိုတဲ့ အထာကိုမှ တိုက်တိုက်ဆိုင်ဆိုင် ပေးမိလေခြင်း နှောင်ရိုးရယ်။

သက်ထားဟာ ကိုယ့်နှလုံးသားကို ကိုယ်မတတ်သာစွာ ညာနေရတဲ့၊ မိုးကုတ်မှာမွေးပြီး ရန်ကုန်မှာ ကြီးပြင်းတဲ့ အညာသူလေးပါပဲ နှောင်ရိုးရယ်။

ငါးပါးသီလမှာ အဒိန္နာဒါနာကံကို ပန်းနဲ့ပတ်သက်ရင် မမြဲပါဘူးဆိုတဲ့ သက်ထားဟာ မုသာဝါဒကိုလည်း အချစ်နဲ့ပတ်သက်ပြီး ဖောက်ချိုးရဦးမှာပါ။ သီလ မမြဲတဲ့ နှလုံးသားရှင် အညာသူ ပန်းသူခိုးမလေးကို ခွင့်လွှတ်ပါတော့ နှောင်ရိုးရယ်။

❁ ❤ ❁

မေမေ ရန်ကုန် တစ်ခေါက် ပြန်ဆင်းလာတော့ သစ်ခွအိုးလေး မိုးကုတ်မှာ ကျန်ခဲ့ရှာ၏။ နှောင်ရိုးနှင့် ကင်းကွာခြင်းအတွက် ပန်းအိုးလေးကစပြီး နေရာဖယ်ရှားရပါပကောဟု သက်ထား ကြေကွဲစွာ တွေးမိရင်း ရင်ထဲဆို့ကျင်ကျင်မို့ မိန်းမသားပီသစွာ မျက်ရည်ဝဲချင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုး အကြောင်း ရေးထားသည့် စာအုပ်လေးကို မေမေတွေ့ပြီး ဖတ်မိသွားမှာ စိုးရိမ်တာထက်၊ နောင်ရိုးကိုယ်စား မခွဲမခွာ ရှိလိုစိတ်ဖြင့် ကျောင်းသို့သယ်လာခဲ့မိသည်။ နွေးတို့က မုန့်သွားစားဖို့ခေါ်တော့ ထူးထူးဆန်းဆန်း ငြင်းမိလေ၏။

"ငါ့ကို စာကြည့်တိုက်မှာ ထားခဲ့ကြကွာ၊ အပေါက်တွေ ဖြည့်ရဦးမယ်၊ ကြွေဥ စာအုပ်လည်း ပေးခဲ့"

မေမေ ရောက်သည့်နေ့က သက်ထား နည်းနည်းနေမကောင်း ဖြစ်တာလည်း အမှန်၊ ပန်းအိုးလေး ကျန်ခဲ့ရာပြီမို့ စိတ်မကောင်းဖြစ်တာကများများ။ သူငယ်ချင်းတွေကြားထဲ ပျော်ချင်စိတ် မရှိတာပါရောပြီး ကျောင်းမတက်ဖြစ်ခဲ့ပါ။

"စာတကယ် ကူးမှာလား"

"ဩော် ... စာမကူးလို့ သိချင်းအော်ဆိုရမှာလား"

"ဘာဝယ်ခဲ့ရမလဲ"

"ကျွန်မချစ်သူ ယူမလား"

ကြွေဥက သူ့ရင်ဘတ် သူပုတ်ပြ၍ ဝင်မေးသည်။

"နင့်ချစ်သူကို ငါက ဘာလုပ်ရမှာလဲ"

ပြန်နောက်လိုက်တာပေမယ့် . သက်ထားမှာလည်း သက်ထားချစ်သူနဲ့ပါ ဆိုသည့် အတွေးက ဖျတ်ခနဲဝင်၏။

ဩော် ... ဘယ်အချိန်မှာမှ မမေ့နိုင်ပါလားနော်။

"ဝယ်ချင်တာ ဝယ်ခဲ့မယ်ဟာ ကြိုက်ရင်စား၊ မကြိုက်ရင် မစားနဲ့"

ဝေစည်က နှုတ်ခမ်းစူ၍ ပြောပြီးပြီးချင်း ရယ်ပြ သည်။ သက်ထား တစ်ယောက်တည်း စာကြည့်တိုက်အပေါက်



ကျွန်ရစ်သည်။ ခုတလောကို တစ်ယောက်တည်း နေလိုချင် သိပ်များနေသည်။ စားပွဲတစ်ခုမှာ ဝင်ထိုင်၏။ ကျောင်းမ ဖြစ်သည့်နေ့ကစာကို စိတ်မပါစွာ ကူးနေရင်းလည်း အတွေး နောင်ရိုးဆီမှာပါပဲ။

✿ ❤ ✿

စာအုပ်မှာ လူရိပ်ကျသလို ခံစားမိသည်မို့ မော့ကြည့် သက်ထား တစ်ခါမှ မမြင်ဘူးသူ ယောက်ျားတစ်ယောက် လက်စစာအုပ်ပေါ် စက္ကူကတ်ပြားထူလေးတစ်ခုတင်ကာ သွားတော့သည်။ ဒါမျိုးက အဆန်းတော့လည်း မဟုတ်ချေ။ ညည်းစားစာလာတင်တာမျိုး ကြုံရဖူးပေါင်း များလှပါပြီ။ ဘာက ရိုးရိုးစာရွက် မဟုတ်ဘဲ ကတ်ထူလေး ဖြစ်နေတာ လက်ဝဲဘက်မှာ ဖိုင်တွဲဖို့ အပေါက်ကလေးနှစ်ခုပါသည်။

ကတ်ထူအပြာရောင် စက္ကူချောလေးဖြင့် ထပ်ကပ် သည်။

သက်ထား ကြည့်လိုက်တော့ ဘာစာတစ်လုံးမှမပါ။ လေးတစ်လုံးကို ရေဆေးပန်းချီဖြင့် ဆွဲထားသည်။ သက်ထား မှတ်မိသည့် ဟာမာတိုရှိလန့်သစ်ခွအိုးကလေး။

သက်ထား စောစောကလူကို လိုက်ကြည့်သည်။ ရက်ချထားကာ ထွက်သွားသည့် မျက်နှာစိမ်းမို့ သေသေ မမှတ်မိလိုက်။ ရှာပေမယ့်လည်း အချည်းနှီးပါပဲ။

ဘာအဓိပ္ပာယ်လဲ။

www.burmeseclassic.com

www.burmeseclassic.com



အစားပုပ်အုပ်စု မုန့်စားချိန်အတွင်းမှာ တစ်ရက်
ကြွေးကို ဆုံးအောင်မကူးနိုင်ခဲ့ချေ။

"စာကလည်း အရာမယွင်းပါလား"

ကြွေဥက စာအုပ်ကို လှမ်းကြည့်၍ပြောသည်
သက်ထားက လွယ်အိတ်ထဲ ကောက်ထည့်ပြီး ဖြစ်နေသ
ကတ်ထူပြားလေးကို ဘယ်သူ့မှုပြဖို့ စိတ်မကူးတော့ဘဲ ထိုင်ခေ
မှ ထသည်။

"ကောင်းကောင်း နေမကောင်းချင်ဘူး"

"ငါ့ကိုပေးလိုက်လေ၊ ငါ ကူးလာခဲ့မယ်"

စာကြည့်တိုက်ထဲ ဆူညံ၍ မဖြစ်သည်မို့ ထွက်
ခဲ့ကြသည်။ အနီးအနားတစ်ဝိုက်မှာ နောင်ရိုးများ ရှိနေမလာ
မျက်စိကစားမိသေးသည်။

"ပယောဂကပ်သေးလား သက်ထား"

အနှောင့်အယှက် တစ်စုံတစ်ယောက် လာသေး
ဟု မေးခြင်းဖြစ်သည်။

"ဘာလို့ ကပ်ရမှာလဲ"

"ရောဂါကင်းတယ်ပေါ့"

"အင်း"

"ငါတို့ မုန့်စားတာ မမြန်ဘူးလား"

"မြန်သလိုပဲ"

"ဝေစည်ပေါ့"

"ငါနဲ့ ဘာဆိုင်လို့လဲ"



"အေးပါ ... မဆိုင်ပါဘူး၊ ငါတို့က မုန့်စားတဲ့အစိတ်အပိုင်း၊ ပုလင်းဖင်က ပယောဂကတ္တာ"

"ဘာတွေလဲဟာ"

"ပုလင်းဖင်ပါလို့ဆို ... သိန်းဝင်း"

"ဘာလဲ ... စကားလာပြောလို့လား"

"စကားလောက်ဆို ဘာအရေးလဲ၊ ဝေစည်ထံမှောက်မှာ ဝေဒနာတွေ လာကြေညာနေလို့ မနေသာဘဲ ထွက်ပြေးခဲ့ရတာ"

"အလကား ... မိနွေးကို သူရဲဘောကြောင်တယ်၊ စားစရာရှိ စားပေါ့။ ဝေစည် ရည်းစားစကားပြောခံရတာနဲ့ မိနွေးက လက်ဖျားတွေအေးလို့ ... အဟက်"

နွေးက မျက်စောင်းထိုးသည်။

"ငါ ကြောက်တာကို"

"နင့်အလှည့်ကျမှ ထိုင်ကြည့်ချင်တယ်"

"ငါက ပုလင်းဖင်ထဲက ဖောက်မြင်နေရတဲ့ ပွေးမျက်စိလေးကို ကြောက်တာ"

သိန်းဝင်းခမျာ မျက်စိမှုန်သည်မို့ မျက်မှန်အထူကြီး
တာ။ ကြွေဥ ပါးစပ်ထဲကျကာမှ ပုလင်းဖင် ဖြစ်နေရသည်။

"အေးဟာ ... ဝေစည် ... ဝေစည် ... နဲ့ခေါ်ပြီး ကြည့်တော့ မိနွေးကိုချည်းပဲ"

"နာမည်များ မှားသလား"

"ဘယ်က မှားရမှာလဲ၊ အမြင်လွဲနေတာ၊ ကိုယ်ကြိုက်တဲ့သူတောင် ပီပီပြင်ပြင် မမြင်ရဘဲ ရည်းစားထားချင်နေရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့၊ စာလုံးဆိုလည်း တစ်လုံးမှ မြင်မယ်မထင်ပါ
ဟာ"

ဝေစည်က ဝင်မပြောဘဲ ရယ်ချည်းနေသည်။

သူ့မှာက ခံစားမှုမရှိသည်မို့ ရယ်နိုင် မောနိုင်
ထင်ပါရဲ့။ နောင်ရိုးကများ မျက်နှာချင်းဆိုင် လာထိုင်ပြီး စ
တွေ ပြောချလိုက်မယ်ဆိုရင် ခြေဖျားလက်ဖျားအေးဖို့ မိနွေ
တောင် အလှည့်ပေးနိုင်မယ် မဟုတ်ပါဘူး နောင်ရိုးရယ်။



## အခန်း(၅)

နောင်ရိုး ... လာကော့စ်တေးလ်စပို့ရှပ် နက်ပြာရောင်၊ အပြာနုနုနှင့် ရေနံရောင် အင်္ကျီလေး သုံးထည်ကို ထုတ်ကြည့်သည်။ သက်ထားပေးခဲ့သည့် လက်ဆောင်လေးတွေ။ သက်ထားကို နောင်ရိုးပေးလိုက်သည့် ပွင့်ကြွေသစ်ခွလေးတွေကတော့ အစအန တောင် ကျန်တော့မည် မထင်ပါ။

ဟာမာတိုရှိလန် သစ်ခွအိုးလေးကတော့ သက်ထား မေမေ ပြုစုယုယထားလျှင် ခုထိ အသက်ရှည် တည်ရှိနေနိုင်သေး သည်။ သက်ထား ဝိရိယကိုသာ အားကိုးရလျှင် အိုးနှင့်မီးသွေး တုံးတွေတောင် ကျန်တော့မည်မထင်ချေ။

"ဟော့ကောင် ... အင်္ကျီတွေ ထုတ်ကြည့်နေပြန်ပြီ၊ တစ်ခါမှလည်း မဝတ်ဘူး၊ သေမှ အလောင်းပေါ်လွှမ်းဖို့ ချန်ထားတာလား"

ယောက်ျားလေးချင်းကျတော့ ပြောမနာ ဆိုမနာ အတိတ်နိမိတ်ကောက်၊ အယူသီး ဆိုတာမျိုးလည်း မရှိ။ ဒီဟာက နောင်ရိုးနှင့်အတူနေကာ ခြံကြီးတစ်ခြံကို သူတို့နှစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူ ဖြစ်နေကြ၏။ နွေအခါဆိုလျှင်တော့ ရေဝိုင်းလောင်းပေးဖို့ ရွာထဲမှ ကောင်လေးနှစ်ယောက်လောက် အကူခေါ်ရသည်။

"အဲဒီနေ့က ငါ မရှိတာ နာတယ်၊ မြင်ဖူးချင်လိုက်တာ၊ တော်တော်လှသလား"

"လှတယ် ဆိုတာထက် ဖွဲ့မက်စရာ ချစ်စရာကောင်းတဲ့ ပုံစံလေး"

နောင်ရိုး ပွင့်ပွင့်လင်းလင်း ပြောသူဆိုလို့ သီဟ တစ်ယောက်ပဲရှိသည်။ စကားများများ ပြောဖြစ်တာလည်း သီဟ တစ်ယောက်သာပါပဲ။

သက်ထားက လာကော့စ်တေးလ်စပို့ရှပ် ကြိုက်ပုံရသည်မို့ နောင်ရိုး သည်အမျိုးအစား စပို့ရှပ်တွေချည်း ဝယ်ဖြစ်သည်။ ရှိသမျှ ရောင်စုံတွေထဲမှလည်း အဝါလိုအရောင်မျိုးကျတော့ မဝတ်ရဲပြန်။ ရောင်ရသည့် အရောင်တွေ ရှိနေတော့ တစ်ရောင်တည်း နှစ်ထည် သုံးထည် ထပ်နေရတာမျိုးလည်းရှိသည်။

"ပုံ ၂ပ်ကလေး ဝတ်ဝတ်ပြီး သွားသွားရှောင်းနေတာကိုက အဓိပ္ပာယ်မရှိဘူးကွာ၊ မအူမလည်နဲ့"

ယောက်ျားလေးကျောင်းမှာသာ နေခဲ့ရပြီး ဘယ်မိန်းကလေးတစ်ယောက်နှင့်မျှ မရင်းနှီးခဲ့ဖူးသည့် ရင်ခွင်သန့်သန့်လေးထဲ ပထမဆုံး တိုးဖော့ဝင်ရောက်လာခဲ့သည့် သက်ထား။ စရိုက်ဝါသနာဆန်းဆန်းနှင့် မိန်းကလေး။ နောင်ရိုး အစ်ကိုလေးခြံမှာ ပန်းစိုက်နည်း လေ့လာစဉ်ကတည်းက မေ့မရနိုင်ခဲ့သူ။

အချိန်အားဖြင့်ဆိုလျှင် သုံးလေးနှစ်ကို ရှိခဲ့ပါပြီ။ အဲသည်တုန်းက ဆယ်တန်းပါဆိုသည့် သက်ထား။ နောင်ရိုးလည်း



ဆယ်တန်း။ ဆယ်ကျော်သက် ကလေးတွေ။ နောင်ရိုး တက္ကသိုလ်ရောက်တော့ မိန်းမလှလေးတွေနှင့် သူငယ်ချင်း ဖြစ်ခဲ့ရပေမယ့် သက်ထားဆိုသည့် ကောင်မလေးကို မမေ့နိုင်ခဲ့ပါ။

နောင်ရိုး တက္ကသိုလ်အရောက်မှာ သက်ထားလည်း တက္ကသိုလ်ပထမနှစ်အဖြစ် ရောက်လာနိုင်ပြီဟု အပိုင်တွက်ကာ တက္ကသိုလ်ပေါင်းစုံ လှည့်ပတ်ရှာခဲ့စဉ်က သီဟတားခဲ့တာလည်း ရကောင်းမှန်း မသိခဲ့။

"ရန်ကုန်မြို့နေ အမေ့ထံပေးပါ ဆိုတဲ့ စာတစ်စောင်လို မင်းဟာက ကောက်ရိုးပုံထဲက အပ်တစ်ချောင်းရှာတာတောင် မကဘူး၊ ပင်လယ်ထဲ ကျသွားတဲ့ ငါးပြားစေ့ကို လိုက်ရှာနေရသလို ဖြစ်နေပြီ" ... တဲ့။

ဝီရိယအကျိုးပဲ ဖြစ်မည်။

နောင်ရိုး သက်ထားကို တွေ့ခဲ့သည်။ မလှမ်းမကမ်း လူရိပ်လူယောင်ပြသည်။ သက်ထားက ရှုးရှုးတွေတွေလေး ကြည့်တတ်ပေမယ့် ချက်ချင်းလိုပင် မျက်နှာလွှဲသွားတတ်တာ ကြေကွဲဝမ်းနည်းခဲ့ရတာတွေ သီဟ တစ်ယောက်ပဲ သိလည်းသိ လည်းဆဲ၊ ဟားလည်းဟား။

"သူ မှတ်မိပုံတော့ ရတယ်၊ နှုတ်ဆက်ချင်ပုံ မရဘူးကွာ"

လုံးဝမမှတ်မိပုံဆိုလျှင် နောင်ရိုး၏ တစ်သက်လုံး စွတင်းနေတတ်သည့် ပုံစံခွဲကို ခွာချလျက် ...

"နောင်ရိုးပါ ... သက်ထား မှတ်မိလား"ဟုဆိုကာ ကိုလေး ခြံမှာတုန်းက အဖြစ်အပျက်ကလေးတွေ ပြန်ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ချင်မိသည်။ မှတ်မိပါလျက် နှုတ်ဆက်ချင်ပုံ မရတာကို အခံ
ခက်လှ၏။

"ထားတော့။ မိုးကုတ်သူဌေးသမီးမို့ မင်းလိုကောင်
အဖက်မလုပ်ချင်တာလည်း ပါမှာပေါ့"

မဟုတ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့ဟု မိမိကိုယ်တ
ခံစားမိပါလျက်၊ ငြင်းဆို ဆုတောင်းမိထားသည့် အချက်က
သီဟက ဘွင်းဘွင်းကြီး ထောက်ပြခဲ့သည်။

သက်ထားရယ် ...

ဝါသနာအလျှောက် သီချင်းစဆိုဖြစ်ချိန်မှာ မိ
ဆက်လာသူတွေ ရှိသည်။ ဒီအထဲ သက်ထားလေးများ ပါ
မလားဟု မျှော်လင့်ခဲ့မိပေမယ့် အမောသာ အဖတ်တင်၏။

သက်ထားကို ချစ်နေမိပါသည် ဆိုခြင်းထ
စွဲလမ်းတမ်းတနေမိခြင်းပါဟု ပြောလျှင် နောင်ရိုး ခံစားမှုနှ
နီးကပ်မည် ထင်ပါ၏။ စွဲလမ်း တမ်းတစိတ်နှင့် တရိုက်မက်
တနွယ်ငင်ငင် သံယောဇဉ် တွယ်နှောင်မိရာမှ အချစ်ဆို
ဘယ်ကဘယ်လို ဖြစ်ထွန်းခိုင်ကျည်သွားမှန်း မသိလိုက်ပါ။

ရင်းနှီးကျွမ်းဝင် နီးစပ်တာမျိုး မရှိပါဘဲ တစ်ကြ
ဆုံလေးမှာပဲ သက်ထား ဆိုသည့် မိန်းကလေးက နောင်ရိုးရင်
ရောက်လာခဲ့ရသည်။ ဘယ်တော့မှ ပြန်လည်ထွက်ခွာခြင်း မပြု
ဘဲ တနံ့နားစွဲမြဲသွားရတာ သက်ထား သိစေချင်လှပါ၏။

သက်ထားနှင့် ပြန်လည်ဆုံတွေ့ခွင့်ရသည့် ဖြ
မွေးနေ့မှာ၊ ခုမှ မြင်ဖူး တွေ့ဖူးသူလို စိမ်းသစ်စွာ မိတ်ဆက်
တကယ်ပဲ မမှတ်မိတာလား သက်ထားရယ်။ မင်း ဟန်ဆောင်



တာလား။ ဘာပဲဖြစ်ဖြစ် ဟိုတုန်းက ကျွမ်းဝင်မှုလေးကို ခဏ
သိမ်းထားပြီး မိတ်သစ်အဖြစ်ပဲ သက်ထား ရှိရာမှာ တရစ်ဝဲဝဲ
နေပြခဲ့မိသေးသည်။

လှစ်ခနဲတော့ အပြုံးသားပါမဲ့။

ပြောဆိုရင်းနှီးဖို့ မကြိုးစားသလို၊ အခွင့်အရေး
လည်း မပေးခဲ့သည့် သက်ထားကို သက်ထားအလိုကျ မလှမ်း
မကမ်းမှပဲ ငေးကြည့်ခဲ့ရသည်။ မျက်ဝန်းချင်းဆုံခိုက် ခဏတာ
လေးမှာ ဖူးတွေ့လိုက်ရသည့် သက်ထား အပြုံးလေးနှင့်ပဲ ရောင့်ရဲ
ခဲ့ရသည်။

"ဟိုနေ့က ပန်းလာဝယ်တော့ မင်းက ရေးဟောင်းနှောင်း
ဖြစ်တွေ စမြုံ့မပြန်လိုက်ဘူးလား နွားရ"

ခံစားချက်အမှန်ကို ဝန်ခံရပါလျှင် သီဟ ထဆဲမှာ
သေချာသည်။ သက်ထား အငြိုအငြင်ကို ခံယူရမှာ သေမိန့်ထက်
စိုးရွံ့လှပါ၏။ သက်ထား မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရသည်။
သက်ထားက နောင်ရိုးနှင့် သိဖူးကျွမ်းဖူးတာကို လူသိမခံလိုပါ
ဘူးဟု ဆန္ဒရှိလျှင် နောင်ရိုး ဝေးစိမ်းကင်းကွာစွာ နေပြချင်ပါ
သည်။

အဆိုတော်ပေါက်စမို့ သက်ထားက အုပ်စုထဲမှာ
အရင်ဆုံး သီကျွမ်းခွင့်ရသူအဖြစ် အသားယူပြောဆိုသည် ဆိုပါ
လျှင် အစ်ကိုလေး ခြံတုန်းက အဖြစ်အပျက်လေးကစပြီး နောက်
ကြောင်း ပြန်ပြလိုပါ၏။

သက်ထား သဘော၊ သက်ထား ဆန္ဒ၊ သက်ထား
စိတ်ကို ကြိုသိခွင့်ရချင်သည်။ သက်ထားနှင့် ထပ်တူညီဆန္ဒကိုသာ

www.burmeseclassic.com



ဆောင်ရွက်လိုသည်။ သက်ထား ပေးသလောက် အခွင့်အရေးလေးထဲမှာ သေဝပ်စွာ လှုပ်ရှားခွင့်ရလျှင်ပဲ နောင်ရိုး ဖြိုးခြံစွာ တင်းတိမ်လိုပါ၏။

"ထားတော့ ... ပန်းလာဝယ်တဲ့ နေ့ကတော့ သိဖူးကျွမ်းဖူးတာကို အသိအမှတ် ပြုတယ်ပေါ့"

"နည်းနည်းပါးပါး"

"တကယ်ဆို မင်းတို့ချင်း သိကျွမ်းတာ လေးနှစ်ရှိပြီလို့ ပြောနိုင်တယ်၊ သူ မမှတ်မိတာလည်း ဖြစ်နိုင်တာပဲကွ၊ မင်းကသာ ဆင်ဖြူရှင်တရဖျား နတ်သမီးနဲ့တွေ့သလို"

သီဟ ရယ်သည်။ နောင်ရိုးကတော့ မရယ်ဖြစ်ပါ။

"မဖြူဖွေး မွေးနေ့ပွဲကျမှ စသိရတာလို့ သူ ထင်ချင်ထင်နေမှာပေါ့"

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာဟု စွပ်စွဲချင်စွပ်စွဲတော့။ နောင်ရိုးကတော့ ဆယ်ကျော်သက်တုန်းက လက်ဆောင်ဖလှယ်ပွဲလေးကို သက်ထား မမေ့ဟု ယုံနေသည်။ မမေ့ပါပဲ ပြန်လည် မထုတ်ဖော်ခြင်းကိုက ကျရောက်လာနိုင်သည့် နောင်ရိုး၏ အချစ်ရိပ်ကို ကြိုတင်ကာကွယ်လေသလားဟု ကြေကွဲစွာ တွေးနေရသည့် နောင်ရိုး အဖြစ်ပါပဲ။

"မင်းက ရုပ်တည်ကြီး နေပြလိုက်သေးလား"

"အဲဒါ ငါ့ကိုယ်ပိုင် ပုံစံပဲ၊ ဒါပေမဲ့ သက်ထားကိုတော့ ငါ ဘယ်မှာ တည်တည်တင်းတင်း ဆက်ဆံရက်ပါ့မလဲကွာ၊ ဟိုနေ့ကတော့ သူက အဲဒီလိုပဲ နေစေချင်တယ်ထင်လို့"



"ထားတော့၊ နောင်ရိုး ဆိုတဲ့ စုပုပ်ပုပ်ကောင်ဟာ သက်ထားဆိုတဲ့ ကောင်မလေးလက်ထဲမှာ သက်မဲ့အရုပ်ကလေးဖြစ်ဖို့ ရှိနေပြီ။ သီချင်း သွားဆိုတုန်းကရော ..."

"သူက ပန်းကမ်းတဲ့အဖွဲ့မှာ ငါက တီးဝိုင်းနားမှာ စကားတောင် မပြောဖြစ်ခဲ့ဘူး"

"ငါ မေးမယ် နောင်ရိုး"

နောင်ရိုးက မေးပေါ့ပြသည်။ မေးချင်တာမေး ဟူသည့် အဓိပ္ပာယ်ပါ။

"မင်း ... ဒီကလေးမကို သိပ်ချစ်နေပလား"

အဲဒါကို မဖြူဖွေး မွေးနေ့မတိုင်မီကတည်းက ကိုယ့်ကိုယ်ကိုယ် ဝန်ခံခဲ့ပြီးသားဖြစ်၏။ သုံးလေးနှစ် ကြာလာသည့်တိုင် တွေ့ကြုံပတ်သက်စရာ မရှိပါဘဲ တမ်းတနေမိတာ။ တွယ်နှောင် ရစ်ငင်စွာ လွမ်းလွမ်းဆွေးဆွေး ခံစားရတာလေးတွေက အချစ်တစ်ခု ဖန်တီးခဲ့ခြင်း ဖြစ်လေ၏။

"ဟော့ကောင် ... ပြောကွာ"

"ဖြေဖို့မလိုတဲ့ မေးခွန်းပဲ"

"ထားတော့၊ မင်း ယောကျာ်းပဲ၊ မိန်းကလေးတစ်ယောက်ကို ချစ်ရင်၊ ချစ်ကြောင်းပြောဖို့ တာဝန်ရှိတာပေါ့ကွ၊ မင်းဖွင့်ပြောမှလည်း ဟိုဘက်က စဉ်းစားခွင့်ရမယ်၊ ဘုမသိဘမသိ ဆိုရင် ဘယ်သူက စိတ်ကူးထဲ ထည့်မလဲ၊ ငါ့စကားကို ဒီအထိ လက်ခံလား"

နောင်ရိုး ခေါင်းညိတ်ပြသည်။

"ထားတော့"

www.burmeseclassic.com

www.burmeseclassic.com



သီဟက ဘာပြောရမှန်း မသိလျှင်ဘဲဖြစ်စေ၊ စကား တစ်ခွန်းစဖို့ အရှိန်ယူရာတွင်ဖြစ်စေ၊ ထားတော့ ... ဟု ပြောတတ် ကျင့်ရှိသည်။

"မင်း ဖွင့်မပြောသေးဘဲ မြိုနေတယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"ရှင်းရှင်းလေးပဲ မရနိုင်မှန်း သိလို့"

"နွား ... စစ်မရောက်ခင်က မြားကုန်"

"သူ့စိတ်ကို အနှောင့်အယှက် မပေးချင်လို့၊ သူမကြိုက်တာ ဘာတစ်ခုမှ မလုပ်ချင်လို့၊ သူ ပေးသလောက် အခွင့်အရေး လေးထဲမှာပဲ တင်းတိမ်ရောင့်ရဲနေချင်လို့"

"သေပါတော့ကွာ"

သီဟ သူ့နဖူးကို သူ့လက်ဝါးနှင့် ဖြန်းခနဲရိုက် လေ၏။

"ထားတော့ ... မင်း နေရာမှာ ငါဆိုရင် ဘာလုပ်မယ်ထင် လဲ"

"ထင်နေစရာတောင် မလိုပါဘူးကွာ၊ သေချာတာပေါ့၊ ဒူးထောက်ပြီး ငိုပြနေမှာ"

နှောင်ရိုး စိတ်တိုတိုနှင့် ဘုပြောပေမယ့် သီဟက စိတ်မဆိုးဘဲ အော်ရယ်၏။

"ဟော့ ... မိန်းမတစ်ယောက်ကို ဒူးထောက်ငိုမပြဘဲ ရတဲ့ ယောက်ျား တစ်လောကလုံးမှာ ဘယ်နှယောက်ရှိလဲ၊ ရှိရင်ခေါ်ခဲ့စမ်းပါ၊ ရှုးသွင်းပြလိုက်ချင်တယ်၊ လူကြီးတစ် ကျပ်၊ ကလေးငါးမူး"



နှောင်ရိုးက သီဟ၏ ရွှတ်နောက်နောက် အမူအရာ ...ကို စိတ်တိုဟန်ဖြင့် မျက်မှောင်ကုတ်၍ ကြည့်သည်။

"ကိုယ့်လက်ထဲရောက်မှ ဒူးထောက်ငိုပြရတဲ့အလုပ်ကို မိန်းမ တွေဘက် ပြန်လွှဲလိုက်ရတာကွ... မှတ်ထား၊ အဲဒါယောက်ျား တို့ရဲ့ အချစ်ပြနိယာမ"

"တန်ရာ တန်ရာပြော"

"မိန်းမတွေ သနားပါတယ်ကွာ၊ သူတို့က ကျိတ်ကြိုက်ချင် ကြိုက်နေမှာ၊ မိန်းမသားဆိုတော့ ဖွင့်ပြောဖို့ မလွယ်ရှာဘူး၊ ငါတို့က ဖွင့်ပြောမှ ခေါင်းကို ပုတ်သင်ညိုရှုံးအောင် အပြေးအလွှား ညိတ်ရရှာတာ၊ မင်းနှယ်ကွာ၊ အခွင့်အရေး လေးတော့ ပေးမှပေါ့"

နှောင်ရိုးက ဘေးနားမှာချထားသည့် ဂီတာကို ...ကိုင်သည်။ တစ်ချက် နှစ်ချက် အသံစမ်းသည်။

"နေစမ်းပါဦး၊ မင်း ဂီတာ"

နှောင်ရိုးက အသံဆက်ရှာနေသည်။ ဟိုနေ့က တစ် ...တစ်ပျက် ရထားသည့် သံစဉ်နှင့် စာသားလေးကို အဆုံး ...ရှိ၏။

"ထားတော့ ..."

နှောင်ရိုးထံမှ တီးသံနှင့် ဆိုသံ ထွက်လာ၏။

"... ပြင်မယ့် ခြေလှမ်း၊ ရုပ်သိမ်းခက်တယ် ... စာနာဦး ကွယ် ..."

"ဟော့ကောင် ... ထားတော့"

www.burmeseclassic.com

www.burmeseclassic.com



"... ကြင်နာသူကို ညှာတာချင်တယ် ... အရှုံးနဲ့ဘဝထဲ မခေါ်ရက်ဘူး ..."

"ထားတော့လို့ဆို"

သီဟက ဂီတာကို လာဆွဲလုလေ၏။

"ဒီလောက် ထားတော့ ပြောနေတာ"

"သိမလားကွ၊ မင်းက အလကားနေရင်း ထားတော့အော် နေတတ်တဲ့ကောင် ဆိုတော့ တကယ်ထားခိုင်းတာလား ပါးစပ်ထဲရှိလို့ အော်တာလား၊ ဘယ်သူသိမလဲ"

"ဒီမှာ"

"ပြော"

"မိန်းကလေးတွေကို ချစ်ရေးဆိုပေးတာ ကုသိုလ်ရတယ်ကွ နားလည်လား၊ ကောင်မလေးတစ်ယောက်နဲ့ ခင်မင်ရေ ကွာ၊ ချစ်ရေးဆိုပေးလိုက်၊ အဲဒါ နှုတ်သရမ်းတယ် မခေါ် ဘူး၊ အခွင့်အရေးပေးတယ်လို့ ခေါ်တယ်၊ သူတို့ရင်ထဲက ကျိတ်ကြိုက်နေရင် ခေါင်းညိတ်ခွင့်ရအောင် တို့က အခွင့် အရေးပေးတာ ..."

"မင်းက သက်ထားကို အဲဒီအခွင့်အရေးမပေးတာ မင်းဘက်က လွန်တယ်"

"ကျိတ်ကြိုက်မနေရင် ဘယ့်နှယ်လုပ်မလဲ"

"ဒီတော့လည်း ငါပေးတဲ့ အခွင့်အရေးက သူ့မှာ မလိုရှာ ပါလားလို့ မှတ်ယူရုံပေါ့ကွာ၊ ဝီရိယဆိုတာ ပိုတယ်မရှိပါ ဘူး"

"မင်းအခွင့်အရေး ပေးထားတဲ့သူ ဘယ်နှယောက်ရှိလဲ"



"ပေးဖူးတာ ငါးယောက်၊ အခွင့်အရေးပေးဖို့ ကြံရွယ်ဆဲ က ဆယ့်သုံးယောက်"

"များလှချည်လား"

"ထားတော့၊ ငါ အခွင့်အရေး ပေးလိုက်တဲ့ ငါးယောက်ကို ငါကပြောတယ်၊ အခွင့်အရေး ယူမလားလို့၊ ဘာအခွင့် အရေးလဲတဲ့။ တို့ကို ကျိတ်ကြိုက်နေရင် ခေါင်းညိတ်နိုင်တဲ့ အခွင့်အရေးရဖို့ ချစ်ရေးဆိုပေးမလို့ပါလို့"

"ဘာတဲ့လဲ"

"ပါးလွှတ်အောင် အနိုင်ပြေးခဲ့ရတာပဲ။ ငါ့ပါးမှာ လက်ဝါး မှန်တိုင်းကျဖို့ ဦးတည်လာလို့၊ ဟား ဟား"

သီဟ အဲဒီလိုကောင်စား မဟုတ်ပါ။ သက်သက် ဆါက်ကရတွေ လျှောက်ပြောနေမှန်း သိသာသည်။ နောင်ရိုး တစ်နေ့တခြား မျက်နှာပျက်ပျက်လာကာ နဂိုက ရှုရှုတင်းတင်းမှ ညှိုမည်းညစ်ပုပ် မှိုင်းမှောင်တော့မှာမို့ ခံစားမှုများကို လျှော့ချကူ ညီနေမှန်း နောင်ရိုး သိပါသည်။ သို့ပေမဲ့ ကူညီနိုင်သူ တန်ခိုးရှင် ဘ သီဟမှ မဟုတ်ဘဲ။ နောင်ရိုး ဂီတာကို ကောက်ကိုင်ပြန်၏။

"ထားပါတော့ ... လို့ ပြောထားတယ်"

"ငါ့စီးရီးစ်အတွက် သီချင်းစုရဦးမယ်၊ ပွဲဒ်ရေမပြည့်သေး ဘူး"

"ပြီးရင် ငါပါ ဝိုင်းစပ်ပေးမယ်"

"မင်း ... ကတိလား"

နောင်ရိုးမျက်နှာ ရွှန်းလက်သွားရသည်။ သီဟအသံ က ဘဝအကျိုးပေးညံ့စွာ စူးရှုးကြောင်ကြောင် ဖြစ်နေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ဂီတာအတီးမှာ နောင်ရိုးလို ရစ်သမ်တင်မဟုတ်၊ လိဒ်ရော ဘေ့စ်ပါ ပိုင်နိုင်ကျွမ်းကျင်သည်။ ကိုယ်ပိုင်သံစဉ် လှလှလေးများနှင့် စကားလုံးနုနုလေးများကို ပေါင်းစပ်လျက် ရင်ငြိတေးများစွာကို ရေးဖွဲ့နိုင်၏။ သူ့ကျတော့လည်း ဝါသနာကတစ်မျိုး။ ဂီတာကို ဝါသနာအလျှောက်သင်ကာ အိမ်မှာပဲတီးသည်။ တီးဝိုင်းတစ်ခုခုထဲ ဝင်တီးပါဟု ပြော၍မရချေ။

"လူလယ်ကောင် မတ်တတ်မရပ်တတ်ဘူး"... တဲ့။

နောင်ရိုး ဆိုဖို့ သီချင်းတွေ သူ စပ်ပေးသည်။ သူ့အနုပညာကို တန်ဖိုးထား နားလည်သူများထံ သီချင်းရေးပေးသည်။ အဖိုးအခအနေနှင့်ကျတော့လည်း ယူရမှာ ရှက်နေတတ်သည်။ သီဟက သဘောကောင်းကာ အရှက်ကြီးသူဖြစ်သည်။ သူ့ကောင်မလေးတွေကို အခွင့်အရေး လိုက်ပေးနေတယ်ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ။

"အေးပါ ... ရေးပေးမယ်၊ စိတ်ချ၊ ငါပြောတာနားထောင်ဦး"

"ပြော"

"သက်ထားကို ငါ တစ်ခါမှ မမြင်ဖူးဘူး၊ ကျောင်းမှာလည်း မင်းနဲ့ငါက မေဂျာမတူတော့ တူတူရှိမနေဘူး၊ မင်းကိုက မပြချင်တာလည်း ပါမယ်"

"ထားတော့"

"အဲဒါ ငါပိုင်စကား ... ဆို"

နောင်ရိုး နည်းနည်းပြုံးသည်။

"ပြုံးတယ်ဟ"

"ထားတော့ ... ဆက်ပြော"



"စကားလုံးခိုးမှုက ပုဒ်မဘယ်လောက်လဲ"

"ပြောပါဆိုမှကွာ၊ ငါ စိတ်တိုလာပြီ"

"မင်း ဘယ်တုန်းက ရှည်ဖူးလို့လဲ။ မင်း သက်ထားကို ဘယ်လောက် စွဲလမ်းပြီး လိုမ့်ပိမ့်ခံနေရသလဲ ဆိုတော့ ... အသက်ထက် သက်ထား ဆိုတဲ့ သီချင်းတစ်ပုဒ်တည်းနဲ့တင် ငါ သိသွားပြီ ..."

"ဒီတော့ အခွင့်အရေးပေးပါကွာ၊ သက်ထားကို အခွင့်အရေး ပေးလိုက်ပါ။ သူလည်း မင်းလို လိုမ့်ပိမ့်ခံစားနေရတာမျိုးဆို ဘယ်လောက် သနားစရာကောင်းမလဲ"

"ငါက မဆင်းရဲရုံပဲရှိတယ် သူငယ်ချင်း၊ ဝတ်ဖို့ စားဖို့ ဖူလုံရုံ လူလတ်တန်းစား၊ မချမ်းသာဘူး၊ သက်ထားတို့က ကျိုကျိုတက်နေတယ်"

"ပြီးတော့ ဘာရှိသေးလဲ"

"သက်ထား အမူအရာကို ငါ အကဲခတ်လို့ မရဘူး၊ တစ်ခါတလေတော့ သူလည်း ငါ့ကို ရင်းရင်းနှီးနှီးလို့ ထင်တယ်၊ တစ်ခါ တစ်ခါတော့ ဘာသိဘာသာနဲ့။ ငါ နားမလည်နိုင်ဘူး၊ ထိုင်နေအကောင်းသား၊ ထသွားမှကျိုးမှန်းသိ ဖြစ်နေရင် နာမယ်"

"ထသွားမှ ခရီးရောက်တော့မပေါ့"

"အသွားမတော် တစ်လှမ်းတဲ့"

"တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲတဲ့"

"ငါ့အဖေလည်း ပင်စင်နီးပြီ"

"ဟ ... ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဖေ့လခရယ်၊ မင်းနဲ့ငါနဲ့ ဒီခြံစိုက်တဲ့ ဝင်ငွေရယ်ကြော
ငါတို့ ဖူဖူလုံလုံရှိတာ၊ အဖေ ပင်စင်သွားရင် ..."

"အဲဒီအခါကျရင် ငါ့ကို ခွဲတမ်းလျှော့"

"ဟာကွာ ... မင်း"

သီဟတို့မိသားစုကလည်း တော်ရုံတန်ရုံ လူတန်း
ရုံပဲရှိသည်။ သီဟက ခြံစိုက်ဝါသနာပါသူမို့ နောင်ရိုးနှင့်နှစ်ယော
ပေါင်း၍ ခြံထဲမှာလာကာ၊ သူလည်း လုပ်အားခ အချိုးကျခွဲဝေ
ပြီး မိဘပြန်ထောက်နေရသူဖြစ်သည်။

သူငယ်ချင်းနှစ်ယောက် မနက်မှာ ကျောင်းတက်
တော့ သီဟဦးလေးတစ်ယောက်က ခြံလာစောင့်ပေးသည်။ ပ
ဝယ်လာလျှင် ရောင်းထား၊ ပန်းပင်တွေကို မြေဩဇာကျွေးဖို့၊
လောင်းဖို့ လိုတာတွေ လုပ်ထားပြီးမှ ညစာထမင်းတစ်အိုးချက်
ရေချွေးကျိုပြီးပြီဆိုလျှင် နောင်ရိုးသော်လည်းကောင်း သီဟသော်
လည်းကောင်း ပြန်ရောက်လာတတ်သည်။ သည်တော့မှ ဦးလေး
အိမ်ပြန်၏။

အရင်ရောက်သူက ဟင်းချက်ချင်စိတ် ရှိလျှင်ချက်
ချက်ချင်စိတ် မရှိလျှင် ထမင်းနှင့်စားနိုင်ဖို့ တစ်ခုခုတော့ စီမံထား
ရသည်။ လမ်းထိပ်ထွက် ဟင်းဝယ်တာမျိုး၊ တစ်ခါတလေ အကြေ
လေး၊ လက်ဖက်သုပ်ကလေးပဲဖြစ်ဖြစ် ဝယ်တာမျိုး လုပ်ထား
သည်။

မနက်စာကိုတော့ ကျောင်းမှာ ကိုယ့်ဘာသာ ကြိုက်
တာဝယ်စား။ ခြံဝင်ငွေကို နောင်ရိုး၊ သီဟတို့က အချိုးကျခွဲဝေ
ယူပြီး သီဟဦးလေးကိုလည်း ပေးရ၏။ ပန်းရောင်းရငွေသာမ



သစ်ပင်ကြီးတွေမှ တစ်နှစ် တစ်နှစ် ထွက်သည့် မရမ်းသီး၊ သရက်သီး၊ တညင်းသီး ဝင်ငွေတွေကလည်း ရှိသေးသည်။

ဦးလေးကလည်း သူ့မိသားစုအတွက်သုံး၊ သီဟက အိမ်ပြန်ထောက်၊ နောင်ရိုးက စီးရီးစ်ထုတ်ဖို့ငွေစု။ ဒီလောက်အခြေအနေမှာ သက်ထားကို မှန်းဝံ့မတဲ့လား သက်ထားရယ်။

"မပြောနဲ့ သီဟ၊ မင်း ခွဲတမ်းလည်း မလျှော့နိုင်ဘူး၊ လျှော့လို့လည်း အရာထင်မှာ မဟုတ်ဘူး၊ ဒီတစ်ခြံလုံး ရောင်းပစ်ပြီး၊ သူ့မိဘ အဆင့်အတန်းမီအောင် ထားပေးမယ် ဆိုရင်တောင် လေးငါးနှစ်စာ ရှိပါ့မလား မသိဘူး၊ မဖြစ်နိုင်ပါဘူးကွာ"

"ငါတော့ မင်းထက် သက်ထားကို ပိုသနားတယ်၊ သူ့ခမျာ အခွင့်အရေး မရရှာဘူး"

သီဟက မျက်နှာကိုရှုံ့မဲ့လျက် ခေါင်းခါပြရသည်။ ရယ်ဖို့ ကြိုးစားဆဲမှာပဲ နောင်ရိုး မျက်နှာကို တွေ့သွားရသည်မို့ ရယ်ရက်တော့ချေ။

နောင်ရိုး မျက်နှာက နွမ်းဖတ်ညှိုးရော်လှချေ၏။

www.burmeseclassic.com



## အခန်း(၆)

"ရခိုင်မုန့်တီကို အာပူလျှာပူလို့ ဘယ်သူကစပြီး ခေါ်လိုက်တာလဲ မသိဘူးဗျ"

စကားရော ဖော်ရောနှင့် ဝင်လာထိုင်သူကို နွေးက မျက်မှောင်ကုတ်၍ ကြည့်သည်။ စားပွဲမှာ ကိုယ့်မိန်းကလေးအုပ်စုနှင့်ကိုယ် ပြည့်နေပါလျက် ခုံတစ်လုံးဆွဲ၍ နောက်နားကပ်လာထိုင်သူမို့ နွေးတို့တစ်ဖွဲ့လုံး မကျေမနပ် စိုက်ကြည့်သည်။ ကြွေဥကဆို မျက်လုံးကြီးပြူးကာ ရှုပ်ပြထားလိုက်၏။

"ကျွန်တော့်နာမည် သီဟပါ"

"ဒီတော့ ဘာလုပ်ရမလဲ၊ နာရေးကြော်ငြာ ထည့်ပေးရမလား"

ကြွေဥ ဘုမှတ်တော့ သီဟက မျက်နှာငယ်လေးနှင့် ရယ်ပြသည်။

"နောင်ရိုး သူငယ်ချင်းပါ ခင်ဗျာ"

မသနား သနားအောင် လေပျော့လေးနှင့် မိတ်ဆက်သည်မို့ မိန်းကလေးအုပ်စု မျက်နှာကြော နည်းနည်းလျော့ကျသည်။



"နောင်ရိုးနဲ့ တစ်ခြံထဲ တူတူနေတာပါ။ လက်ထောက်ဥယျာဉ်မှူးဆိုလည်း မမှားပါဘူး၊ သမိုင်းကပါ"

သီဟက သူ ဟာစ်စထရီမေဂျာကဟု ပြောချင်တာ သမိုင်းကဟု ပြောသည်။ သူတို့ခြံကလည်း သမိုင်းမှာပဲမို့၊ မိုင်းကပါ ဆိုတာကို နေရပ်ပြောသည်ဟု ထင်ကြသည်။ သက်ထားက မြင်ဖူးသလိုလို ထင်မိကာ စိုက်ကြည့်နေ၏။ နောင်ရိုးသူငယ်ချင်းပါ ဆိုရုံနှင့် ရင်ထဲ လှုပ်လှုပ်ရှားရှားလေး ဖြစ်စပြုသော်၏။

"ရောက်ဖူးပါတယ်တော်၊ အဲဒီတုန်းက ရှင့်ကိုလည်း မတွေ့ခဲ့ပါလား"

နွေးက အဘွားကြီးလေသံဖြင့် အထက်စီးက ပြောသော်၏။

"အဲဒီနေ့က ကျွန်တော်က မြို့ထဲဆင်းပြီး မေပြဲဇာတွေ ဝယ်နေလို့ပါ"

"ဟဲ့ ... သူ့ကို ငါ မြင်ဖူးတယ်ကွ၊ ဟာစ်စထရီက မဟုတ်လား"

"ပြောပြီးပြီလေ၊ ဟုတ်ပါတယ်"

"ရှင်က သမိုင်းကဆိုတော့ ခြံရှိတဲ့နေရာကလည်း သမိုင်း"

ဝေစည် ပြောပြီး ခစ်ခနဲရယ်မှ သီဟ အားနည်းနည်း ထွက်လာ၏။

"မသက်ထားကိုတောင် ကျွန်တော်မြင်ဖူးတာ၊ မကြာသေးဘူး၊ နောင်ရိုးကို အတင်းပြခိုင်းရတယ်"

"ဘာကိစ္စ ပြခိုင်းရတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူး မရှိပါဘူး၊ မြင်ဖူးရုံပါ"

"လာရင်းကိစ္စနဲ့ လိုရင်းတိုရှင်းပေါ့၊ မိုက်ဆာလို့ ဝင်လာတာဆိုလည်း တစ်ပွဲထပ်မှာပါ၊ ရပါတယ်"

"ဟာ ... ဒီသဘော မဟုတ်ပါဘူး"

သီဟ မျက်နှာ ရဲခနဲ ရှက်သွားသည်မို့ နွေးက တဟက်ဟက် ရယ်ပြတော့မှ သီဟပါ အရှက်ပြေ ရောရယ်သည်။

"ခင်ချင်တဲ့ သဘောလေးလောက်ပါပဲ"

"ဖြူန်းစားဒိုင်းစားကြီးကို ခင်ချင်လာရတာ အကြောင်းထူး ရှိလား ကိုသီဟ"

နွေးက သက်ထားကို တစ်ချက်လှည့်ကြည့်ပြီးမှ သီဟကိုမေးသည်။ သက်ထား မျက်လွှာချနေ၏။

"ဟာ ... မနွေး မေးခွန်းက ပေါတင်ကြီး"

"ဟုတ်ကဲ့ ... ပေါတင်တာဟာ မပေါတင်တာထက် အများကြီး ပိုရှင်းတာပေါ့"

"ဟဲ ... ဟဲ ... နှောင်ရီးက ခင်ဗျားတို့အုပ်စု အရမ်းသဘောကောင်းတယ်တဲ့"

"နွေးတို့ကို ခင်သတဲ့လား"

"အရမ်းပဲတဲ့"

"ဩော် ... အရမ်းခင်တဲ့လူက ခပ်လှမ်းလှမ်းက တစ်ချက်ပြုံးပြပြီး ထွက်ပြေးရသတဲ့လား။ ဒီအုပ်စုက ဘီလူးမတွေမို့ သူ့ကို ကိုက်စားမှာလား၊ သူတောင်းစားတွေမို့ သူ့ခြံထဲကပန်းတွေ အလကားတောင်းမှာတဲ့လား၊ စုန်းမတွေမို့ သူ့အသံပျက်အောင် ပြုစားမှာတဲ့လား"



"ဒီကောင်က တစ်မျိုးဗျ၊ ကျွန်တော်လည်း တစ်မျိုးပဲ၊ ကျွန်တော်တို့ ခြံထဲမှာ နှစ်ယောက်နေတော့ နှစ်မျိုး"

သီဟက ပြောပြီးရယ်၏။

"ရယ်ပေးလိုက်ကြပါဟယ် လူမှုရေးအရ။ ကိုသီဟက ရယ်စရာပြောပြီး ရင်းနှီးမှု တည်ဆောက်နေတယ်"

ကြွေဥက ဝင်ပြောတော့ ဝိုင်းရယ်ကြလေ၏။ သီဟ ရှက်သွားရပြန်သည်။ ဒီအုပ်စု မလွယ်ပါလား။

"ရင်းနှီးပါပြီတဲ့ရှင်၊ ကိုသီဟမှာ အကြောင်းထူးရှိရင် ပြောပါတော့၊ နိဒါန်းရှည်လှပါပြီ၊ စာကိုယ် ခပ်တိုတိုနဲ့ နိဂုံးချုပ်ရင် ကောင်းမယ်"

"အကြောင်းထူး မရှိပါဘူး၊ ခင်ချင်တဲ့သဘောလေးတစ်ခုပါပဲ"

"အခု ခင်ပြီလို့ ပြောတယ် မဟုတ်လား"

"ဒါဆို ဒီဝိုင်းအတွက် ကျွန်တော်ရှင်းပါရစေ"

"ဒါလေးများ"

ကြွေဥက ဒကာတော်ရေမြွေရှင်ပေါတုန်း ထမင်းလွှတ် ဟဲထားကြဟုဆိုကာ နောက်တစ်ပန်းကန်စီ ထပ်မှာသည်။ ခုထက်ထိ ဘာမှမစားရသေးဘဲ ငုတ်တုတ်ဖြစ်နေသည့် သီဟအတွက်လည်း မှာပေး၏။ စင်စစ် ... သီဟ အဓိပ္ပာယ်မဲ့စွာ လာပေါင်းပါသည် ဆိုတာကို နည်းနည်းလေးမှ မယုံကြည်။

"ကိုသီဟက နှောင်ရီးနဲ့ တူတူလည်းနေတယ်၊ တစ်ကျောင်းတည်းလည်း တက်တယ်၊ အဲဒါ ဘာဖြစ်လို့ မလွှတ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေဂျာမှ မတွေ့ဘဲ၊ ပြီးတော့ သူကတစ်မျိုး၊ ကျွန်တော်က တစ်မျိုး၊ ပေါင်း နှစ်မျိုးပါလို့ ပြောထားပြီးပြီပဲ"

"ဘယ်လိုတစ်မျိုးတာလဲ၊ တစ်မျိုးစီကို ရှင်းပါဦး"

"ဝေစည်တို့က လူတစ်ယောက်တွေ့ရင် ဗျူးရမှု၊ မိဘမျိုးရိုး ကစပြီး နောက်ဆုံး ရည်းစားအထိ အစီရင်ခံပေတော့"

"ကြွေဥနော် ... ငါ့ကိုယ်ကျိုးအတွက် မပါဘူး"

"ထားတော့"

သီဟက စကားပြောဖို့အတွက် "ထားတော့"နှင့် စလေ၏။ ပထမဆုံး ထားတော့မှ သီဟအကြောင်းကို မသိကြသေးချေ။

"ကျွန်တော်က နောင်ရိုးတို့လောက် မပြေလည်ဘူး"

"နောင်ရိုးက ချမ်းသာလို့လား"

"မရှိမရှား ဆိုပါတော့"

"ဒါဖြင့် ကိုသီဟက မရှိရှားလား"

"မှန်ပါတယ်၊ မှန်သောစကားကိုချည်း ဆိုတတ်တဲ့ လူရိုးလေးမို့ ဦးရွှေရိုးလို့ ခေါ်ချင်လည်း ရပါတယ်"

"နောင်ရိုးနဲ့ ဆင်တူဖြစ်သွားမှာပေါ့"

"ခင်ဗျားတို့ နောင်ရိုးကျတော့ နောင်ရိုးတဲ့၊ ကျွန်တော့်ကျတော့ ကိုသီဟတဲ့၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လို ဖြစ်စေချင်လို့လဲ"

"သီဟပဲပေါ့၊ ဒါမှ ရင်းနှီးတယ်"

"အသက်နည်းနည်း ပိုကြီးမလားလို့"



"တမင်မေ့ထားတဲ့ ကိစ္စကို အစမဖော်ပါနဲ့ဗျာ၊ ခင်ဗျားတို့ ခက်တဲ့အုပ်စုပဲ"

"ကောင်းပါပြီ သီဟရယ်"

"မသက်ထား ... စကားတွေ များလိုက်တာ နားထဲကို တိတ်ရော"

သီဟကို တစ်ထိုင်တည်းနှင့် ရင်းနှီးသွားကြရသည့် အားဝိုင်းမှာ သက်ထားတစ်ယောက် ထူးခြားစွာ ငြိမ်နေသည်။

"သူက တစ်ခါ ဝစ်ခါ ဒီလိုပဲ လေစုတယ်၊ စုမိဆောင်းမိ ရှိလို့ ပြောပြီဆိုရင် ကက်ဆက်ဖွင့်သလား မှတ်ရတယ်"

"ဩော် ... လေစုချိန်ကိုး"

သက်ထား ပြုံးရုံပြုံးသည်။

"ပြောတော့လေ သီဟရဲ့တစ်မျိုး"

"ထားတော့ ... သီဟက သဘောကောင်းတယ်၊ ခင်တတ်တယ်၊ တစ်ဖက်သားကို ကူညီချင်တယ်၊ သူငယ်ချင်းအနှံ့ အတာခံတယ်"

"အကောင်းတွေချည်းပါလား"

"မိန်းမသားတွေကို အခွင့်အရေး ပေးတတ်တယ်"

"ဘာအခွင့်အရေးလဲ"

"တချို့ကောင်မလေးတွေဗျာ၊ ကောင်လေးတစ်ယောက်ကို ကျိတ်ကြိုက်နေတယ်၊ ကောင်လေးက ဘာမှဖွင့်မပြောတော့ ခေါင်းညိတ်ဖို့ အခွင့်အရေး မရရှာဘူး"

"အဲဒါနဲ့ ဘာဆိုင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကျတော့ ညှာတာစာနာစွာနဲ့ ကျိတ်ကြိတ်နေရင် ခေါင်းညိတ်ဖို့ အခွင့်အရေး ရရှာအောင် ရည်းစားစကားလည်း ပြောပေးတတ်ပါတယ်"

"*အောင်မာ ... ဒါက ဘာစကားလဲ*"

"ဟိုး ... ဟိုး ..."

စိတ်မြန်သည့် နွေးက လွယ်အိတ်ကို ကိုင်မြှောက်ကာ ခုတ်ချဖို့ ရွယ်လိုက်သည်မို့ သီဟက လက်ဝါးတကာကာနှင့် တားရသည်။

"ဒါပေမဲ့ ခင်ဗျားတို့အုပ်စုတစ်ခုလုံးကို သူငယ်ချင်းလိုခင်လို့ ဒီအခွင့်အရေးမျိုး မပေးပါဘူး ပြောမလို့ပါ"

"ဘယ်သူက လိုချင်နေလို့လဲ"

"သိပါတယ်၊ ဘယ်သူမှ မလိုချင်မှန်း၊ ရင်းနှီးလို့ ကိုယ်ရေးကိုယ်တာကို အိတ်သွန်ဖာမှောက် ပြောပြတာ၊ ထားတော့"

"ကဲ ... ကဲ ... ထားပါပြီ။ ဆက်ပြော"

"မသက်ထားလို လေကိုတကူးတကၢ စုယူဖို့မလိုဘဲ ဝမ်းဗိုက်ကြီးနဲ့ တစ်လုံးအပြည့်၊ ဘယ်တော့မှ လျော့လေ့မရှိလို့ စကားလည်း များတတ်ပါတယ်"

"နောက်ဆုံးရည်းစားနာမည် ပြောဦးလေ"

"အဲဗျာ ... တိုက်ဆိုင်မှု မရှိဘူး ဖြစ်နေသေးတယ်၊ ကျွန်တော် အခွင့်အရေး သွားပေးမိတဲ့ မိန်းကလေးတွေက သူတို့ ကျိတ်ကြိတ်မနေလို့ ခေါင်းညိတ်စရာ မရှိပါဘူးတဲ့ဗျာ"



ခပ်ပြုံးပြုံးလေးသာ နေခဲ့သည့် သက်ထားပါ ရောရယ်ဖြစ်တော့သည်။ သီဟက ခြေဟန်ရော လက်ဟန်ပါ ကိုးရိုးကားရား လုပ်ပြကာ ပြောလည်းပြော၊ သူကိုယ်တိုင်လည်း ရယ်သည်မို့ သူ့ကိုကြည့်ကာ မနေနိုင်ဘဲ ရောရယ်ကြရတော့သည်။

"ရှင့်တစ်မျိုးတွေ ကုန်ပြီလ ..း"

"ကုန်ပြီ၊ နောင်ရိုး တစ်မျိုးကို ပြောတော့မယ်"

နောင်ရိုး ဆိုသည်နှင့် သက်ထား မျက်ဝန်းလေးများ ရွှန်းလက်လာတာကို သီဟက လူပါးမို့ အကဲခတ်မိလေ၏။ နွေးတို့အုပ်စုကလည်း စိတ်ဝင်စားပုံနှင့် နားစွင့်နေကြသည်။

သီဟက သူ့လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်သည်။ ကတ်ထူပြားကို လက်တစ်ဝါးစာသာသာ ကိုယ်တိုင်လုပ်ထားသည့် ဖိုင်တွဲပေါက်စလေး။ နွေးတို့ တစ်အုပ်စုလုံး ဝိုင်းကြည့်ကြပုံက မျက်လှည့်ဆရာ ဖိုင်တွဲထဲမှ ငှက်တစ်ကောင်များဆွဲထုတ်ပြတော့မှာလောက်ကို စူးစိုက်၏။

သီဟက ဖိုင်တွဲလေးကို မပြသေးဘဲ နေရာမှထသွားကာ အာပုလျှာပူဖိုးရှင်းသည်။ ပြခါနီးမှ ဈေးကိုင်နေသည်မို့ နွေးက ရင်းနှီးစွာ မျက်စောင်းထိုး၏။ သီဟ ... နွေးတို့ထံ ပြန်လာကာ ဖိုင်တွဲလေးကို စားပွဲပေါ်တင်သည်။

"ကာယကံရှင် မသိအောင် ခိုးလာခဲ့တဲ့ နောင်ရိုးရဲ့တစ်မျိုးတွေ အဲဒီထဲမှာပါတယ်၊ ကျွန်တော်ဒတော့ လစ်ပြီဗျို့"

ပြောပြောပြေးပြေး လစ်သည်ကို ဂရုမစိုက်နိုင်ကြပါ။ ဖိုင်တွဲလေးကိုပဲ လုမ်းယူကြ၏။ ဖိုင်ထဲမှာ ပန်းချီပုံလေးတွေကို ပုံဆွဲစက္ကူနှင့် ဆွဲပြီးမှ ကတ်ထူမှာ ပြန်ကတ်ကာ၊ အပေါက်ဖောက်၍ သီထား၏။ ပထမဆုံး တွေ့ရသည့်ပုံလေးက ...

www.burmeseclassic.com

www.burmeseclassic.com



လာကော့စ်တေးလ် စပို့ရှပ်သုံးထည်ကို တစ်ထည်စီ လှလှပပ ခေါက်ထားသည့်ပုံ။ ဒုတိယပုံက မော်တော်ကားကူရှင်ပေါ်မှာ သစ်ခွလေးတွေ ပြန့်ကြဲနေသည့်ပုံ။ တတိယပုံက လက်ကိုင်ပဝါလေးတစ်ထည် နှောင်ရီးဟု လက်မှတ်ထိုးထားသည်။ စတုတ္ထပုံမှာကျတော့ ဒင်ဒရိုဘီယမ် ခရမ်းရင့်ရောင် သစ်ခွလေးနှစ်ပွင့်။ နောက်ဆုံး ကတ်ပြားလေးမှာက စာကြောင်းနှစ်ကြောင်းပဲပါသည်။

အိုင်ဖွဲ့ဖြစ်ထွန်းနေသည့် ဝေဒနာ
ရင်ထဲမှာ ... လေးနစ်တာ ...။

တစ်ဖွဲ့လုံး၏ မျက်ဝန်းများက သက်ထားပေါ်သို့ စုပြုံကျရောက်တော့သည်။ သက်ထား မျက်လွှာလေးချကာ ငိုင်နေ၏။ သက်ထား ရထားသည့် ကတ်ပြားလေးက ဒီဖိုင်ပေါက်စလေးထဲက ထုတ်ယူပေးထားခဲ့တာ ဖြစ်မှာပါပဲ။ သက်ထား စာကူးနေတုန်း ကတ်ပြားလေး လာချပေးသွားတာ သီဟ ဖြစ်ဖို့သေချာ၏။

သူ့သူငယ်ချင်း၏ ဝေဒနာကို သီဟက ကိုယ်စားကြေညာပေးတာပဲပေါ့။ သက်ထား သက်ပြင်းမောကိုချသည်။ သီဟ၏ စေတနာကို ဘယ်မှာ ကျေးဇူ ...င်ချင်ပါ့မလဲ။ ဝေဒနာဆိုတာ ဖြစ်တိုင်းကြေညာလို့ ကောင်း...ခဲ့အရာမှ မဟုတ်ဘဲ သီဟရယ်။

မျက်ဝန်းသုံးစုံ၏ဒ... ကို သက်ထား ဘယ်လိုမှရင်မဆိုင်ရဲရှာဘဲ မျက်ကြောစင်းစင်းချလျက် ခေါင်းက ငုံ့သည်ထက်ပိုငုံ့ကျသွားရတော့သည်။



"အုပ်စုထဲမှာ လျှို့ဝှက်ချက်ထားရင် မေနေနွေး အားကြီးစိတ်ဆိုးတယ်"

နွေးက ဟိုတုန်းက မီးဖိုပျက် ကြော်ငြာတစ်ခုကိုသုံး၍ ထအော်၏။

"အိမ်ကိုလာခဲ့မယ်၊ အကြို့ဂ် အမြဲဝေဒနာနဲ့ နှလုံးသားပျက်ရင် ဖုန်းဆက်လိုက်ပါ"

ဝေစည်ကပြောတော့ ကြွေဥကလည်း အားကျမခံ "ဘျွန်မကိုခိုင်းပါ"ဟု ထအော်ပြန်သည်မို့ သူတို့သုံးယောက်လုံး ...ခနဲ ရယ်ကြသည်။ သက်ထားကတော့ မရယ်နိုင်ပါ။ နှုတ်နည်း ...ဒိမ်တိတ်လျက် အုပ်စုထဲမှာ သက်မဲ့အရုပ်လို ဖြစ်နေခဲ့ရတာ ...ကြာပြီ။

ရင်ထဲမှာ ဆွေးဆွေးနင်နင် ဖြစ်မိလေ၏။

တကယ်ဆို သီဟ ဒီလိုကူညီဖို့ မကောင်းဘူးလေ။ သက်ထားက မသိမမြင် မကြားပါရစေနဲ့ဟူ၍ ကျိတ်ဆုတောင်းခဲ့...တာ မဟုတ်လား။ သီဟရယ် ... ဘယ်မှာကျေးဇူးတင်နိုင်ပါ့မလဲ။

"သက်ထား"

နွေးက သက်ထားပခုံးကို လှမ်းပုတ်၏။ ဝေ့သီရစ်...သာချင်ပြီဖြစ်သည့် မျက်ရည်စများကို သက်ထား ကြိုးစားထိန်း...ထားရတာ သူငယ်ချင်းတွေ သိချင်လည်း သိပစေတော့။ ရင်ထဲ...မှာ မဆံ့တော့ဘူးလေ။

သက်ထား သူ့လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ...ထုတ်သည်။ စာအုပ်ထဲမှ ဟာမာတိုရှိုလန် ပန်းအိုးပုံပါသည့် ...ကတ်ပြားလေးကိုထုတ်တော့၊ သူငယ်ချင်းတွေက ပြူးကြောင့်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ ဖိုင်ပေါက်စလေးထဲ ကြိုးနှင့်သီလိုက်သည့်အခါမှာ ကျ… ကတ်ပြားလေးများနှင့် အရွယ်ညီစွာ အချိုးတကျ ဖြစ်သွားရလေ… ၏။ သက်ထား ဖိုင်တွဲလေးကိုယူ၍ လွယ်အိတ်ထဲသို့ ထည့်သည်… ကို မည်သူမျှ မဟန့်တားကြပါ။ ဒီဖိုင်တွဲလေးဟာ သက်ထားပိုင်… ပစ္စည်းအဖြစ် အားလုံးက သတ်မှတ်လေ၏။ သီဟ အာပူလျှာ… ဖိုး အကုန်ခံကာ အတင်းမိတ်ဆက်၊ ဇွတ်ရင်းနှီးသွားသည်… သဘောပေါက်ကြသည်။

"နောင်ရိုးနဲ့ ပတ်သက်လို့၊ ဒီဖိုင်တွဲလေးတစ်ခုပဲ ငါလ… ခံနိုင်ခွင့်ရှိတာ နင်တို့အားလုံး သိကြပါတယ်"

သက်ထားအသံက ရင်ကိုခွဲ၍ ထွက်လာသည်… အားလုံးက သက်ထားကို စာနာနိုင်ကြသည်။ သက်ထားတို့အိမ်… တင်းကျပ်စွာ ချမှတ်ထားသည့် စည်းကမ်းကို နွေးတို့တစ်ဖွဲ့… သိပါသည်။

"နောင်ရိုးကို သက်ထားမိဘတွေဆီမှာ သွားတောင်… ရင်ကော"ဟု ဝေစည်က ကျိတ်တွေးသည်။ အတွေးဘဝမှာ… နိဂုံးချုပ်ကာ ဝေစည် ခေါင်းခါဖြစ်လေ၏။ နောင်ရိုး အဆ… လောက်ကို မိုးကုတ်သူဌေးမိသားစုက ဘယ်လိုလက်ခံနိုင်မှာတဲ့…

"မင်းကွာ"

နောင်ရိုးထံမှ မချိတင်ကဲသံကြီး ထွက်လာ… သီဟက မျက်နှာသေလေးနှင့် မှိုင်နေသည်။ သူငယ်ချင်း၏အ…



…မကြည့်ရက်သည်မို့ ကိုယ့်သဘောနှင့်ကိုယ် လုပ်တုန်းက …ပစ်လိုက်သည်။ နောင်ရိုး ကျေးဇူးတင် ဝမ်းသာမှာပဲဟုလည်း …လင့်ထား၏။

"ဖေကြီးတာ … ဖေကြီးတာ"ဟု လက်မထောင်ပြဖို့ …ထားလည်း ပြုလေ၏။

"သူ စိတ်ပါနေတာ အသိသာကြီးပါကွာ၊ ငါ ကောင်းကောင်းအကဲခတ်မိပါတယ်"

သီဟက ဆင်ခြေတက်၏။

"စိတ်ပါခွင့်ကို မပေးရက်ဘူးကွ၊ နိဂုံးမှာ ရင်ကွဲရမှာ ကြိုသိနေတဲ့ ဇာတ်လမ်းကို ဘာဖြစ်လို့ စ,မလဲ"

"ကွဲချင်မှ ကွဲမှာပေါ့ကွ"

ပထမတော့ သီဟ မျက်နှာငယ် အပြစ်ရှိစွာ ခံစား… ပြီးတော့ နောင်ရိုးကို သနားမိသည်။ နောက်ဆုံးမှာ …ကျြားမဟုတ်သလိုပဲဟု ဒေါပွတော့သည်။

"မင်းက ဗေဒင်ဆရာမို့ ကြိုဟောနေတာလား"

သတ္တိကြောင်ရကောင်းလားဟု မချင့်မရဲ ဖြစ်သည်။

"တူသလား တန်သလားကွ"

နောင်ရိုးကလည်း စိတ်ညစ် စိတ်ရှုပ်နှင့်မို့ ပြန်အော်

"ဟော့ကောင် … လူလူချင်း"

"သက်ထားတို့ခြံထဲ လာတုန်းကတည်းက ငါ တမင်ခပ် …ည်တည်နေပြခဲ့တယ်၊ သူ စိတ်ပျက်အောင်လို့"

"ပျက်မှ မပျက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားက မပျက်လည်း သူ့မိဘတွေက ပျက်မယ်

"ထားတော့ကွာ ဒါတွေ၊ ငါက ဆတ်ဆော့ပြီးပြီ၊ 
ဘာဆက်လုပ်မလဲ"

ဘာဆက်လုပ်ရမှန်း မသိသလို၊ ဘာမျှဆက်လုပ် 
စိတ်မရှိသလောက်ကို ခေါင်းထဲ နောက်ကျိရှုပ်ထွေးနေ၏။ သ 
ထားနှင့် ပတ်သက်လာလျှင် ကိုယ့်တစ်ဖက်သတ် ဘယ်လော 
ပဲ ခံစားရ ခံစားရ သက်ထား၏ မျက်နှာလေးညှိုးမှာကိုတော 
မကြည့်ရက်ခဲ့။ ရင်ဖွင့်မလောက် ချစ်မက်စွဲလမ်းခဲ့ရသည့် လေး 
တာ ကာလကို သက်သောင့်သက်သာ ကျော်ဖြတ်ခဲ့ရတာ မဟုတ် 

သက်ထားနှင့် စတွေ့ပုံလေးက စိတ်ဝင်စား 
ကောင်းသလို၊ ကလေးသာသာပုံစံ၊ ထင်ရာလုပ် ဆတ်ဆတ် 
မလေးက အဲသည်နေ့ကတည်းက ရင်ထဲ ထိုးခွဲစူးနစ်စွာ နေရာ 
သွားနိုင်တာကိုလည်း အံ့သြသည်။ သည်အတွက် အပြစ်ရှိ 
ကြေးဆိုလျှင် နောင်ရိုး တစ်ဦးတည်းသာ ခံစားချင်မိပါ၏။

တစ်နှစ်လောက် ကင်းကွာနေရချိန်အတွင်း ရင် 
မှာ သက်ထား အမြဲရှိနေသည်။ တက္ကသိုလ်ရောက်လာတော့ 
ဝေးမှာ ငေးခွင့်လေးရတာကိုပဲ ကြီးခြံစွာ ကြည်နူးခဲ့ရတာ 
သီချင်းစာသားတွေက သက်ထားကိုချည်း ရည်ညွှန်းကာ အမြ 
အသွက် ကျပါ်ခဲ့ရတာတွေ။

"နောင်ရိုးသီချင်းတွေက အလွမ်းတွေနဲ့ အချစ် 
ချည်း ဖွဲ့တယ်နော်"ဟု ပြောကြသူတွေ ရှိလာတော့ မချိတင် 
ပြုံးခဲ့ရတာတွေ။ သက်ထားကို တမ်းတမ်းတတ တစ်ဖက်သ 
ချစ်နေရတာလေးထဲမှာ နေသားကျခဲ့ရတာတွေ၊ အသက်ထ



က်ထား ခိုသည့် ရင်ကွဲနာ ကြေညာစာတမ်းကို ရင်နဲ့အမျှဆို 
ခဲ့ရတာတွေ။

သက်ထားရယ် ... မင်းအတွက် မင်းဘက်ကချည်းပဲ 
တွေး ညာတာရင်း တရိုက်မက်မက် စွဲချစ်ခဲ့ရတာတွေကို 
ယ်ဘယ်လောက် တန်ဖိုးထားခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် 
 အသိဆုံးပါကွယ်။

"ထား တော့ ... ငါကတော့ စေတနာနဲ့လုပ်ပြီးပြီ၊ ငါ့ဟော့ 
မမှားဘူး ထင်တယ်၊ မင်းက မှားတယ်လို့ ဝေဖန်တယ်၊ 
ရေ့ ဘာဆက်လုပ်မလဲ၊ ဒီကိုင်း မသိချင်ယောင် ဆောင်နေ 
မလာ"

သည့်လိုဆိုတော့လည်း သက်ထားအတွက်ပဲ စဉ်းစား 
ရပါဦးမည်။ မိန်းကလေးတစ်ယောက်အပေါ် ဘာစ်စွန်းတစ်စ 
ဟသလိုမျိုး ဖြစ်သွားရသည့် အခင့်မှာ ရုပ်ထားလို့ ဖြစ်ပါ့မ 
း၊ တစ်ဖက်သားကို စော်ကားရာ ကျမလား။

"မင်းလုပ်ပုံက တစ်စွန်းတစ်စ သွားဖွင့်ကာပဲကွာ"

"အေ ပါ ... ဟုတ်ပါပြီ၊ ဒီအတွက် မင်းက ငါ့ကိုလက် 
သီးနဲ့ထိုးချင်ထိုး"

ညီအစ်ကိုလို နေခဲ့သူ၏ စေတနာအများလည်း 
ပြစ်တင်ဖို့ ခက်လှပါ၏။

"မင်း စိတ်ဆိုးပြီး ငါ့ကို ခြသဲက နှင်ထုတ်ချင်လည်း 
ထုတ်ကွာ"

သီဟာ ဒီထိပြောလာတော့ စိတ်မကောင်း ဖြစ်ရပြန် 
သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ၊ ငါ ဘာလို့ လုပ်ရမှာလဲ"

"ထားတော့ ... ငါ ဆတ်ဆော့မှုအတွက် ငါ့ကို စိတ်ဆိ
ချင်သလောက် ဆိုးပါ"

"မင်းကို စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ငါ့ဘာသာ ဘေးကျ
နံကျပ်နဲ့ ရင်ထဲမချိတာ"

"သက်ထား သိသင့်သလောက်သိအောင် ငါ ဆတ်ဆေ
ပြီးခဲ့ပြီ၊ မင်းက ဒီဇာတ်ကို ဆက်က,မှာလား၊ ပွဲသိမ်းမလာ
စဉ်းစား"

ဆက်က,ဖို့ခက်သလို၊ ပွဲသိမ်းဖို့လည်း မလွယ်
သက်ထားက ခုလောက်ဆို ဖိုင်တွဲလေးဖွင့်ပြီး စိတ်ကူးယဉ်
ယဉ်နေနိုင်သည်။ ပျော်ချင်တောင် ပျော်သွားနိုင်၏။

သက်ထား ... ပျော်သွားသည်ဆိုလျှင် သက်ထာ
မိုက်မဲလှချည့်ဟု သက်ထားဘက်ကပဲ နာပေးချင်သည်။ ကို
ကိုယ်ကိုယ် ချစ်တာ တန်ဖိုးထားတာ၊ ကိုယ့်ကိုယ်ကိုယ် စိတ်ချ
သာစေဖို့ ကြိုးစားချင်တာတွေထက် သက်ထားအတွက်ပဲ ဦးစာ
ပေး အချစ်ပိုမိလေ၏။

ချစ်တယ် ဆိုတာထက် အများကြီး ပိုချစ်နေမိ
ခက်နေရတာပါ သက်ထားရယ်။

✿ ❤ ✿



## အခန်း(၇)

နောင်ရိုးရယ် ...

ရင်ထဲမှ တမ်းမွတ်တိမ်းမူးစွာ မျှော်နေမိသည့် အမြတ်
ဆုံး ပစ္စည်းလေးကို ရယူပိုင်ခွင့် လမ်းကလေးပွင့်သည့်အတွက်
သက်ထား ဘယ်လိုပျော်နိုင်ပါ့မလဲ။

တစ်နည်းအားဖြင့်တော့လည်း အတိုင်းမသိ ကြည်နူး
နေသည်။ ဖြစ်နိုင်လျှင်တော့ သီဟ ပေးသွားသည့် ဖိုင်တွဲပေါက်စ
လေးကို ရင်ထဲမှာ မတင်မကျလေး မျိုထားချင်မိသည်အထိ
တ်နိုးလွန်းလှပါ၏။

နောင်ရိုးနှင့် ပတ်သက်သမျှ အဆုံးစွန် ရပိုင်ခွင့်
လေးပဲ ဖြစ်ပါစေတော့။ ရှေ့တစ်လှမ်း မတိုးပါနဲ့တော့ နောင်ရိုး
ရယ်ဟု ပြောနိုင်စွမ်း ရှိချင်၏။

တကယ်တော့ စပို့ရှပ်သုံးထည်ကို စေတနာထက်
သန်စွာ ပေးခဲ့သည် မဟုတ်ချေ။ ငွေကိုင်ကွက်ဖို့မလို၊ သုံးရုံမက
နိုင်နေသည့် မာနကလေးဖြင့် အတင်အစီး မခံချင်တာရယ်၊
ကိုယ့်အတွက်နှင့် သူ့စိတ်ပေးရမည့်တန်ဖိုး ကျေပါစေတော့ဆိုသည့်
နရယ်၊ ပေါ့တိမ်တွေးလေးဖြင့် လဲလှယ်ခဲ့ခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တုန်းက ခင်သည်ဆိုလျှင်တောင် အတန်း
သူငယ်ချင်းတွေထက် နည်းနည်းလျော့ဦးမည်။ သူ့လက်ဆော
ပန်းအိုးလေးကို မေမေ ကသုသ လှပ်နေခြင်းက သူ့ကို မကြာခဏ
သတိရဖို့ ဖြစ်ခဲ့သည်။ မကြာခဏ သတိရခြင်းဖြင့် မမေ့နိုင်အော
ဖြစ်ခဲ့ရသည်ဟု ဆိုလို့သည်းရ၏။

သူ့ရုပ်နှင့် သူ့အသံကို တီဗီမှာ တွေ့လိုက်ရစဉ်
ကွဲကွာနေသည့် ငယ်သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့ရသ
ပေါက်ပေါက်ကွဲကွဲ ဝမ်းသာလိုက်မိစဉ်၊ သူ့ရုပ် သူ့အသံနှင့်
နာမည်က ရင်ထဲသို့ ထိုးခွဲစူးနစ်သွားသလား၊ သက်ထား သ
မထားမိနိုင်ပါ။

သစ်ခွအိုးလေးကို မေမေ ငိုးကူတ်အိမ်သို့ ပိတ်ပိ
ပင်မင် ကာကာကွယ်ကွယ် သယ်ဆောင်သွား၏။ သက်ထား
ထဲ အားနာသလိုလို၊ ကြေကွဲရသလိုလို တမ်းတလွမ်းမောဖို့
လာခဲ့ရတာတွေ၊ သူ့အသံချိုသြရှလေးက ရင်ကို လာမှန်စေခဲ့
တွေ၊ သူ့သီချင်းတွေထဲမှာ "သက်ထား" ဆိုသည့် စကားလုံး
တစ်ထောင့်တစ်နေရာမှာ အပဒ်တိုင်း ပါတက်တာတွေ ...။

နောင်ရိုးရယ် ... နှလုံးသားကို တစ်စစီ တစ်
ပိုင်စိုးလွှမ်းမိုးခဲ့တော့တာပါပဲ။

နောင်ရိုးကို ချစ်မိနေပါပြီဟု ကိုယ်တိုင် နားလ
ခံစားလိုက်မိချိန်မှာ သံယောဇဉ်က နိုင်မြဲတွယ်နှောင် စူးနစ်နေ
သက်ထားနှလုံးသားကို မွှန်ကျပ်စေအောင် ရစ်ပက်ခဲ့ပြီ။ သည်
ဖြစ်လာဖို့ မျှော်လင့်ခြင်းများစွာ ထားခဲ့ပါလျက်၊ ဆန့်ကျင်
ဆုတောင်းမိသည့်ကြားက ပိတ်ဆီးနိုင်ခြင်းကင်းသည့် အဖြစ်



ကိုက်လဲ့ကြည်နူးရသလို ကြေကွဲစိုးရွံ့စိတ်များလည်း ဖြစ်ထွန်းရပါ၏။

နောင်ရိုးရယ် ...။

"သတိတော့ထားဟာ၊ သူ့ပတ်ဝန်းကျင်မှာ မိန်းကလေးတွေ သိပ်များတယ်"

နွေးက တားဆီးချင်၏။

"ဟင် ... သူ့ကို အတွဲနဲ့ တစ်ခါမှ မတွေ့ဖူးပါဘူး"

ကြွေဥက အဖွဲ့ထဲမှာ သက်ထားကလွဲလျှင် နောင်ရိုးအသံကို ဆက်ဆက်တုန်အောင်ကြိုက်သည့်သူဟု ဆိုနိုင်၏။ နွေးနှင့် ဝေစည်တို့ ကြိုက်သည်ဆိုတာက နားထောင်ချင်ရုံသာ။ ကြွေဥက တီဗီမှာ လွှင့်ပြီးသမျှကို ကူးယူထားကာ မကြာခဏဖွင့်ကြည့် ဖွင့်နားထောင်တတ်သူ။

"မြှောက်မပေးနဲ့ ကြွေဥ၊ မျက်စိနဲ့ မတွေ့ရတိုင်း ရှင်းတယ် မှတ်ရမှာလား၊ သူ့ဆီလာတဲ့ မိတ်ဆက်စာတွေ၊ စီးရီးစ်ထုတ်ပါတော့လို့ တိုက်တွန်းတဲ့စာတွေ၊ တစ်နေ့ တစ်နေ့ တစ်ထပ်ကြီး၊ ဒီကြည်နူးမှုကို သူက မမိန်းမူးပဲ နေမလား ကွ"

"ကိုယ့်အနုပညာကို အားပေးကြတဲ့အတွက် မိန်းမူးမယ်လေ၊ ကြည်နူးမယ်၊ ကျေးဇူးတင်မယ်၊ ခင်မင်ရင်းနှီးချင် ရင်းနှီးဦးမယ်၊ အဲဒါနဲ့ ရှုပ်တာနဲ့ တခြားစီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... နောင်ရိုး ရှုပ်တယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

ဝေစည်က ဒီတစ်ကြိမ်တော့ ကြွေဥကို ထောက်
သည်။

"နောင်ရိုး ... ကဲန်တင်း ထိုင်ပြီဆိုရင် တို့ကျောင်းကိုလ
လည်တဲ့ ပထမနှစ်ချာတိတ်မလေးတွေ အော်တိုဝိုင်းအ
ခိုင်းနေတာ မတွေ့ဘူးလား"

"အနုပညာသည်ဆိုတာ ပြည်သူအများရဲ့ခင်မင်မှုကိုရထ
ပဲ၊ အော်တို ရေးပေးတိုင်း ရည်းစားဖြစ်ရရောလား၊ ရှု
ရောလား"

"ဘာလဲ ... ကြွေဥ၊ နင်က သက်ထားကို နောင်ရိုး
သဘောတူနေတာလား"

"မတူပါဘူး၊ အဲ ... တူတယ် မတူဘူး ပြောနေတာ
မဟုတ်ဘူး၊ နောင်ရိုး မရှုပ်ကြောင်း ခုခံကာကွယ်နေတာ
ကွ ... အဟဲ"

"နောင်ရိုးက ကြွေဥကို ကြိုက်လိုက်ရင် ပြီးရောကွာ
ပြဿနာကို ရှင်းလို့"

ဝေစည်က စိတ်မောဟန်ဖြင့် ဝင်ပြော၏။ သက်ထား
အခက်အခဲကို သူတို့ အားလုံး သိထားကြသည်ပဲ။

"မရှင်းဘူး၊ ငါက နောင်ရိုး အသံကိုကြိုက်တယ်၊ ပုဂ္ဂိုလ်
ရေးအရလည်း ခင်မင်တယ်၊ သန့်သန့်လေး နေတတ်တာ
လည်း လေးစားတယ်၊ ဒါပေမဲ့"

"ဘာဖြစ်လဲ"

"ရည်းစားတော်ဖို့ စိတ်ကူးမရှိဘူးကွ"



"နင်က ဘယ်သူ့ကို ကြိုက်ကြိုက်နေလို့လဲ"

"အဟဲ ... နည်းနည်း ကွာလှမ်းနေတယ်ကွာ"

"ကောင်စုတ် ... ပေါ်ပြီ၊ ပြော ဘယ်သူလဲ"

"တွမ်ခရုစ်"

"သေပါ့လား၊ နောက်ဘဝကျမှ ရမယ်"

"ဒါကြောင့် နည်းနည်းဝေးတယ်လို့ ပြောပါရောလား"

"သက်ထား ... နင့်အကြောင်း ဝိုင်းပြောနေကြတာ သိရဲ့
လား၊ နင်က အသက်မရှိဘူးလား၊ စက်ရုပ်လား"

နွေးက သက်ထား ပေါင်ကို လှမ်းရိုက်၏။

"အေ ... စက်ရုပ် ဖြစ်လိုက်ချင်တယ်၊ ငါတို့တစ်ဆွေလုံး
တစ်မျိုးလုံး ထိန်းခဲ့တဲ့ အစဉ်အလာကို ငါ့ကျမှ မဖျက်ချင်
ဘူး၊ ငါ့ကြောင့် မေမေ မျက်ရည်ကျရမယ့်အဖြစ်ကို လုံးဝ
လက်မခံနိုင်ဘူး"

"နေပါဦး၊ နောင်ရိုးကဖြင့် ဘာမှမပြောသေးဘူး၊ နင်တို့က
ဘာတွေ ကြိုဖြစ်နေတာလဲ"

"တုံးတယ်ပြောရင် နှုတ်ခမ်းစူဦးမယ် မိဝေစည်၊ ဖွင့်ပြော
တာထက် လေးနက်အောင် သရုပ်ဖော်သွားတာ"

"တော်တော်လည်သားပဲ၊ နောင်ရိုးမို့လို့သာ၊ နောင်လည်
ဆိုရင် ဒီ့ထက်မွှတ်ဦးမယ်"

ကြွေဥက ပြောပြီးရယ်၏။ သူများတွေလည်း ဝိုင်း
ရယ်ကြတာပါပဲ။ သက်ထားကတော့ ဘယ်မှာ ရယ်နိုင်ပါ့မလဲ
လေ။

"ရှုပ်တယ်ကွာ၊ နောင်ခါလာ နောင်ခါငြင်း"

www.burmeseclassic.com

www.burmeseclassic.com



နွေးက သက်ထားအိမ်မှာ အဝင်အထွက် အများဆုံး နှင့် သက်ထားတို့မိသားစု အစဉ်အလာကို အသိဆုံးမို့ ကြေကွဲ နိဂုံးတစ်ခုအတွက် နိဒါန်းစလို့ မဖြစ်ကြောင်း လုံးဝသဘောပေါက် သည်။

"နောင်ခါ ဈေးပါဟဲ့"

"ဈေးခေါ်ဖို့ ဆစ်ဖို့၊ ဆွက်ဖို့၊ ဈေးတည့်ဖို့မှ လုံးဝမရှိတာ။ နောင်ခါလာ နောင်ခါပြင်းပေါ့၊ ခု ... ကြားထဲနှစ်ချိန်တောင် အားတာ၊ ငုတ်တုတ်ကြီးတွေ ထိုင်နေလို့ အကျိုးရှိမလား၊ မုန့်စားမယ်၊ စားနိုင်မှ ပျင်းနိုင်မှာ"

"စကားပုံတွေလည်း ပျက်ပါပြီ"

လွယ်အိတ်ကလေးတွေ ကောက်လွယ်ကြပုံက ယိမ်းတိုက်ထားသလား ထင်ရသည်။ မုန့်စားဖို့ကျတော့လည်း သွက်လက်လိုက်ပါဘိ။ သက်ထားကတော့ ပုံမှန်အတိုင်းသာ သွက်လိုက်ရတာလေ။ ရင်ထဲမှာ လေးလံဖင့်နွဲ့နေမိတာကို ဘယ်သူ သိမှာတဲ့လဲ။

❁ ❤ ❁

"ဟောတော့ ... သီဟကြီး"

သီဟ မျက်နှာက ရှုံ့မဲ့ကျသွား၏။

"ကြီးက ဘာဖြစ်လို့ ထည့်ရတာတုန်း"

"လေးစားတဲ့သဘော"



"ဟုတ်ကဲ့ ... ဒါဖြင့်လည်း ကျေးဇူးတင်ပါတယ် ကြွေဥကြီး"

"ဘယ့်နယ် ... ဝေစည်က ခေါ်တာ၊ ပြန်ခေါ်ခံရတော့ ကြွေဥ"

"ဝေစည်ကြီးထက်စာရင် ကြွေဥကြီး ဆိုတာက အဓိပ္ပာယ် ပိုရှိလို့ပါ နွေးကြီးရာ"

"လုပ်ပြန်ပြီ၊ ဝေစည် တစ်ယောက်တည်း ချမ်းသာခွင့်ပေးတာ ဘာသဘောလဲ၊ မတရားမလုပ်နဲ့"

"တပြေးညီဆိုရင် ဝေစည်ကြီးပေါ့ဗျာ"

"အမျိုးသမီးတွေကို စိတ်ဆင်းရဲအောင်လုပ်တဲ့ ပုဒ်မနဲ့ဒီဝိုင်းကို သီဟ ရှင်းစေ"

"ချမ်းသာပေးပါ၊ ငါးကျပ်ပဲ ပါတယ်"

သီဟက သူ့အိတ်ထဲမှ ငါးကျပ်တန် အနွမ်းလေး တစ်ရွက်ကို ထုတ်ပြသည်။

နောင်ရိုးမှာလည်း အဲဒီလို ငါးကျပ်တန်အနွမ်းလေး တစ်ရွက်တည်းများ ဖြစ်နေမလားဟု သက်ထား တွေးလိုက်မိပြန် ၏။ ဘယ်ဖြစ်နိုင်ပါ့မလဲနော်။ နောင်ရိုး မိဘတွေက သူ့ဈေးမဟုတ် ဆေးမယ့် စားနိုင်သောက်နိုင် ရှိတယ်တဲ့။ ဪ ... နောင်ရိုးနဲ့ပတ် သက်လေတိုင်း အကြင်နာရှုထောင့်ကချည်း ကြိုတွေးပေးနေမိတော့ တာပါပဲလား။

"ရှင့်ငါးကျပ်တန်ကလည်း ဟောင်းလိုက်တာ၊ ဒီလောက် ဟောင်းတဲ့ပိုက်ဆံကို အိတ်ထဲထည့်မှုနဲ့ အချဉ်ထုပ်တော့ ဝယ်ကျွေး"

www.burmeseclassic.com

www.burmeseclassic.com



"ပြေးမလွတ်ပါလား"

သီဟက တကယ်ပဲ အချဉ်ထုပ်တွေ သွားဝယ်လာသည်။ ငါးကျပ်ဖိုး ဘယ်ကပါ့မလဲ။ မိန်းမသား လေးယောက်စာ အချဉ်ထုပ်က ငါးကျပ်ဖိုးဆို ဆင့်ပါးစပ် နှမ်းပက်သလောက်ဖြစ်မည်။ သီဟမှာ ပိုက်ဆံပါပါသည်။ တမင်နောက်ချင်စိတ်ဖြင့် ပိုက်ဆံဟောင်းလေး ထုတ်ပြခြင်းသာဖြစ်၏။ သီဟက မိဘပြန်ထောက်ရသူမို့ ငွေသိပ်မသုံးနိုင်ပေမယ့် သည်အုပ်စုအတွက် ကုန်ကျခဲ့ရပြီဆိုလျှင် နောင်ရိုးက ဖွတ်ပြန်ပေးတတ်မြဲမို့ သိပ်တိုင်းထွာနေဖို့မလိုပါ။

"ကြည့်စမ်း ... ဝယ်ချလာတော့ အများကြီး၊ ရှင် အကြွေးယူခဲ့တာလား"

"နောင်ခါပေး တွေ့တိုင်းတောင်းနဲ့ ဝယ်လာတာ"

"မျိုးတောင် မကျချင်ဘူး၊ ဟိုဘက်အိတ်ထဲမှာ ဆယ်တန်လက်ကျန်တွေ တွေ့နေရတာ ခက်တယ်"

"ဒါကြောင့် ကြွေဥကြီးကို အမြင်ကျယ်ပါတယ်လို့ နောင်ရိုးက ပြောတာ"

"သီဟကြီးနော်၊ စကားပြောရင် မျက်စိပြူးတာ မပါကြေး"

"မဆိုလိုပါလား"

"မဆိုလိုလို့ မရဘူး၊ ဆိုကိုဆိုရမယ်၊ သီဟကြီးဆိုရင်တော့ သီချင်းကြီးပဲဖြစ်မှာ၊ သူ့ပါးစပ်က အကြီးကြီး"

"အဲဗျာ ... ငယ်ငယ်က သိပ်ငိုခဲ့ရလို့များ၊ ဒီပါးစပ်ကြီးဖြစ်သွားသလား မသိဘူး၊ ကောင်းတော့လည်း ကောင်းပါတယ်၊ မသာထာရေစာတွေ သွပ်သိပ်သွင်းနိုင်တာပေါ့"



ပထမဆုံး လာချသည့် မုန့်တီပွဲကို သီဟ အရင်ဆုံးဆွဲထားလေ၏။

"နောင်ရိုးတစ်ယောက် မမြင်ပါလား"

ကြွေဥက ဘာရယ်မဟုတ် မေးသည်။

"မကြားကြဘူးလား နောင်ရိုး အကြောင်း"

"နိုင်ငံခြား ထွက်သွားပလား"

"အဲဒီလောက်ထိ ဝေးဝေးမလိုပါဘူး၊ တံတားလေးလောက်ဆို ဖြစ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"မနေ့ညကလေ သစ်ခွရုံထဲ ဆင်းထိုင်နေတယ်၊ ခင်ဗျားတို့ ရောက်ဖူးသားပဲ၊ သစ်ခွပင်တွေကို တန်းရိုက်ပြီး တင်ထားတာ၊ အောက်ဘက်မှာ ခဲတွေထုပြီး စီထားတယ်၊ အမြစ်စိမ့်အေးနေအောင် လုပ်ထားတာလေ"

"တွေ့တယ် ... နောင်ရိုးက ဘာဖြစ်လဲ"

"ခဲတွေ စီထားတော့ မြွေခိုတတ်တယ်"

"ဟင်"

နှုတ်ဆိတ်ငြိမ်သက်နေသည့် သက်ထားထံမှ စိုးရိမ်သံလေး ထွက်လာသည်။

"ဟောတော့ ... မြွေရှိတယ်လား၊ အဲဒီမှာ ဟိုတစ်ခါပန်းလာဝယ်တုန်းက လျှောက်သွားနေမိတာ ကြောက်တောင်ကြောက်တယ်"

"ဘာမှမဖြစ်ခဲ့ဘဲနဲ့ ခုမှ တွေးကြောက်မနေနဲ့"

"နောင်ရိုး ဘာဖြစ်လဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မိုးကလည်း တစ်ဖွဲ့နှစ်ဖွဲ့လေး ကျနေတော့ ညဥ့်ကလည်း နက်ပြီ၊ သူ ချထိုင်ထားတဲ့ ပက်လက်ကုလားထိုင်ခြေရင်း နားမှာ မြွေက လာခွေနေတယ်"

"အို ... တက်နင်းမိလို့လား"

သက်ထား အရမ်းစိတ်ပူသွားရ၏။

"မနင်းမိဘူး၊ မြွေက မြွေပျင်းထင်ပါရဲ့"

"ပြောစမ်းပါ မြန်မြန်၊ နောင်ရိုး ဘာဖြစ်သွားလဲ"

"မိုးရွာတဲ့ မြွေနဲ့အပြိုင် အိပ်ပျော်သွားတာ မိုးလင်းတော့ မြွေက သူ့ဘာသာသူ ထွက်သွားရော၊ နောင်ရိုးက ဖျားရော"

"အမယ်လေးတော် ... နောင်ရိုး ဖျားတယ်ဆိုလည်း ပြီးတဲ့ ဥစ္စာ၊ မြွေကတစ်မှောင့်"

"ကင်းမလက်မည်းကြီးလည်း ပါသေးတယ်"

"သွား ... ပေါက်တတ်ကရတွေ"

"မိုးရွာတော့ မြွေကမပူဘဲ အေးနေတယ်၊ မြွေအေးရာကင်း မှောက်ဗျ"

"ကင်းမှောင့်ပါရှင်"

"မှောက်နေတာ ကုလားထိုင်နဲ့ ဖိမိပြီး ပြားနေတယ်၊ မြွေ အေးရာ ကင်းမှောက်လိုက်တာ နောင်ရိုးက ဖျားပါလေရော"

"တံတားလေးနဲ့ ဘာဆိုင်လို့လဲ"

"မိုးထဲ အိပ်ပျော်တာ အရှုံးမို့လို့ပေါ့၊ မိုးထဲအိပ်မိမှာစိုးလို့ အိမ်ဆောက် မိုးကာပြီး နေကြတာ၊ မိုးထဲထွက်ရင် ထီးနဲ့ မိုးကာနဲ့။ အရှုံးမို့လို့ မိုးထဲထွက်အိပ်တာပေါ့"

"ဒီလောက် မိုးရွာနေတာ မနိုးဘူးတဲ့လား"



"နိုးရအောင် အိပ်ပျော်နေတာမှ မဟုတ်ဘဲ၊ မျက်စိမှိတ်နေ တာ၊ သူ့ကိုယ်ကို မိုးစက်တွေ လာမှန်တာ ကြိုက်လွန်းလို့ ဆိုပဲ၊ ပုထုဇဉ် ဝိသပါဘိ"

"ဘာဆိုင်လို့လဲ"

"ပုထုဇဉ်ျော ဥမ္မတ္တကောတဲ့၊ ဒီလောကမှာ ဖဟုသုတမရှိဘူး လား ခင်ဗျားကြီးတို့"

"သီဟကြီးဆိုတဲ့ ကလောင်နာမည်နဲ့ လျှို့ဝှက်သဲဖို ဇာတ် လမ်းသာ ရေးပေးတော့၊ တကတည်း ဖျားတဲ့အထဲ မြွေနဲ့ ကင်းက အဆစ်ပါသေး"

သီဟက ရယ်ရင်းနှင့်ပင် တစ်ပုန်းကန် ကုန်သွား သည်။ ဘယ်သူ အအေးဒဏ်ကာလဲဟု ထမေးနေပြန်၏။

ခုမှ ဒုတိယအကြိမ် စကားပြောဖြစ်ခြင်းပေမယ့် ဘယ်သူငယ်ချင်းများလိုပင် ရင်းနှီးလွယ်သွားရတာ နောင်ရိုးနှင့် ပတ်သက်နေလို့ပါပဲလေ။

"နောင်ရိုး တော်တော်ဖျားနေလား"

"တစ်ရာ့ရှစ်"

"ဟင် ... သတိလစ်ရောပေါ့၊ ဆေးရုံတင်မှဖြစ်မယ်၊ ဒီတိုင်း တစ်ယောက်တည်း ထားခဲ့ရလား"

သက်ထား ဟန်မဆောင်နိုင်လောက်အောင် ပူပန် သွားရတော့သည်။

"ပြဒါးတိုင်မှာရှိတဲ့ ဒီဂရီကို ပြောတာ"

"စိတ်တိုတိုင်း ထုပစ်ရရင် သေတော့မှာပဲဟာ"

ကြွေဥက ရိက်ချချင်ပုံနှင့် တကယ်စိတ်တိုလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ရိုး ဘယ့်နှယ်နေလဲ"

"မနက်ကတော့ တစ်ရာ့လေးပဲ၊ ဆရာဝန်ခေါ်တယ်၊ ဆေးထိုးတယ်၊ နည်းနည်းသက်သာသွားပါပြီ၊ ကျွန်တော့်ဦးလေးစောင့်ကြည့်နေတယ်၊ ကျွန်တော်က ခင်ဗျားကြီးတို့ဆီသတင်းပို့ဖို့ တာဝန်ရှိတော့ ပစ်မထားခဲ့လို့ ဖြစ်မလား"

သက်ထား ... ပြေးကြည့်ချင်လိုက်တာမှ ရင်ထဲမှာ တလှပ်လှပ်တောင် ခုန်သည်။ နှယ်ရစ်တွယ်နှောင်လာသည့် သံယောဇဉ်ကို တိခနဲ ပိုင်းချလိုက်နိုင်ရန်အတွက် သတင်းမေးဘယ်လိုမှ မသွားသင့်ကြောင့်လည်း တွေးမိသည်။

သက်ထား ဘာလုပ်ရမှာလဲ နောင်ရိုးရယ်။

"သူ့မိဘအိမ် ပြန်ပို့ရင် မကောင်းဘူးလား"

"မကောင်းဘူး၊ နောင်ရိုး အဖျားတစ်ရာလောက်ရှိရင် သူ့အမေကို အရင်ဆေးရုံတင်ရမယ်၊ ဟိုမှာက နလုံးရောဂါနဲ့၊ ဒီသားကို ပူရှက်ဆိတ်ကိုက်ရင်တောင် မိုင်းခနဲ လဲချင်တာ"

"ခက်တာပဲ"

သက်ထား မျက်ခုံးလေးရှုံ့ကာ တကယ်ပဲ စိတ်ဆင်းရဲလှပါ၏။ ပြေးလာကြည့်ချင်လိုက်တာ နှာင်ရိုးရယ်။

သီဟာက စားသောက်ပြီးကိုးသွားပြီးမှ ထရပ်သည်။ စောစောက ရယ်စရာ ွ လျှောက်ပြောနေပေမယ့် ခုကျတော့ သူ့မျက်နှာက တည်သွားပြန်သည်။

"ပြန်မယ်၊ ဟိုကောင့်ကို စိတ်မချဘူး၊ ဘယ်သူမှ သတင်းမေး မလိုက်ခဲ့ကြဘူးလား"



နွေးတို့အုပ်စု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ပြီးတော့ အကြည့်အားလုံးက သက်ထားဆီမှာပဲ ကျရောက်သွားတော့သည်။

သက်ထား ခေါင်းငုံ့နေသည်။ ရစ်ဝဲလာသည့် မျက်ရည်တွေကို တားမရ။ တစ်စက်တစ်ပေါက်ချင်း စီးကျမလာအောင် တင်းထားရတာ ရင်ပန်းနှမ်းနယ်လှပါ၏။

ခွင့်လွှတ်တော့ နောင်ရိုးရယ် ... သက်ထား မလာတော့ဘူး။

သက်ထားက မလှုပ်တော့။ တိုက်တွန်းဖို့ မည်သူမျှ စိတ်မကူးကြတော့ပါ။

"နောက်မှ လာခဲ့မယ်၊ သွားမှာ ပြန်မှာနဲ့ ဒီနေ့ ဘယ်အချိန်ရှိတော့မှာလဲ"

ဝေစည်က အများကိုယ်စား ဝင်ပြောသည်။

"ဒါဖြင့် ကျွန်တော် ပြန်တော့မယ်"

သီဟာက သူ့လွယ်အိတ်ထဲမှ ကက်ဆက်ခွေလေး တစ်ခုထုတ်ကာ ဘယ်သူ့ဖို့ ဘယ်ဝါဖို့ ပြောမနေတော့ဘဲ စားပွဲ ပေါ် တင်ပစ်ခဲ့ကာ ထွက်သွားတော့သည်။

ကြွေဥ ကောက်ယူကြည့်လိုက်တော့ ကက်ဆက်ခွေ ခေါ်ဘာ စာရွက်ပေါ်မှာ စာတန်းတစ်ခု။

"သက်ထားဖို့"... တဲ့။

ကာယကံရှင်လက်ထဲ ထည့်ပေးလိုက်ဖို့ပဲ ရှိတော့သည်လေ။

✿ ❤ ✿

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မတင်မကျကလေး မျိုထားချင်သ
အမြတ်နိုးဆုံး ပစ္စည်းလေးက နှစ်ခုဖြစ်လာရသည်။ ဗိုင်တွဲ
ရယ်၊ ကက်ဆက်ခွေလေးရယ်။

"သက်ထားရေ ... အသံရောင်းတဲ့ သီချင်းသည်ဘ
ရောက်နိုင်ဖို့ ပန်းရောင်းပြီး အရင်းအနှီးစုနေရပါတယ်
အရောင်းသမားတစ်ယောက်မှာ ... ရောင်းစရာ အသ
တစ်ခု လတ်ဆတ်စွာ ရှိနေပါကြောင်း ...

"သီကုံးဖွဲ့နွဲ့ထားတဲ့ ဝေဒနာ တေးစုလေး
သက်ထား နားထောင်ဖို့ လက်ဆောင်ပါ။ ဝယ်ယူနိုင်
မည်သူမဆိုကို ပန်းပွင့်လေးတွေ ရောင်းပါတယ်။ အသ
အနုပညာမြတ်နိုးသူများအတွက် သီးသန့်ရောင်းချင်ပါတ
လတ်ဆတ်ဆဲ အသည်းတစ်ခုကိုတော့ အချစ်နဲ့သာ ချိန်
ပြီး ရောင်းဖို့ရှိပါတယ် ဆိုတဲ့အကြောင်း ရေးဖွဲ့ထာ
သီချင်းလေးတွေပါ ...

"ကိုယ်ပိုင်သံစဉ် ကိုယ်ပိုင်စာသား၊ တို့စီးရီးစ်အ
စုထားတာတွေ၊ သက်ထား နားထောင်ဝေဖန်ပေးဖို့ပါ"

စကားပြောနှင့် စ,ထားပြီးမှ ဂီတာတစ်လက်
နှင့် သူ ဆိုထားသော သီချင်းရှစ်ပုဒ်တိတိပါသည်။ တူရိယာပ
မစုံမလင်သည်မို့ မမြိုင်ဆိုင်သလိုတော့ရှိသည်။ သို့ပေမယ့် နောင
အသံကို အတီးမှိန်မှိန်လေးသာ ပံ့ကူထားပုံက နားထောင်ရ
ဆန်းနေ၏။



ရင်ထဲပိုလို့ ခွဲငြီဖို့ ဖြစ်ရသည်။ သီချင်းတွေအား
ခြီ အဓိပ္ပာယ်ဖွင့်ရလျှင် နောင်ရိုး ပြောထားသည့် စကာ
အဓိပ္ပာယ်ပေါ်၏။ တစ်ပုဒ်ချင်း စီးကျတော့ အဓိပ္ပာယ်မတူပါ။
အချို့သီချင်းတွေက ချစ်သူ၏လှရက်လွန်းပုံကို ညွှန်းသည်။

အချို့သီချင်းက အချစ်မှာ သတ္တိနည်းစွာ မ
နေကြောင်း စသည်ဖြင့် တစ်မျိုးစီ ဖွဲ့နွဲ့ထားသည်။ နောက်ဆုံး
သီချင်းမှာတော့ သစ်ခွခိုင်တစ်ခက်ကို ရောင်းမိချိန်က ခံစားရသည့်
ဒနာကို ရေးဖွဲ့ထား၏။ ပန်းပွင့်လေးတွေက စုစည်းစွာ အ
ခိုင်အဖြစ် တွယ်တာနေကြသည်ကို ဥယျာဉ်မှူးက စာနာခြင်း
ကင်းစွာ တစ်ပွင့်စီ ခြွေဖဲ့ရောင်းပစ်ခဲ့ကြောင်း၊ ပန်းကလေးများ
တစ်ပွင့်နှင့်တစ်ပွင့် တစ်နေရာစီ ခြားနားဝေးကွာသွားရကြောင်း၊
ကို့လေးတွေ၏ သံယောဇဉ်ကြိုးများကို ဝေးဂုဏ်ခြင်းဖြင့် ပြတ်
တောက်စေခဲ့သလို ဖြစ်ရကြောင်း၊ ရက်စက်သူ ဥယျာဉ်မှူးအဖြစ်
လိုက်ခြင် ခံရမှာထက် ပန်းကလေးများ ကိန္နရီကိန္နရာ
ချင်းချားသလို ငိုကြွေးကြမှာလားဟု စာနာစိတ်ဖြင့် မျက်ရည်
ပေါက်ပေါက် ကျခဲ့ရသည့် ဥယျာဉ်မှူးတစ်ယောက်ပါဟု ရေးစပ်
ထားလေ၏။

နောင်ရိုး အသံက ချိုသြအေးရှသည့် အမျိုးအစား
ဤသံစဉ် ဤစာသားတွေနှင့် လိုက်ဖက်စွာ နားထောင်လို့
ကောင်းလှပါ၏။ နောင်ရိုးသီချင်းသံသည် သက်ထား၏ရင်ထဲသို့
သူစိတ်တိုးတိုက်၍ဝင်၏။

... ကြင်နာသူကို ညှာတာချင်တယ် ...၊ အရှုံးနဲ့ဘဝ
မခေါ်ရက်ဘူး ... လိုနေတဲ့ဘဝထဲ ကွက်လပ်များ ပြည့်ပါ
ရစေဦး ...

www.burmeseclassic.com

www.burmeseclassic.com



နောင်ရီး ကိုယ်တိုင် အနားမှာကပ်လျက် တိုးရှိုင်းစွာ ငုံ့ပြောနေသလား ထင်မိသည်။ နောင်ရီးရယ် ... သက်ထား အသည်းကြွေအောင် တစ်စစီ ခြွေချနေတာလား။

"သက်ထားကို ချစ်တယ်"ဟု ပွင့်လင်းစွာ မဆိုပဲ၊ သူ့အချစ်ကို သွယ်ဝိုက်စွာ ဖော်ပြနေတာ၊ သက်ထား သက်မဲ့စက်ရုပ်မို့ မခံစားတတ်ဘဲ နေနိုင်မှာတဲ့လား။

ခါတိုင်း သက်ထား ဘုရားရှိခိုးလျှင် ဆုတောင်း အများကြီးနှင့် နိဂုံးချုပ်တတ်သည်။ ဖေဖေနှင့် မေမေ ကျန်းမာ စာမေးပွဲအောင်ဖို့၊ ဘယ်တော့မှ စိတ်ရောကိုယ်ပါ မဆင်းရဲစေ အများကြီးမှ တကယ့်ကို အများကြီး။ သက်ထားက ဆုတောင်း ရတာ ဝါသနာပါသည်။

စင်စစ် ညစဉ် ဘုရားရှိခိုးဖြစ်အောင် မေမေ ဆုတောင်းခိုင်းသည့်နည်းဖြင့် စည်းရုံးခဲ့ခြင်းဆိုတာ၊ ငယ်ငယ်တုန်း ကတော့ သက်ထား နားမလည်ခဲ့ပါ။

သက်ထား လေး၊ ငါးနှစ်သမီးမှစကာ ညစဉ် ဘုရား ရှိခိုးကျင့်ကို မေမေပဲ ကျင့်ပေးခဲ့တာပါ။

"ဗိုက်နာတယ် မေမေ"ဟု ပြောလျှင် မေမေ ဘယ်လိုဖြစ်လဲ ဘာညာမေးကာ ဆေးတိုက်၊ ပရုတ်ဆီလူး၊ သင့်တာတွေ လုပ်ပေးပြီး ...

"ညကျ ဘုရားရှိခိုးရင် ဗိုက်နာပျောက်ပါစေ ဆုတောင်းနော် သမီးလေး"ဟု ပြောတတ်၏။

"မနက်ဖြန် စာမေးပွဲရှိတယ် မေမေ"ဟု ပြော လည်း "စာကျက်ပြီးရင် ဘုရားရှိခိုးတော့ စာမေးပွဲမှာ ဂုဏ်



ဖွတ် ရပါစေလို့ ဆုတောင်းနော်"ဟု ပြောတတ်ပြန်၏။ ဘာပဲဖြစ် ဖြစ် ဘုရားရှိခိုးပြီး ဆုတောင်းခိုင်းသည်ချည်း။

ငယ်ငယ်ကတည်းက ဆုတောင်းလျှင် ပြည့်သည်ဆို သည့် အစွဲအလမ်းရသွားကာ၊ ဆုမျိုးစုံ တောင်းချင်တာနှင့်ပင် ညစဉ် ဘုရားရှိခိုးကျင့် ရခဲ့သည်။ သက်ထား အရွယ်လေးရလာ တော့ မေမေက ဘုရားရှိခိုးကျင့်ကို စွဲမြဲစေဖို့ လေ့ကျင့်ပေးတာ မှန်း နားလည်လာခဲ့ပေမယ့် ဆုတောင်းသည့် အလေ့ကလည်း စွဲမြဲနေပြီ။ သက်ထားလောက် ဆုတောင်းတွေ တစ်သီကြီးတောင်း တတ်သူတောင် ရှိမှရှိပါ့မလား ထင်ရသည်။

ဒီတစ်ညတော့ သက်ထား ဆုတစ်ခုတည်းကိုပဲ တောင်းမိသည်။

"နောင်ရီး ကျန်းမာပါစေ"ဆိုသည့်ဆု။

"နောင်ရီးတွင် ကျရောက်ကပ်ငြိနေသည့် ရောဂါဝေဒနာ များ ပိန်းကြာဖက်တွင် ရေမတင် လျှောကျသကဲ့သို့ ပျောက်ကင်း ချမ်းငြိမ်းပါစေဘုရား"

သက်ထားအတွက် တောင်းခဲ့သည့် ဆုတွေအားလုံး ကိုတောင် မတောင်းဖြစ်ဘဲ နောင်ရီး တစ်ယောက်တည်းအတွက် သာ တောင်းမိ၏။ နောင်ရီးကို သက်ထားကိုယ်သက်ထားထက် တောင် ပိုပြီးသံယောဇဉ် ဖြစ်နေမိပြီးလား။

"ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်တယ်"ဆိုသည့် သူ ကတာတွေ ပြောလေ့ရှိသော ကြားဖူးနားဝ စကားက တကယ်ပဲ ဖြစ်နေပြီ ထင်ပါရဲ့ နောင်ရီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ နောင်ရိုးက လာရောက်ရောနှော စကား ပြောနေကျင့် ဘယ်တုန်းကမျှ မရှိခဲ့ပါ။ သို့ပေမဲ့ ... တစ်နေ့ တစ် နေ့မှာ နှစ်ခါ သုံးခါတော့ သက်ထား နားသို့ လှစ်ခနဲ လှစ်ခနဲ ရောက်ရောက်လာတတ်သည်။

သူ့မျက်နှာတည်တည်က နှုတ်ခမ်းကို တင်းတင်းစေ့ ဆဲပေမယ့် မျက်ဝန်းလေးတွေချည်း ချိုရီစွာ ပြုံးပြသွားတတ်တာ နေ့တိုင်းပါပဲ။

အဲဒီလို မတွေ့ရတာ ငါးရက်တိတိရှိပြီ၊ နောင်ရိုး ကျောင်းမတက်နိုင်သေးဘူး။ သိပ်များဖျားနေသလား။ ဆေးရုံတွေ ဘာတွေပဲ တင်လိုက်ရလေသလား။ အရေးထဲကျကာမှ သီဟကို လည်း လုံးဝမတွေ့ရ။

တစ်နေ့ထက်တစ်နေ့ စိုးရိမ်ပူပန်စိတ်ဖြင့် သက်ထား ဘယ်လိုမှ နေလို့မရအောင် ဖြစ်လာရသည်။ နောင်ရိုးနှင့်မတွေ့ ရသည့်တိုင် သီဟနှင့်တွေ့ရကာ "နောင်ရိုး နေကောင်းသွားပြီ" ဆိုသည့် သတင်းလေး ကြားရလျှင်တောင် ဖြေသာ၏။ ကျောင်း ရောက်လျှင် နောင်ရိုးသော်လည်းကောင်း၊ သီဟသော်လည်းကောင်း တွေ့လိုတွေ့ငြား ရှာ၏။ ဤသို့ မျက်ဝန်းလေး ဝင့်ကာ ဝင့်ကာ ရှာနေမိတာကိုလည်း နွေးတို့ကို ဖွင့်မပြောချင်။ လိုက်ရှာရအောင် ဟာလည်း ပွင့်ပွင့်ပြောမထွက်။



"စာကြည့်တိုက်သွားမယ်"၊ "မုန့်စားမယ်"၊ "ညောင်း ညယ်ဟာ၊ ဟိုနားဒီနား လမ်းလျှောက်မယ်"၊ "အင်းလျားထဲသွား ... ဘူးသီးကြော်စားမယ်"၊ "ကွန်ဗိုနောက်မှာ အာပူလျှာပူသွား ... ဘက်မယ်" ... အကြောင်းအမျိုးမျိုးပြကာ သက်ထား လမ်းများ ... ခဲ့ပေမယ့် နောင်ရိုးရော သီဟကိုပါ လုံးဝမတွေ့။

သက်ထား ဘယ်လိုခံနိုင်ရည်မျိုးနဲ့ ဥပေက္ခာပြုနိုင် ... တော့မှာလဲ။

ရင်ထဲမှာ ကျွမ်းနေအောင်ပူ၏။ မုန့်စားသွားဖို့ ... က်ထားက စ,ပြောတာပေမယ့်၊ တကယ်တမ်း မုန့်ဆိုင်ထိုင် ... တော့ သက်ထား မျိုလို့မကျချေ။

ရင်ထဲမှာ ပူလှပြီ နောင်ရိုးရယ်။

"သက်ထား ... နင် ခုတလော လမ်းများသလောက် နှုတ် ဆိတ်လွန်းတယ်၊ ဘယ်လိုဖြစ်နေလဲ"

နွေး ရိပ်မိတာကို ရှက်သွားမိပေမယ့် အရှက်ပြေဖုံးဖိ ... ကြိုးစား၍ မရနိုင်လောက်အောင် စိတ်ပူနေသည်။

"အေးလေ ... မျက်နှာကလည်း စွပ်ပြုတ် လုပ်ထားတဲ့ ဘဲ ခေါင်းလို သွေးမရှိဘူး"

သက်ထား မျက်စိမျက်နှာ ပျက်နေတာကိုလည်း ... ပြင်နိုင်ခဲ့။ နောင်ရိုး အကြောင်း မကြားရတာ ငါးရက်တိတိရှိ ... ပြီ။

"ဘာလဲ ... နောင်ရိုးကို သွားကြည့်ချင်ရင်လည်းပြော၊ ရှက်တာနဲ့ ကျိတ်မြိုထားရင် နင်ပါ လူနာဖြစ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



နွေးက ဘွင်းဘွင်းကြီး ပြောချမှ မျက်ရည်က
ခနဲ ဝိုင်းသည်။ ငိုချင်ရက် လက်တို့ဆိုသလိုပါပဲ။ စို့ချင် ဝဲချင်
သည့် မျက်ရည်စတို့က ဖုံးဖိသွပ်သိပ်ခဲ့ရသမျှ လွတ်လပ်ခွင့်ရသ
သလို ပါးပြင်ပေါ်သို့ စီးကျလာတော့သည်။

“အာ ... ဘာလို့ ငိုတာလဲကွာ၊ နင် သွားချင်ရင် ငါ
လည်းလိုက်မှာပေါ့”

ကြွေဥက အစောကြီးကတည်းက သတင်းမေး
ချင်နေသည်။

“သက်ထားက မဖြစ်နိုင်မှန်းသိလို့ ဖွတ်တင်း
ကွယ်နေရတာ၊ နင်က မသိလိုက် မသိဘာသာနေစမ်း”ဟု နွေး
က ကျိတ်မှာန်ထားသည်မို့ မြှုနေခဲ့ရတာ။ ခုတော့ သက်ထား
အဖြစ်ကို အမြော်အမြင်ကြီးစွာ ပိတ်ဆီးကာကွယ်ချင်သည့် နွေး
ကိုယ်တိုင် မကြည့်ရက်တော့ပါ။

“သူငယ်ချင်း နေမကောင်းလို့ စိတ်ပူလို့ သတင်း
လူနာကြည့် သွားတာလောက်တော့ အရေးမကြီးပါဘူး”

တိုက်တွန်းရခက်၊ တားဆီးရခက်၊ ဥပေက္ခာ
လည်း ခက်လှသည်မို့၊ နွေးက စည်းကလေးတစ်ခု တားပြီး
တိုက်တွန်းမှုမျိုးနှင့် ချင့်ချင့်ချိန်ချိန် ပြောသည်။ နွေးတို့တစ်ဖွဲ့
သက်ထားကို သနားလှပါပြီ။ နောင်ရိုးအကြောင်း သက်ထား
သမျှ သိထားကြသည်။ သက်ထား နားထောင်ရသည့် သီချင်း
ကိုလည်း နားထောင်ပြီးကြပြီ။ နောင်ရိုးကိုလည်း သနားသည်
သက်ထားကိုလည်း သနားသည်။ မဖွင့်ဟပါပဲ အချစ်ကြီးချစ်နေ



သူ့နှစ်ယောက်အတွက် ကြေကွဲဖွယ်ဇာတ်လမ်းဆိုလျှင် ကူညီတည်ဆောက်မပေးချင်ကြပါ။ သက်ထား မျက်ရည်ပေါက်ပေါက်ကျသည်အထိ ခံစားရတာကို တွေ့ရတော့လည်း မတားဆီးရက်ကြတော့ပါ။

“နင် သွားချင်လား သက်ထား”

သက်ထား မသွားသင့်ဘူး။ တစ်နေ့ ဖြတ်တောက်ရမယ့် သံယောဇဉ်ကို မရစ်မပတ်သင့်ဘူးဟူ၍ နားလည်ပါလျက် ခေါင်းကို ဖြည်းဖြည်းညိတ်ဖြစ်၏။

သိပ်ကို သိပ်ကို ခက်နေရပါပြီ နောင်ရိုးရယ်။

“နင် လိုက်လာတာတွေ့ရင်တော့ သူ အရမ်းအားတက်သွားမှာပဲ၊ မလိုက်လျှောနိုင်ဘဲ မျှော်လင့်ချက်ပေးသလိုဖြစ်မလားဟာ”

ဝေစည်တောင် စိတ်မညစ်စဖူး ညစ်လာသည်။

“ဘာပဲဖြစ်ဖြစ်ဟာ”ဆိုသည့် စကားလုံးဖြင့် မိုက်မိုက်မဲမဲ မြှောက်ပေးချင်စိတ်တောင်ပေါက်သည်။ ဤဆန္ဒကိုပဲ ပြန်ထိန်းနေရသည်။ သက်ထားလို အချစ်ကို ထိန်းနေရသည့် ကာယကံရှင်ဆိုလျှင် ဘယ်လိုနေရှာမလဲ။

“သူ သိပ်များ အနေဆိုးနေသလားလို့ ရင်ထဲမှာပူပြီး အိပ်မပျော်တာ ငါးရက်ရှိပြီ”

သက်ထား မျက်ရည်စကိုသိမ်းရင်း မမျိုသိပ်နိုင်စွာ ပွင့်အံကျလေ၏။

“အေ ဟာ ... သိဟာကလည်း သတင်းလေး ဘာလေး မပို့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"သူပါ ပျောက်နေလို့ ပိုစိတ်ပူတာ၊ ဆေးရုံတွေ ဘာတွေ တင်ရတဲ့အထိများ ဖြစ်သလား မသိဘူး"

"ဒီလောက်လည်း မပူပါနဲ့ကွာ၊ ငါ့အိမ်ကကားကို ဖုန်းဆက်ခေါ်လိုက်မယ်"

ဝေစည့်ကို မျက်လွှာလေးတစ်ချက် ပင့်ကြည့်ဖြစ်လိုက်၏။ ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်။



## အခန်း(၈)

"ဟောဗျ ... ကြွေဥကြီးတို့ အုပ်စု"

ခြံတံခါး လာဖွင့်ပေးသူက သီဟ။

"နောင်ရိုး ... ဘယ့်နှယ်နေသေးလဲ"

သက်ထား ကားပေါ်မှ ခေါင်းလေးထွက်ကာ အလျင်လိုပဲ မေးဖြစ်တော့သည်။ ခြံတံခါးပွင့်သွားပြီး ကားမောင်းဝင်သွားတော့ သီဟက ခြံဝမှာ ကျန်ရစ်သည်မို့ မဖြေလိုက်ရဘဲ ခပ်သွက်သွက်လေး လိုက်လာသည်။

"နောင်ရိုး နေကောင်းလားလို့ လာကြည့်တာ"

သက်ထားက နောက်ထပ် အမေးစကား မဆိုနိုင်တော့လောက်အောင် ငေးကြောင်ကြောင်လေး ဖြစ်နေသည်မို့ နွေးက ကားပေါ်မှ ဆင်းဆင်းချင်းမေးသည်။ ကြွေဥက အေးစက်နေသည့် သက်ထား လက်ဖျားလေးများကို လှမ်းဆုပ်၏။

"သက်သာပါပြီ"

"ဖြစ်မှ ဖြစ်ရလေဟာ၊ သက်သာတာကို ဘာလို့လာမမေးဘူး... တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သက်သာပါပြီ ဆိုမှ ဝေစည်က ဒေါသထွက်တော့
သည်။

"သက်သာတာ လာပြောဖို့လိုလား၊ ပိုဆိုးပြီ သေတော့မယ် ဆိုမှ အသက်မီချင် အမြန်လာဆိုပြီး ပြေးခေါ်ဖို့ရှိတာ"

သီဟ မျက်နှာ ရွှင်ရွှင်လန်းလန်းမို့ သက်ထား ရင်ထဲ ပူရှိန်နည်းနည်းလျော့ပေမယ့် နောင်ရိုးကို မတွေ့ရမချင်း ရင်ထဲမဖြောင့်နိုင်။ နောင်ရိုးနှင့် ပတ်သက်ကာ ဤမျှနက်ရှိုင်းစွာ ခံစားရလေ၊ ရင်ထဲမှာ နာကျင်ရလေပါပဲ။

"သူ ဘယ်မှာလဲဟင်"

မေးခွန်းမှာ အသံလေး တုန်သွားရ၏။ သက်ထား မျက်နှာ နွမ်းဖတ်မှုန်မှိုင်းနေသည်ကို သီဟ ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ငိုလာခဲ့ပုံရတာကို အကဲခတ်မိသည်။ သက်ထားထံမှ ဤအခြေအနေကို လွန်ခဲ့သည့် နှစ်ရက်လောက်ကသာ တွေ့ရလျှင် သီဟ နောင်ရိုး ကိုယ်စား ကျွမ်းတောင်လိုမ့်ထိုးပစ်မိမလားမသိ။

ခုတော့ သီဟ ဝမ်းသာဖို့ ဝန်လေးနေရတော့သည်။

"ရှိတယ် ... အေးအေးကြည် နားမှာ"

"ဟင်"

သက်ထား၏ လှမ်းဆဲခြေတို့ တုံ့ခနဲ ရပ်သွားရသည်။ နွေးတို့ တစ်ဖွဲ့လုံးလည်း မျက်စိမျက်နှာ ပျက်ကုန်၏။

"ဘယ်သူလဲ အေးအေးကြည် ဆိုတာ"

"သူ့အမျိုး"

"ဩော်"

"လာ"



သီဟ ဦးဆောင်ခေါ်သွားရာနောက်သို့ ခြေလှမ်းအကျဲကျဲနှင့် အမီလိုက်သူက သက်ထားဖြစ်လေ၏။ ကြွေဥက ဆုပ်ကိုင်ထားရင်းက အေးရာမှ နွေးလာသည့် သက်ထားလက်ဖျားလေးတွေကို သတိထားမိသည်။

သက်ထား ရင်ထဲမှာ ဖြာပြေးနေသည့် ခံစားမှုလှိုင်းတွေက အရှိန်အဟုန် ပြင်းလှပါဘိ။

"နောင်ရိုး ... မင်းကို သတင်းမေးလာတယ်ကွ"

သီဟအသံကြောင့် နောင်ရိုး ဝုန်းခနဲ ခုန်ထလိုက်ပြီ စိတ်ကမြောက်တက်သွားပြီးမှ ပြန်ကျရတော့သည်။ သတင်းမေးလာတယ်ဟုသာ ဆိုပေမယ့် "သက်ထား"ပါလာမယ်ဆိုတာ မပြောဘဲ သိနှင့်သည်။ မကြည့်ဘဲ မြင်နှင့်သည်။

"စိတ်ပူလိုက်ရတာ နောင်ရိုးရယ်"

သက်ထား အသံတုန်တုန်လေးနှင့် ပြောရင်း သိသိသာသာ ပိန်ကျသွားသည့် နောင်ရိုး၏ ဖြူဖပ်ဖြူရော် မျက်နှာကြောင့် ရင်ထဲ နုံးကျသွားရသည်အထိ သနားမိလိုက်လေ၏။

နောင်ရိုးက ပက်လက်ကုလားထိုင်လေးနှင့် ထိုင်နေသည်။ ဘေးနားမှာ ခုံမရှိသည်မို့ သက်ထားတို့ မတ်တတ်ရပ်နေရသည်။

"အဖျား ပျောက်သွားပလား၊ နွေးတို့က စိတ်ပူလို့"

"ဒီနေ့မှ ဆန်ပြုတ်စသောက်ရတာ"

နောင်ရိုး မျက်နှာက သွေးဆုတ်နေ၏။

သည်အထိ လိုက်လာခဲ့ရသလား သက်ထားရယ်။ သံယောဇဉ်ကို ဘာဖြစ်လို့ ပြရတာလဲ သက်ထားရယ်ဟု မချိတင်

www.burmeseclassic.com

www.burmeseclassic.com



ကဲ ပြောချင်လှပါသည်။ သက်ထားကို ပြုံးပြနိုင်ဖို့ ခွန်အားလုံးဝမရှိ။ သက်ထား၏ တွယ်တာမှုကို သိလိုက်ရသည်မို့ ဆို့တက်လာသည့် ဝမ်းသာလုံး၊ ဝုန်းခနဲ ကြွေသွားရတာကို ကိုယ့်ဘာသာပဲသိပါ၏။ မချိတဲ့နှလုံးကို အပြုံးနဲ့ဖုံးမနေချင်တော့ဘူး သက်ထားရယ်ဟု ပွင့်လင်းစွာ ပြောခွင့်ရှိလျှင် ခံစားချက် လျော့ပေမလား။

နောင်ရိုး မျက်နှာပျက်လေလေ သက်ထား စိတ်မှုလေလေပါပဲ။ နောင်ရိုး ရုပ်ရည်ကလေး ငါးနှစ်စာလောက်များ အိုကျသွားသလား ထင်ရသည်။ နောင်ရိုး နဖူးပြင်ကို လက်ဝါးလေးတင်၍ စမ်းကြည့်ချင်မိသည်။ လက်မောင်းတစ်လျှောက် ဆုပ်နယ်ကာ အားပေးချင်မိသည်။ မဖြီးမသင်ဘဲ ဘုတ်သိုက်ကြီးကျနေသည့် ဆံပင်တွေကြားမှာ လက်ငါးချောင်း ထိုးထည့်ကာ ရှင်းပေးချင်မိသည်။

သို့ပေမဲ့ ...

သက်ထား ထိန်းသိမ်းစရာ၊ ငဲ့ကွက်စရာတွေကရင်ထဲ မချိမဆံ့ များပြားလွန်းလှပါ၏။ မဖြစ်နိုင်ပါဘဲ မျှော်လင့်ချက်ပေးသလို အကြင်နာ တစ်စွယ်တစ်စကို ပြမနေတော့ပါဘူး။ ဒါပေမဲ့ နောင်ရိုး သိမှာပါ။

ဖွင့်ပြောသည့်အဆင့်သို့ မ ရောက်သေးပါဘဲ နားလည်နေကြသူနှစ်ဦးကို ကြွေဥက တစ်လှည့်စီကြည့်သည်။ နှစ်ယောက်လုံး သနားစရာ ေ ကာင်းလှပါဘိ။

"ထိုင်ကြဗျာ၊ အိမ်ပေါ်ခေါ်ပြီး ညှော်ခံချင်ပါတယ်၊ ရှုပ်ပွပြီးခြေချစရာမ ရှိဘူး၊ အဆင်ပ သင့်ရင် မြွေခွဲ့ကင်းမလက်မဲတွေ့နိုင်တဲ့အထိပဲ"



သီဟက ခွေးခြေပုလေး လေးလုံးကို တစ်ဖက်နှစ်လုံးစီစုကိုင်၍ လာချပေးသည်မို့ ထိုင်ကြရသည်။

"ဆင်မအောင်းရင် တော်သေးတာပေါ့"

နွေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငိုတော့မလို ဖြစ်နေကြသည့် သက်ထားနှင့် နောင်ရိုးတို့ အခြေအနေကို ထိန်းသည့်အနေနှင့် ရယ်စရာ ဝင်ပြောသည်။

"သီဟကြီး ဘာကျွေးမှာလဲ"

"ရမယ် ... ကော်ဖီမှုန့်တွေ၊ နို့ဆီတွေ ဝယ်ထားတယ်၊ ဒီကောင်ဖျားလို့၊ ရေနွေးလည်း အဆင်သင့်ပဲ၊ ခါတိုင်းတော့ သောက်ချင်ရင် လက်ဖက်ရည်ဆိုင် ပြေးကြတာ၊ ချိုင့်ရှိတယ်၊ ပန်းကန်ကတော့ နှစ်လုံးပဲ၊ နှစ်ယောက်သောက်ပြီးမှ နောက်နှစ်ယောက်သောက်၊ လုမနေနဲ့၊ ကျားဗိုလ်ဆွဲချင်လည် ဆွဲထားကြ၊ ဒီကောင် သွားဖျော်မယ်"

"အလကားပြောတာပါ၊ နေပါစေ"

"ဟာ ... အားမနာနဲ့၊ ဆွေလိုမျိုးလို သဘောထား"

"သြော် ... ဆွေမျိုးဆိုလို့ နောင်ရိုး အမျိုး အေးအေးကြည်ရော"

ကြွေဥက ဟိုသည် လှည့်ပတ်ကြည့်သည်။ သီဟက အော်ရယ်၏။

"နောင်ရိုး နေမကောင်းလို့ ဆွေမျိုးတွေ ရောက်နေသလားလို့"

"မရောက်ပါဘူး"

"အေ အေးကြည် ... ဆို"

www.burmeseclassic.com



သက်ထားက စကားမပြောဘဲ နှောင်ရိုးကိုပဲ ငေးကြည့်နေ၏။ နှောင်ရိုး မျက်နှာကို နောက်တစ်ခါမြင်လျှင် မမှတ်မိမှာစိုးသည့်မို့ အရကျက်နေသလား ထင်ရအောင်ပင် စုငေးနေသည်။ နှောင်ရိုးက မျက်နှာကို ခပ်လွှဲလွှဲထားရာမှပြုံးသည်။ အပြုံးက ခွန်အားမရှိ။

"အေးအေးကြည် ဆိုတာ ဒီရေတွင်းကို ခေါ်တာ"

မလှမ်းမကမ်းမှ ရေတွင်းကို သီဟက လက်ညှိုးထိုးပြကာရယ်၏။

"ကြံကြံဖန်ဖန် ရေတွင်းနာမည်က အေးအေးကြည်ရယ်လို့"

နွေးက စိတ်တိုတိုနှင့် ဆွဲဆိတ်မိတော့မတတ်။ မိန်းမသားနှင့် ယောကျာ်းသား ဖြစ်နေလို့သာ မဆိတ်ဘဲ နေရသည်။ သီဟ ရွှတ်ပျက်သမျှ တဖြန်းဖြန်း ရိုက်ချချင်နေတော့သည်။

"ဒီဘက်မှာ ဂျိုးဖြူပိုက်လိုင်း မရှိဘူး။ အဝီစိတွင်း တူးရတယ်၊ ဒါပေမဲ့ မကောင်းဘူး၊ အရောင်လည်း မကြည်ဘူး၊ သံဓာတ်ပါလို့ သောက်လို့လည်း မရဘူး၊ မော်တာနဲ့စုတ်ပြီး သစ်ပင်ရေလောင်းဖို့ပဲ အသုံးဝင်တယ် ...

"တစ်ခါတလေ ကျူ(ပ်)ဝဲလ် (အဝီစိတွင်း) မကောင်းပေမယ့်၊ ဆားဖေ့စ်ဝဲလ်(ရေတွင်း)ခ် .ျင် ကောင်းတတ်တယ်၊ အဲဒါနဲ့ ဒီရေတွင်းလေး တူးလိုက်တာ ...

"ရေက အေးလည်းအေးတယ်၊ ကြည်လည်းကြည်တယ်၊ သောက်လို့လည်း ရတယ်၊ အဲဒါကြောင့် သူ့နာမည် အေးအေးကြည်"

"စောစောကတော့ အမျိုးဆို"



"ဆွေမျိုးပေါ့၊ ဒီရေတွင်းလေးရှိလို့ သောက်ရေရတာ၊ ဆွေမျိုးထက်ပောင် အကူအညီရသေးတယ်၊ ဆွေမျိုးတွေက သောက်ရေကို ဘယ်သူ တကူးတက လာပို့လို့လဲ"

"တော်ပါ၊ အဲဒီလူကြီးကို ပေါက်တတ်ကရ ပြောတယ်"

"ထာ တော့ ... ကော်ဖီ သောက်ချင်စိတ် တကယ်မရှိတာလား၊ ရှိရင်လည်းပြော"

"စေတနာကလည်း စပရင်ကျနေတာပဲ၊ သောက်ကြမလားဟော့"

"တစ်ယောက် နှစ်ခွက်နှုန်းနဲ့ ရှစ်ခွက်ဖျော်ခဲ့ ... သွား"

နွေးက မျက်စောင်းထိုး၍ပြောတော့ သီဟက ပခုံးတွန့်ပြသည်။

"ဒုတိယကွန့်ရကပ်က ပွေကွေ ဒီခြံထဲ ရောက်လာတယ်"

ပြောပြောပြေးပြေး သွားမှပဲ၊ နှောင်ရိုးကို သတင်းအားခွင့် ရကြတော့သည်။

"သီဟလည်း ကျောင်းမလာတော့ နွေးတို့က အရမ်းစိတ်ပူတာ"

"တိုက်ဖွိုက် ဖြစ်သွားမှာစိုးလို့ လစ်ကွစ်ဒိုင်းယက်(Liquid Diet အရေသောက်)နဲ့ လေးရက် နေရတယ်၊ သီဟက စိတ်မချလို့ စောင့်နေပေးတာ"

"မြို့ထဲအိမ် မပြန်ဘူးလား"

"ကျွန်တော်ဖျားတာ မေမေ မသိစေချင်လို့"

"ပြန်ဖို့ကောင်းတယ်၊ သိပ်ဆိုးသွားရင် ဘယ့်နှယ်လုပ်မလဲ"

"မေမေက နှလုံးသမားလေ၊ ကျွန်တော်က မသေနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နောင်ရိုးတို့ သားအမိက အရမ်းချစ်တယ်ထ
တယ်"

"မေမေက ကျန်းမာရေးမကောင်းတော့ ညှာရတာပါ"

"အဖေကရော ကျန်းမာလား"

"အခုရှိတာ ကျွန်တော့်ပထွေးပါ။ ဒါပေမဲ့ ကျွန်တော်က
အဖေလို့ပဲ ခေါ်ပါတယ်"

"ရှင်"

နွေးက အားနာသွားရပုံနှင့် ဘာဆက်ပြောရမှန်းမသိ
ဖြစ်သွားရသည်။

"ကျန်းမာပါတယ်၊ ပထွေးပေမယ့် ဦးလေးသားချင်းထ
ကောင်းရှာပါတယ်၊ ကျွန်တော့်အဖေက ကျွန်တော်မမွေး
ခင်ကတည်းက ဆုံးပါတယ်"

"ဩော်"

"ဒီတော့ ... မေမေက ကျွန်တော့်ကိုပုံပြီး ချစ်ရှာတာပါ"

"မောင်နှမတွေ မရှိဘူးဆို၊ သိဟလား မသိဘူး၊ ပြောဖူး
တယ် ထင်တယ်"

"မရှိပါဘူး၊ ပထွေးမှာ သမီးတစ်ယောက် ပါပါတယ်
မောင်နှမ ဆိုပါတော့၊ သွေးမစပ်ဘူးပေါ့၊ သူက မေမေတို့နဲ့
တူတူနေပါတယ်"

"ဆရာဝန်ပြလားဟင်"

သက်ထားထံမှ ဝါကျလေးတစ်ကြောင်း ထွက်လာ
သည်။



"ပြပါတယ်၊ သောက်ဆေးလည်း ပေးတယ်၊ ဆေးလည်း
ထိုးတယ်"

"ဒရစ်ပ်တွေ ဘာတွေ မသွင်းဘူးလား"

"လိုမယ် မထင်ပါဘူး"

"အရမ်းဖြူဖျော့နေလို့"

"ထမင်းစားနိုင်ရင် အားပြည့်မှာပါ"

"ခု အဖျားရှိသေးလား"

"မနေ့က စ,ကျလို့ ဒီနေ့ ဆန်ပြုတ်ရေကျဲ စ,သောက်ရတာ"

"ဂရုစိုက်နော်၊ အစားလည်း မမှားစေနဲ့၊ ရေချိုးလည်းမစော
နဲ့"

နောင်ရိုး ခေါင်းညိတ်သည်။

ပူပူပန်ပန် ပြောနေပုံက လူကြီးသူမလေးလိုပါပဲ။

"နားဦးပေါ့၊ ခြံကိစ္စ လုပ်သေးလား"

"သိဟ ဦးလေး လုပ်တယ်"

"စာအုပ်တွေ ပေးချင်ပေးလိုက်ပါလား၊ နောင်ရိုးအတန်း
ထဲက သူငယ်ချင်းတွေဆီ သွားတောင်းပြီး သက်ထား
ကူးပေးထားမယ်"

"နေပစေ၊ ကျောင်းပြန်တက်မှ ကူးလို့ဖြစ်ပါတယ်"

နောင်ရိုးနှင့် သက်ထားတို့ စကားပြောနေကြတော့
နွေးတို့အုပ်စု အလိုလို ပါးစပ်တွေ ပိတ်ကုန်တော့သည်။

"မိုးရေထဲ အိပ်ပျော်တယ်ဆို"

"မအိပ်ပါဘူး၊ မိုးထဲမှာ နေချင်လို့"

"နောင်ရိုးက တေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါ လူမိုက်လုပ်ရတာ စိတ်ချမ်းသာတယ်"

"ထင်ရာမစိုင်းနဲ့ပေါ့"

"ထိန်းရတာတွေ များလို့"

နောင်ရိုး လွတ်ခနဲ ပြောမိပြီးမှ မပြောမိရင် ကောင်းသားဟု တွေးမိတော့သည်။

"သူများတွေလည်း ဒီလိုပါပဲ"

သက်ထား ငေးငေးလေး ပြောသည်။

တစ်ယောက်နဲ့တစ်ယောက် အကြင်နာတွေပိုနေပြီပုံကို နွေး မကြည့်ရက်နိုင်အောင် ခံစားမိတော့သည်။

နောင်ရိုး သက်ထားကိုချစ်နေတာ သက်ထားသိသည်။ သက်ထားလည်း ပြန်ချစ်နေ၏။ သက်ထား ပြန်ချစ်နေတာကို နောင်ရိုး သိမှန်းကို သက်ထားအနေနှင့်လည်း ပြန်သိနေ၏။

သူတို့နှစ်ဦး အချစ်ချင်း ညီနေသည်။ ဖွင့်ဟမပြောဖြစ်ကြ။ နောင်ရိုးနှင့် သက်ထား အကြားမှာ ပါးပါးကြည်ကြည် အကာအရံလေးတစ်ခု ပိတ်ဆီးနေ၏။ ထိုးခွဲထွင်းဖောက်ဖို့လည်း မကြိုးစားဘဲ ထိန်းချုပ်မျိုသိပ်နေကြသည်။

သူငယ်ချင်းတွေအနေနှင့်တောင် မကြည့်ရက်ပြီး ကာယကံရှင်တွေ ရင်ထဲမှာ ဘယ်လောက်စူးရှ နာကျင်နေမလဲဆိုတာ နွေးတွေးကြည့်နိုင်ပါ၏။ သက်ထားမှာကျတော့ မေမေ့ကိုပြန်ငဲ့စရာတွေ ရှိသည်။ နောင်ရိုးကျတော့ သူ့သီချင်းစာသားထဲမှာပါသလို လစ်ဟာနေသည့် ကွက်လပ်ကလေးကို ပြည့်ချင်နေတာလားမသိ။ နောင်ရိုး မျိုသိပ်ရင်း ဖုံးဖိရင်း တစ်စွန်းတစ်စ ဖွင့်ဟရင်းနှင့် ခက်ခဲပင်ပန်းရှာပါလိမ့်မည်။



သီဟက ကော်ဖီချိုင့်ကြီးနှင့် ရောက်လာသည်။ ဧည့်ကားပေါ်မှ ယာဉ်မောင်းဦးလေးကြီးထံသို့ တစ်ခွက်သွားပို့၏။

"ကျားဗိုလ်ဆွဲပြီးကြပလား"

"တော်တော်လေးမှ လက်ရာညံ့ရဲ့လား"

"နွေးကြီးအတွက် စပယ်ရှယ် ဖျော်လာတာ"

နွေးက မျက်စောင်းထိုးသည်။

"စပယ်ရှယ်ဆိုတော့ နို့ဆီ ပိုထည့်လာတာလား၊ ရေပိုထည့်လာတာလား"

"ဖွန်းနဲ့ ဆယ်ချက် ပိုခေါက်လာတာ"

ဝေစည်က အရင်ဆုံး ငုံ့သောက်ကာ ရှုံ့မဲ့သွားသည်။

"ကော်ဖီမှုန့်က နိုင်ဂျီးရီးယားက ဝယ်လာတာလား"

"ဘာဖြစ်လို့လဲ"

"မည်းလွန်းလို့"

"စိတ်ချ ... မီးသွေးမှုန့် မပါဘူး၊ မည်းမည်းမှောင်မှောင် အားပေးသွားကြ၊ မကုန်ရင် သွန်ပစ်နေရမယ်"

"သီဟလက်ရာ သောက်နေရတဲ့ နောင်ရိုးကို သနားလိုက်ပါရဲ့"

အစဉ်လိုက် ထိုင်နေသည့်အတိုင်း သောက်ကြသည်။ ဝေစည်ပြီးတော့ သက်ထား သောက်သည်။ ထူးထူးထွေထွေ မပြောဘဲ မော့ချ၏။ ရေနွေးမလောက်သည်မို့ ရေအေးတွေများ ရောလာခဲ့သေးသလားမသိ။ သီဟ ကော်ဖီက ခပ်အေးအေးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ထားပြီးတော့ နွေး။ နွေးပြီးမှ ကြွေဥ နောက်ဆုံးအလှည့်ကျသည်။ ရှေ့ပိုင်း သောက်သူတွေတောင် ခါးလှမည်းလှပြီဆိုတော့ အနှစ်ထိုင် အနယ်ကျ နောက်ဆုံးသောက်ရမည့် ကြွေဥက ရှုံ့မဲ့နေသည်။

"မသောက်လို့ မရဘူးလား"

"ဘယ်ရလိမ့်မလဲ"

"သီဟ သောက်လိုက်ပါလား"

"မသိရင် မှတ်ထား၊ ကော်ဖီဆိုတာ မိန်းမတွေနဲ့ လူမမာပဲ သောက်တာ၊ ကျန်းမာတဲ့ယောကျ်ားတွေက လက်ဖက်ရည် ကြိုက်တယ်"

ကြွေဥက သူ့အတွက် ပန်းကန်ထဲ ငှဲ့ချသည်။

"ဟောတော့"

"ဘာပါလာလဲ၊ ကင်းမြီးကောက်လား"

"နို့ဆီတွေ"

နို့ဆီတွေက မပျော်ဘဲ ချိုင့်အောက်ခြေမှာ ကော်ဖီနှစ်တွေနှင့် မရောတချို့ ရောတချို့ ဖြစ်နေသည်။

"ဇိမ်ပဲ၊ ခါးပေမယ့် ဆိမ့်တယ်"

အားလုံးထဲမှာ ကြွေဥ အရသာ အရှိဆုံး ဖြစ်သွားရတော့သည်။

"နောင်ရိုး ဘယ်တော့ ကျောင်းပြန်တက်မလဲ"

နွေးက ပြန်ဖို့ထရပ်သည်။

"ထမင်းစားနိုင်မှ ပြန်တက်တော့မယ်၊ နောက်ထပ် သုံး၊ လေးရက်ပေါ့"



ကြွေဥတို့ပါ ပြန်ဖို့ပြင်ကြ၏။ နောင်ရိုးက ဂျာကင်ကို ဆွဲတပ်ကာ ကားနားထိပို့ဖို့ ထရပ်သည်။

"ထိုင်နေလေ၊ မှုးမော်လဲဦးမယ်"

သက်ထားက စိုးရိမ်ပူပန်မှုကို မဖုံးဖိနိုင်။

"ရပါတယ်၊ ဩော် … သီဟ ပန်းတွေ ခူးပေးလိုက်ပါဦး"

ဗင်ဒါတီအမ်အေ တစ်ယောက်တစ်ပွင့်စီ လက်ဆောင်ပေးပြီး၊ ရောင်းရင် တစ်ပွင့်ကို ခုနစ်ကျပ်ရတယ်ဟု နှမြောနေသည့် သီဟကို ရယ်ရပြန်သည်။

"သွားမယ်"ဟု နှုတ်ဆက်ကြသည်။ အလာတုန်းက သက်ထား ရှေ့ဆုံးက ဖြစ်ပါလျက် အပြန်ကျတော့ သက်ထား နောက်ဆုံးမှာ ဖြစ်နေတော့သည်။

နောင်ရိုး နားမှာ ဖေးကူနေပေးချင်စိတ်က ရင်ထဲမှာ ပြင်းထန်လှပါ၏။ သို့ပေမယ့် မသင့်လျော်ဘူး မဟုတ်လား။ နောင်ရိုးကို ချန်ခဲ့ရမှာ ဘယ်လိုမှ စိတ်မချနိုင်ပုံနှင့် သက်ထားခြေလှမ်းတို့က မရွေ့မလျား ရပ်နေ၏။ နောင်ရိုးကို ငေးစိုက်ကြည့်အပုံက နောင်ကို နှစ်ပေါင်းများစွာ တွေ့ခွင့်မရတော့ဘဲ ခွဲခွာကြရသည့်သူများသဖွယ်။ ဤနေရာမှ ခြေတစ်လှမ်း လှမ်းရုံဖြင့် သည်းကြွေ၍ ကျန်ခဲ့တော့မလောက်ကို မခွဲနိုင် မခွာရက် ဖြစ်နေ၏။

နောင်ရိုးကို သက်ထား အဲဒီလောက်ထိ ချစ်နေမိပါတယ် နောင်ရိုးရယ်။

www.burmeseclassic.com

www.burmeseclassic.com



လှုချင်း တွေ့ဆုံရင်းနှီးရသည့်အကြိမ်က မများဆေ မယ့် ရင်ထဲ တစ်စ တစ်စ တွယ်ငြိလာခဲ့ကြရတာက လေးနှစ်ကျော် ခဲ့ပြီ မဟုတ်လား။

နွေးတို့ စရှားတော့ ကျုံကုန်မှာစိုးသည်မို့ ဘေးနားမှ မခွာ စောင့်နေပေးခဲ့တာပါပဲ။ သို့ပေမဲ့ သက်ထား ပြန်ခါနီးမှာ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း စူးနစ်လျက် စကားမ မပြောနိုင်ကြဘဲ မခွဲနိုင် ဖြစ်နေသူနှစ်ဦးကို မကြည့်ရက်တော့သည် နှင့် နွေး အရင်ဆုံး ထွက်လာခဲ့တော့သည်။ ကြွေဥနှင့် ဝေစည်တို့ လည်း မျက်နှာလွှဲလျက် ထွက်သွားကြလေ၏။

သက်ထားဟု ရင်ပွင့်သံပြင့် ခေါ်ပစ်လိုက်ချင်စိတ် ကို နောင်ရိုး ကြိတ်မှိတ်မျိုသိပ်နေရ၏။ လွန်ခဲ့သည့် လေးနှစ်ကျော် ကျော် အစ်ကိုလေးခြံမှာ တွေ့ခဲ့ရကတည်းက ရင်ထဲထိုးခွဲ ဝင် ရောက်ခဲ့သည့် သက်ထားလေးကို ပြန်မြင်သည်။

အဲသည်ကတည်းက စချစ်ခဲ့ရတာလေ။

စကားလည်း မပြောဖြစ်၊ နှုတ်ဆက်ဖို့လည်း ဝန် လေး၊ ခဏတာ ခွဲခွာဖို့ကိုတောင် ကြေကွဲလျက် အကြည့်ချင်းသာ အပြန်အလှန် စူးနစ်နေကြသည်။

တစ်ဦးမျက်ဝန်းမှ ပြောနေသည့် စကားတွေကို ကျန်တစ်ဦးက ကြားနေရသယောင်။ တစ်ယောက် နှလုံးသားကို တစ်ယောက်က ထွင်းဖောက်မြင်သိနေကြ၏။

မိန်းမသားမို့ သက်ထားကပဲ မျက်လွှာစချသည်။

"နေကောင်းအောင်နေနော်"



တိုးတိုးရှိုင်းရှိုင်း ငုံ့ပြောသည့် အကြင်နာစကားက နောင်ရိုး ရင်ထဲသို့ ခုန်ဝင်၏။ အရှိန်အဟုန် ကြီးမားသည့်အတွယ် အတာ လှိုင်းတွေက ပိတ်ဆီးတွယ်တာမှုများကို ချိုးဖျက်၏။ အနိုင်နိုင် ထိန်းထားသည့် အတားအဆီး ပါးပါးကြည်ကြည်လေး ဆွတ်ခနဲ ကွဲသည်။

"သက်ထားကို ချစ်တယ်"

လွင့်ခနဲ ကျလာသည့် မျက်ရည်တစ်စက်နှင့်အတူ သက်ထား ချာခနဲလှည့်၍ ပြေးထွက်သွားသည်။ နောင်ရိုးက တက်လက်ကုလားထိုင်ပေါ် ရုပ်သေးကြိုးပြတ် ထိုင်ချသည်။ သက် ထားတို့ကားက မောင်းထွက်၏။

နောင်ရိုး ကာလရှည်ကြာစွာ ထိန်းချုပ်ခဲ့ရသမျှ ရှင့်လွှတ်လိုက်တော့သည်။

"သက်ထားကို ချစ်တယ်"

မကြားနိုင်တော့ပေမယ့် ထပ်ပြောဖြစ်သည်။

"ချစ်တယ် သက်ထားရယ်၊ သိပ်ကိုချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

နေကလည်း မြင့်လာပြီ။ ပူသည့်ဒေသသို့လည်း ရောက်စပြုပြီ။ ရှုခင်းကလည်း ပြောင်းခဲ့ပြီ။ ထန်းပင်တွေ ထနောင်းပင်တွေ စမြင်ရကတည်းက မီးရထားစီး ခရီးသည်တွေ၏ မျက်နှာများက နွမ်းနယ်ငိုက်မျဉ်းစပြုသည်။

"ငါ့ရင်ထဲ တုဒိတ်ဒိတ်နဲ့ တစ်မျိုးကြီးပဲကွ"ဟု စိတ်ပါတက်ကြွစွာ ပြောခဲ့သည့် သီဟတောင် မျက်ကြောစင်းချင်နေပြီ။ နောင်ရိုးမှာတော့ ...

ဤခရီးကို စထွက်လာကတည်းက မျက်စိပျက် မျက်နှာပျက် နွမ်းဖတ်ညှိုးမှိန်ပြီးသားမို့ နောက်ထပ် မှိုင်းမှုန်စရာ လက်ကျန်မရှိတော့သလောက်ပေမယ့် အိပ်ချင်ငိုက်ချင်စိတ် ကင်းနေသည်။

နောင်ရိုး နေမကောင်း၍ ခြံထဲထိတိုင် သတင်းမေးလာကြသည့်နေ့က ပေါက်ကွဲစွာ ဖွင့်ဟလိုက်မိတာကို နောင်တမရချင်ပါ။

"ဒါ အခွင့်အရေး ပေးတာပဲကွ"



သီဟက ရယ်စရာပြောနေပေမယ့်လည်း မရယ်ဖြစ်ခဲ့။

"အစကလည်း မျက်နှာထားက ရှုတည်၊ ထပ်ပြီး ရှုံ့မဲ့လိုက်သေး ... ဆိုတော့ မင်းအသံကြိုက်တဲ့ ပရိသတ်တွေ မင်းရုပ်မြင်ရင် လန့်ပြေးမှာပဲ၊ ပင်ကို ရုပ်ချောလေး ခုသာ ခံသာ နေဆလို့"ဟု သီဟက ပြောမဲ့သေးသည်။

"မင်း ... ကြာကြာနေရင် အရယ်ကို မေ့သွားလိမ့်မယ်၊ နည်းနည်းပါးပါးကျင့်ဦး"ဟုလည်း သတိပေးခဲ့၏။

အရယ်ကို တကယ်ပဲ မေ့လျော့နေပါပြီ။ အရယ် မျက်နှာကို မှန်ထဲမှာ ပြန်ရှာရလျှင်တောင် ကာလယန္တရားစက်ဖြင့် ဆယ်စုတစ်ခုလောက် နောက်ဆုတ်ရှာရမည် ထင်သည်။

နောင်ရိုး နေကောင်း၍ ကျောင်းတက်နိုင်ချိန်မှာ ...စံအတိုင်း လာကော့စ်တေးလ် စပို့ရှပ်နက်ပြာလေး ဝတ်သွား ...သည်။ သက်ထားတို့ ရှိတတ်သည့်နေရာမှာ ရစ်ဝဲ ရစ်ဝဲ လုပ် ...သည်။ သက်ထားထံမှအဖြေကို ကြားချင်တာက ရင်နှင့်အပြည့် ...နှပါ။ ကြားရမှာ ကြောက်နေပုံကလည်း တစ်ကိုယ်လုံးရှိ ...သွေးအသား အားလုံးဆီမှပါပဲ။

ငြင်းလိုက်မှာလား သက်ထားရယ်။

စိုးရွံ့ပူပန်စွာ နောင်ရိုး လတ်လျားလတ်လျား လုပ်ပြ ...သည်။ သက်သားတို့အဖွဲ့ကို တွေ့ပါ၏။ ခါတိုင်းဆို နောင်ရိုးက ...တွေ့နည်းပါးစွာ သွားရောက်နှုတ်မဆက်ဖြစ်သည့်တိုင် ခပ်ရှုံ့မဲ့ ...မ်းမှ မသိမသာ ပြုံးပြခဲ့သည်။ သက်ထားဘံမှ နှုတ်ဆက်ပြုံးလေး ...လည်း လက်ခံရရှိခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ...

မျက်ဝန်းချင်း အဆုံမှာ သက်ထား မျက်နှာလွှဲသွားသည်။ သက်ထား မျက်နှာလေး ညှိုးမှိုင်းမှုန်အစ်နေရှာ၏။ တစ်ခွဲလုံးလည်း မျက်နှာမကောင်းကြ။ နောင်ရိုးကို လိုလိုချင်ချင်နှုတ်ဆက်ကြမည့် ပုံပန်းမပေါ်။ အားလုံးက မသိချင် မမြင်ချင်ယောင်ဆောင်ကာ လမ်းလွှဲသွားကြသည်။

နောင်ရိုး ဘယ်မှာ အဖြေတောင်းသွားရပါတော့မည်နည်း။

နှစ်ပတ်လောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အပြီးမှာ ကျောင်းပိတ်သည်။ အဝေးမှ ငေးခွင့်ပါ ကွယ်ပျောက်လျက် နောင်ရိုးဘဝမှာ နေမသာ လမလင်းသည့်နှယ် ဖြစ်ခဲ့ရလေ၏။

✿ ❤ ✿

"ပုပ္ပား ...

မင်း အသက်နှစ်ဆယ်ကို မင်းအစ်ကို အစ်မတွေထုံးစံအတိုင်း ဘွားဆီမှာလာပြည့်၊ ဘွားစေ့စပ်ပေးတဲ့သူကို လက်ခံမယ်ဆိုရင် မင်းတို့မိသားစုကို မေတ္တာရှေ့ဥစ္စာပါကျန်တဲ့ သားသမီး၊ မြေးတွေအတိုင်း ပြန်လည်ခံစားခွင့်ပေးမယ်။

မင်း ဆန္ဒရှိရင် လာခဲ့နိုင်တယ်၊ ဆန္ဒမရှိရင်လည်း မလာဘဲ နေနိုင်တယ်။ လာမယ်ဆိုရင်တော့ နှစ်ဆယ်ပြည့်တဲ့နေ့ မတိုင်ခင် အမီလာခဲ့ဖို့ပဲ။

ဒေါ်အိမ်သူ"



ဤစာလေး တစ်စောင်ကြောင့် မန္တလေးခရီးသို့ သူငယ်ချင်းနှစ်ယောက် ထွက်ခွာလာခဲ့ရသည်။ ရန်ကုန်မှာပဲနေနေ၊ မန္တလေးပဲရောက်ရောက်၊ နောင်ရိုး ရင်ထဲမှာ သက်ထားက သာဝရ ရှိနေတာပါပဲ သက်ထားရယ်။

✿ ❤ ✿

ရှေးမြန်မာတို့၏ အနုပညာလက်ရာများ ပေါင်းစုအညီရှိနေသော နေရာကို "ဒေါ်အိမ်သူ၏အိမ်"ဟု ခေါ်ပါသည်ဟူ၍ ပြောရမလောက်ပါပဲ။

ဟိုကြည့် ဒီမော့နှင့် သီဟ ပါးစပ်ပြိုနေ၏။ ခြံဝင်းကြီးက ရှစ်ပေတိတိမြင့်သည့် အုတ်ရိုးနီနီကြီး၊ အုတ်ရိုးကြီးက ပြောင်ပိန်းမဟုတ်ဘဲ ဆယ်ပေအကွာလောက်မှာ အုတ်တိုင်ထူထူတစ်ခုပါသည်မို့ အုတ်ရိုးကြီးက ဆယ်ပေကျယ်အခန်းကန့်တွေလို ဖြစ်နေ၏။

အခန်းကန့် အုတ်တိုင်တိုင်းပေါ်မှာ ကျောက်သားထဲ ...ကပ်ထားသည့် မီးအိမ်တွေပါ၏။

ခြံကြီးက ဘယ်လောက် ကျယ်ထားသလဲ ဆိုတာကို ...င် မခန့်မှန်း တတ်ချေ။ ခြံကျယ်ကြီးထဲမှာကျတော့ ယနေ့ခေတ် ...တိုက်ပုံစံ ဆန်းဆန်းလှလှ၊ ဟိုင်းဟိုင်းမတ်မတ်တွေ၊ ငွေပေါ ...ချင် ပေါသလို ဆောက်လုပ်နေကြပါလျက် ဒေါ်အိမ်သူ၏အိမ်က ...ဝနေသည့် သစ်သားအိမ်မည်းမည်း မြင့်မြင့်မားမားကြီး။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီးကိုဗဟိုထား၍ ပတ်ပတ်လည်မှာ အဆော
ပြိုင်တွေ ချထားသည်။ အဆောင်တိုင်းအတွက် သီးသန့်အမိုးမျ
နှင့်မို့ အဝေးမှကြည့်လျှင် အိမ်ကြီး၏ခေါင်မိုးမှာ ဟိုနေရာချွန်လို
ဒီနေရာချွန်လိုက်နှင့် အချွန်တွေ အတက်တွေ ထွက်နေသ
ထည်ဝါခန့်ညားလှပါ၏။

"ဟော့ကောင် … ခေါင်မိုးအနားကပ် ကနုတ်ပန်းဆွဲတွေ
ငါတို့ခြံထဲက ဒင်ဒရိဘီယမ် အခိုင်တွေထက်တောင်
သေးဟယ်ကွ … နော"

နောင်ရိုးက မှုန်အစ်အစ်မျက်နှာဖြင့် ခေါင်းညိ
ပြ၏။

"ဒီလောက် ပိုက်ဆံချမ်းသာတာ တိုက်တော့မဆော
သစ်သားအိမ်ကြီးကို ငွေကုန်ခံထားလိုက်တာကွာ"

သည်တစ်ခွန်းတော့ သီဟက ရှုံ့မဲ့ပြောသည်။
မှ အိမ်ကြီးဆီသို့ လျှောက်လှမ်းဝင်ရာ လမ်းတစ်လျှောက်ကလ
ချိုးကျူးအံ့သြလို့ မကုန်နိုင်ချေ။ ပန်းမျိုးစုံက သူ့နေရာ သူ
အကွက်ကျ၍ လှပလွန်းနေသည်။ ရှိသမျှ ပန်းပင်တွေ အကုန်
နေ၏။

"ပန်းတွေ အကုန်ပွင့်နေဖို့အ[illegible] အမြဲတမ်း ပြောင်း
နေလို့ ဖြစ်ရမ[illegible]၊ မာလီ ဘ[illegible]နှယောက်များ ထားရ
ကွာ"

ပန်း [illegible]သနာအိုးမှ သီဟက ပန်းပင်တွေကို အ
ကြည့်ချင်နေသည်။



"နွေမှာပွင့်တဲ့ ပန်းတွေကို ဆောင်းလောက်ကတည်းက
အိုးနဲ့ပျိုးထား၊ နွေရောက်တော့ ပွင့်တဲ့အိုးတွေထုတ်၊ မိုးမှာ
ပွင့်မယ့်ပန်းတွေပျိုး။ မိုးရောက်တော့ ပွင့်တဲ့ပန်းတွေထုတ်၊
ဆောင်းမှာပွင့်မယ့်ပန်းတွေ ပြန်ပျိုး၊ ဒီလိုနဲ့ တစ်နှစ်လုံး
ခြံထဲမှာ ပန်းမပြတ်အောင်[illegible]ပ်တာ ဖြစ်ရမယ်"

ပန်းတွေတော်တော်များများက ရောမ့အိုးကြီးတွေ
နှင့်မို့ အစဉ်အမြဲ ရွှေ့နေနိုင်အောင် စီမံထားတာ သေချာ၏။
ရာသီမရွေးပွင့်သည့် ပန်းမျိုးကိုသာ မြေကြီးထဲ ချစိုက်ထားတာ
တွေ့ရသည်။

သူငယ်ချင်းနှစ်ယောက်ကို ဦးဆောင်ခေါ်လာသူ
နောက်မှာ သီဟက ပါးစပ်ဟပြီပြီ၊ နောင်ရိုးက မှုန်ကုပ်ကုပ်နှင့်
လိုက်ပါလာခဲ့ကြတော့သည်။

❀ ❤ ❀

တကယ့် ရှေးဟောင်းမြန်မာ့အမွေအနှစ်များ စုစည်း
ခေါင်းဆုံရာ ပြတိုက်ကြီးထဲ ရောက်လာရတာထက် ပို၍မြန်မာ
ဆန်ကျေးမှုသာရုပ် ပေါ်သေး၏။

လှေကားတွေမှာ ပွတ်လုံးကြီးတွေ၊ လက်ရန်းက
ဒါးကြီးတစ်ကောင် ဆန့်ရန့်နေပုံ၊ လှေကားရင်းကျတော့ နဂါး
ဦးခေါင်းကြီးက အမောက်ထောင်နေပုံ၊ ကုလားထိုင်အားလုံး ပန်း
နုတ်တွေဖြင့် ထုကြီး ထည်ကြီး မြန်မာ့ပန်းပုပညာပြခန်းကြီး
သား ထင်မှတ်မှားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြဦးနော်၊ မယ်မယ့်ကို အကြောင်းကြားလိုက်ဦးမယ်"

နောင်ရိုးနှင့် သီဟတို့ မွေးရှည်ကော်ဇောမွမွကြီးပေါ်မှာ ခြေစုံရပ်လျက် ကုလားထိုင်တွေပေါ် သွားမထိုင်ရဲလောက်အောင် မတ်မတ်ကြီးတွေ ကျန်ရစ်ခဲ့ရတော့သည်။

ဒေါ်အိမ်သူ ဆင်းလာခဲ့ပါပြီ။

နဂါးရုပ် လက်ရန်းကြီးပေါ် လက်တင်၍ လှေကားကို တစ်ထစ်ချင်း ဆင်းလာသူ အမျိုးသမီးကြီး ဒေါ်အိမ်သူ ဦးထိပ်နားသို့ အတော်ကြီးရောက်သည့် ဆံထုံးပုံ့ပုံ့ကြီး၊ ခုခေတ်မှာ ဘယ်က ဘယ်လို ရှာဖွေဝတ်နိုင်သည် မသိသော ပဒုမ္မာအင်္ကျီ လက်ဖျားရော ခါးပါပွပွကြီးနှင့် အထက်ဆင်အပြားကြီးကြီး စုရတီလုံချည်က ခြေဖျားကိုဖုံးနေ၏။ ဆင်းလာဟန်က ရွှေ့သည် ဆိုရုံလေး။

နောင်ရိုးက ဖျတ်ခနဲကြည့်ကာ ရွှေ့ရှားဟန်အတွက် ပျင်းရိငြီးငွေ့နေ၏။ တစ်မိနစ်လောက်နှင့် ပြီးရမည့်ကိစ္စကို ...
မိနစ်လောက် အချိန်ဖြုန်းနေတာကို စိတ်မရှည်ချင်။ ချမ်းသာကြွယ်ဝ လွန်းလို့သာပဲ။ ဒီပုံစံမျိုးနှင့်သာ တစ်ဝမ်းတစ်ခါး လုပ်ကိုင်စား လျှင် ဆယ်ရက်လောက်လုပ်မှ တစ်ရက်~ ;လာက် စားဖို့ရမည် တွေးကာ စိတ်ပျက်နေ၏။

"ပုပွား"

အသံ ၊ ဩဇာနှင့် ကြည့်စုံကာ တစ်ဖက်သား လွှမ်းမိုးချုပ်ကိုင်နိုင်လောက်သည့် ဩဩပေမယ့် ကြည်လင်ပြတ်သား သား၏။

"ဟုတ်ကဲ့ပါ ဘွား"



သီဟ မျက်နှာပေါ်မှ စပ်ဖြဲဖြဲ ရယ်ကျဲကျဲ အမူအရာ ... မျက်နှာဖုံးတစ်ခုကို ဆွဲချွတ်လိုက်သည့်နှယ် ရုတ်ခြည်းကွာကျ သည်။ သူပါရော၍ နေးကွေးလေးကန် သွားရသည့် ခြေလှမ်းတို ... ဒေါ်အိမ်သူ ရှေ့သို့ ရွေ့လျားသွားပုံကို နောင်ရိုး ကြည့်ကာ ... ယ်ချင်စိတ်တောင် ပေါက်မိသည်။ နောင်ရိုးသာဆို ဒီလိုပုံစံမျိုး ... ဘယ်လိုမှ လျှောက်လှမ်းတတ်မည် မဟုတ်ချေ။

သီဟက ခြေစုံရပ်နေသည့် ဒေါ်အိမ်သူရှေ့မှာ ဒူး ... ထောက်ချလိုက်သည်။ ခေါင်းကိုငုံ့ထား၏။ ဒေါ်အိမ်သူ၏ ကျက် ... ရောရှိလှသော မျက်နှာပြည့်ပြည့်ဝင်းဝင်းကြီးက ရုတ်တရက် ... ကျရှာ၏။

နှစ်ပေါင်းများစွာ ပစ်ပယ်ထားခဲ့သည့် မြေးကလေး ... ကို မွေးစဉ်က "ပုပွား"ဆိုသည့် နာမည်တစ်လုံး လှမ်းပေးလိုက် ... ကလွဲ၍ မြေးဟု အသိအမှတ်ပြုခြင်း လုံးဝကင်းခဲ့သည်။

အငယ်ဆုံးသမီးမိုက်ကို မတွေ့ရတာ ပုပွားတစ်သက် ... အောင်မျှ မကတော့ချေ။ ပုပွားကိုယ်ဝန်နှင့်ကတည်းက စွန့်ပစ် ... ခဲ့ကြတာလေ။

"ဘွား ကိုတွေ့တွေ့ချင်း ဒူးထောက် နှုတ်ဆက်ရမယ်လို့ အမိုက်မက သင်လွှတ်လိုက်သလား"

"ဟုတ်ကဲ့ပါ ဘွား"

"အင် ... ဒါ တစ်ခုတော့ မမေ့သေးပဲကိုး၊ ထ ... ထ၊ မင်းသူငယ်ချင်းကိုလည်း ခေါ်ချေ။ မင်းတို့နေဖို့ အခန်းတွေ ပြင်ပြီးသားရှိတယ်၊ ဟော်ဒီ ခင်မနောက် လိုက်သွား၊ အနားယူ သွားတော့"

www.burmeseclassic.com

အနှစ် နှစ်ဆယ်ခန့် ကင်းကွာနေခဲ့သည့် မြေးအ...
တွေ ဆုံခန်းက ဖက်လှဲတကင်း ကင်းစွာ အဟန့်အတည်တွေ...
ဖြစ်နေ၏။ နောင်ရိုး စိတ်ညစ်စိတ်ရှုပ်စွာ ဤအိမ်မှာ ဘယ်နှ...
နေနိုင်မလဲဟု တွေးနေမိသည်။

ခင်မ ဆိုသည့် မိန်းကလေးနောက်သို့ လိုက်ပါ...
ရပ်နေသည့် ဒေါ်အိမ်သူ ရှေ့ရောက်တော့ နောင်ရိုး လှစ်ခနဲ...
ချက်ကြည့်ပြီးမှ ခေါင်းငုံ့၍ ဖြတ်သွားသည်။ အဘွားကြီး မျက်...
များ ရီဝေစိုလက်နေ၏။ မျက်ရည်ဝဲနေတာပါလား။ မြေး...
သည့်ဇာနှင့် ဝမ်းနည်း ဝမ်းသာ မျက်ရည်ကျမိလျှင် မြေး...
စေချင်သည့် ဟန်ဆောင်မှုကို နောင်ရိုးက "မာန"ဟုဆိုချင်...
သို့ပေမဲ့ မျက်ရည်ဝဲသည် ဆိုကတည်းက သံယောဇဉ်ကို...
ထင်ရှားစေခဲ့ပါ၏။

✿ ❤ ✿

"ဟော့ကောင် ... ငါတော့ မနက်ဖြန် နေ့ကုန်အောင်မှ...
နိုင်ပါ့မလားပဲကွာ၊ အသက်ရှူရင်တောင် အသံမြည်မ...
လို့ ထိန်းရှူနေရတယ်"

ကိုယ့်အခန်းကိုယ် ရောက်ပြီးကြပြီးမှ နောင်ရိုး...
သီဟအခန်းဘက်သို့ ကူးလာခဲ့သည်။ သီဟက တစ်တောင်နီး...
ထူသည့် စပရင်မွေ့ရာ ရေမွှေးနံ့ တသင်းသင်းပေါ်သို့ သူ့...
ထောက် မသန့်မပြန့်ကြီးကို ရက်စက်စွာ တင်၍ထိုင်သည်။

"ငါ ပိုမရှုံရဲသေးတယ်"



"ဒီလောက် ကိန်းခန်းကြီးမယ်မှန်း မသိလို့ ငါလိုက်လာတာ"

"ရှားတယ်ကွာ ... အုံရော၊ အိမ်ဖော်ကောင်မလေးတွေ အကုန်လုံး ဆံပင်ရှည်နဲ့ တစ်ပတ်လျှို ထုံးထားရတယ်။ ခုခေတ်မှာ ဒီဆံပင်ရှည်တွေ ဘယ်ကလိုက်ရှာထားတယ် မသိဘူး ... အုံရော"

"ကောင်မလေးတွေ စကားပြောပုံက လေသံလေးနဲ့၊ အသက်သား တွေ့တော့မှာစို့ ပုန်းလျှိုးကွယ်လျှိုး ပြောနေရသလိုပဲကွ ငါတော့ မကြားပါဘူးကွာ"

"အင် ... ငါ့အသံပြဲကြီးနဲ့ အော်ရယ်တတ်ပုံနဲ့တော့ ခက်ပြီ"

ပြောပြီး သီဟက ကျိတ်ရယ်ရှာ၏။ နောင်ရိုး ...မျက်နှာကတော့ ရှုံ့မဲ့တွန့်ကြေနေတော့သည်။

"မင်းနဖူးကြောကြီးကလည်း ရှုံ့ထားလိုက်တာ၊ အသက် ခုနစ်ဆယ်ကျော် အဘွားကြီးက မျက်နှာမှာအရေးအကြောင်း မရှိဘူး"

"အေ ကွာ ... အုံရော၊ အသက်မှန်းပါဆိုရင် အလွန်ဆုံး ငါးဆယ်ပဲ"

"အသားကလည်း ဖြူဝင်းပြီး စိုနေတာပဲ။ ဆံပင်နက်မှောင်နေတာကတော့ ဆိုးထားတာ ဖြစ်နိုင်တယ်"

"ပါးလည်း မပိန်ဘူးကွ၊ သွားမကျိုးသေးတာလား၊ အကုန်လုံး ကျိုးကုန်လို့ ခွေလိုက် ပြန်စိုက်ထားတာလား မသိဘူး"

"မျက်လုံးအရောင်လည်း မမှိန်ဘူး၊ မျက်စိမမှုန်ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိ မမှန်ရင် သေချာတယ်၊ မျက်စိကို အသုံးမများ လို့ စာသိပ်မဖတ်လို့ပဲ၊ ဒါပေမဲ့ လက်နေတာက မျက်ရည် ကွ၊ မင်းကိုကြည့်ပြီး မျက်ရည်ဝဲနေတာ မင်း မမြင်စေချင် လို့ ခပ်မြန်မြန် နှင်လွှတ်တာ ဖြစ်ရမယ်"

"ပြောတတ်ဘူးကွာ၊ ဗိုက်ဆာပြီ၊ ဆာတဲ့အချိန်မှာ စားစရာ ရှိရဲ့လား မသိဘူး"

"မထင်ဘူး။ ခေါက်ဆွဲမှ စားရမှာပဲ"

"မင်း မဆာဘူးလား"

"မဆာဘူး၊ ငါက ဖျားပြီးကတည်းက စားချင်သောက်ချင် စိတ်မှ သိပ်မရှိတာ၊ မင်းနဲ့ ငါနဲ့ ခုလို အခန်းကူးပြီးစကား ပြောနေတာရော ကြိုက်ပါ့မလား"

"သေချာတယ်၊ ငါတို့ အပြောအဆို အနေအထိုင် အကျ အကြံတွေကို တစ်ခုမှ ကြိုက်မှာ မဟုတ်ဘူး"

"အသက်ရှုရတာတောင် မဝဘူး"

"ငါက ရှုဖို့တောင် မေ့နေတာ၊ သောက်ကျိုးနည်း ဟု ပါရဲ့"

သီဟက ပါးစပ်ကြီးဖြဲ၍ အသက်ကို တစ်ဝကြီး ပစ်လိုက်သည်။

"အသက်ရှုဖို့ မေ့နေတာနဲ့တင် သေနိုင်တယ်"

သီဟခမျာ သူ့ပါးစပ်ကိုပိတ်၍ ကျိတ်ရယ်ရ တော့သည်။

• ❤ •



ဒေါ်အိမ်သူက ရှေးဆန်သလောက် ခေတ်လည်းမီ၏။

ည ခုနစ်နာရီခွဲမှာ သူ့အိမ်ကြီး၏ အဆောင်ဆောင် အခန်းခန်းတွေ ပတ်လည်မှာ ထုတ်ထားသည့် စင်္ကြံကြီးတစ်ပတ် လမ်းလျှောက်၏။ စင်္ကြံတွေက တစ်ခုနှင့်တစ်ခု ဆက်နေသည်မို့ ပတ်လည်ဝရန်တာသဘော ဖြစ်နေသည်။

အိမ်ကြီးကို တစ်ပတ် ပတ်မိသည်အထိ လမ်းလျှောက် လိုက်လျှင် အခန်းတွေ အဆောင်တွေမှ တံခါးတွေအားလုံး ပိတ် ပြီးမှုပြီး စစ်ဆေးပြီးသားလည်းဖြစ်ကာ၊ ခြေညောင်း လက်ဆန့် လည်း တော်တော်ဖြစ်သွား၏။ ညနေငါးနာရီမှာ ထမင်းစားပြီး ကတည်းက ဘုရားခန်းထဲဝင် ဘုရားရှိခိုး ပုတီးစိပ် လုပ်ထားသည့် အညောင်းအညာတွေ ပြေလျော့ကုန်၏။

ရှစ်နာရီမှာ ဧည့်ခန်းသို့ပြန်လာကာ တီဗီကြည့်သည်။ တီဗီကို သတင်းမှလွဲ၍ ကြည့်လေ့မရှိ။ ယခုခေတ် အဆိုအကတွေ ဒေါ်အိမ်သူ့ နား မျက်စိထဲသို့ မဝင်ဆံ့။ သတင်းကိုတော့ ပြည် တွင်းရော ပြည်ပပါ နားထောင်ကြည့်ရှုသည်။ မြန်မာပြည်တွင် သာမက ယနေ့ ကမ္ဘာမှာ ဖြစ်ပျက်နေသမျှတွေ အားလုံး သူသိ ချင်၏။ မသိဘာလည်း မရှိသလောက်ပါပဲ။ မြန်မာစာ ရေးတတ် ဖတ်တတ်ပေမယ့် ကိုယ်တိုင်ဖတ်လေ့မရှိ။ ဒေါ်အိမ်သူ့ကို သတင်း စာဖတ်ပြရသည့် အမျိုးသမီးတစ်ဦး သပ်သပ်ထားသည်။ ဓမ္မပဒတို့ ဘာတို့ ဖတ်ချင်လျှင်လည်း ထိုအမျိုးသမီးကပဲ ဖတ်ပြ၊ ဒေါ်အိမ်သူ က မျက်စိမှိတ်၍ နားထောင်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမ်တို့ နယူးစ်ဝိခ်တို့ကျတော့ အင်္ဂလိပ်စာမတတ်သည်မို့ မဖတ်နိုင်လည်း အရေးမကြီးပါ။ သတင်းစာဖတ်ပြရသည့် အမျိုးသမီးက ဘွဲ့ရပြီးသားမို့ လခကောင်းကောင်းပေးကာ အင်္ဂလိပ်စာစောင်များကိုဖတ်ပြီး မြန်မာလို ပြန်ပြောပြနိုင်း၏။

အင်္ဂလိပ်စာ မတတ်ပေမယ့် တစ်ကမ္ဘာလုံးအကြောင်း ဒေါ်အိမ်သူ သိသည်။ စိတ်လည်းဝင်စားသည်။ ဆွေးနွေးမည့်သူရှိလျှင် ကမ္ဘာ့အရေးအခင်းတွေကို ဒေါ်အိမ်သူက ဆွေးနွေးပြောဆိုနိုင်၏။

တီဗီသတင်းပြီးဆုံးချိန်မှာ ဒေါ်အိမ်သူ အိပ်ရာဝင်၏။ အိပ်ရာနံပါသို့ လဲလျောင်းသည်နှင့် ဒေါ်အိမ်သူ ဘေးမှာအမြဲတပ်၍ လိုက်အပ်သမျှ ဆောင်ရွက်ပေးနေရသော ခင်မက တရားခွေကို ကက်ဆက်ထဲထည့်၍ ဖွင့်ပေးရသည်။

ဒေါ်အိမ်သူ တရားနာရင်း အိပ်ပျော်၏။ အိပ်ပျော်ကာ သေချာပြီဆိုသည့် အချိန်ကျတော့ ခင်မ ကက်ဆက်လာပိတ်ပေးသည်။ ဒီနေ့တော့ ဒေါ်အိမ်သူ တရားထဲမှာ စိတ်မဝင်စားနိုင်သလို အိပ်လို့လည်း မပျော်ချေ။

"ပိတ်လိုက်တော့ ခင်မ၊ ညည်းလည်း သွားအိပ်တော့"

ခင်မကို လွတ်လပ်ခွင့် ပေးလိုက်သလို၊ ကိုယ်တိုင်လည်း လွတ်လပ်စွာ နေချင်မိ၏။ တစ်ယောက်တည်းပါပဲ။ အထီးကျန်ဆိုသည့် စကားလုံးလှလှလေး၏ ခါးသီးသောဝေဒနာကို ဒေါ်အိမ်သူ ခံစားခဲ့ရတာ နှစ်ပေါင်းကြာလှပြီကော။

✿ ❤ ✿



ကိုအောင်ဇေယျတို့ကို မင်းမျိုးမင်းနွယ်လိုလို မှူးကြီးမတ်ကြီးလိုလို အနွယ်တော်ထဲကပဲဟု လူတွေက သတ်မှတ်ကြပေမယ့် သူတို့ကိုယ်တိုင်က လုံးဝဝန်မခံကြချေ။ မိဘနှင့်သားသမီး "ဘုရား" ထူးခြင်းလည်းမရှိ။ နာမည်တွေကကျတော့ အောင်ဇေယျ၊ ...င်းရဲကျော်စွာ၊ သီဟသူ၊ ရာဇာ ... စသည်ဖြင့် ထိပ်တန်းမှနာမည်တွေကို မှည့်ထားကြသည်။

"ကိုအောင်ဇေယျတို့က အနွယ်တော်ထဲကလား"

စပ်စပ်စုစု မအောင့်နိုင်စွာ မေးလာကြသူများကို "ရှင်လောင်းဘဝက ရွှေထီးဆောင်းဖူးတာ၊ ယောက်ျားလေးတိုင်းပါဗျာ၊ ဘာထူးတာမှတ်လို့" ဆိုသည့် ဝေ့လည်ကြောင်ပတ် အဖြေဆိုပဲ ပေးလေ့ရှိသည်။

သီပေါမင်း ပါတော်မူစဉ်က ထွက်ပြေးလွတ်မြောက်ကာ၊ မပါဘဲကျန်ခဲ့သည့် မင်းသားကြီးတစ်ပါးမှ ဆင်းသက်လာကြသူများဟု လူတွေက စိတ်ထင်နှင့်ပြောကြတာ၊ ဘယ်လောက်မှန်၍ ဘယ်လောက်မှားမှန်း မည်သူမျှ မသိကြချေ။ ထူးခြားတာက အဲဒီမိသားစုမှာ ရွှေသားအစစ်၊ ငွေအားအစစ်တို့ဖြင့် ပြုလုပ်ထားသော ပန်းကန်ခွက်ယောက် ဖလားကြီးငယ် အရွယ်အစားစားကွမ်းအစ် ကရား စသည်တို့ ရှိနေကြခြင်းပင်ဖြစ်၏။

ပိုက်ဆံထားစရာမရှိအောင် ချမ်းသာလျှင် ကိုယ့်ဘာသာ ပြုလုပ်ထားနိုင်သည်ပဲ။ သို့ပေမယ့် သာမန်လူတွေ ဒီလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သုံးစွဲလေ့မရှိတာလည်း အမှန်။ ရွှေထည် ငွေထည်ပစ္စည်း အဖိုးတန်များက ကိုအောင်ဇေယျတို့ အမျိုးကို မင်းမျိုးဟု သေချာစ ပံ့ပိုးနေသလို ဖြစ်ခဲ့ရသည်။

တစ်ခု ထူးခြားတာ ကျန်သေး၏။

ကိုအောင်ဇေယျတို့ မေမေဟုပဲ ခေါ်ကြသည့် မိခင် ကြီးက သားတွေ၏အိမ်ထောင်ရေးမှာ စည်းဘောင်လေးတစ်ခု ချထား ပေးခဲ့သည်။

"အသိဉာဏ်ရှိပြီး လိမ္မာရေးခြားရှိတဲ့ ဘယ်အမျိုးကောင်း သမီးလေးကိုမဆို သားတို့နှစ်သက်ရင် လက်ထပ်နိုင်တယ် လူမျိုး ဘာသာ တူဖို့ပဲ လိုတယ် ...

"ဒါပေမဲ့ ... မောင်ဖြိုးတို့ မောင်တိုးတို့ ညီကိုမောင် နှမတွေက ပေါက်ဖွားလာတဲ့ မိန်းကလေးတွေနဲ့တော့ မေမေ ဘယ်တော့မှ လက်ထပ်ခွင့်မပြုဘူး ...

"ဒီတစ်ခုပဲ ရှောင်"... တဲ့။

ကိုအောင်ဇေယျတို့မေမေ၏ မောင်ဖြိုး မောင်တိုး အခေါ်ခံရသူ ဦးဖြိုးနှင့် ဦးတိုးတို့က နယ်နယ်ရရလူတွေ မဟုတ် ချေ။ လူချမ်းသာစာရင်းဝင်တွေပါပဲ။ သူတို့ညီကိုမောင်နှမတွေ အားလုံး ကြေးရတတ် လူကုံထံတွေ။ သို့ပေမယ့် ကိုအောင်ဇေယျ တို့အမေကို ပျားပျားဝပ်အောင် ရိုသေခယသည်။

အနေအထိုင်လည်း နီးစပ်၏။ အိမ်မှာ အမြဲလို ဝင် ထွက်နေကာ လိုအပ်သမျှ ဖြည့်ဆည်း ကူညီနေကြသူတွေလည်း ဖြစ်သည်။ ကိုအောင်ဇေယျမိခင် နှုတ်မြွက်စကားတစ်ခွန်းကို ဦးလည်မသုန် ထမ်းရွက်၏။ ဒါကိုပဲ လူတွေက "ဟိုတုန်းကတည်း



က ကျေးတော်မျိုး ကျွန်တော်မျိုးတွေလေ၊ ဟိုက ကြည့်ရှုပေးကမ်း စောင်မထားလို့ သူဌေးစာရင်းဝင် ဖြစ်နေတာ" ဟု ဝေဖန်ပြောကြ ဆိုကြပြန်သည်။ အမှားအမှန်ကို အောင်ဇေယျတို့ မိသားစုကရော ဦးဖြိုး ဦးတိုး မိသားစုကပါ မည်သူကမျှ ဖြေရှင်းမနေကြ။

"ပဒေသရာဇ် ကေရာဇ်ခေတ်ကုန်လို့ မှိန်ဖျော့ပစ် လိုက်တာ၊ တော်တော့်သွေးနီးနေသေးတဲ့ အနွယ်တော်တွေ"... ဟု လူတိုင်း ပြောဆိုဖြစ်ကြလေ၏။

အမေ့စကားကို ကျန်သားတွေအားလုံးက နားထောင် သည်။ ဦးဖြိုး၊ ဦးတိုး မိသားစုမှ ပေါက်ဖွားသည့် မိန်းကလေး များကို နှမသားချင်းများနှယ် ခင်မင်ရင်းနှီးသည်။ ကိုအောင်ဇေယျ တစ်ယောက်သာ ဦးတိုး၏သမီး အငယ်ဆုံးမလေး "အိမ်သူ"ကို မခွဲနိုင် မခွာရက် စုံမက်မြတ်နိုးလေတော့သည်။

ညီအစ်ကိုတွေကတား၊ မိခင်ကြီးကတား၊ ဘယ်လိုပဲ တားတား အောင်ဇေယျ ခေါင်းမာ၏။ ဦးတိုးခမျာမှာလည်း ကိုအောင်ဇေယျမိခင် မျက်နှာကို မရဲတရဲကြည့်ကာ နေစရာတောင် မရှိ။

"မေမေ လိုက်တောင်းမပေးနိုင်ဘူး"

မေမေက တိကျပြတ်သားစွာ ဆို၏။

"ရပါတယ် မေမေ၊ ကျွန်တော်တို့ဘာသာပဲ လက်ထပ်ပါ့ မယ်"

"မောင်တိုးကရော ပေးစားရဲမယ် ထင်သလား"

မထင်ပါ၊ မေမေခွင့်မပြုလျှင် ထမင်းတောင် ဖြောင့် အောင်မစားရဲတာ အောင်ဇေယျ သိသည်။ အိမ်သူလေးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မခွဲနိုင်တော့ပြီမို့ မေမေရော ဦးတိုးပါ မသိအောင် ခိုးပြေးခဲ့တာ မန္တလေးမှသည် ရန်ကုန်ဆီအထိပါပဲ။

ထိုအချိန်မှစ၍ သားတွေ ချွေးမတွေနှင့် စည်းလုံးစွာနေခဲ့သည့် မန္တလေးမြို့ကြီးကို ကိုအောင်ဇေယျ မိခင်ရော သားချွေးမတွေပါ စွန့်ခွာသည်။ သူတို့အိမ်ကြီးကို ဈေးပေါပေါနှင့် ရောင်းပစ်ခဲ့၏။ ဦးတိုး၊ ဦးဖြိုး ဆွေမျိုးစုတွေလည်း စုပ်စမြုပ်စ ပျောက်သည်။

ရှမ်းပြည်နယ်ဘက် တက်သွားသလိုလို၊ ဆွေအုပ်မျိုးအုပ်ကြီး အုပ်စုလိုက် ပျောက်ကွယ်သွားသည်။ ရန်ကုန်မှာရှိနေသည့် အောင်ဇေယျထံ ရွှေထည် ငွေထည်နှင့် ရတနာတော်တော်များများလူကြုံနှင့် ရောက်လာ၏။

"ဆွေစာရင်း မျိုးစာရင်းက ပယ်ပေမယ့် ထိုက်သင့်တဲ့အမွေစုကို ပို့လိုက်တယ်"… ဆိုသည့် စကားလက်ဆောင်တစ်ခွန်း ပါလာ၏။ အဲဒီကတည်းကစကာ ကိုအောင်ဇေယျနှင့်အိမ်သူတို့ ဆွေပြတ်မျိုးပြတ် ပြတ်သွားကြတာ မည်သူ မည်သည့်အရပ်မှာ ကွယ်လွန်လို့လည်း သိခွင့်မရ။ ဦးအောင်ဇေယျ ကွယ်လွန်တော့လည်း မည်သူမျှ ရောက်မလာကြ။

စင်စစ် … ဦးအောင်ဇေယျ၏ ဥစ္စာစည်းစိမ် ဆိုပေမယ့် ဒေါ်အိမ်သူ၏ ကြိုးစားမှုဖြင့် အတိုင်းအဆများစွာ ပွားများလာခဲ့ရခြင်းပါ။ အမြော်အမြင်ကြီးမားသည့် ဒေါ်အိမ်သူက ရန်ကုန်တွင် လူနေကျဲပါးသေးသော နေရာတိုင်းမှာ မြေကွက်ပေါင်းများစွာ အနံ့လျှောက်ဝယ်သည်။ အိမ်တွေ တိုက်တွေဆောက်၊ ရောင်းတန်တာ ပြန်ရောင်း။



မြေဝယ် တိုက်ဆောက် ပြန်ရောင်းပြီး အမြတ်ကိုနှင့်နေအောင်ယူသော လုပ်ငန်းက ယနေ့ခေတ်ကျမှ ထွန်းကားလာသေမယ့် လွန်ခဲ့သည့် နှစ်ပေါင်းသုံးလေးဆယ်ကျော်ကတည်းက ဒေါ်အိမ်သူ စတင်ခဲ့သည်။ စိန်ရွှေရတနာဆိုတာ ထပ်စုဖို့မလိုလောက်အောင် ဦးအောင်ဇေယျဘက်မှ အစုလိုက် အပြုံလိုက်ထုကြီးထည်ကြီးတွေပါ ရလိုက်ပေမယ့် ဒေါ်အိမ်သူက ရောင့်ရဲနိုင်ခြင်းမရှိ။ ထပ်တလဲလဲစု၏။

"ညီမလေး … ပွဲစားလာတယ်၊ မြေတစ်ကွက် လိုက်ကြည့်မလားတဲ့"

ဦးအောင်ဇေယျက ကလေးဘဝတည်းက ခေါ်ခဲ့သည့် "ညီမလေး"အသုံးအနှုန်းကို သေသည်အထိ နှုတ်ဖျားမှမချ။ ညီမလေး တော်တာ ထက်တာကို အသိအမှတ်ပြုသည်။ ဘာပဲလုပ်လုပ် ညီမလေးကို ဦးစားပေးရာက ညီမလေးဦးဆောင်ဖြစ်သွားရ၏။

"အစ်ကို နားပါ၊ အစ်ကို နေပါ"

ဒေါ်အိမ်သူ့အဖို့ ဦးအောင်ဇေယျကို မျိုးရိုးနှင့်ချီ၍အစဉ်အဆက် ခေါင်းတော်ညိတ်၊ စိတ်တော်သိ ဘဝမှာ နေ့ခဲ့ရသူမို့ အစစ ဦးစားပေးသည်။ ဦးအောင်ဇေယျအတွက် ဆိုလျှင် ရေ့မှ အသေခံပေးဖို့ ဆိုတာလည်း မျိုးရိုးတစ်လျှောက် အသားကျစွာသစ္စာရှိပြီးဖြစ်ခဲ့၏။

အစ်ကိုနားပါ၊ အစ်ကိုနေပါ တွေမှာ သာယာကြည်နူးရင်းက နေရင်၊ နားရင်း၊ ဦးအောင်ဇေယျခမျာ ရုပ်သေးရုပ်ကြီးဖြစ်လာရ၏။ ထုတ်မသုံးဘဲသိမ်းထားရသည့် အစွမ်းအစတွေ သံချေး

www.burmeseclassic.com

www.burmeseclassic.com



တက်ကာတုံးလာသည်။ အပြင်စီးပွားရေးဆိုလည်း ဒေါ်အိမ်သူ၊ အိမ်မှုကိစ္စကျလည်း ဒေါ်အိမ်သူ၊ ဒီကြားထဲက "သားကိုသခင်၊ လင်ကိုဘုရား"ဆိုသည့် အစဉ်အလာလည်း မပျက်စေရ။

ဦးအောင်ဇေယျသည် အိမ်မှာဘုရား၊ သားများဖြစ်ကြသော ဧရာ၊ ချင်းတွင်း၊ သံလွင်တို့က သခင်။ သမီး သရဖီ၊ အင်ကြင်း၊ သဇင်နှင့် စကားဝါတို့ကကျတော့ မီးဖိုချောင်ထဲမှာပဲ အသားကျကာ "ကျွန်နှင့်တူသောမယား"ဖြစ်ဖို့ လေ့ကျင့်နေကြရသည်။

ဒါတွေအားလုံးအတွက် အိမ်သူ ကျေနပ်၏။ ငါ့လို မိန်းမသား ရာမှရှားဟု ဂုဏ်ယူသည်။ မိန်းမသားဖြစ်ပါလျက် ဦးဆောင်ခေါင်းရွက် နေရပေမယ့် ခင်ပွန်းသည်ကို တစ်စက်ကလေးမျှ အရိုအသေမလျော့။ မနက်ပြန် ညပြန် ဘုရားရှိခိုးပြီးတိုင်း ခင်ပွန်းသည်ကို ကန်တော့သည်မို့ တစ်နေ့နှစ်ကြိမ်။

ကိုယ့်သဘော ကိုယ့်ဆန္ဒတွေကို ကိုယ့်ဘာသာ ဆောင်ရွက်နေပေမယ့် ခင်ပွန်းသည်ထံမှ ခေါင်းညိတ် အတည်ပြုချက်ကိုယူဖို့ ဘယ်တော့မျှ မေ့မထားခဲ့ပါ။ မျက်နှာချင်းဆိုင်၍ စကားဆိုတိုင်း လက်အုပ်ကလေး တချီချီနှင့် ပျပ်ဝပ်ကျိုးနွံသည့် နေရာမှာလည်း နှစ်ယောက်မရှိ။

"မိခင်နှင့်တူသော မယားပါပဲ ညီမလေးရယ်"

ဦးအောင်ဇေယျအဖို့ မိဘဆွေမျိုးများနှင့် တစ်သက်တာ ပြတ်တောက်သွားရပေမယ့်၊ ကွယ်လွန်ချိန်ထိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကင်းစွာ၊ ကြောင့်ကြမဲ့စွာ၊ စည်းစိမ်းယစ်မူးစွာ ဘဝအရသာမှန်သမျှ ပြည့်စုံစွာ ခံစားသွားခဲ့ရ၏။



"အိမ်သူ့အတွက်နဲ့ တစ်ဆွေလုံး တစ်မျိုးလုံးရဲ့ စွန့်ပစ်ခြင်းကို ခံလိုက်ရရှာတဲ့ အစ်ကိုရယ် ... အဲဒီကွက်လပ်ကို အိမ်သူ တစ်သက်လုံး ဖြည့်ဆည်းပေးခဲ့ပါတယ် ...

"ဘုရားတစ်ဆူ ဂူတစ်လုံး ရိုသေမြတ်နိုးခဲ့ပါတယ်၊ ဒီကြားထဲက အစ်ကို့အပေါ် ၊ ၂ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များ တစ်မှုန်တစ်စက်ရှိခဲ့ရင် ခွင့်လွှတ်ပါ ...

"သံသရာ အဆက်ဆက် အစ်ကို့ပါရမီဖြည့်ဖက် အလုပ်အကျွေးဘဝနဲ့ ဆုံတွေ့ပါရစေလို့ ဆုတောင်းလိုက်ပါတယ်"

ဒေါ်အိမ်သူ မျက်ရည်စက်လက်နှင့် ကန်တော့၏။ အစ်ကို့ရုပ်ကလာပ်ကို မိုးပြာရောင် ကြွေပြားများစီ၍ ဂူသွင်းမြှုပ်နှံခဲ့သည်။ သည့်နောက်မှာတော့ ဒေါ်အိမ်သူ မန္တလေးသို့ ပြန်ပြောင်းသည်။ အစ်ကို့မိဘတွေ ဈေးပေါ်ပေါ်နှင့် ရောင်းချကာ ခြေရာဖျောက် စွန့်ပစ်ခဲ့သည့် ခြံနှင့်အိမ်ကြီးကို မတန်တဆဈေးပေး၍ ပြန်ဝယ်သည်။

မွမ်းမံပြင်ဆင်ကာ တစ်သက်တာ ထိန်းသိမ်းသွားဖို့ သစ္စာဆိုလျက် ခြေရုံသင်းပင်း များစွာနှင့်ပေမယ့် အထီးကျန်စွာ နေခဲ့ရတာ သည်နေ့ထိပါပဲ။

"အစ်ကိုကတော့ အသေစောရှာတယ်၊ အိမ်သူ့မှာတော့ တစ်ယောက်တည်းပါ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ပထမဆုံးကြားလိုက်ရသည့် အသံက အသံသြဇာနှင့် ပြည့်စုံကာ ပီသကြည်မြစွာ ရွတ်ဆိုနေသည့် ပဋ္ဌာန်းပါဠိတော်။

ဆရာတော်တစ်ပါး၏ ကျက်သရေရှိစွာ ခန့်ညား တည်ငြိမ်သံမှန်း သိပေမယ့် တရားဓမ္မနှင့် မနီးစပ်လှသည့် သီဟ အဖို့ မည်သည့် ဆရာတော်အသံမှန်း မသိပါ။ အိပ်ခန်းထဲမှာ မှုန် ပြပြ မီးလင်းရောင်ရှိသည်မို့ ခေါင်းအုံးအောက်မှနာရီကို ထုတ် ကြည့်သည်။

နံနက်လေးနာရီ။

ရန်ကုန်မှာတုန်းက ငါးနာရီ အိပ်ရာမှထမြဲမို့ တစ်နာရီ စောစွာ နိုးလာရသည့်အတွက် အိပ်ရေး သိပ်မဝချင်ပေ။ ပဋ္ဌာန်း ပါဠိတော် အကျဉ်းနှင့် အကျယ်ကို မိမိအခန်းထဲသို့ရောက်အောင် မည်သည့်နေရာမှ ပို့လွှတ်သည်မသိ။

အိပ်ရာမှ ထစေချင်လို့များ တရားတော်ကို ဖွင့်ပေး လေသလား။ အိပ်ရာမှ ထပါပြီတဲ့။ ဘယ်သွားပြီး ဘာလုပ်ရမှန်း မသိ။ ယခုမှ တွေ့ရသည့် ဒေါ်အိမ်သူနှင့် ခင်မင်ရင်းနှီးဖို့ထက်



ကြောက်ရွံ့ လန့်ရွံ့က ပို၏။ အိပ်ရာမှ မထသေးဘဲ မျက်ဝန်း ကိုသာ ဟိုသည်ရွေ့လျားကြည့်တော့ မျက်နှာကြက်မှာ အကွက်နှစ် ကွက် လစ်ဟာနေတာ တွေ့ရသည်။ အလုံပိတ်အခန်းမို့ လေး ဝင်ပေါက်အဖြစ်သော်လည်းကောင်း၊ မျက်နှာကြက်ထဲဝင်၍ အမှိုက် သရိုက်ရှင်း၊ လျှပ်စစ်ဓာတ်ကြိုးများ ၎င်းအပ်လျှင် ပြုပြင် စသည်တို့ ပြုလုပ်ရန်အလွှက်သော်လည်းကောင်း၊ ထားတာက တစ်ပေါက်ဖြစ် နိုင်၏။ ကျန်တစ်ပေါက်ကတော့ ဆောင်းဘောက်စ်ဖြစ်နိုင်သည်။ ဖိုင်ဘာမျက်နှာကြက် အကွက်တွေကြားထဲ သည်နှစ်ကွက်က သံဆန်ကာစိပ်စိပ်နှင့် ဖြစ်နေ၏။

ပဋ္ဌာန်းပါဠိတော် ပြီးဆုံးသွားတော့ ဓာရဏပရိတ် ရွတ်သံက ဆက်လာသည်။ စောစောစီးစီး တရားဒေသနာသံ လွှင့်ပျံလာခြင်းသည် တရားဓမ္မနှင့် သိပ်မနီးစပ်သည့် သီဟလို ကောင်မှာတောင် ကြည်နူးပီတိ ဖြစ်ရသည်။ ကျက်သရေရှိလှပါဘိ။

ဓာရဏပရိတ်အဆုံးမှာ ဒေါ်မေရှင်၏ အောင်ခြင်း ရှစ်ပါးသီချင်း ထွက်ပေါ်လာပြန်သည်။ ဒါလည်း တစ်မျိုးကျက် သရေ ဝေစည်တာပါပဲ။ ဤအိမ်မှာ နံနက်တိုင်း ဤသို့ ပြုမူ ဆောင်ရွက်နေကျ ဖြစ်နိုင်၏။ သီဟ ရောက်လာသည့်အတွက် တကူးတက လုပ်ပေးတာတော့ ဖြစ်နိုင်မည်မထင်ပါ။

"မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ... ဆောင်နှင်းတဲ့ အောင် ခြင်းသဏ္ဍာမပါ"

အသံအဆုံးမှာ ကလစ်ခနဲ သော့ဖွင့်သံကြားရသည်။ သီဟ သော့ချပိတ်ထားခဲ့သည့် တံခါးက ညင်သာစွာပွင့်ကာ တံခါးဝမှာ ဒေါ်အိမ်သူက မားမားကြီး။ သီဟ လန့်ဖျပ်လူးလဲထ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ခြင်း ရှစ်ပါးမှာ ခုနစ်ပါးရောက်တဲ့အထိ အိပ်ရာထဲက မထသေးတာတော့ နည်းနည်းလွန်တယ်၊ မင်းသူငယ်ချင်းတောင် မျက်နှာသစ်ပြီး ဘာလုပ်ရမှန်းမသိဘဲ အခန်းဝမှာ ပြူးတစ်ပြူးတစ်ဖြစ်နေလို့ ဘွားက ကော်ဖီဝိုင်းမှာ သွားထိုင်စောင့်ခိုင်းထားလိုက်ပြီ"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိလို့ပါ"

"အိပ်ရာထမှာ မျက်နှာသစ်ဖို့လောက်တော့ သိဖို့ကောင်းတယ်၊ ရောတို့ သံလွင်တို့ ချင်းတွင်းတို့ လက်ထက်ကဆိုရင် ဘုရားထွက်ရှိခိုးရသေးတာ ..."

"မြေးတွေလက်ထက်ကျမှ တစ်ထစ်လျှော့ပေးလိုက်တယ်၊ အိပ်ရာထဲကပဲ တရားနာပစေတော့လို့"

"ဟုတ် ... ဟုတ်ကဲ့ပါ ဘွား"

"မြန်မြန်လုပ်ပြီး လာခဲ့"

"ဟုတ်"

ဒေါ်အိမ်သူ ပြန်ထွက်သွားတော့ သီဟက အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းထဲဝင်ကာ မျက်နှာကို ကမန်းကတန်းသစ်ရ၏။ ရန်ကုန်မှာဆို မျက်နှာမသစ်မီ ကျန်းမာရေး ... ဟု အမည်ပေးကာ အိမ်သာထဲ နာရီဝက်လောက်တော့ ထိုင်မြဲ။ ခု ... မထိုင်ရဲတော့။

ဒေါ်အိမ်သူက မျက်နှာမှာ သနပ်ခါးပါးပါး ဖုန်ဖုန်လူးပြီးပြီ။ ထိပ်ထက်ဆံပင်ဖြူဖြူ ဆံထုံးပုံ့ပုံ့ကြီး ထုံးပြီးပြီ။ ဝီရိယကြီးလေစွ။ မိန်းမတွေ အိပ်ရာထ ဘာနဲ့ လှချင်စိတ်က ဒီလို ထူးဆန်းသော အဘွားကြီးမှာပင် ရှိနေပါလား ... ဟု တွေးမိရင်း သီဟ ရယ်ချင်မိရသေးသည်။



အားပါးပါး။ ကော်ဖီပွဲက အပျံစား။

ရှေးဆန်၊ မြန်မာဆန်လှပါသည်ဆိုသော ဒေါ်အိမ်သူ၏ ကော်ဖီပွဲက ဖျော်ပြီးသား မဟုတ်ချေ။ နို့ခွက်၊ သကြားခွက်၊ ကော်ဖီကရား ကြိုက်သလို ဖျော်စပ်သောက်နိုင်ဖို့ စီစဉ်ထားတော့ အနောက်တိုင်းဆန်နေရသည်။ သီဟ စိတ်ကြိုက်မတွေ့။ အဆင်သင့် ဖျော်ပြီးသား ကရားထဲမှ ငှဲ့ချကာ နှစ်ခွက်လောက် ဆင့်သောက်ချလိုက်ရလျှင်. ဘယ်လောက်ကောင်းမလဲ။

ပေါင်မုန့်မီးကင်က နီနီရဲရဲ။ ကြွပ်ရွမည့်ပုံရသည်။ ထောပတ်ပန်းကန်၊ ယိုပုလင်း၊ ကြက်ဥမကျက်တကျက်ကြော်နှင့် ဝက်အူချောင်းကြော် တစ်ပန်းကန်လည်း ရှိသည်။ ခရမ်းချဉ်သီးကို အကွင်းလိုက်လှီးကာ လှလှလေး စီချထားသည့် ပန်းကန်က တစ်ချပ်။

ဘာဆိုင်လို့လဲဟု သီဟ တွေး၏။

ခရမ်းချဉ်သီးအစိမ်း အကွင်းလိုက် လှီးထားတာကို ဘာနှင့် ဘယ်လို တွဲစားလျှင် ကောင်းမလဲ စဉ်းစားရသည်။ ဖွန်း၊ ခက်ရင်းနှင့် ဓားတို့ကလည်း အဆင်သင့်၊ အကောင်းစား အပျံစားတွေကြားထဲ မြုပ်လုနီးပါး ရောက်ခဲ့ရပေမယ့် ဤအိမ်ရောက်ကတည်းက သီဟ အသက်ရှုလို့ကိုမဝ။ ထမင်းလည်းမဝ။ ဗိုက်ထဲမှာ ဘာတွေမှန်းတော့မသိ တင်းနေ၏။

နောင်ရိုးကို လှမ်းကြည့်တော့ ခပ်တည်တည် စားသောက်နေသည်။ နောင်ရိုးက သီဟနှင့်စာလျှင် ချောင်၏။ ဒေါ်အိမ်သူက မြေးကိုသာ အစဉ်တစိုက် လိုက်ကြည့်နေတာမို့ မြေးသူငယ်ချင်းက လွတ်လပ်ခွင့် ပိုရသလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စားရင်း သောက်ရင်း စကားပြောမယ်"

"ဟုတ်ကဲ့ပါ ဘွား"

"ဟိုသူငယ်လည်း နားထောင်၊ နောင်ရိုး ဆိုတဲ့နာမည်ကို ဘွား သဘောကျပါတယ်"

"ဘုရင့်နောင် ဖောင်ဖျက်ပြီး တိုက်ခဲ့တဲ့ တိုက်ပွဲပါ ဘွား"

"အေး ... ဒါပေမဲ့ ပုပ္ပားဆိုတဲ့နာမည်ကိုပဲ ပိုကြိုက်တယ်"

နောင်ရိုး ငြိမ်ကျသွားသည်။

"ပုပ္ပား"

"ခင်ဗျာ ဘွား"

သီဟ ထူးပုံက အိပ်မက်မှ လန့်နိုးသလားထင်ရ သည်။

"အိပ်ရေးက ခုထိ မဝသေးဘူးလား"

"ဝပါပြီ ဘွား"

စကားပြောလျှင် ဝါကျတိုင်းမှာ 'ပါ'ထည့်မပြော လျှင် ရိုင်းလှချည့်ဆိုကာ တစ်နာရီတိတိ ဒူးထောက်အပြစ်ပေးတတ် တာ သားသမီးတွေ လက်ထက်ကတည်းက ဒေါ်အိမ်သူ ကျင့်ပေး ခဲ့သည့်အကျင့်ပါပဲ။

"စားသောက်တာ၊ အိပ်တာ၊ ရေချိုးတာတွေအားလုံး အချိန် မှန်အောင် လေ့ကျင့်ထားရတယ်၊ အိပ်ချင်တဲ့အချိန် ထိုးအိပ်၊ မနက် ထချင်မှထ ..."

"ဗိုက်ကဆာနေပြီ၊ စိတ်ဝင်စားနေတာရှိလို့ ထမင်း မစားဖြစ်သေးဘူး၊ ညနေစောင်းမှ ရေချိုးလိုချိုး ..."



"ဒါမျိုးကို လူငယ်တွေက လွတ်လပ်မှုအရသာလို့ ထင်ချင်ထင်မယ်၊ ဟိုသူငယ်ပါ နားထောင်"

"ဟုတ်ကဲ့ပါ ဘွား"ဆိုသည့် အသံက သံပြိုင်ထွက် သည်။

"ဘွားကိုကြည့်ကွယ့်၊ ဒီအဘွားကြီး ကိုယ်ရေသွေးတယ်ဆို ပြီး ကွယ်ရာမှာ ကျိတ်မရယ်ကြနဲ့ဦး"

နောင်ရိုးက ခပ်တည်တည်ပါပဲ။ သီဟသည်သာ ...စိစိ ဖြစ်သွားရသည်။

"အသက်ခုနစ်ဆယ်ကျော်ပြီ ရှစ်ဆယ့်တွင်းပေါ့၊ ဆံပင်က လေးပုံတစ်ပုံလောက်ပဲ ဖြူသေးတယ်၊ ဆိုးဖို့မလိုသေး ဘူး"

ဆံထုံးပုံ့ပုံ့ကြီးက မည်းနက်နေပေမယ့် နှဖူးဆံစပ် ...မှာ အနက်ရောင်ဖျော့ကာ မီးခိုးသွေး စွက်ချင်ချင် ဖြစ်နေ၏။ ...ထုံးကို ဆံခု ထည့်သုံးထားပုံရ၏။

"သွားတစ်ချောင်းတည်း ကျိုးသေးတယ်၊ စာဖတ်တဲ့အခါ မျက်မှန်ကူရပေမယ့် လူလုံးမကွဲ ဘာညာဆိုတဲ့အထိ မမှုန် သေးဘူး၊ ခံတွင်းလည်း ကောင်းတယ်၊ ဘာစားစား အရသာရှိတုန်း ..."

"မင်းတို့က အတူမနေလို့ ခင်မကို မေးကြည့်၊ ဒေါ်အိမ်သူ ဖျားလို့နာလို့ ဆရာဝန်ခေါ်ရတယ် ဆိုတာ တစ်နှစ် တစ်ခါမရှိဘူး"

ခင်မဆိုသူက ဘေးနားမှာ ခြေစုံရပ်နေ၏။ ဘွား... ...ဟု ခေါ်လိုက်သံကြားရသည့် ဆယ်သုံးလေးနှစ် ချာတိတ်မလေး

www.burmeseclassic.com

www.burmeseclassic.com



က ဆံရစ်ဝိုင်းကြီးနှင့်။ ကော်ဖီဝိုင်းထိုင် လူများကို ယပ်တဖျပ်ဖျပ် ခတ်ပေးနေ၏။ လေအေးပေးစက်ကြောင့် မအိုက်ပါ။ ခြင်ဆန်ထ ကြောင့် ခြင်ယင်ဝေးလို့ ပုရွက်ဆိတ်တောင် မတွေ့ရ။ ခြင်မကိုက် မအိုက်ပါဘဲ ယပ်ခပ်ခိုင်းထားတာကတော့ ဘွား သက်သက်စတိုင် ထုတ် ဓိမ်လုပ်နေတာပဲ ဖြစ်ရမည်။

"ဦးအောင်ဇေယျ ဒေါ်အိမ်သူ ဆိုတာ ဘယ်လိုမျိုးရိုး ဆင်းသက်လာသလဲလို့၊ ဘယ်တုန်းကမှ ဘယ်သူ့ကို ရှင်းမပြခဲ့ဖူးဘူး၊ ထင်ချင်ရာထင်ကြပစေ၊ ဝန်မခံမငြင်း ဒီလိုနေခဲ့တာ ...

"ဒီနေ့တော့ ပုပ္ပားကို ပြောပြဖို့ စိတ်ကူးတ မင်းအမေ စကားဝါ ကိုယ်တိုင်တောင် မသိသေး အကြောင်းတွေ ...

"စားလည်းစား၊ နားလည်းထောင်"

◆ ♥ ◆

ဦးအောင်ဇေယျတို့က အများ ထင်ကြသည့် တကယ်ပဲ သွေးနီးလှသည့် အနွယ်တော်ထဲက ဖြစ်ပါ၏။ ပါ မှုချိန်မှာ နေပြည်တော်တွင် ရှိမနေသည်မို့ ကျန်ရစ်ခဲ့ရာမှ၊ သွေးမင်းမျိုး ဆိုတာကို လုံးဝ အစဖျောက်လိုက်ကြတော့သည် တစ်ပါးကျွန်ဘဝမှာ ရာဇဂုဏ်ပြမနေသင့်ဟုထင်၏။ သူ့ကျွန် စိတ်ဓာတ်ကြောင့် ကိုယ့်နည်းကိုယ်ဟန်သုံးကာ နယ်ချဲ့များ ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်သုတ်သင်ခဲ့ကြသည်။



လက်နက် လူသူ အင်အားချင်း မမျှသည်မို့ အလုံး အရင်းနှင့် မတိုက်ခိုက်နိုင်ဘြား မျိုးချစ်ပြည်ချစ်စိတ်က ရဲရဲတောက် ခဲ့ကြ၏။

ဒေါ်အိမ်သူက ဘယ်မင်း ဘယ်မျိုးဆိုတာကို ပြောမ နေတော့ပါ။ မင်းသွေးစစ်ကြသည် ဆိုပေမယ့် ဦးအောင်ဇေယျတို့ သက်ထက်ကျတော့ မြစ်လောက် ဖြစ်နေပြီ။

"မင်းတို့အဘိုးရဲ့ ဖခမည်းမှာ သားချည်းငါးယောက်ရှိတယ်၊ သမီးက နှစ်ယောက်၊ နယ်ချဲ့ကို တွန်းလှန်ရင်း ကျဆုံး ကုန်တော့ မင်းတို့အဘိုးရဲ့ဖခမည်း၊ ဘွားရဲ့ယောက္ခမတော် သူတစ်ဦးပဲ ကျန်ရစ်ပြီး ဆွေမျိုးစုရတာမှာ အပုံကြီးကို ရလိုက်တယ်ပဲ ဆိုပါစို့ ...

"မင်းတို့ ဘိုးက မင်းဆွေမင်းမျိုး၊ ဘွားတို့က အခြွေအရံ အစေအပါး၊ အမှုတော်ထမ်း ဆိုပါတော့၊ ရှောင်တိမ်းရာ၊ တိုက်ခိုက်ရာတွေမှာ မခွဲတမ်း လက်တွဲခဲ့ ကြတဲ့ သေအတူ ရှင်မကွာ သခင်ရင်း ကျွန်ရင်းတွေ"

ဒေါ်အိမ်သူ၏ ယောက္ခမတော်သူ တစ်ဦးတည်းသာ ကျန်ရစ်ပြီး သားငါးယောက်၊ သမီးနှစ်ယောက်၊ မိသားစု စုစု ပေါင်းကိုးယောက်၊ ဦးဖြိုး ဦးတိုး မိသားစုတွေ ခြွေစေရံစေလျက် နေခဲ့ကြသည်။ မည်သို့ပင် ဓာတ်ဖျောက်နေသည်ဆိုစေ မာန်ကြွင်း အလေးတွေတော့ရှိ၏။

"ငဖြိုး၊ ငတိုး မိသားစုတွေဟာ ခုထက်ထိ ခယခြွေရံတုန်း ဆိုတော့ အနေနီးတယ်၊ အဲဒီမိသားစုထဲက မိန်းကလေး တွေနဲ့တော့ ဝေးဝေးရှောင်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးအရပ်သားစကားပင် ပြောဆိုသုံးနှုန်းနေကြပြီ ဖြစ်ပေမယ့် ကိုယ့်ကျေးတော်မျိုး ကျွန်တော်မျိုး ဆိုတာနှင့် အိမ်ထောင်ဖက် ခွင့်ပြုသည်အထိတော့ မာန်မကျသေးပါ။ တစ်ခါတစ်ရံမှာ မိသားစုချည်းဆိုလျှင် ခမည်းတော်တို့၊ မယ်ဖုရားတို့ဆိုတာတွေ သုံးစွဲလေ့ အကြွင်းအကျန်လေးလည်း ရှိတတ်သေး၏။

သားလေးယောက်နှင့် သမီးနှစ်ယောက်က ဖခမည်းစကားကို နားထောင်သည်။ အောင်ဇေယျ တစ်ယောက်သည်သာ ငယ်စဉ်ကတည်းက အိမ်မှာ ဝင်ထွက်ကူညီနေသည့် ညီမလေး အိမ်သူကို မျက်စိကျခဲ့၏။

သက်ဦးဆံပိုင်ခေတ်သာဆိုလျှင် ဦးဖြိုးမိသားစု ဏွပ်မျက်ခံရမလား၊ အိမ်သူကို မောင်းမငယ် နေရာမှာထား၍ မင်းညီမင်းသား၏ ယောက္ခမအဖြစ် မှူးကြီး မတ်ကြီး ဖြစ်လာမလား မဆိုနိုင်။ လက်တွေ့မှာတော့ အောင်ဇေယျ၏ မိဘများက ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန်ကာ ဆွေပြတ်မျိုးပြတ် ဖျောက်ပြီးသားဇာတိ ထပ်ပျောက်စေလျက် အဆက်အသွယ် လုံဝပြတ်တောက်သွားခဲ့ကြလေ၏။

"မင်းတို့ဘိုးက ဘွားကို ရန်ကုန်ထိ ခိုးပြေးလာခဲ့တယ်။ .. အဲဒီမှာပဲ ဇော၊ ချင်းတွင်း၊ သံလွင်၊ သရဖီ၊ အင်ကြင်း၊ သဇင်နဲ့ စကားဝါဆိုတဲ့ သားသမီးခုနစ်ယောက်ကို ဖွားမြင်တယ်"

သည်မောင်နှမစု လက်ထက်ကျတော့ အားလုံးပညာတတ် ဘွဲ့ရ ရာထူးကြီးတွေ ဖြစ်ကြသည်။



"အားလုံးကို ဘွား သဘောတူ ကြည်ဖြူသူတွေနဲ့ပဲ အိမ်ထောင်ရက်သား ချခဲ့တယ်"

ဦးအောင်ဇေယျ မိဘများက ကျေးတော်မျိုး ကျွန်တော်မျိုးမို့ သဘောမတူသည်ကို ဒေါ်အိမ်သူ ရင်ထဲခိုက်အောင် နာကြည်းခဲ့သည်။ ဦးအောင်ဇေယျ ကိုယ်တိုင် "ဖေဖေ"အခေါ်ခံပါလျက် ဒေါ်အိမ်သူက သားသမီးတွေကို "မယ်မယ်"ခေါ်ဖို့သင်ခဲ့၏။

"အလုပ်အကိုင်နဲ့ ရေကြည်ရာ မြက်နုရာ ပြောင်းကြရတော့ ရန်ကုန်မှာ သားသမီးသုံးယောက်ပဲ ကျန်တယ်၊ သူ့အိုးသူ့အိမ်တွေနဲ့ လေးယောက်က တစ်မြို့တစ်နယ်စီ"

သီဟက ရာဇဝင်အူပေါက်ကို နားထောင်ရာမှ စိတ်ဝင်စားခြင်း ကင်းနေ၏။

"ဒီမှာ ပုပ္ပား"

"ခင်ဗျာ ... ဘွား"

"ဘွားကို မဟာဆိ မဟာသွေးထဲ အသွင်းမခံ အသိအမှတ်မပြုခဲ့လို့ ဘွားက ဗိုပြီးမဟာဆန်ပြခဲ့တယ်၊ ဆွေဂုဏ်မျိုးဂုဏ်ကို ပိုပြီးထိန်းသိမ်းစောင့်ရှောက်ခဲ့တယ် ...

"သူတို့ ရှောင်းချ ပြောင်းရွှေ့သွားတဲ့ နေရာမှာ မဖြစ်ဖြစ်အောင် ပြန်နေခဲ့တယ် ...

"မင်းအမေ စကားဝါက ဘွားအကြောင်း ဘာတွေ ပြောပြခဲ့သလဲ"

"ဘွား စိတ်ဓာတ်ထက်မြက်တာရယ်၊ မေမေ့ကို စိတ်ဆိုးပြီး ပစ်ထားတာ ကျွန်တော် မမွေးခင်ကတည်းကဆိုတာရယ်ပဲ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘွားတို့မျိုးရိုးမှာ သားကိုသခင်၊ လင်ကိုဘုရား၊ ကံမကောင်း အကြောင်းမလှလို့ မုဆိုးမ ဖြစ်ကြရသူတွေဟာ တစ်ပင်လဲပေမယ့် တစ်ပင်ထူရမှာ ရှက်ကြတယ် ...

"တစ်ခုလပ် တစ်လင်ကွာ လုံးဝမရှိဘူး၊ ဇနီးဆိုတာ ခင်ပွန်းသည်ရဲ့ ပါရမီဖြည့်ဖက်မို့ ဆိုးလည်းခံ ကောင်းလည်းစံပဲ ...

"အကောင်းစံဘဝမှာ နေခွင့်ရအောင်လည်း အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး ဆိုတာမျိုးနဲ့ သုံးနှစ်သုံးမိုး လေ့လာခဲ့ကြတယ် ...

"ဘွား ကိုယ်တိုင် စိတ်တိုင်းကျ ရွေးခဲ့သူတွေပဲကွယ်၊ အခု မင်းမှာ ဘကြီးတစ်ယောက်နဲ့ ကြီးတော်တစ်ယောက် ကွယ်လွန်သွားပြီ ဆိုတာရော မင်း သိလား"

"သတင်းစာ နာရေးကြော်ငြာထဲမှာတွေ့လို့ မေမေပြောတာနဲ့ သိရပါတယ် ဘွား"

"အဲဒီကိစ္စတွေတုန်းကများ စကားဝါ လာခဲ့ရင် မင်းကို ခုလိုတောင် ခေါ်မတွေ့ဘူး"

"မေမေကလည်း ဘွားကြိုက်မှာ မဟုတ်တာ သေချာသိလို့ မသွားခဲ့ပါဘူးတဲ့"

"ရန်ကုန်မှာရှိတဲ့ မင်းရဲ့တစ်ဝမ်းကွဲတွေနဲ့ အဆက်အဆံ ရှိလား"

"နည်းနည်းပါးပါးပါ ဘွား၊ မေမေက လုံးဝမသွားပါဘူး၊ ဘကြီးက တစ်ခါတလေ ဘာအကူအညီလိုလဲ ဘာညာ မေးတတ်ပါတယ် ...



"ကျွန်တော်တို့ ဝမ်းကွဲလူငယ်တွေကတော့ ကျောင်းမှာလည်း တွေ့မြင်နေရတော့ ခင်မင်စိတ်ရှိပါတယ် ...

"ဒါပေမဲ့ မေမေက ရှောင်နိုင်းပါတယ်"

"မာနပေါ့"

"အပြစ်ရှိသူမို့ အပြစ်ခံနေတာလို့ ပြောပါတယ် ဘွား၊ မာန မဟုတ်ပါဘူး"

"မင်းကို ငါ့မြေးအဖြစ်နဲ့ ပထမဆုံးအကြိမ် သက်ရှိထင်ရှား မြင်ဖူးခြင်းပေါ့လေ၊ မင်းကို မွေးတော့ ပုပ္ပားဆိုတဲ့ နာမည် လှမ်းပေးလိုက်တယ်၊ ဒါဟာ စကားဝါ ရသင့်တဲ့ အဆုံးစွန်သော အမွေပဲလို့"

"မေမေ ပြောပြပါတယ် ဘွား"

"မင်းနာမည် ဘာဖြစ်လို့ ပုပ္ပား ဖြစ်မနေရတာလဲ"

"ခင်ဗျာ"

ဒေါ်အိမ်သူ သိနှင့်မနေနိုင်ဟု တွေးခဲ့မိ၏။ "ကျွန်တော် ပုပ္ပားပါ"ဟုဆိုလျှင် မွေးကတည်းက မမြင်ဖူးသည့် မြေးကို ပုပ္ပားပဲ ထင်ရုံရှိသည်။ ပုပ္ပား မဟုတ်ဘဲ နာမည်ပြောင်းထားတာ သိလျှင်လည်း ထိုနာမည်ကိုပဲ ခေါ်ပါတော့လား။

သီဟ စိတ်ထဲ ကျဉ်းကျပ် မွန်းသိပ်ကာ အနေရခက်သွားသည်။

"စကားဝါက ငါပေးတဲ့ နာမည်အမွေကို မယူချင်တဲ့ သဘောပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး ဘွား၊ ကျွန်တော့်ဘဘသာ ကြီးမှပြောင်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဗေဒင်မေးတော့ နာမည်က လူကို စီးနေတယ်လို့ ဆိုလို့ပါ"

"တော်စမ်း ပုပ္ပား၊ စကားဝါလား ဗေဒင်ယုံမှာ၊ မေးခွန်းတစ်ခုမေးရင် မဖြေချင်ရင် ရှင်းရှင်းပြော၊ မဖြေပါရစေနဲ့လို့၊ ပေါက်တတ်ကရတွေ လျှောက်ဖြေတာ နည်းနည်းမှ မကြိုက်ဘူး"

ငွေပေါ်တိုင်း တတ်နိုင်တိုင်း ဓိဇာချဲ့ကာ ကြဖန်၍ မဟာဆန်စွာ ဇိမ်ယူနေသော ဒေါ်အိမ်သူ၏ စိတ်ဓာတ်ကို သီဟ မဝေဖန်တတ်တော့ချေ။ တစ်မျိုးကြီးဟုပဲ ပြောတတ်သည်။ မထူမတန် ရက်စိတ်မွှန်စွာ ခြေရာတောင်ဖျောက်၍ ပြောင်းပြေးသည့် ယောက္ခမများကို နာကြည်းစိတ်က ရင်ထဲမှာ သိုသိပ်ကိန်းဝပ်ခဲ့ဟန် တူ၏။

"ဒီမှာ ပုပ္ပား"

သီဟက ခင်ဗျာ ... ဘွားဟု မဆိုတော့ဘဲ ခေါင်းကို ဆတ်ခနဲ မော့ကြည့်သည်။

"ဘွားက မဟာ့ဆီ မဟာသွေး မဟုတ်တော့ မဟာဆီ မဟာသွေးတွေက စွန့်ပစ်ခဲ့ကြတယ်၊ ဘွားက မဟာသွေးနဲ့ လက်ထပ်ပြီး အဲဒီမဟာသွေးကို ကလပ်ပေါ်တင်ပြီး အရုပ်တစ်ရုပ်လို ကိုးကွယ်ခဲ့တယ် ...

"ဒေါ်အိမ်သူ ဆွေမျိုးစုတွေ ဒီကနေ့ ချမ်းသာနေတာ ဘွားတစ်ဦးတည်းရဲ့ ဝီရိယ"

သီဟ ယုံလိုက်မိပါ၏။



"မဟာနွယ်တွေရဲ့ အိမ်မှာ ဘွားတစ်ယောက်တည်း ခြွေရံသင်းပင်းတွေနဲ့ မဟာဆန်ဆန်နေလာခဲ့တာ နှစ်ပေါင်းများပြီ၊ မင်းလို ခေတ်လူငယ် ထင်ရာလုပ်တတ်တဲ့ စကားဝါ့သားက ဘွားကို စိတ်မှန့်ရဲ့လားလို့ ထင်ကောင်းထင်မယ်"

ဒေါ်အိမ်သူ စိတ်နှံ့ရဲ့မက ထက်မြက်လွန်းတာကို သက်ခံပါ၏။ သို့ပေမဲ့ ခင်ပွန်းဘက်မှ ဆွေမျိုးစုပေါ် နာကြည်းစိတ်ကတော့ စိတ္တဇဆန်စွာ စွဲလမ်းနေပါလိမ့်မည်။

"ဒေါ်အိမ်သူရဲ့ မဟာဆန်လှသော မျိုးဆက်ထဲမှာ စဖောက်တာ မင်းအမေ"

သီဟက ခေါင်းငုံ့နေ၏။ နောင်ရိုးက ခေါင်းကို ခပ်မော့မော့ပဲထားကာ မျက်နှာလွှဲနေသည်။ ဒေါ်အိမ်သူ ရှေ့မှာ ဆိုမယ့် နောင်ရိုးမျက်နှာက ထုံးစံမပျက် ခပ်တည်တည်ပါပဲ။

"မင်းအမေ နေကောင်းရဲ့လား"

စုမှ သမီးရင်းတစ်ယောက်၏ ကျန်းမာရေးအခြေအနေကို မေးသည်။ ဒီသမီး အမိုက်မ မာနခဲ တစ်ဖွတ်ထိုးကို တွေ့မမြင် သတင်းလေးမှ မစုံစမ်းဘဲ ပစ်ထားခဲ့တာ အနှစ်နှစ်ဆယ် ရှိခဲ့ပြီ။

"မေမေက ကျန်းမာရေး သိပ်မကောင်းပါဘူး ဘွား၊ မေမေ စိတ်ချမ်းသာဖို့ ကျွန်တော်တို့ အဘက်ဘက်က ဂရုစိုက်နေရပါတယ်"

"ဒါပေါ့ ... မိဘမျက်ရည်နဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးလေ၊ မျက်ရည်ပူ လောင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုး ဒေါ်အိမ်သူကို ဖျတ်ခနဲကြည့်သည်။ ချက်ချင်း မျက်နှာပြန်လွှဲ၏။ သီဟ ဒူးထောက်၍ သွားနှုတ်ဆက်ချိန်မှာ နောင်ရိုးက ခပ်လှမ်းလှမ်းမှ ရပ်ကာ စူးစိုက်စွာ ငေးကြည့်လိုက်မိကတည်းက၊ ဒေါ်အိမ်သူဆိုသည့် အဘွားကြီးအပေါ် သံယောဇဉ် တွယ်သွားရသည်။ သူ့စိတ် သူ့မာနနှင့် အထီးကျန်နေထိုင်သူကို ကရုဏာများစွာ ဖြစ်ထွန်းသွားရသည်။ တစ်ချိန်တည်းမှာပဲ ရင်ထဲ နည်းနည်းလေးမှ မကြိုက်နိုင်အောင် ခံစားမိရ၏။

ဒေါ်အိမ်သူ့စိတ်က မိမိစိတ်နှင့်များ ဆင်ဆင်တူနေသလားဟု တွေးမိသည်။ မြေးအဘွားအဖြစ် တစ်အိုးတည်း တစ်အိမ်တည်းသာ တူတူနေရပါလျှင် တစ်နေ့ကုန်အောင် သင့်မြတ်ဖို့မရှိဟု တွေးမိ၏။

"ဘွားရဲ့မြေးတွေအားလုံး မွေးနေ့ပွဲတွေ ဘာတွေ သူတို့စိတ်ကြိုက် လုပ်ခွင့်ရှိပေမယ့် အသက်နှစ်ဆယ်ပြည့်တဲ့ မွေးနေ့ပွဲကို ဘွားဆီမှာ လာလုပ်ရတာရော မင်း သိလား"

"ဟုတ်ကဲ့ သိပါတယ်၊ အစ်ကိုရန်ကြီးအောင် ပြောပြပါတယ်"

"မင်းနဲ့ ဘယ်မှာတွေ့သလဲ"

"ကျောင်းမှာ ... အစ်ကိုက ကျွန်တော်တို့ဆရာ ပြန်ဖြစ်နေပါတယ်"

"သူ မကြာခင် လက်ထပ်တော့မယ်၊ ဘွား စေ့စပ်ပေးတဲ့ မိန်းကလေးနဲ့ပဲ"

"ဟုတ်ကဲ့ ... သိပါတယ် ဘွား"



"ဘွားမှာ မင်း အပါအဝင် မြေးနှစ်ဆယ်တိတိ ရှိတယ်၊ ဆယ့်သုံးယောက် စေ့စပ်ပေးခဲ့ပြီးပြီ၊ လေးယောက်က လက်ထပ်ပြီးပြီ၊ ရန်ကြီးကအောင်က ငါးယောက်မြောက် လက်ထပ်မယ့်သူ"

"ဟုတ်ကဲ့"

"အသက်နှစ်ဆယ်ပြည့်ချိန်မှာ မိဘစုံညီနဲ့ ဘွားဆီရောက်လာရတယ်၊ စေ့စပ်တဲ့နေ့မှ မြင်ဖူးခွင့်ရတဲ့ သူကို သူတို့အားလုံး လက်ခံသွားကြတာချည်းပဲ"

"ဟုတ်ကဲ့"

"အခု ဆယ့်လေးယောက်မြောက် အသက်နှစ်ဆယ်ပြည့်မယ့်သူက မင်းပဲ ပုပ္ပား၊ ကလေးမလေးက မန္တလေးရောက်နေပြီ၊ မင်းရဲ့ အသက်နှစ်ဆယ်ပြည့်မွေးနေ့မှာ ဆုံကြမယ်၊ စေ့စပ်ကြောင်းလမ်းမယ်"

"တစ်ခုပြောခွင့်ပြုပါ ဘွား"

"ပြောနိုင်တယ်"

"ကျွန်တော့်မှာ မိဘ ..."

ဒေါ်အိမ်သူက လက်ကာ၏။

"စကားဝါပါဖို့ မလိုပါဘူး၊ ဒေါ်အိမ်သူမြေးဆိုရင် လုံလောက်နေပြီ၊ မြန်မာတစ်ပြည်လုံး၊ ဒေါ်အိမ်သူ မြေးကို ချွေးမသမက် တော်ချင်လွန်းလို့ ထွန့်ထွန့်လူး[illegible]ကြတဲ့ သမီးရှင်သားရှင်တွေ ပြည့်လို့"

နောင်ရိုး ဒေါ်အိမ်သူ့ထံ အကြည့်တစ်ချ[illegible] [illegible]ုက်ပြန်၏။ လက်စသတ်ပြီးနေတာ ကြာပြီဖြစ်သည့် ကော်ဖီပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ကြည့်နေလိုက်တော့ နှောင်ရိုး မျက်လွှာချသလို ဖြစ်သွားရသည်။

အသက်ရှစ်ဆယ် ပြည့်လုနီးသည့်တိုင် မာန်ဝင့်တုန်း အမျိုးသမီးကြီးဟု ကျိတ်၍မှတ်ချက်ချလိုက်သည်။

"ဒီက သူငယ် ... နှောင်ရိုး ဟုတ်လား"

နှောင်ရိုး ဖျတ်ခနဲ ဝင့်ကြည့်လိုက်တာကို ဒေါ်အိမ်သူ မြင်ဖြစ်အောင် မြင်သည်။ စောစောတုန်းက တစ်ချက်ကြည့်လိုက်သေးတာလည်းသိ၏။

"ဟုတ်ကဲ့ပါ ဘွား"

"မင်းနှာမည်ကို ဘွား ကြိုက်ပါတယ်၊ ဒါပေမဲ့ ပုပ္ပားကို ပိုကြိုက်တယ်"

ဒီစကားပြောတာ နှစ်ခါရှိပြီဟု နှောင်ရိုး မှတ်မိလိုက်၏။

"မင်းမျက်နှာထားက သိပ်တည်တယ်၊ ဒါပေမဲ့ နဂိုနေပဲ ဖြစ်ပုံရပါတယ်"

"သူက ဒီလိုပဲ နေတတ်လို့ပါ ဘွား"

သီဟက ဖာဖာထေးထေး ဝင်ပြော၏။

"နဂိုနေဆိုရင်တောင် ဘွားရှေ့မှာ ဒီထက် နည်းနည်းပျော့ပျောင်းသင့်တယ်၊ ဒါပေမဲ့ ... ဘွား ခွင့်လွှတ်လိုက်ပါတယ်"

နှောင်ရိုး နည်းနည်းတော့ ကသိကအောက် ဖြစ်ရပါ၏။

"မင်းကော ... နှစ်ဆယ်ပြည့်ခါနီးပလား နှောင်ရိုး"

"ဟုတ်ကဲ့ နီးပါပြီ"



"သားလိုမြေးလို သဘောထားပြီး ရှာပေးဖို့လိုရင် ဘွား ကူညီနိုင်တယ်"

"ကိစ္စမရှိပါဘူး ဘွား၊ ကျွန်တော်က အိမ်ထောင်ရေးထက် ကျွန်တော့်ဘဝမှာ ပညာရဖို့ အခြေတကျဖြစ်ဖို့ကို အရင် ကြိုးစားချင်ပါသေးတယ်"

"မင်းကြည့်ရတာ ခေါင်းမာမယ့်ပုံရတယ်၊ ဘွား ပြောတာ စိတ်ဆိုးလား"

"မဆိုးပါဘူး"

"ဘွားကိုယ်တိုင်က ခေါင်းမာသူပဲ၊ ခေါင်းမာတတ်တဲ့သူ တွေကိုလည်း အထင်ကြီးတတ်တယ်၊ ဒါပေမဲ့ ... ဘယ်တော့မှ ပေါင်းလို့သင်းလို့ တည့်လေ့မရှိဘူး၊ ဥပမာ ... စကားဝါပေါ့"

နှောင်ရိုး ခုမှ တကယ်ပဲ မျက်လွှာချဖြစ်တော့သည်။

"မင်းက အဆိုတော်ဆို"

"ကြိုးစားဆဲပါ"

"ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့၊ တက္ကသိုလ်မိန်းကလေးဆောင်တွေရှေ့ ညညသွားအော်ရုံလောက်တော့ ဘွား အထင်သေးတယ်"

"ကျွန်တော် ... ဘယ်တုန်းကမှ ဒါမျိုးမလုပ်ခဲ့ဖူးပါဘူး"

ဒေါ်အိမ်သူက ကိုယ်တိုင် စာမဖတ်သော်လည်း သူ့ ဘာစ်ပါးကို စာစုံဖတ်ပြနိုင်းရင်း ခိမ်ခံတတ်သူမို့ ဗဟုသုတစုံပုံရ၏။

"သီချင်းခွေတွေ ဘာတွေ မထုတ်ဘူးလား"

"ကြိုးစားနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုနေသလဲ"

"ငွေအင်အားပါပဲ"

"နီးစပ်ပလား"

"ဟုတ်ကဲ့"

"အကူအညီလိုသလား နောင်ရိုး"

"သူများအကူအညီနဲ့ အောင်မြင်ခွင့်ရသွားရင် ကျွန်တော့် အောင်မြင်မှုကို ကျွန်တော် လိပ်ပြာသန့်မှာ မဟုတ်ပါဘူး ကိုယ့်ဘာသာပဲ ကြိုးစားချင်ပါတယ်"

"အင်း ... နောင်ရိုးဆိုတဲ့နာမည်နဲ့တော့ လိုက်သကွယ်"

ဒေါ်အိမ်သူက ဦးစွာ မတ်တတ်ထရပ်သည်မို့ သီဟ နှင့် နောင်ရိုးပါ လိုက်ရပ်ကြ၏။

"မင်း လက်ခံမှာလား ပုပ္ပား"

စကားက အဆုံးအစမရှိပေမယ့် သွားဆော့စပ်ပေးမည့် မိန်းကလေးကို လက်ခံမှာလား ... ဟု မေးမှန်း သီဟ သဘော ပေါက်သည်။ သီဟမှာ အဖြေအဆင်သင့် ရှိမနေပါ။ ဘာဖြေရမှန်း မသိ။

ခုခေတ် လူငယ် ယောကျ်ားလေးတစ်ယောက်အနေ ဖြင့် ဘွားအေ ရှာကြံစပ်ဟပ်ပေးမည့် မိန်းကလေးတစ်ဦးကို မြင် တောင်မမြင်ဖူးပါဘဲ လက်ခံခေါင်းညိတ်ဖို့ဝန်လေးသည်။ ယောကျ်ား လေးတိုင်း ဒီလိုပဲ ခံစားမိကြမှာပါ။

သီဟ မျက်နှာက စပ်ဖြဲဖြဲဖြစ်လာသည်။ ဒေါ်အိမ်သူ ကို ရယ်ရယ်ရွှင်ရွှင် မျက်နှာဖြင့် လှမ်းကြည့်၏။



"အစ်ကိုရန်ကြီးအောင်တို့တုန်းက ... ဓာစပ်ပွဲမတိုင်မီ ချောင်းကြည့်ခွင့်များ ရခဲ့သေးသလား ဘွား"

ဒေါ်အိမ်သူ ပြုံးလေ၏။ သူ့အပြုံးက ထူးခြားသည်။ ရယ်ရွှင်ရိပ် ကင်းချင်ချင်။ မင်းစကား ငါ နားလည်ပါတယ် ... ဟု ပြောချင်ရိပ်သမ်း၏။ ဒေါ်အိမ်သူက ခပ်ပြုံးပြုံး အနေအထား နှင့်ပဲ၊ သီဟနှင့် နောင်ရိုး နှစ်ယောက်လုံးကို တစ်ချက်စီကြည့် သည်။

"ဘွား စကားနားထောင်ရင်၊ လက်ထပ်တဲ့နေ့မှာ စကားဝါ ပါခွင့်ရမယ်။ စကားဝါရဲ့မိုက်ကြွေးကွက်လပ်ကို ပုပ္ပားရဲ့ အလိမ္မာနဲ့ ပြန်ဖြည့်ခွင့်ပေးတာ နည်းနည်းနောနော အခွင့် အရေးမဟုတ်ဘူးဆိုတာ သဘောပေါက်"

ရှစ်ဆယ်နားနီး အဘွားကြီးက ရိုးရိုးသားသား ပြောတာဖြစ်နိုင်၏။ သို့ပေမဲ့ ... သဘောပေါက် ... ဆိုတာ ခေတ် ပန်းစကားလို ဖြစ်နေတော့ သီဟ ရယ်ချင်သွားရပြန်၏။

"ပုပ္ပား လက်ထပ်တဲ့နေ့မှာ စကားဝါက ပုံမှန်အခြေအနေကို ပြန်ရောက်မယ်၊ မိဘမျက်ရည်အပူ လောင်နေတဲ့ဘဝက ကင်းလွတ်မယ်၊ စည်းစိမ်ဥစ္စာဆိုတာ သခါရသဘောတရား ပဲ ..."

"အမွေကို မမက်ဘူးဆိုရင်တောင် အမေ့မေတ္တာကို တော့ စကားဝါ တမ်းတမ်းတတ လိုချင်တပ်မက်လိမ့်မယ်၊ မင်း စဉ်းစားပေါ့ ..."

"ဟို သူငယ် နောင်ရိုးပါ ဝိုင်းပြီး စဉ်းစားပေးလိုက် ပေါ့၊ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

နောင်ရိုး ခေါင်းညိတ်၏။

"ခေါင်းမာတယ်ဆိုတာ ဖွဲ့သတ္တိရှိတဲ့ လူငယ်တွေမှာ ရှိတ တဲ့ အရည်အချင်းတစ်ခုပဲ။ ဒါပေမဲ့ … အဲဒီခေါင်းကို သင့်တဲ့နေရာနဲ့ ပျော့သင့်တဲ့နေရာ ခွဲခြားနိုင်မှ လူတော်ဖြ မယ်"

ဒေါ်အိမ်သူက လှည့်ထွက်သွားတော့သည်။ နော တော်ပါးမှ ခင်မ ထက်ကြပ်ပါ၏။ မိနီပါ ယပ်တောင်လေးကို ၍ တဖျပ်ဖျပ်ခတ်ရင်း ခပ်ကုပ်ကုပ် လိုက်သွားသည်။

"တောင်နန်းစံ ဒေဝီမိဖုရားခေါင်ကြီးရဲ့ စည်းစိမ်မျိုး ခေတ်နည်းခေတ်ဟန်နဲ့ သရုပ်ဖော်နေတာကွ"

သီဟက ပါးစပ်ကို နာနာစေ့၍ ရယ်ချင်စိတ် မျိုချရင်း တိုးတိုးကပ်ပြောသည်။

"တစ်လောကလုံးကို အလိုမကျဖြစ်နေတဲ့ပုံပဲ၊ ဘာပဲဖြ ဖြစ် လေးစားချီးကျူးထိုက်တာတော့ အမှန်ပဲ"

သီဟက ပခုံးတွန့်၍ ရယ်ပြသည်။

"မင်း စဉ်းစားပြီးပလား"

နောင်ရိုးပါ စဉ်းစားဟု ပြောသွားသည် မဟုတ်လာ

"စဉ်းစားဖို့မှ မလိုတာ"

နောင်ရိုး မျက်ခုံးနှစ်ဖက်ကို ရှုံ့ပြလိုက်လေ၏။



## အခန်း(၁၁)

"ဟောတော့ … ရတနာ၊ ဘယ်တုန်းက မန္တလေးရောက် လဲ၊ နင်တစ်ယောက်တည်းလား၊ ခွေးမ … စာလည်းမရေး၊ ဖုန်းလည်းမဆက်နဲ့ ဘာရောဂါလဲ၊ ငါ့မှာဖြင့် ဒီမှာ တစ် ယောက်တည်းကွာ၊ ပျင်းသလားမမေးနဲ့"

"ဟဲ့ … ဖြည်းဖြည်း၊ လျှာလေဖြတ်သွားလိမ့်မယ်၊ တစ်ခ စီမေးပါဟဲ့၊ အမေ့မောလေးများ ဖြေပါရစေဦး၊ ငါ့ကို ဘာ ကျွေးမှာလဲ၊ အေးအေးဆိမ့်ဆိမ့် ခါးခါးထဲက ကျွေးစမ်းပါ ဟာ၊ မောလည်းမော၊ ဆာလည်းဆာ"

"ဘယ်လို ဧည့်သည်လဲ၊ တစ်ခွန်းချင်းပြော"

လွင်လွင်ချိုက ရတနာကို ဆီးဖက်သည်။ ဖက်လည်း က် စကားတွေလည်း ဝေါခန့်ပြောချရင်း လက်ကလည်း တဖတ်ဖတ်ရိုက်နေ၏။

"နာပြီဟ"

ပြောပြီး နှစ်ယောက်သား ခွီးခနဲ ရယ်ချလိုက်ကြ သည်။ လွင်လွင်ချိုက ရတနာ့ကို ဧည့်ခန်းထဲသို့ ဖက်၍ခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ကားပြန်ထွက်သွားတာ အန်တီတို့လား"

"အေး"

"ဦးဦးရော ပါလား"

"အေး"

"လာမလည်ဘူးဟာ"

"အေး"

"ချွေးမ ... တအေးတည်း အေးနေရလား"

"နင့်ဆီက ကျွေးမွေးမယ့် အစားအစာပေါ် မူတည်ပြီး ငါ့အကြောင်းကို ဘယ်ရွေ့ ဘယ်မျှ ပြောသင့်တယ်ဆို ဆုံးဖြတ်ရမယ်"

"ပြောစရာကော ရှိလို့လား၊ ညာစားမလို့ မဟုတ်ဘူးလား"

"မကျွေးချင်နေ ဘာတစ်ခုမှ မသိစေရဘူး"

"ပြောစရာ တကယ်ပါတာလား"

"အများကြီး ... ဘဝတစ်ခုလုံးစာပဲ"

"ဟိုက် ... ကြီးကျယ်များပြားလှချည်လား၊ ထမင်းကျွေး ကွာ"

"ခုလောလောဆယ်"

"ကော်ဖီလောက်နဲ့ မရဘူးလား"

"နက်စ်"

"အေးပါ ... နက်စ်ပါပဲ"

"နက်စ်ကို အအေးလုပ်လာခဲ့ပေးကွာ၊ ပူရင် မသောက် ဘူး"

"သိပ်တောင် မသထာချင်တော့ဘူး"



"ဒါတော့ သဘောပဲ"

"ရမယ် ... ရမယ်"

လွင်လွင်ချို အိမ်ထဲဘက်ဆီသို့ လှမ်းအော်သည်။

"နက်စ်၊ အေး ... တစ်မျိုး၊ မုန့်မပါစေနဲ့၊ သူပြောမယ့် စကားကို နားထောင်ပြီးမှ ထပ်ကျွေးသင့် မကျွေးသင့် ချိန်ရမှာ"

နှစ်ယောက်သား ရယ်ကြပြန်၏။

"မေမေတို့ရော"

"ဟဲ့ ... မိလွင်ချို၊ ကော်ဖီမှာပုံက လက်ဖက်ရည်ဆိုင်လား မှတ်ရတယ်ဆိုပြီး ထွက်လာတာ၊ သမီးရတနာ ရောက်နေတာကိုး"

"ဟုတ်ကဲ့ အန်တီ နေကောင်းပါလားရှင်၊ ထွားလာတယ်နော် ကန်တော့"

လူကြီးကို နောက်လိုက်ပြီးမှ လက်အုပ်ကလေးချီ ဘာကလေးထွက်ကာ ဖက်ကလေးပါ ပုဝင်သွားသည့် ရတနာ့ကို င်ချိုက ဖတ်ခနဲရိုက်လေ၏။

ရတနာ ရှစ်တန်းအထိ မန္တလေးမှာ နေခဲ့ဖူးသည်။ ည်တုန်းက ဖေဖေ မေမေတို့က မန္တလေးတလဲ၊ မိုးကုတ်တလဲ နေသည်။ ရန်ကုန်အိမ်ကို မဆောက်ဖြစ်သေးချေ။ များသောအား င်း မေမေနှင့် ရတနာက မန္တလေးမှာ အနေများပြီး ဖေဖေတစ် တည်းသာ မိုးကုတ်မှာ ကျန်တတ်၏။

လွင်ချိုက ရှစ်တန်းအထိ ဖွဲ့ဖွဲ့မြဲမြဲ တွဲခဲ့သည့် ငယ်ပေါင်း ငယ်ချင်း။ ရတနာ ကိုးတန်းနှစ်မှာ ရန်ကုန်ပြောင်းတော့၊

www.burmeseclassic.com



လွင်ချို့နှင့် ဝေးခဲ့ပေမယ့် စာချင်း တယ်လီဖုန်းချင်းက ပြတ်သည် မရှိ။ လွင်ချို့မိဘများ ရန်ကုန် ဆင်းလာသည့်အခါတွေ ရှိတတ်သည်။ ကုန်သည်တွေမို့ ခရီးအထွက်များ၏။

ထိုအခါများမှာ လွင်ချို့က မရမက ပူဆာ၍ လိုက်လာတတ်ကာ ရတနာ့အိမ်မှာ တည်းဖြစ်၏။ ရတနာက ကျောင်းပိတ်ရက်၊ မေမေနှင့်အတူ ဖေဖေရော မိုးကုတ်သို့လာလျှင်လည်း မန္တလေးထိ အရောက်လာကာ လွင်ချို့နှင့် နေသည့်ရက်တွေ... သည်။

လွင်ချို့က မန္တလေးတက္ကသိုလ်မှာပဲမို့ ကျောင်းတူတူ... တက်ရတော့ပေမယ့် ငယ်သူငယ်ချင်းမို့ အရင်းအနှီးမပျက်...

သူငယ်ချင်း၏ မိဘတွေကို သူငယ်ချင်းခေါ်သ... 'ဖေဖေ မေမေ'ပဲ လိုက်ခေါ်တတ်သည့် ရတနာကို လွင်ချို့မေ... ဒေါ်သိန်းသိန်းစိုးက သမီးရင်းနှင့်မခြား ချစ်နေရလေ၏။ ရတနာ... မျက်နှာလေး ဖူးနေအောင်လှသလို၊ စိတ်ထားလေးလည်းဖြော... သဘောလေးကောင်း၊ အပြောလေးချို၊ သူ့လောက် ရက်ရောရင်... တတ်သူ မရှိသလောက် ပေါင်းတတ်သင်းတတ်၏။

"သမီးတစ်ယောက်တည်းလား"

"ဖေဖေတို့ မေမေတို့ပါ ပါပါတယ်"

"ဟော ... ဘယ်မလဲ၊ ဘယ်မှာ သွားတည်းကြတာတုန်း... အန်တီ စိတ်ဆိုးမှာနော်၊ ခု ပြေးခေါ်မယ်"

"ဟို ... ကိစ္စလေးတစ်ခု ဆောင်ရွက်ဖို့ရှိတာနဲ့ မေမေ... ဖေဖေ့ဟိုတယ်မှာပဲ တည်းလိုက်တာပါ မေမေရဲ့"

"မရပါဘူး၊ ဒီအိမ်လည်း အကျယ်ကြီးဟာ"



ဒေါ်သိန်းသိန်းစိုးက သူ့အိမ်မတည်းတော့ စိတ်ဆိုး အားငယ်ပုံနှင့် မျက်နှာ ကွက်ခနဲပျက်ရှာသည်။ ဒေါ်သိန်းသိန်းစိုးတို့လည်း မန္တလေးမှာ လူချမ်းသာစာရင်းဝင်ပါပဲ။ သို့ပေမဲ့ ... ရတနာ့အကြောင်းကိုတော့ အတွင်းသိမို့ ရတနာတို့ စည်းစိမ်ကို ...မီကြောင်း သိထားရသည်။

"အန်တီ့အိမ် ကျဉ်းလို့လား"

ရန်ကုန်က ရတနာတို့ခြံ၊ ရတနာတို့ တိုက်ကြီးထဲမှာ တည်းခိုခဲ့ဖူးသည်။ ဒေါ်သိန်းသိန်းစိုးခြံနှင့် တိုက်က ကျယ်ပြန့် ခမ်းနားပေမယ့် ရတနာ့အိမ်နှင့် ခြံနှင့်စာတော့ တစ်ဝက်နီးပါး လောက် မရှိချင်။

"ဟာ ... မေမေကလည်း ... မဟုတ်ပါဘူး"

ဒေါ်သိန်းသိန်းစိုး တကယ်စိတ်မကောင်းပုံမို့ ရတနာ ... ပြေးဖက်ကာ ပါးချင်းကပ်ထားလိုက်တော့သည်။ ဒီလို ချွဲ တတ်သည့် ရတနာလေး။

"အစ်ကိုကြီးနဲ့ မမတို့ကလည်း အိမ်ရှေ့ရောက်တာတောင် မဝင်ကြဘူးလား"

"ညနေ သမီးကို လာပြန်ခေါ်မှ ကြာကြာနေဖို့ပါ မေမေရဲ့၊ မေမေ့လက်ရာ ညစာစားမှာ"

"ဒီလိုလား"

"ဟုတ် ... ခုတော့ အရေးကြီးကိစ္စလေး အချိန်မီပြေးရတာ မို့ပါ"

ဒေါ်သိန်းသိန်းစိုး နားလည်ပေးရဖို့ပဲ ရှိပါတော့သည်။

ရတနာတို့က မိုးကုတ်ဇာတိတွေ၊ တရားဝင် တူးဖော်ခွင့် ရကျောက်

www.burmeseclassic.com

www.burmeseclassic.com



တွင်းတွေ ပိုင်ဆဲ၊ တွင်းထွက်ရတနာများကို တရားဝင် ရောင်းချ သည့်စီးပွားရေးလုပ်ငန်းက ကိစ္စတော်အများသားမှန်း သိထားသည်။

ရတနာ့မိဘများက စီးပွားရေးသမားများပေမယ့် ဥပဒေနှင့် ဆန့်ကျင်တာ ဘာတစ်ခုမျှမလုပ်။ တွင်းထွက်ရတနာ တွေကို အစိုးရထံပဲ ရောင်းချသည်။ မိုးကုတ်နှင့် ရန်ကုန်တော့ ကူးချီသန်းချီ လုပ်ရသည်။ မန္တလေးမှာကျတော့ လေးထပ်တိုက် ကြီးဆောက်ကာ တည်းခိုခန်းဖွင့်ထားသည့် စီးပွားရေးတစ်ခု သည်။

မန္တလေးသို့လည်း ရတနာ့ဖေဖေ မကြာခဏ ရောက် တတ်၏။ ရတနာတို့သားအမိက လိုက်လာခဲ့သည်။ လိုက်လာ လျှင်လည်း တစ်ခါတစ်ရံမှာ သူ့တည်းခိုခန်းတွင် မတည်းဘဲ ဆွေမျိုးတွေအိမ်မှာ တည်းတတ်တာကို ဒေါ်သိန်းသိန်းစိုး သိထား ခဲ့ပါ၏။

"ဘာပဲဖြစ်ဖြစ် တစ်ညတော့ လာအိပ်မှ ကျေနပ်နိုင်မယ်"

"သမီး အိပ်မှာပါ မေမေ၊ တစ်ညမဟုတ်ဘူး၊ မပြန်မချင်း"

"အေးလေ ... ဒီလိုလည်းလုပ်ပါ"

"ညစာစားဖြစ်မှာ သေချာတယ်နော် မေမေ"

ခုမှပဲ ဒေါ်သိန်းသိန်းစိုး ကျေနပ်သွားရတော့သည်။

"အေး ... အေး၊ သူငယ်ချင်းနှစ်ယောက် စကားပြောကြ"

ရတနာ့မိဘများက စားမည်ဆိုသည့် ညနေစာ ထမင်းပွဲကို ဒေါ်သိန်းသိန်းစိုး ဟိန်းနေအောင် စီမံတော့မည်ဖြစ် လေ၏။

✿ ❤ ✿



"ကဲ ... ပြော၊ နင့် တစ်ဘဝစာ စကားတွေ"

"အဟီး"

"မျက်နှာကိုက စပ်ဖြဲဖြဲ၊ ယောကျ်ားပေးစားတော့မယ်ထင် တယ်"

"ဟီး"

"ခွေးမ"

"နင်ပြောတာ ပွဲချင်းပြီး မှန်သွားလို့"

"ဟော်တော့ ... တကယ်"

"အေးဟာ ... စိတ်ကြီးများနယ် ညစ်ပါဘိ"

"ဒါ စိတ်ညစ်တဲ့ မျက်နှာလား၊ ငါက နောက်လိုက်တာ၊ တကယ် ဖြစ်နေရသလားဟာ၊ နင့်ကို နမြောလိုက်တာ"

ဆယ့်ကိုး နှစ်ဆယ်ဆိုတာ အိမ်ထောင်တာဝန်ကြီး အစ်ခုကို ထမ်းရွက်ဖို့ သိပ်ကိုစောနေသေးသည်လေ။ လွင်ချို မြော်ဝမ်းနည်းသွားရသည်။ သူငယ်ချင်းချင်းက ညီအစ်မ,မက ချင်ကြရတာပါ။

"ခုတော့ ဘယ်ဟုတ်ပါ့မလဲ၊ စေ့စပ်ပေးဖို့"

"လက်ထပ်တော့ ဘယ်တော့လဲ"

"ကျောင်းတွေ ဘာတွေ ပြီးမှပေါ့"

"ဒီလောက်အကြာကြီး စေ့စပ်ထားတော့၊ အကြာကြီး အနှောင်အတဲ ဖြစ်နေမှာပေါ့၊ နေပါဦး၊ ဘယ်သူနဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိမ်သူ ... သိလား"

"ဟိုက် ... မြတ်စွာဘုရား၊ သူ့မြေး တစ်ယောက်နဲ့လား"

"အေး ... တာတေလဲတွေလား"

"ဘယ်ကလာ တာတေလဲရမှာလဲ၊ ဒေါ်အိမ်သူ့ မြေးတစ်ယောက်ယောက်ကို ရဖို့ဆိုရင် လမ်းမပေါ် ကျွမ်းလိမ့်ထိုးကြမည့် သမီးရှင်တွေ သားရှင်တွေ အများကြီး"

မန္တလေးတစ်မြို့လုံး ဒေါ်အိမ်သူ့အကြောင်းက မသိသူရှားလှသည်။ နေတတ်ပုံက ထည်ဝါခမ်းနားလွန်းသည်။ မင်းမျိုးမင်းနွယ်လိုလို သတင်းသန့်သန့် ကြားသူတွေက ဖွင့်မေးသည့်အခါ နှံ့သာယပ်တောင်လေးဖွင့်၊ တဖျပ် နှစ်ဖျပ် ဖြည်းဖြည်းခတ်ကာ တဟင်းဟင်း ရယ်နေတတ်သည်။

"ရှင်လောင်းဘဝက ရွှေထီးဆောင်းခဲ့ရတာတော့ ရှင်ပြုဖူးသူတိုင်းပါပဲလေ"

ငြင်းလည်းမငြင်း၊ ဝန်လည်းမခံ။ ဟိုလိုလို ဒီလိုလို ရောချတတ်သည်မို့ ဒေါ်အိမ်သူကို ဘယ်မင်းသားကြီး မင်းသမီးကြီး၏ အဆက်အနွယ်ထဲကမှန်း မည်သူမျှ သေသေချာချာ မသိရပေမယ့် မင်းမျိုးမင်းဆွေဟုပဲ သတ်မှတ်ထားကြတော့သည်။

သူ့အိမ်တစ်အိမ်လုံး ဖွဲ့စည်းပြင်ဆင်ထားပုံက ရှေးမြန်မာယဉ်ကျေးမှု အနုပညာ အပြောက်အမွှမ်းတွေချည်း။ ခမ်းနားလိုက်တာလည်း မပြောပါနဲ့တော့။ ဧည့်သည်လာလျှင် နို့ခွက်၊ သကြားခွက်၊ ကော်ဖီကရားနှင့် ပန်းကန်လုံး ပန်းကန်ပြားတွေပါ ဖွေးဖွေးလက်နေသော ငွေသားစစ်စစ် တစ်စုံလုံးနှင့် တည်ခင်းတတ်သည်ဆိုပဲ။



"ရွှေနဲ့လုပ်ထားတဲ့ ဆက်တွေတောင်ရှိသတဲ့၊ ဒီမှာ နာမည်ကြီး မင်္ဂလာဆောင်တွေ ပန်းအိုးထိုးဖို့ ငွေဖလားမသုံးချင်ရင် သူ့ဆီမှာ သွားငှားရတယ်တဲ့ ...

"ရွှေဖလားကြီးတွေများ တစ်ဖက်လောက် ရှိသတဲ့တော့"

လွင်ချိုက မျက်လုံးလေးပြူးလိုက်၊ မျက်စလေးချီလိုက်နှင့် ပြောပြနေသည်။

"သားသမီးတွေက တခြားမြို့တွေမှာ နှံ့ကုန်ပြီ။ အလုပ်ရှိရာပြောင်းကြရတာ၊ ဒေါ်အိမ်သူက ဘယ်သား ဘယ်သမီးနဲ့မှ လိုက်မသွားဘဲ တစ်ယောက်တည်းနေတာ"

"သူ့ ... ဘယ်သူပြုစုမလဲ"

"အမယ်လေး ... ပြည့်လို့၊ အခြွေအရံတွေမှ တစ်ပုံကြီး၊ လက်တွေ့မဟုတ်ရင် ယုံနိုင်စရာမရှိဘူး၊ ဘုန်းတော်ဘွဲ့တွေ နားထောင်ချင်ပါတယ်ဆိုရင် ဆိုပြရတဲ့သူတောင် အပိုင်ငှားထားသတဲ့"

"အမယ်လေးနော် ... ကြီးကျယ်ခမ်းနားလှချည်လား၊ သူထိုင်စားနေတာပဲလား၊ ဘာလုပ်လဲ"

"ဘာမှမလုပ်ဘူး"

"မကုန်သေးဘူးလား"

"မကုန်သေးလို့ပေါ့ဟ"

"နင်တို့ထက်တောင် ပိုချမ်းသာဦးမယ်"

ဟု ပြောရမှာ အားနာလို့သာ လွင်ချို ငြိမ်နေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချွေးမ သမက် အရှာကလည်း ကောင်းပါ၊ ဒိတ်ဒိတ်ကြဲတွေချည်းပဲ၊ ရာထူးကြီးရင်ကြီး၊ မကြီးရင် ချမ်းသာပဲ"

"မြေးတွေလည်း သူပဲ အကုန်စီမံတာလို့ ကြားတယ်"

"အေး ... မြေးတစ်ယောက် အသက်နှစ်ဆယ်ပြည့်ရင်၊ မပြည့်ခင် တစ်ပတ်အလိုမှာ သူ့ဆီလာရတယ်၊ သူ့ဆီမှာ နှစ်ဆယ်ပြည့်ရတယ်"

"အဲဒါက ဘာသဘောလဲ မသိဘူးနော်"

"သူ့ဆီမှာ လူလားမြောက်တာလို့ ပြောဖို့လား မသိဘူးနော်၊ တွေးကြည့်ရတာလေ"

"မြေးတွေ အသက်နှစ်ဆယ်ပြည့်ရင် သူ့ဆီခေါ်ပြီး သူရှာထားတဲ့ စိတ်ကြိုက်နဲ့ ဇစ်စပ်ပေးလေ့ ရှိတယ်လို့ ငါကြားထားတယ်"

"ဟုတ်တယ်၊ မြေး ဆယ့်သုံးယောက်ရှိပြီ၊ စေ့စပ်ပြီးတာ၊ အဲဒီထဲက လေးယောက်က သူပေးစားတဲ့သူနဲ့ လက်ထပ်ပြီးပြီ၊ နှင်နဲ့က ဆယ့်လေးယောက်မြောက်မြေး ဖြစ်မယ်ထင်တယ်၊ ဘယ်သူတဲ့လဲ"

"ပုပ္ပားတဲ့ ... သိလား"

"ဟော့အေး ... ကြားတောင် မကြားဖူးဘူး၊ သူ့မြေးတွေက သူနဲ့မှ မနေတာ၊ ငါတို့ မသိဘူး၊ နှင်ကိ အဲဒီကိစ္စလာရတာပေါ့၊ ဟုတ်လား"

"အေးပေါ့၊ ငါလည်း တစ်ခါမှ မမြင်ဘူးတဲ့သူနဲ့ ဘယ်စေ့စပ်ချင်ပါ့မလဲဟာ"

"ဟင် ... နှင် မမြင်ဖူးဘူး"



"လုံးဝပဲ၊ မမြင်ဖူးဘူး၊ ဖေဖေတို့ မေမေတို့က စီမံတော့လည်း ငါက ငါ့ဘာသာ မရွေးပါဘူး ကတိပေးထားပြီးသားလည်း ရှိနေတယ်၊ ငြင်းဖို့အကြောင်းပြချက်လည်း ခိုင်ခိုင်လုံလုံမရှိဘူး"

"ဒေါ်အိမ်သူ့ မြေးဆိုရင်လည်း ဘယ်သမီးရှင် သားရှင်ကမှ ငြင်းမယ် မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ၊ ချမ်းသာတာ တစ်ခုတည်းကြည့်လို့ ဖြစ်မလား"

"မဟုတ်ဘူးကွ၊ ဒေါ်အိမ်သူမှာ သမီးလေးယောက်နဲ့ သားသုံးယောက်ရှိတယ်၊ ခုနစ်ယောက်ပေါ့၊ ချွေးမတွေသမက်တွေနဲ့ပါ ပေါင်းရင် ဆယ့်လေးယောက် ...

"အဲဒါတွေ အကုန်လုံးက ဒေါ်အိမ်သူ ထိုင်ဆိုထိုင်၊ ထဆိုထ၊ ယိမ်းတိုက်သလား မှတ်ရတယ်တဲ့"

လွင်ချိုက လက်ဖျားတခါခါ ပြောရင်း သူ့စကားသူ သဘောကျကာ ရယ်သည်။

"ရိုးသား ကြိုးစား၊ သဘောကောင်း၊ နူးညံ့သိမ်မွေ့ဆိုတာမျိုးတွေချည်း သူ့ဆွေမျိုးစုထဲ အဝင်ခံတာတဲ့ ...

"စိတ်ပုပ်တို့၊ ထိုင်ကားယား ထကားယားတို့ ဖော်လော်ကန့်လန့်တို့ တစ်ယောက်မှ မပါဘူးတဲ့၊ စာတွေလည်း တော်ကြတယ်တဲ့"

"စုန်းပြူးလေးများ မပါဘူးလား"

"ခုထိတော့ မပြူးသေးဘူး"

ပြောပြီး ရယ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိမ်သူ မြေးမတွေဆိုရင် ငါတို့လို ဟီးဟီးဟားဟား မရယ်ကြဘူးဆိုပဲ"

"အဘွားရှေ့မှာ ဖြစ်မှာပေါ့"

"အေး ... မိနှာ နင်ပြောတာ ဖြစ်နိုင်တယ်"

"အဘွားက ပုံစံကောင်းသွင်းတယ်၊ ဆုံးမပဲ့ပြင်တယ်။ မြေးတွေ လိမ္မာကြတယ်ဆိုတာ အဘွားက တော်ပြီးထက်ထက်မြက်မြက်ထဲကဆို ဖြစ်နိုင်ပါတယ်"

"ဆယ်ကျော်သက်တွေက ဟီးဟီးဟားဟားတောင် မရယ်ဘူးဆိုတာတော့ မဖြစ်နိုင်ဘူး၊ နင့်ဟာတွေက ...

"ပုံပြင်ထဲက ပြန်ရွတ်ပြတာနဲ့ တူနေပြီ"

"ပြောတတ်ဘူး၊ တို့တစ်မြို့လုံးတော့ ဒေါ်အိမ်သူအကြောင်းက ပုံပြင်ပဲ။ ပုံပြောသလိုကို ပြောနေကြတာပဲ"

"ဖေဖေတို့က အဲဒီ ဒေါ်အိမ်သူနဲ့ ဘယ်တုန်းက ရင်းနှီးထားမှန်း မသိပါဘူးဟာ၊ ငါလည်း မန္တလေးနေသွားတာပဲ၊ ငါဖြင့် မသိပါဘူး"

"နင်က ငယ်သေးလို့ မသိတာပါ၊ ငါတို့လည်း နောက်ပိုင်းမှ သိလာတာ၊ သူ့မြေးတွေကို သူ ရှာပေးတာချည်းပဲ၊ ဘယ်မြေးတစ်ယောက်ကမှ ကလန်ကဆန် ဆိုတာ မကြားဖူးဘူး ...

"တချို့လည်း စေ့စပ်ထားတုန်း၊ တချို့ကျတော့ လက်ထပ်ပြီးကုန်ပြီ"

"ပြေလည်ကြရဲ့လား"

"အေး ... ဘာပြဿနာမှ မကြားရဘူး"



"နင်တို့ မသိတာ ဖြစ်ချင်ဖြစ်မှာ"

"မြန်မြန်မသိလည်း ဖြည်းဖြည်းသိမှာပေါ့ကွ၊ ဒေါ်အိမ်သူအကြောင်းဆိုရင် ပြောချင့်လွန်းလို့ လျှာယားနေတဲ့လူတွေ အများကြီး ...

"လူတွေပဲဟာ အကောင်းတောင် ဒီလောက်ပြောချင်နေကြရင် အဆိုးကို ပိုတောင်ပြောချင်ဦးမယ်"

"ငါ့မေမေက ပြောတယ်၊ လူငယ်ချင်း စကားပြောကြည့်လို့ အဆင်ပြေရင် နှစ်စပ်ပွဲကိုတော့ မိုးကုတ်မှာလာလုပ်မှ လက်ခံနိုင်မယ်တဲ့"

"ရန်ကုန်မှာရော"

"မိတ်ဆွေနည်းနည်းပါးပါးနဲ့ ထပ်လုပ်မယ် ထင်တယ်"

"လုပ်ပေးမှာ မပူနဲ့၊ မြေးမတွေအတွက် စေ့စပ်ပွဲဆိုရင် သူတို့မိဘရှိတဲ့မြို့မှာ တစ်ခါ၊ ဒီမန္တလေးမှာတစ်ခါ လုပ်ရတယ် ...

"မြေးထီးတွေဆိုရင် မိန်းကလေးရှင်ရှိတဲ့မြို့ကို လိုက်လုပ်ပေးတယ်၊ အဘွားကြီးက မြန်မာ့ထုံးတမ်းစဉ်လာကို ထိန်းမှုနှန်းဟန်နဲ့ကို လိုက်နာဆောင်ရွက်တာတဲ့"

ကြားရသည့် သတင်းတွေက ဝမ်းသာရမှာလား၊ ကြောက်ဖို့ကောင်းတာလားတောင် မပြောတတ်ချေ။ ရတနာက ဆေးငေးလေး ဖြစ်နေသည်။

"နင်က မိဘစကား နားထောင်တဲ့ သမီးလိမ္မာလုပ်မလို့ပေါ့၊ ဟုတ်လား"

"ရုပ်ရောက ကြည့်ပျော် ရှုပျော် ရှိရင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ် ... ရုပ်ရေတစ်ခုပဲ နင်က ထည့်ထွက်မှာလား"

"ကျန်တာတွေက မမေတို့ ကြည့်ပြီးပြီလေ၊ သူတို့တွက်ရေးမှာ အချိုးတကျရှိလို့ ဖြစ်မှာပေါ့၊ ငါက ဘာထပ်စဉ်းစားစရာ လိုသေးလဲ"

"နင် ကံကောင်းမှာပါ"

"ဖြစ်သင့်တာပဲ"

လွင်ချိုက လှမ်းရိုက်ပြန်၏။

"ငါ့ပေါင်လည်း နင်ရိုက်တာနဲ့ ပူထူနေပြီ၊ နက်စ်အအေး တစ်ခွက် ထပ်တိုက်ဦး"

"ဟောတော့ ... တော်တော်ဆိုင်သားပဲ၊ ပြောပုံက ငါတိုက်ထားတဲ့ တစ်ခွက်က ဘယ်တုန်းက ပြောင်သွားတာတုန်း"

"နင်က လေပေါနေတော့ ငါ့ခမျာ ကော်ဖီလေး သောက်ရရှာတယ်"

"ဩော် ... ဩော်"

"နောက်တစ်ခွက် ထပ်တိုက်လို့ ထမင်းမစားနိုင်မှာ မပူနဲ့ ငါက မနက်စာ ဒီမှာစားမှာ"

"ဒီညှော်သည်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

ပြောမနာ ဆိုမနာမို့ ပြောချင်ရာ ပြောဖြစ်ပေမယ့် ရတနာ မနက်စာရော ညစာပါ စားမည်ဆိုသည့်အတွက် လွင်ချို စိတ်တိုင်းကျ ကျေနပ်သွားရလေ၏။

"မမေက မီးဖိုထဲဝင်ပြီး ဘာဟင်းတွေ ထပ်ချက်နေတယ် မသိဘူး၊ ငါ သွားမြည်းလိုက်ဦးမယ်"



"ကော်ဖီ ထပ်သောက်မယ်ဆို"

"ကော်ဖီသောက်ရင် ဟင်းမမြည်းရဘူးလား၊ နင့် ကော်ဖီ မီးဖိုထဲလိုက်ပို့"

"ကောင်းပါပြီတဲ့ရှင်"

ထမင်းစားနေဆဲမှာ လွင်ချိုတို့အိမ်မှ ကောင်မလေးက မမရတနာတဲ့၊ ဖုန်းလာပါတယ်ဟူ၍ ပြောသည်။

"ဟောတော့ ... မမေတို့များ"

ရတနာ ခုန်ထကာ တယ်လီဖုန်းရှိရာသို့ အပြေးရောက်၏။ ဒီအချိန် ဒီအိမ်မှာ ရတနာရှိနေတာ သိနိုင်သူဟူ၍ အမေနှင့် မမေပဲ ရှိသည်လေ။ ရတနာ ရင်ကလေး တဒိတ်ဒိတ် ဆောင့်ခုန်၏။

"ဟယ်လို ... ရတနာပါ"

"မရတနာ ... ကျွန်တော် ပုပ္ပါးပါ"

မြတ်စွာဘုရားဟု ကျိတ်တ,လိုက်မိသည်။ တဒိတ်ဒိတ်လေး ခုန်နေသည့်ရင်က ဝုန်းခနဲ ဆောင့်ခုန်သည်။ စကားပြောခွက်ကို လက်နှင့်အုပ်ကာ ဘေးနားမှာ သူပါစိတ်ပူပြီးရပ်နေသည့် လွင်ချိုဘက်သို့ မျက်လုံးပြူး၍ ကြည့်မိ၏။

"ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ"

"ပုပ္ပါးတဲ့ ... တော့"

"အလိုလေး"

www.burmeseclassic.com

www.burmeseclassic.com



လွင်ချို မျက်လုံးပါ ပြူးထွက်လာ၏။ ဘယ်လို ခြေသွက်လှချည်လားဟု ပြောကာ စိတ်ဝင်စားမှုက အမြင့်ဆုံး ဒီဂရီထိ မြင့်တက်သွားလေ၏။

"ကျွန်တော် ပုပွားပါ မရတနာ၊ ကြားရရဲ့လားခင်ဗျာ"

ပုပွား ဆိုသည်နှင့် လွင်ချိုက တယ်လီဖုန်းနား သူပါ အတင်းပူးကပ်၍ နားထောင်သည်။

"စကားပြောတာ ယဉ်ကျေးတယ်တော့"ဟု ဝင်ပြော နေပြန်သည်မို့ ရတနာက ပုပွားစကားကို နားထောင်ရ၊ လွင်ချို စကား နားထောင်ရနှင့် ဘယ်ဟာကိုမျှ သဲကွဲစွာ မကြားရတော့ ချေ။ လွင်ချိုကို ကျိတ်ဆိတ်ရလေ၏။

"ကြားပါတယ်၊ ပြောပါ"

"လျင်ချက်တော့ ရတနာ ဒီအိမ်ကို ဒီအချိန် ရောက် မယ်ဆိုတာ ဘယ်လိုသိတယ် မသိဘူး၊ လူလည်ထဲ ဖြစ်မယ်၊ တစ်ခါတည်း စေ့စပ်တာ လက်မခံလိုက် စုံစမ်းဦး၊ ငါတော့ အံ့ရော ... အံ့ရော"

လွင်ချိုက ဝင်ပြောနေပြန်၏။

"ဘွားရဲ့ဝေယျာဝစ္စအကုန် စီမံဆောင်ရွက်ပေးရတဲ့ မခ ဆီက စုံစမ်းရတာပါ၊ မရတနာ တည်းခိုမယ် ထင်ရတဲ့ ဖုန်းနံပါတ်ကို ရပါတယ် ..."

"အဲဒီကို ဖုန်းဆက်မေးတော့ သူငယ်ချင်း သွားတယ်ဆိုပြီး ဖုန်းနံပါတ်တစ်ခု ထပ်ပေးလို့ ဆက် တာပါ"



"နင်ပြောတာ ကြားသွားပြီ လွင်ချိုရဲ့၊ ပြေရှင်းချက်ထုတ် နေတယ်"

လွင်ချိုက အားနာသွားရပုံနှင့် သူ့ပါးစပ်လေး သူပိတ်၍ရယ်၏။

"ကျွန်တော် မရတနာနဲ့ စကားပြောချင်လို့ပါ"

"အခုပြောနေတာ စကားတွေ မဟုတ်လို့ ဘာတွေလဲ"

လွင်ချိုက မနေနိုင်။ ဝင်ပြောပြန်၏။ ရတနာ့ကိုစွ ာ သူကပို၍ စိတ်ပါဝင်စားစွာ တက်တက်ကြွကြွဖြစ်နေ၏။

"ပြောပါ ... ရပါတယ်"

ရတနာကတော့ တည်တည်မှန်မှန်ပဲ ပြောသည်။ ခါအိမ်သူ့မြေး ဆိုရုံနှင့် ရတနာတို့က ခုန်ပေါက်ပျော်ပစ်ရမှာ ား။ ဝေးသေး။

"အခုပြောလို့ ရမလား ခင်ဗျာ၊ ကျွန်တော်က အေးအေး ဆေးဆေး တစ်နေရာမှာတွေ့ပြီး ပြောခွင့်ရချင်ပါတယ်"

"ဟာ ... ဘာလို့ တွေ့ရမှာလဲ"

လွင်ချို့ အသံပါပဲ။

"ကိုပုပွား ပြောချင်တာရှိရင် အခု ပြောနိုင်ပါတယ်၊ ကျွန်မ မိဘက ဘယ်ကိုမှ လွှတ်မယ် မဟုတ်ပါဘူး"

"ဒါဖြင့်လည်း ပြောပါရစေ၊ ကျွန်တော်က စကားပြေသိပ် မတတ်တော့ နားဝင်ရိုင်းရင် ခွင့်လွှတ်ပေးပါ"

"ဟောတော့၊ ဘာတွေများ ပြောမလို့ပါလိမ့် ... ဒုက္ခ"

လွင်ချို့ကိုတော့ ဘေးမဲ့ပေးလိုက်ရပါတော့သည်။ ကျိတ်ဆိတ်လို့လည်း သူ့အသံက တိတ်မှာမှ မဟုတ်ဘဲ၊ ဒီကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲ လွင်ချိုက ရတနာ့ရင်ဘတ်ကို လာဖိကာ ခုန်တယ်တော့၊ မြ
တယ် ... မြန်တယ် လုပ်နေပြန်၏။

တကယ်ဆို ပြောစရာစကား ဘာမျှမရှိဟု ရတန
ထင်သည်။ သူနှင့်ကိုယ်နှင့် ချစ်သူတွေလည်း မဟုတ်သလို၊ မုန်
သူတွေလည်း မဟုတ်ချေ။ ရတနာက မိဘစီမံရာ နာခံရမှာ ဖြ
သလို၊ ပုပွားအနေနှင့်လည်း အဘွားစီမံရာ နာခံမည့်ကိစ္စ။

"လူကြီးတွေ စီစဉ်တဲ့ကိစ္စမှာ ကျွန်တော့်ဘက်
တော့ ဘယ်လို ဘယ်ညာ"ဆိုတာတွေ ပြောဖို့လား။ သူ လက်
လို၍ ငြင်းချင်တာလား။ ဒါဆိုလည်း ရတနာ့ဆီ ရောက်လာသ
သည့် ကိစ္စဟုတ်ချေ။ ဒေါ်အိမ်သူနှင့်သာ ပြီးနိုင်၏။ ရတနာ
တစ်နည်းနည်းဖြင့် ကြိုမြင်ဖူးထား၊ ရတနာ့အကြောင်းတွေ
ထားလို့ လူကြီးတွေရှေ့ မရောက်မီ ဆွေးနွေးချင်တာလား။

ရတနာ့ခေါင်းထဲ နောက်ကျိရှုပ်ထွေးသွားရတော့
သည်။

"ကျွန်တော့်အမေဟာ ဘွား စွန့်ပယ်ထားတဲ့ သမီးပါ"

"ရှင်"

တော်တော်လေးကို အံ့သြသွားမိသည်။ လွင်ချို
ပောတော့ဟု ဆိုကာ မျက်လုံးပြူးနေ၏။ သိချင်ဇောက ဖြ
ထန်သည်မို့ ရတနာ့ နားရွက်နားမှာ လွင်ချို နားရွက်က အတင်
ပူးကပ်ထားသည်။

"ကျွန်တော်ဟာ ကျွန်တော့် အဘွားကို အနှစ် နှစ်ဆယ်
အတွင်း ဒီတစ်ကြိမ်ပဲ မြင်ဖူးပါတယ်"

"ဟုတ်ကဲ့"



ရတနာ စိတ်ဝင်စားလာသည်။ တစ်ဖက်မှ စကား
ပြောသံက မှန်ရည်ချောင်ပါ၏။

"ဘွား ခေါ်ပေးတဲ့ မိန်းကလေးကို လက်ခံပါမှ လက်
ထပ်ပါမှ ကျွန်တော့်အမေကို ပြန်လက်ခံမယ်လို့ ဘွားက
ပြောပါတယ်"

"ကိုပုပွား ... အဲဒါ ရှင်တို့ကိစ္စပဲ"

"သည်းခံပေးပါ မရတနာ၊ ကျွန်တော် တောင်းပန်ပါတယ်၊
ဆက်ပြောပါရစေ"

"အေးလေ ... ဓာတ်ရှိန်က တက်လာပြီ၊ ဒီမှာ သိချင်နေ
တဲ့ဥစ္စာ၊ နင်ကလည်း"

လွင်ချိုကိုတော့ မျက်စောင်းထိုးပစ်ချင်စိတ်ကို ပေါက်
နေရပါပြီ။

"ကျွန်တော့်မေမေဟာ ဘွားရဲ့အမွေကို မမက်ပါဘူး၊ သမီး
စာရင်းတော့ ပြန်ဝင်ချင်ပါတယ်"

ဒီတစ်ကြိမ်တော့ လွင်ချို စိတ်ဝင်စားလွန်းသွားရ
သည်မို့ ငြိမ်နားထောင်နေသည်။

"မေမေက ဘွား စကားကို နားထောင်ခဲ့၊ ဘွားစီမံတာ
လက်ခံခဲ့ဆိုပြီး ကျွန်တော့်ကို လွှတ်လိုက်ပါတယ်၊ မေမေ
စိတ်မကောင်းမှာစိုးလို့ ကျွန်တော် လာခဲ့ရပါတယ်"

"ရှင်းရှင်းပြောပါ ကိုပုပွား၊ ကျွန်မ အနေနဲ့ကလည်း
မတတ်သာလို့ မန္တလေးကို ရောက်လာရတဲ့သူပါ"

"ဒီကိစ္စကို ကျွန်တော့်ကြောင့် ပျက်ရရင် ဘွား ဘယ်လိုမှ
ခွင့်လွှတ်မှာ မဟုတ်သလို၊ ကျွန်တော့်အမေရဲ့အသက်
အန္တရာယ်ကိုလည်း စိုးရိမ်ဖို့ ရှိပါတယ်"

www.burmeseclassic.com



သူစကားက ဘာအဓိပ္ပာယ်လဲဆိုတာ ရတနာ ရိပ်မိ
စပြုသည်။ မိန်းမသားမာနကလေးက ဝုန်းခနဲကြွလေ၏။

"ကျွန်မဘက်က ဖျက်ပေးစေချင်လို့လား၊ ရပါတယ် သိပ်ကိုဖြစ်တယ်"

ဒေါသသံစွက်သွားတာ သေချာ၏။

"တောင်းပန်ပါတယ် မရတနာ၊ ဘွားကိုယ်တိုင် သဘောကျတဲ့ မိန်းမသားမို့ မရတနာကို မမြင်ဖူးသေးပေမယ့် အဘက်ဘက်က အရည်အသွေး ပြည့်သူအဖြစ် လေးစားပြီးသားပါ။ ကျွန်တော် စကားပြော မတတ်ရင် မရတနာကို စော်ကားရာ ရောက်မှာစိုးပါတယ်"

"ရှင်ဖြစ်စေချင်တာ ရှင်းရှင်းပြောလေ"

"ကျွန်တော် မိန်းလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောခဲ့ပြီးသား ဖြစ်နေပါပြီ ...

"ကျွန်တော် ဒီကကိစ္စကလည်းရှိတော့ ဟိုမိန်းကလေးအပေါ် နှုတ်ဆော့ရုံ ပြောဖြစ်ခဲ့ရာ ရောက်မှာစိုးပါတယ်"

"ရှင် စေ့စပ်ပွဲကို မဖြစ်မြောက်စေချင်ဘူးပေါ့။ သိပ်ရတယ် ရှင့်၊ ကျွန်မမှာလည်း ကျွန်မပြဿနာနဲ့ကျွန်မပဲ"

"စိတ်မဆိုးဖို့ တောင်းပန်ပါတယ်၊ ကျွန်တော့်ကို နားလည်ပေးပါ၊ ကျွန်တော့်ဘက်က စဖျက်ရဖို့ဆိုတာ ကျွန်တော် အမေအသက်နဲ့ ရင်းရမလို ဖြစ်နေပါတယ် ...

"ဖြစ်မြောက်သွားရင်လည်း ကျွန်တော် ယောက်ျားကောင်း မဟုတ်တော့ဘူး မရတနာ"



"ကောင်းပြီလေ၊ ကျွန်မဘက်က ဖျက်ပေးလိုက်မယ်"

"ဟာ ... ကျေးဇူးတင်လိုက်တာ၊ မေမေ့အသက်အန္တရာယ်သာ မစိုးရိမ်ရရင် ကျွန်တော့်အဘွားကို ကျွန်တော် ရဲရဲရင်ဆိုင်ဝံ့ပါတယ်၊ ကျွန်တော် အမွေမက်တဲ့သူလည်း မဟုတ်ပါဘူး"

"ဖျက်ပေးမယ်လို့ ပြောပြီးပြီပဲ"

"ကျွန်တော့်ကို အကျဉ်းအကျပ်ထဲက ကယ်တင်ကူညီပေးတဲ့သူအဖြစ် တကယ့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို နားလည်ပါ"

"ရပါတယ်"

"ကျွန်တော် မရတနာကို မလေးစား၊ တန်ဖိုးမထားလို့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ရပါတယ်၊ ကျွန်မက ရှင့်ကို အကူအညီပေးရသလို၊ ရှင့်ဆီက ဒီစကားကြားရတာလည်း ကျွန်မကို ကူညီရာ ရောက်ပါတယ်"

"ဩော် ... ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ မရတနာ စိတ်မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး၊ ချစ်သူနဲ့လည်း မခွဲရ၊ အမေလည်း စိတ်ဒုက္ခ လူဒုက္ခ မရောက်အောင် စီမံတတ်တဲ့သူအဖြစ် အထင်ကြီးလိုက်ပါသေးတယ်"

"မရတနာ့အပေါ် စော်ကား မော်ကားရာ ရောက်ရင် ခွင့်လွှတ်ပါ"

www.burmeseclassic.com



"ကျွန်မ ကျေနပ်တယ်၊ ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပဲမဟုတ်လား၊ ရှင် ကြောက်နေတဲ့ကိစ္စ ပျက်ကိုပျက်နေ ရမယ်"

"ဒီကျေးဇူးကို ကျွန်တော့်တစ်သက် မမေ့တော့ပါဘူး။ သူငယ်ချင်း အရင်းအချာလို သဘောထားပြီး ကျွန်တော် တတ်နိုင်တာရှိရင်လည်း ခိုင်းပါ"

"ခုတော့ မရှိသေးဘူး၊ ရှိရင်ပြောပါ့မယ်"

"ကောင်းပါပြီ၊ ကျေးဇူးအများကြီး တင်ပါတယ၊ဖြမရတနာ တကယ်ပြောတာပါ"

"ဒါပဲ မဟုတ်လား"

"ဟုတ်ကဲ့ ... ကျေးဇူးပါ"

တယ်လီဖုန်း ချလိုက်သည့်အခါမှာ လွင်ချို့မျက်နှာက ဒေါသဖြင့် နီရဲသလောက် ရတနာ့မျက်နှာက ပြုံးကျသွားရ တော့သည်။



## အခန်း(၁၂)

စေ့စပ်ပွဲဟု အလွယ်ခေါ်ပေမယ့် ဒေါ်အိမ်သူက သမီးတောင်း မင်္ဂလာပွဲဟု တခမ်းတနား သုံးနှုန်းခဲ့သည်။ ဤပွဲ ကို နှစ်မြို့မှာ နှစ်ကြိမ်လုပ်ပေးပါမည်ဟု ကတိခံထားသည်။

"မင်္ဂလာဆောင်တဲ့အခါမှာ ခြတစ်ခြံနဲ့ စိန်တစ်စင်စာတင် ပါ့မယ်၊ သမီးရှင်ဘက်မှာ ပြည့်စုံပြီးသားမှန်း သိပေမယ့် ...

"သမီးကို တန်ဖိုးထား ချီးမြှင့်တဲ့သဘောပါ" ...တဲ့"

"ဒေါ်ဒေါ်ဘက်ကတော့ အကြောင်းမညီညွတ်စရာ မရှိဘူး၊ မောင်အောင်မျိုးတို့ဘက်က အဆင်ပြေစေချင်တယ်"တဲ့။

ဖေဖေ့ကို အပိုင်ပြောထားလိုက်တာ။

သူ့မြေးကို သူ ပိုင်သတဲ့လား။ မပိုင်လိုက်ပုံကို ဒေါ်အိမ်သူ မသိ။ ဖေဖေတို့ မေမေတို့က သမီးလေးဆန္ဒကို ရယူ ပါရစေဦးဟု မယုတ်မလွန် ပြောထားခဲ့ပေမယ့်၊ ရတနာ့ကိုတော့ မေမေက တွင်တွင်နားချခဲ့သည်။

"သမီးရဲ့အစ်ကိုတွေ အစ်မတွေ"... အစချီကာ မိဘစိတ်ကြိုက် ပုံသွင်းတည်ဆောက်ခဲ့သည့် အိမ်ထောင်ရေးမှ အောင်မြင်ပုံတွေကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာ မေမေ့ကို သိပ်ချစ်ပါ၏။

မိဘကသာ သားသမီးကို မျှမလောက် ချစ်တတ်ကြတာ မဟုတ်ပါ။ သားသမီးကလည်း အမေ့ဗိုက်ထဲ ပြန်ဝင်ခွေနေချင်သည်အထိ ချစ်ရတာပါပဲ။ ရတနာ့မျက်ရည်နှင့် မေမေ့မျက်ရည် တစ်ဦးဦးသာ ကျစတမ်းဆိုလျှင် မေမေ မျက်ရည်မကျစေရပါ။ ရတနာရင်ကွဲ၍ သွေးပင်လယ်ထဲ မျောချင်မျောပါစေ။ မေမေ့မျက်နှာမှာ မျက်ရည်တစ်စက် တစ်ပေါက် အစွန်းအထင်း မခံနိုင်ပါ။

မေမေ့ဆန္ဒ မေမေ့စိတ်ကြိုက် ရတနာ လိုက်နာဆောင်ရွက်ခဲ့တာတွေ အများကြီးပါ။ အချို့က မြင်သာ၍ မေမေ သိကောင်းသိမည်။ အချို့ကျတော့ မေမေတောင် သိလိုက်မှာမဟုတ်ဘဲ၊ ရတနာက မေမေ့စိတ်ကြိုက် ဖြစ်စေရအောင် ရတနာ့ဆန္ဒကို ရိုက်ချိုးဖျက်ဆီးပစ်တာတွေ ရှိခဲ့ဖူးပါ၏။

ဤပွဲကို မေမေ့မျက်ရည်နှင့် မစတေးရက်လို့ လက်ခံဖို့ စိတ်ကူးခဲ့တာလေ။ ရတနာ ကိုယ်တိုင် ပျက်စီးစေချင်သည့်ပွဲပေမယ့်၊ ယောက်ျားလေးက စတင်တောင်းဆို၍ ပျက်စီးရပါသည်ဆိုတော့ မိန်းမသားမို့ ရင်ထဲစူးကျင်မျက်ရှနေအောင်နာ၏။

ရက်လိုက်တာတော့ ပြောတောင် မပြတတ်အောင် တခြား ဘယ်သူမှ မသိဘူး ဆိုသည့်တိုင် လွင်ချို့ သိပြီ။ လွင်ချိုတို့တောင် ရှက်သည်။

"လူပါးဝလို့ ... တောက်"

လွင်ချိုက ကာယကံရှင် မဟုတ်သည်မို့ ဒေါသကို ရဲရဲဖွင့်သည်။ ရတနာ့ ဒေါသတွေကကျတော့ ရှက်လှိုင်းကြားမှာ မြုပ်ကွယ်၏။



"သူ့ထက်သာတာ ဆယ်ယောက် ရနိုင်တယ်၊ ခေါင်းတွေကိုတောင် ဒေါင်ခနဲ ဒေါင်ခနဲ ခေါက်လို့ရတယ်"

လွင်ချိုကို ခပ်ဖြိုးဖြိုးကြည့်ကာ ခေါင်းခါပြလိုက်သည်။ ဤကိစ္စအတွက် ခံစားမှု မပြချင်ပါ။

"ငါကိုယ်တိုင်ကလည်း ဒီပွဲကို ပျက်စေချင်တာပါ"

လွင်ချို ယုံပါ့မလား။ အရှက်ပြေ ပြောသည်ဟုပဲ ထင်မှာသေချာ၏။ လွင်ချိုတောင် မယုံဘူးဆိုလျှင် ဘယ်သူယုံဦးမှာလဲ။ မမြင်ဖူးခင်က အငြင်းခံရသည့် မိန်းမသားအဖြစ် ရတနာ့သိက္ခာကို လုလုပပကြီး စော်ကားသွားသည့် ယောကျ်ား။

တစ်စိတ်တစ်ပိုင်းအားဖြင့် ပြင်းထန်စွာ ပေါက်ကွဲရသလို၊ တစ်စိတ်တစ်ပိုင်းမှာတော့ တော်တော်ကြီးကို ဘဝင်ကျသွားရတာပါဟု အမှန်ကို ရိုးသားစွာပဲပြောဦး လွင်ချိုက စ,လျက် ယုံမည့်သူ မရှိမှာ သေချာသည်။

ပုပ္ပားဆိုသည့် လူသည် ရတနာ့ ရင်ထဲသို့ ကြည်နူးနှစ်သိမ့်မှုများစွာ ပို့ဆောင်သွတ်သွင်းသည့်နည်းတူ၊ ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန် နာကျင်မှုများစွာလည်း ပေးခဲ့၏။

"လွင်ချို"

"ဟင် ... ဘာလဲ ပြော၊ နင် စိတ်မညစ်နဲ့ သိလား။ ဥဒမ္ဗရ ဒေဝီနဲ့ ပိဂ္ဂတ္တရရဇ္ဇလင်လို ဘုန်းချင်းမမျှလို့ ကံဖယ်သွားတာ"

"ငါ မညစ်ပါဘူး၊ ရှက်တာပါပဲ"

"မရှက်ပါဘူး၊ ကိုယ့်ဘက်ကအမှားမှ မရှိတာ"

"ငါ ... ငါမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လွင်ချို ယုံစေချင်သည်မို့လည်း ရင်တွင်းခံစားချက်ကို ဖွင့်ပြချင်သည်။

"ဒီကိစ္စကို ငါ ရက်ပါတယ် လွင်ချိုရယ်၊ ဝမ်းလည်းဝမ်းနည်းတယ်၊ ဒါပေမဲ့ ရက်တယ် ဝမ်းနည်းတယ် ဆိုရင် ငါကပဲ သူ့ကို သိပ်သဘောကျနေလို့ ယူကျုံးမရ ဖြစ်ရာရောက်ဦးမယ်၊ ရက်ပြဖို့တောင် ရက်နေရတဲ့အဖြစ်"

"ဟုတ်ပါရဲ့"... ဟု တွေးကာ၊ လွင်ချိုက ရတနာ့ဘက်မှ စူးနေအောင်နာ၏။

"ဒါကလည်း မိန်းမသား မာနကို ထိခိုက်လို့ပါ၊ မိန်းမဆိုတာ ကိုယ်ကသာ ငြင်းချင်တယ်၊ ကိုယ်က အငြင်းခံရတော့ ဆတ်ဆတ်ခါတတ်တယ်"

"အေးလေ"

"ဒါ ... တရားရဲ့လား၊ မိန်းမသားမှ ငြင်းစေ၊ ယောကျ်ားတွေကျတော့ ဘာပဲဖြစ်ဖြစ် ခေါင်းညိတ်လို့ ဥပဒေမရှိပါဘူးဟာ"

"ဒါပေမဲ့"

"နေဦး ... ပုပ္ဖားဆိုတဲ့လူကို ငါ တော်တော်ကြီး စိတ်ဆိုးသလို၊ အထင်လည်း တော်တော်ကြီးလိုက်ပါတယ်"

"ဘာဖြစ်လို့လဲ"

"သစ္စာရှိလို့"

"ဘယ်သူ့ကို သစ္စာသွားရှိနေလို့လဲ"

"နင် မကြားလိုက်ဘူးလား၊ ရန်ကုန်မှာ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောခဲ့ပြီးသား ဖြစ်နေလို့ဆိုတာ"



"အေ ... အဲဒီဘက်က တွေးပေးရရင်တော့ မဆိုးပါဘူး"

"ငါ အဲဒီလူကို ကျေးဇူးတင်လိုက်ပါတယ်၊ တကယ်တော့ အဲဒီလူက ငါ့ထက် သစ္စာရှိတယ်၊ ငါ့ထက် သတ္တိရှိတယ်"

"နင်က ဘာဖြစ်နေလို့လဲ"

"ငါလည်း လူတစ်ယောက်ကို ချစ်နေမိလို့ပဲ"

"အလို ... ဘုရားရေ"

လွင်ချိုက ရတနာ့ ပခုံးကို ဆွဲကိုင်ဖွေ့ယမ်းတော့သည်။

"ပြော ... ပြော ... ကောင်စုတ်၊ ငါ့ကို ဘာလို့ဖုံးထားရတာလဲ"

"ပြောမှာပါဟ၊ သေတော့မယ်"

"သေပေါ့၊ အရေးကြုံမှ ပွင့်လာတယ်၊ ရောက်ရောက်ချင်းတုန်းကဖြင့် မပြောဘူး"

ပုပ္ဖားအပေါ် ကျရောက်နေသည့် ဒေါသတွေ ပျောက်ကုန်၏။ လွင်ချိုက ရတနာ့အကြောင်းကိုပဲ စိတ်ဝင်စားသွားတော့သည်။ ဆယ်ကျော်သက်ချင်းတူတူ၊ ပေါ့ပါးရွှင်မြူးစွာ ကလေးလို နေတတ်ကြတာချင်းတူတူ၊ ရတနာ့မှာတော့ ရင်ထဲသို့ အချစ်ရောက်နေပြီမို့ ခံစားချက် လေးနက်တတ်လာ၏။ လွင်ချို စိတ်ကတော့ ရင်သန့်ဖြူစင်ဆဲမို့ အလှုပ်အရှား အပြောင်းအလဲမြန်၏။ ကလေးဆန်ဆဲ ပုံစံလေးက ရတနာ့မှာထက် ထင်ရှားနေဆဲဖြစ်လေ၏။

"ငါ့မှာဖြင့် ဒေါသတွေ ထွက်လိုက်ရတာ နင့်အစား၊ ကောင်စုတ် ... နင်က ဒါကြောင့် ဒေါသသိပ်မထွက်တာကိုး၊ သိပ်ပျော်သွားပြီပေါ့"

www.burmeseclassic.com



"ပျော်လည်း ပျော်တာပေါ့၊ ဒါပေမဲ့ မခံချင်စိတ်တော့ ဖြစ်သေးတာပဲ"

"ဖြစ်မနေပါနဲ့တော့ဟာ၊ ကိုယ်ပျက်ချင်တာ သူကစဖျက်ပေးတာပဲ ကျေးဇူးတင်ရဦးမယ်"

"အေး ... နင့်လို တွေးတော့လည်း ဟုတ်တုတ်တုတ်"

"ငါက သဘောထားကြီးတယ်"

"အောင်မယ် ... စောစောတုန်းကတော့ နင်ပဲ"

"ဒါတော့ နင့်အကြောင်းမှ မသိသေးတာ"

လွင်ချိုက ပုပ္ပားအပေါ် အာဃာတလုံးဝကင်းစင်သွားတော့သည်။ ရတနာကျတော့ ကာယကံရှင်မို့ပဲလား၊ လွင်ချိုထက်ပို၍ ခံစားမှု သိမ်းဆည်းတတ်သူမို့လားမသိ။ ရင်ထဲမှာကဏ္ဍနှစ်ပိုင်း ကွဲပြားစွာ တည်ရှိနေရပါ၏။

"မေမေ့မျက်ရည်နဲ့ ရင်းရမယ့် အိမ်ထောင်ရေးကို ငါ ဘယ်တော့မှ မတည်ဆောက်ဘူးလို့ ဘုရားရှိခိုးတိုင်းကို သစ္စာပြုတာ"

"ဟောတော့ ... တကယ်"

"အေး ... ငါ မေမေ့ကို အရမ်းချစ်တယ်၊ ဘယ်လိုချစ်မှန်း မသိဘူး၊ ဘာကြောင့်မှန်းလဲ မသိဘူး၊ ငါ နဲ့ဆိုးဆိုးတာလောက်ပဲရှိမယ်၊ မေမေ တကယ်မကြိုက်တဲ့ကိစ္စဆို ဘယ်တုန်းကမှ ခွတ်မလုပ်ခဲ့ဘူး"

"လိမ္မာလိုက်တာ၊ အားကျလိုက်တာ၊ အဟီး ... ဒါပေမဲ့ ငါတော့ သစ္စာမဆိုရဲဘူး၊ တော်ကြာ ..."

လွင်ချိုက ဝါကျမဆုံးဘဲ ရယ်နေသည်။



"မေမေက ပြောတယ်ကွာ၊ ဒေါ်အိမ်သူ ချမ်းသာတာတွေပေါ့လေ၊ မင်္ဂလာဆောင်ရှိရင် သူ့ဆီသွားငှား၊ တစ်ဖက်လောက်ရှိတဲ့ ရွှေဖလားကြီးလေးလုံးကို အိမ်ကကောင်မလေးတွေက ထမ်းကိုထုတ်လာပေးတာတဲ့ ...

"ဒေါ်အိမ်သူသုံးတဲ့ ပန်းကန်ခွက်ယောက်တွေဟာ ငွေထည်တွေတဲ့၊ ရွှေထည်တွေလည်းရှိတယ်၊ မသုံးသင့်လို့ သိမ်းထားတာ ...

"ဘုန်းကြီးဆွမ်းကျွေး အလှူတွေကျရင် ထုတ်သုံးတယ်တဲ့"

"မြတ်စွာဘုရား ... ဒဏ္ဍာရီကြီးလားဟာ"

"တကယ်"

"တကယ်ပဲ ထားပါဦး၊ နင်တို့လည်း သုံးချင်ရင် ဖြစ်တာပဲ"

"ဘာပဲဖြစ်ဖြစ် ဒေါ်အိမ်သူကို မမီဘူး၊ ဒါ ထားပါ၊ မေမေက ပြောတာက အဲဒီလောက် ချမ်းသာတဲ့အထဲက ရွှေဒင်္ဂါးတစ်ပြားမှ မရရင်တောင် နေပစေတဲ့ ...

"မေမေ ပစ္စည်းမမက်ဘူးတဲ့"

"ဒါဖြင့် ဘာမက်တာလဲ"

"ဒေါ်အိမ့်သူ့မြေး ... ဆိုတာကို မက်တာ၊ မျိုးဂုဏ်ဆွေဂုဏ် အကုန်လုံး ပညာတတ် လူကုံထံဆွေကြီးမျိုးကြီးဆိုတဲ့ဂုဏ် ...

"ပြီးတော့ ယောကျ်ားလေးတွေတောင် မိုင်းကောင်းကျောက်ဖိတဲ့၊ မိန်းကလေးဆိုရင် မပြောနဲ့တော့တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"အဘွားကြီးရဲ့ အဆုံးအမ အထိန်းအသိမ်းက တော်လွန်းလို့ ကျောင်းဖွင့်ပြီး သင်တန်းပေးဖို့တောင် ကောင်းဆိုပဲ"

"နင့်မေမေက အဲဒါတွေ သဘောကျတာလား"

"အေးပေါ့"

"အခု ဒေါ်အိမ်သူ့မြေးကစပြီး ကန်တော့ပါရဲ့ လုပ်သွားတာသာ နင့်မေမေကြားရင် ..."

"မေမေ စိတ်ထိခိုက်ရှာမယ်၊ မရလို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ့်ဘက်က မငြင်းရဘဲ သူ့ဘက်က ငြင်းသွားလို့"

"မခံချင်စိတ်နဲ့ နင့်ကို ယောက်ျား ကောက်ယူလိုက်မှာ စိုးရတယ်"

"မေမေက စိတ်လိုက်မာန်ပါ ဘယ်တော့မှ မလုပ်ဘူး၊ ငါ ထင်တော့ ငါ့ကို အရမ်းသနားသွားပြီး ငါ့ဆန္ဒကို တင်ပြရင် လိုက်လျောလာမလားလို့"

"နင် ဖြစ်ချင်တာ မဟုတ်လား"

"အေး"

ခုတော့လည်း ရယ်နိုင် မောနိုင် ဖြစ်သွားကြရတော့သည်။

"ကြည့်စမ်း၊ ညာတာပါတေးနဲ့ စကားတွေ လွှဲမနေနဲ့၊ နင့်လူကို ပြောဦး"

ရတနာ့မျက်နှာလေး ရဲစပြုသည်။ နှုတ်ခမ်းလေးမပွင့်တပွင့်နှင့် ရှက်ပြုံး ပြုံးသည်။

"ပြောကွာ ... ငါ ဆွဲဆိတ်လိုက်မယ်"



ဆွဲဆိတ်လိုက်မယ် ဆိုပေမယ့် လက်က ဆိတ်ပြီးနေ ရတနာက အချိန်ဆွဲကာ ပေါင်ကိုပွတ်၍ ရှုံ့မဲ့ပြနေ၏။

"ဟော့ကောင် ... မပြောဘူးလား၊ ပြောမလား"

လည်ပင်း ထညှစ်တော့မည့်ပုံစံ လုပ်ပြသည်မို့ နာက တခစ်ခစ်ရယ်၍ ရှောင်ရင်း၊ "သူ့"မျက်နှာကို ဖျတ်ပြေးမြင်သည်။ ရင်ထဲမှာ နွေးရပါဘိ။

"နင် အဆိုတော်တွေထဲမှာ ဘယ်သူ့ကြိုက်လဲ"

"ဟာ ... စကားမလွှဲနဲ့"

"မလွှဲပါဘူး၊ ပြောမလို့ စကားချီး"

"အကုန်ကြိုက်တယ်၊ သူ့ပညာနဲ့သူ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တော်ကြတာချည်းပဲ"

"လှသစ်တန်းထဲက"

"နောင်ရိုး"

"သူပဲ"

"ဟယ်"

လွင်ချို အံ့သြသွားရပုံက လွင့်ခနဲ ထခုန်မတတ်ပါ နောင်ရိုးကို လွင်ချိုလည်း သိပ်ကြိုက်ခဲ့တာပေါ့။ ဆင်တူမရှိသည့် အသံက နားထဲစွဲကာ ရင်ထဲမှာ တန့်နားငြိတွယ်တတ်သည်

"လျင်လှချည်လား၊ ငါကဖြင့် ခုမှ မိတ်ဆက်စာ ရေးတုန်း ခစ်"

လွင်ချိုက ရှက်လှချည်ရဲ့ဆိုသည့် ပုံစံနှင့် မျက်နှာ လက်ချောင်းကြဲများနှင့် အုပ်ကာရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ နင် သူ့အသံနဲ့ သူ့ရုပ်ကိုမြင်ပြီး စွဲ... တာ ဖြစ်ရမယ်"

လွင်ချိုက လက်ညှိုးလေး တထိုးထိုးနှင့် စွပ်စွဲ... ပြောရင်း ရယ်ပြန်၏။

"နင်လည်း ဒီလိုပဲလား"

"ငါက အနုပညာကို ချစ်တာ"

"ငါကတော့ ..."

"အေးပါ၊ လူကိုပါချစ်နေပြီပေါ့၊ နင်ပဲ ဦးပါ၊ ငါက အ... ပဲလုတယ်၊ လု မလုဘူး"

"ဒါပေမဲ့ ငါ အဲဒီလောက် ချစ်နေတာ သူ မသိသေး..."

"အာ"

လွင်ချို့ထံမှ စိတ်ပျက်သံကြီး ထွက်လာ၏။ သ... ဖြစ်ထွန်းနေကြပြီဟု ထင်ကာ သူပါ ရောပျော်နေရသည့် အ... က အဓိပ္ပာယ်မရှိသလို ဖြစ်သွားရသည်လေ။

"ဒါနဲ့များဟယ် ... ငါဖြင့် သေတောင်သေချင်ပါရဲ့... ကဖြင့် အထင်တွေ စွတ်ကြီးလို့၊ နင့်အခြေအနေက... အခြေအနေနဲ့ ဘာထူးလို့လဲ"

ရတနာက ရှက်ရယ် ရယ်သည်။

"ငါတောင် ကြိုးစားပိုင်ခွင့် ရှိသေးတယ်၊ တကတ... ဟင်း၊ ငါက လုမလုချင်လို့သာ သိလား"

"လုလို့လည်း မရပါဘူး"

"အောင်မယ် ... ငါ့ကိုသာ ဗိုလ်ကျလို့ရမယ်၊ နင့်ကို... လုမယ့်သူတွေ အများကြီး၊ နင် မိတ်ဆက်စာ ရေး...



"ဟင့်အင့်"

"ဖုန်းရော ဆက်လား"

"သူ့ဆီမှာ ဖုန်းရှိမှန်းမှ ငါ မသိတာ"

"ဖြစ်မှဖြစ်ရလေ၊ တော်တော်ကြီးကို နီးစပ်တာပါလား နော်"

လွင်ချိုက ရင်ဘတ်ဖိ၍ ပြော၏။

"ငါဖြင့် မိတ်ဆက်စာလည်း ရေးပြီးပြီ။ ဖုန်းလည်းဆက်ပြီးပြီ"

"ဟင် ... ဘာတဲ့လဲ၊ စာပြန်လား"

"ပြန်တယ်၊ အားလုံးကို ခင်မင်တတ်ပါတယ်တဲ့၊ ကျွန်တော်က သီချင်းပဲ ဆိုတတ်တယ်၊ စကားများများ မပြောတတ်ဘူးတဲ့ ...

"သီချင်းပဲ စပ်တတ်တယ်၊ စာကျတော့ မရေးတတ်ဘူးတဲ့၊ ခွင့်လွှတ်ပါတဲ့၊ အားပေးတာ ကျေးဇူးတင်ပါတယ်တဲ့၊ ဒါပဲ၊ တိုတိုလေး၊ သိပ်စိတ်ပူမသွားနဲ့"

"နင် ထပ်ရေးသေးသလား"

"နေမလားကွ၊ ပထမစာထဲမှာကတည်းက ပါပြီးသား၊ သူ့ဆီစာလာတာတွေ ပြန်ရတာများတော့ နောက်ကိုတော်တော်နဲ့ စာပြန်မရေးနိုင်ရင် ခွင့်လွှတ်ပါတဲ့၊ အဲဒါလည်းပါသေးတယ်"

"နင် နောက်ထပ် မရေးတော့ဘူးလား သူ့စာ"

"ဟင့်အင်း ... မရေးတော့ဘူး"

"ဖုန်းဆက်တော့ရော"

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကနေတောင် ထရန့်ကောလ် ခေါ်ရတာ တစ်ခါမှ အိမ်မှာမရှိဘူး၊ အပြင်သွားတယ်၊ ကျောင်းသွား တယ်၊ တီးဝိုင်းနဲ့ သီချင်းတိုက်နေပါတယ်နဲ့ စုံနေတာပဲ

"အခါနှစ်ဆယ်လောက်ဆက်မှ တစ်ခါပဲရတယ် ဒါတောင် ညဘက်ကြီး၊ မဂ္ဂဇင်းထဲလည်း လှမ်းရေး တာလေ၊ နောင်ရိုးဆီ ဖုန်းဆက်တိုင်း တစ်ခါမှ အိမ် မရှိဘူးလို့ ...

"အိမ်ကပ်ပါဦးလို့တောင် အမေးအဖြေခန်းမှာ သေးတယ်"

"ကဲပါဟယ်"

"ငါ ကဲတာက ရိုးရိုး၊ နင်က မကဲဘဲနဲ့ ဆန်းပြားနေ အခု ဒေါ်အိမ်သူ မြေးနဲ့ကိစ္စ ပျက်သွားတာကို နင်က ကြောင့် ပျော်တာလား"

"အေးပေါ့"

"နင့်အမေကို ဖွင့်ပြောမှာလား"

"ပြောမယ်"

"ဖွင့်ပြမယ်လို့ ထင်လို့လား၊ နင်ပဲ နင့်အမေကြိုက် ဖွတ်မလုပ်ဘူးဆို"

"မေမေ့စိတ်ကြိုက်က ပျက်သွားပြီလေ၊ ငါ့စိတ်ကြိုက် မေမေကစာစ်လဲ လိုက်လျောဦးပေါ့"

"ဒီလောက် မလွယ်ဘူးထင်တယ်၊ ပြီးတော့ နင့်ကို ဘာမှလဲ ရေရာသေးတာ မဟုတ်ဘူး၊ နင် တစ်ဖက်သ ကြီး"



"နင်ပြောသလို ဒီလောက် မလွယ်ဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ နင်ထင်သလောက်လည်း မခက်ဘူး"

လွင်ချိုက ရတနာကို စိတ်ပျက်လက်ပျက် ကြည့် ရှာ၏။ ရောဂါက မသေးပါလား။

ဒေါ်အိမ်သူ မြေးလို့လူမျိုးက စေ့စပ်ပွဲ စဖျက်တာကို တောင် နာသင့်သလောက် မနာနိုင်၊ ဝမ်းနည်းကြေကွဲပုံလည်း သိပ်မပြ၊ မရေရာသည့် မျှော်လင့်ချက်ကြီးကို တမ်းတနေ၏။ လွင်ချိုတို့က ခင်တတ် မင်တတ်လို့ ပျော်ပျော်ပါးပါး မိတ်ဆက် ခွဲအဆင့်သာရှိသည်။ ရတနာ့ရောဂါက အဆောက်အအုံ ကြီးမား သည်။

ရတနာဆိုတာ ဒီလောက် ပေါ့ပေါ့ဂိမ်တိမ် တွေး တတ်ခဲ့သူလည်း မဟုတ်ပါဘဲ။ အင်းလေ ... ရတနာက ဖွင့်မ ပြောသေးဘဲ မြှုချန်ထားတာတွေလည်း ရှိချင်ရှိမှာပေါ့။ ကောင်း တော် ... မေးကို မေးဦးမှ။

"ကွပါ ... ကွပါ ... မြိုင်မြိုင်ရေ၊ မောင်အောင်မျိုးလည်း မပါပါလားကွယ့်"

ဒေါ်ခင်ဝေမြိုင်နှင့် ရတနာတို့သားအမိကို ဒေါ်အိမ်သူ တ-တခမ်းတနားကို ကြိုသည်။

ဒေါ်အိမ်သူက ယခုထက်တိုင် သူ့မှာ ဘယ်လိုစွ သိမ်းဆည်းရရှိနေဆဲမှန်း မသိရသည့် ပဒုမ္မာအကျီလက်စွာ:ရော

www.burmeseclassic.com



ခါးပါ ပွပွကြီး၏ရင်ဖုံးမှာ ရောမစိန်ကြယ်သီးကြီးများ တပ်ထား၏။ ဆံထုံးပုံ့ပုံ့ကြီးမှာ ထိုးစိုက်ထားသည့် စိန်ဆံတိုးတစ်လုံးတည်းကလည်း ပဲကြီးလှော်လောက် ရှိမည်ဟု ရတနာက ကျိတ်၍မှတ်ချက်ချသည်။

စိန်နားတောင်းကြီးကတော့ ရှေးဟန်အပါဆုံးပါပဲ။ အလယ်မှာ အချွန်ကြီးထွက်လျက်၊ ဘေးကစိန်တွေစီထားသည့် ခြယ်နားကပ်ကြီး။ ရတနာတို့ လက်ထက်မှာ စိန်ကိုချွန်းဘက်က မလုပ်ဘဲ မျက်နှာပွင့်ဟုခေါ်သော အပြားဘက်က လုပ်တာမျိုးပဲ များသည်။ အချွန်ဘက် အသားပေး အလှတင်တတ်တာက ရှေးလက်ရာလေ။

လက်သူကြွယ်မှာက စိန်တန်းကွင်းများကို တစ်ဆင့်တိတိပြည့်အောင် ဝတ်ထားသည်။ သူ့အရွယ်နှင့် သင့်တင့်လျှောက်ပတ်သည့် ဝတ်စားမှုပါပဲ။ အလွန်အကျွံကြီးဟု မဆိုနိုင်ပါ။ သို့ပေမဲ့ စိန်တိုင်းက အလုံးကြီးပြီး ခဲသားကျနေသည်မို့ ကာလပေါက်ဈေးနှင့်ဆို သိန်းရာချီနေမှာချည်း။

ဒါတွေကို ရတနာ မက်ဖို့မလိုပါ။

မိုးကုတ်မှာ အလှူအတန်း ရှိပြီဆိုတိုင်း ဖေဖေဦးအောင်မှို့၏မိခင် ဘွားဘွား ဒေါ်ကြည်ကြည်လည်း ဒီလောက်တော့ ဝတ်တတ် စားတတ်တာပါပဲ။ ဘွားဘွား ကွယ်လွန်ပြီးချိန်မှာ ကြီးကြီး ဒေါ်မြနှစ်ကျတော့ ဒီလို အတုံးလိုက် အတစ်လိုက် ပြူးပြူးကြီးတွေ မဝတ်တော့ချေ။

ရတနာတွင်းသူဌေးများပီပီ၊ ပစ္စမြားများတို့၊ ပြောင်ခေါင်းစိမ်းတို့ သူ့နေရာနှင့်သူ ဝတ်၏။



ဒေါ်အိမ်သူ၏ ငါးရှဥ့်သွေးညိုညို ဖင်းမယ်လုံချည်ကအဆင်စက်စက်တော့ မဟုတ်ချေ။ နည်းနည်းပါးပါး ပျော့ပျောင်းသည်မို့ ဝတ်ဖန်များထားပုံရသည်။ ဇာပဝါဖြူဖြူကြီး စုံချထားတာကိုတော့ ရတနာက ကြားထဲမှ စိတ်အိုက်မိတော့သည်။

"အမောပြေ စပျစ်ဖျော်ရည်လေး အရင်သုံးဆောင်ကြဦးကွယ့်၊ သမီးလေးကို ဘွားက အကြားနဲ့တင် ချစ်နေရတာ၊ ခုလိုလည်း မြင်ဖူးလိုက်ရရော တစ်ခါတည်း မွေးစားလိုက်ချင်တော့တာပဲ"

စပျစ်သီး လတ်လတ်ဆတ်ဆတ်ကို အရည်ညှစ်၍ အချိုလေးသင့်ရုံ ထည့်ထားသည့် စပျစ်ဖျော်ရည်က သောက်လို့ကောင်းလှပါ၏။ ရတနာက ယဥ်ကျေးသိမ်မွေ့သည့် အမူအရာနှင့် ငြိမ်ပြုံးလေး နေပြနေသည်။ ဒေါ်အိမ်သူ ဆိုသည့် အဘွားကြီးကိုတော့ လေ့လာအကဲခတ်မိသည်။

"သူ ချွေးမဘဝတုန်းက အနှိမ်ခံခဲ့ရတာကို စာနာပြီး ချွေးမအားလုံးကို သိပ်အရေးပေးတတ်တယ်၊ ဖူးဖူးမှုတ်တန်ဖိုးထားပြတယ် ...

"ဒေါ်အိမ်သူ့ မြေးတွေနဲ့ဆိုရင် ဘယ်သမီးရှင်ကမှ မငြင်းချင်တာဟာ၊ သူ ချမ်းသာတာအပြင် မြေးချွေးမတွေကို ဖူးဖူးမှုတ် ချစ်ပြတတ်တာကိုလည်း မက်မောကြတာတစ်ကြောင်း သမီးရဲ့" ... တဲ့။

မေမေ နားချစဥ်က ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်သည်။ လေ့လာမိသလောက်မှာတော့ နှစ်လိုဖွယ်ပင်အတိ ဖြစ်ပါ၏။ များသောအားဖြင့် ယောက္ခမဆိုသည့် ဂုဏ်တန်း

www.burmeseclassic.com



စားက သမက်ကိုသာ တည့်တတ် ချစ်တတ်ပြီး၊ ချွေးမကျတော့ နေရင်း ထိုင်ရင်း ကင်းကင်းစိမ်းစိမ်း ဖြစ်နေတတ်သည်။

တွေ့ဖူး ကြုံဖူးပေါင်း များလှပြီပဲ။

တစ်ဖက်သား မိန်းကလေးနှင့် သမီးရှင်ကို ရွေး... ပန်းဆက် တန်ဖိုးထား နေရာပေးတတ်သည့် သားရှင်ဆိုတာ ခုခေတ်မှာ မရှိသလောက်တောင် ရှားပါးခဲ့ပြီလေ။ မမကြီးတို့ ကပဲ ကြည့်တော့။

မေမေ ကြည်ဖြူစွာ လက်ထပ်ပေးခဲ့ခြင်းပေမယ့် မမကြီးက သူ့ဘာသာ အရင်ရှာတွေ့လာခြင်းဖြစ်သည်။ မေမေ ... ထံမှာ တင်ပြ၏။ မေမေ မကြည်ဖြူလျှင် သမီး လုံးဝနောက်ဆုတ် ပါမည်ဆိုသည့် ကတိကို စိတ်ချရလောက်အောင်ပေးသည်။

ခဲအိုလောင်းလျာက ရိုးသား၍ ထက်မြက်ကြီး... သူ။

“သမီး လူရွေးတော်တယ်၊ မေမေကိုယ်တိုင် ရှာပေးရ... လည်း ဒီလိုလူမျိုးကိုပဲ ရွေးမှာ၊ သမီးအရင် မေမေကတွေ့ နှင့်ရင်လည်း သမက်လောင်းအဖြစ် ရွေးမှာပဲ၊ သမီးရော တော့”... တဲ့။

မေမေက စကားပြောလျှင် လူကြားကောင်းအောင် အထင်ကြီးခံရအောင် ဟိတ်ဟန်ထုတ်၍ ပြောလေ့မရှိ။ ပွင့်လင်း ၏။ ရိုးရိုးသားသားပဲ ပြောသည်။

“ခင်ဝေမြိုင်တို့လည်း သမက်တစ်ယောက်ရတာ ပြဒါးရှင် လုံးတစ်လုံး ကောက်ရသလို၊ ထားစရာတောင် နေရာမရှိ ပါလား”



အသိုင်းအဝိုင်းက ပြောယူရအောင် သမက်ကို ချစ်သည်။ အရေးပေးသည်။ ရန်ကုန်အိမ်မှာ မမကြီးတို့ကို ထားသည်။ မေမေတို့က ချမ်းသာပေမယ့် ရာထူးရာခံမျိုးရိုး မဟုတ်ချေ။ ခဲအို ကြီး ကိုလွင်တို့ဘက်က လလည်းကုန် ငွေလည်းကုန်၊ အလျင်မီ အောင်တောင် မနည်းသုံးနေရပေမယ့် ရာထူးရာခံကြီးမားသည့် ပညာတတ်မျိုးရိုး။

သားရှင်ဘက်မှ မတတ်နိုင်သည်မို့ သမီးရှင်ဘက်က မင်္ဂလာဆောင်ပေးခဲ့သည်။ ဒါကို မေမေက ဘယ်လိုမှ သဘော မထားခဲ့ချေ။ ကိုယ့်သမီး တစ်သက်တာ အားကိုးနိုင်မည့် အဖော် ကိုရဖို့အတွက် မိခင်၏ ချီးမြှင့်မှုဟု ရိုးရိုးပဲ တွေးသည်။

စင်စစ် ... မမကြီးသည်လည်း စိတ်နှလုံးထား ကောင်းမွန်ခြင်း၊ ပညာတတ်ခြင်း၊ ပြည့်စုံကြွယ်ဝခြင်း၊ လိမ္မာရေး ခြားရှိခြင်း စသည့် အဖိုးတန် အရည်အသွေးများဖြင့် ချွေးမကောင်း တစ်ဦးပါပဲ။ သမက်ကောင်းကို မေမေ ခွေးတွေးလိုက်လှဲ့သလောက် ချွေးမကောင်းဖြစ်သည့် မမကြီးကို သူ့ယောက္ခမတွေက ပျူငှာ ရင်းနှီးမှု မပြကြချေ။

ချွေးမလေးတစ်ယောက်ရတာ၊ သဇင်လေးတစ်ခက် ခူးလာသလို၊ ဘာဖြစ်လို့များ မက်မက်စက်စက် မြတ်နိုးနှစ်လိုမှု မပြကြမှန်း မသိပါ။

“မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ သားရှင်ရဲ့မြတ်နိုးချစ် ခင်မှုကို လှိုက်လှိုက်လှဲလှဲ ရရှိခြင်းဟာ မင်္ဂလာတစ်ပါးပဲ သမီးရယ်”... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ကို မေမေ နားချစဉ်က ဤစကားကိုလည်း ထည့်ပြောခဲ့ပါသည်။ ပြောရင်းက မေမေ မျက်ရည်ဝဲတာကို ရတနာက ပါးလှစ်စွာ သိခဲ့ရသည်။ မမကြီးမှာ အဲသည်မင်္ဂလာ တစ်ပါး ပျောက်ဆုံးသည်ဟု မဆိုနိုင်ပါပြား၊ မေးမှိန်ဆေးဖျော့ခဲ့ ရတာလေ။

သည်အတွက် မေမေ ဖွင့်မပြောပေမယ့် ကြေကွဲနေ တတ်တာ ရတနာ မသိဘဲ နေပါ့မလား။

မမကြီး ကိုယ်တိုင်က "အဲဒီအကြောင်း တွေးမိရင် အဘက်ဘက်က ပြည့်စုံပျော်ရွှင်နေတဲ့ ငါ့အချိန်လေးတွေ မှုန်မှိုင်း ကုန်တော့တာပဲ ညီမလေးရယ်"... ဟု ဆွေးဆွေးလှိုက်လှိုက်က လေး ပြောရှာ၏။

"ညီမလေးကျရင်တော့ အဘက်ဘက်က ကံကောင်းမှာ ပါ"... တဲ့။

ဒေါ်အိမ်သူ သမီးချွေးမ၊ မြေးချွေးမတွေ အားလုံး ကို တယုတယ ဖူးဖူးမှုတ်ကာ တန်ဖိုးထား၍ ဆက်ဆံတတ်သည့် အကြောင်းက လူတွေနှုတ်ဖျားမှာ တခမ်းတနားကို ပြောယူရသည် အထိ။

"မျက်နှာလေးကလည်း မှုန်နေအောင် ချော့ရှာတာပါလား ကွယ်၊ ချစ်ဖို့ကောင်းလိုက်တာ၊ မြေးမလေးအိမ်ကို ဘွား လာလည်ဦးမယ်"

ဒေါ်အိမ်သူ၏ ချိုမြိန်လှသည့် စကားကြောင့် ရတနာ့ အတွေးစတွေ ပြတ်တောက်သွားရသည်။ ဒေါ်အိမ်သူ၏အထည် အဝါ အခန့်အညား၊ အဆောင်အယောင်တွေက လိုအပ်သည်ထက်



နည်းနည်းပါးပါး ပိုလျှံသည်မို့ ကျဉ်းကျပ်ချင်စိတ်တွေတောင် ပြေလျော့သွားရသည်။

ချစ်ဖို့ကောင်းသည့် ဘွားပါပဲ။

ပုပ္ပား ဆိုသည့် လူတစ်ယောက်နှင့် အဆင်မပြေ ဖြစ်သွားရတာကို ဝမ်းမြောက်ကြည်နူးလှပေမယ့်၊ ဘွားလိုအမျိုး သမီးကြီးကို ဘွားအေယောက္ခမတော်ဖို့ရာမှ လက်လွှတ်လိုက်ရ တာကိုပဲ နှမြောတသရတော့မလို ဖြစ်မိတော့သည်။

"ခုဟာက ဘွားက ထမင်းစားဖိတ်တာနော် သမီးလေး၊ ဘွားရဲ့တူမသားချင်းတွေလို ချစ်ခင်ရုံအပြင် လေးစားတန် ဖိုးထားတဲ့ မိသားစုကို ချစ်လို့ဖိတ်တဲ့ ထမင်းစားပွဲ ...

"ဒီပွဲမှာ ဘွား ဘာစကားမှ မပြောဘူး၊ ပြောခဲ့ရင် သမီးရှင်ကို သားရှင်က အိမ်ခေါ်ပြောရာ ရောက်မှာစိုးလို့...

"မောင်အောင်မျိုးက ဘာဖြစ်လို့ လိုက်မလာနိုင်တာ လဲ မြိုင်မြိုင်ရယ်၊ ဒေါ်ဒေါ်ကဖြင့် သူ့အကြိုက်ကလေးတောင် ထည့်စီစဉ်ပေးထားတာ"

ဒေါ်ခင်ဝေမြိုင်နှင့် ရတနာတို့သားအမိကို ကလာပ် ဆော ဖမ်းတင်တော့မလောက်ကို သည်းသည်းလှုပ်ပြရှာ၏။ ခြော် သနားစရာကောင်းတဲ့ဘွား၊ သူ့ ချွေးမဘဝတုန်းက ဆုံးရှုံးခဲ့ရသမျှ အခွင့်အရေးတွေကို သူက ပေးခွင့်ပြုသည့်အလှည့်မှာ လှိုက်လှိုက် လှဲလှဲကို ပေးဆက်နေတော့တာပါပဲလား။

"သမီးတို့အဖေက တည်းခိုခန်းကိစ္စတွေကို ရောက်တုန်း ရောက်ခိုက် ပြည့်စုံအောင် စီစဉ်ရတာမို့ မအားလို့ပါ ဒေါ်ဒေါ်၊ ဒီအတွက်လည်း တောင်းပန်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဖေဖေ လိုက်မလာခြင်းက ပုပ္ပား စကားကို ပြန်ကြားပြီးမို့ပါ။ ပုပ္ပား၏အငြင်းစကားကို ဖေဖေရော မေမေပါ တော်တော်လေး ထိရှနာကျင်စွာ ခံစားကြရပါသည်။ သို့ပေမဲ့ လူငယ်စကားမို့ ဖြေသာ၏။ သူ့ဘွားအေ မသိအောင် စကားသွင်းလျက် မိန်းမသားဘက်မှ ငြင်းပေးဖို့ အခွင့်အရေးပေးတာကိုပဲ စိတ်ထား နှလုံးထား ကောင်းမွန်သည့် ဖေဖေနှင့် မေမေတို့က ကြံဖန်ကျေးဇူးတင်နေကြသေးသည်လေ။

ထမင်းစားဝိုင်းမှာ ဒေါ်အိမ်သူက ရတနာ့ကို ခွဲ့ကျွေးတော့မလောက်ကို ဂရုစိုက်သည်။ စားသောက်ပြီးစီးတော့ မြန်မာဆန်သည့် အချိုပွဲလေး တည်ခင်းသည့် ရွှေချီဆနွင်းမကင်းမုန့်လေးထိုးမုန့်၊ လက်ဖက်ပွဲ၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းတို့မှာ ရေနွေးကြမ်းတစ်ကရားဖြင့် မြိုင်ဆိုင်လှပါ၏။

"ဒေါ်ဒေါ့်စေတနာတွေလည်း မြိုင်တို့သားအမိဝမ်းထဲ ဝင်သွားပြီ၊ ဒီကြားထဲကပဲ အားနာနာနဲ့ မြိုင့်ကို စကားပြောခွင့်ပြုဖို့ တောင်းပန်ရမှာပါ ဒေါ်ဒေါ်"

"ကွယ် ... မြိုင်မြိုင်ရယ်၊ ပြောစရာရှိရင်ပြောပါ၊ စေတနာက သီးသန့်ပါ၊ မြိုင်တို့သားအမိကို ချစ်လို့ပါကွယ်"

"ဟုတ်ကဲ့ ... ဒီပွဲမှာ ဒေါ်ဒေါ်က မပြောပါဘူးဆိုပေမယ့်"

"မြိုင်မြိုင့်အနေနဲ့ ဖြစ်ချင်တာရှိရင် ပြောသာပြော မြိုင်မြိုင် ဒေါ်ဒေါ်တို့ သမီးတောင်းမင်္ဂလာ လာတဲ့အခါမှာ မင်္ဂလာကျက်သရေရှိဖို့ ဘယ်လိုအတိုင်းအတာနဲ့ပဲ လာရ လာရ"



ဒေါ်ခင်ဝေမြိုင် သက်ပြင်းမောကိုချသည်။ ပုပ္ပားဆိုသည့် သူငယ်ကို မမြင်ဖူးပါ။ လက်လွှတ်ဆုံးရှုံးရသည့်အတွက် မခံချင်စိတ် ဖြစ်မိပေမယ့် နှမြောလှသည် မဟုတ်ပါ။ ဒေါ်အိမ်သူကိုသာ နှမြောဖို့ ဖြစ်နေရတော့သည်။

"ဒေါ်ဒေါ့်ဘက်က လိုက်လျောလွန်းတော့ ပြောဖို့တောင် ခပ်ခက်ခက်ပါပဲ ဒေါ်ဒေါ်ရယ်"

"အလို ... မြိုင်မြိုင်၊ ဘာများ မကျေနပ်တာရှိလဲ၊ လူငယ်ချင်းသာ ကင်းကင်းစိမ်းစိမ်းရှိတာ၊ ဒေါ်ဒေါ်တို့ မောင်အောင်မျိုးတို့ မြိုင်မြိုင်တို့ဆိုတာ ဆွေမျိုးသားချင်းနဲ့မခြားခဲ့တဲ့ သူတွေပဲကွယ့်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မကျေနပ်စရာ ရှိလို့တော့ မဟုတ်ပါဘူး၊ ခက်တာက ဒီသမီးလေးပါ"

ရတနာ့ဘက် လှည့်ကြည့်ပြောသည်မို့ ရတနာက ခေါင်းငုံ့ချလိုက်ရသည်။

"သမီးလေးက ကလေးစိတ် မကုန်နိုင်ရှာဘူး ဒေါ်ဒေါ်ရယ်၊ အသက်တောင်မှ နှစ်ဆယ်မပြည့်သေးဘဲ စေ့စပ်ကြောင်းလမ်းခြင်းဆိုတဲ့ အနှောင်အဖွဲ့ကို လက်မခံပါရစေနဲ့တဲ့၊ မိဘနဲ့ နှစ်ပေါင်းကြာကြာ ဝဝကြီးနေချင်ပါသေးတယ်တဲ့ ဒေါ်ဒေါ်ရယ်"

ဒေါ်အိမ်သူ့မျက်နှာ ကွက်ခနဲ တစ်ချက်ပျက်လေ၏။ သို့ပေမဲ့ ချက်ချင်းပြန်ပြင်နိုင်သည်။

"တခြားအကြောင်းကိစ္စရှိရင်လည်း ဒေါ်ဒေါ် သိပါရစေ မြိုင်မြိုင်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိမ်သူ့မြေးကို ကျွန်မသမီး ငယ်ပါသေးတယ် ဆိုပြီး ငြင်းဆန်သည့် သမီးရှင်ဟူ၍ မြန်မာပြည်မှာ တစ်ယောက် တော့ တွေ့ပြီဟု ဒေါ်အိမ်သူ ခါးသီးနာကျင်သွားမှုကို ဖုံးဖိ၏။

“မရှိပါဘူး ဒေါ်ဒေါ်၊ အချိန်ကလေး စောနေတာပါပဲ”

မူလစကားကမ်းလှမ်းစဉ်က ကျွန်မသမီး ငယ်ပါသေး တယ်ဆိုတာ မလာ၊ ပထမပိုင်း ဂုဏ်သရေရှိ မိတ်ဆွေတစ်ဦးနှင့် တင်ကြိုဆွေးနွေးသည်။ မိန်းကလေးရှင်မို့ ဝမ်းသာအားရ ထမခုန် ပေမယ့် ငြင်းဆန်မည့် အရိပ်အရောင်မပြ။

နောက်ပိုင်း ဒေါ်အိမ်သူ ကိုယ်တိုင် မိုးကုတ်သို့ အလည်အပတ် သွားသလိုလိုနှင့် ဒုတိယအဆင့် ဆွေးနွေးသည်။ လိုလိုချင်ချင်ပါပဲ။ ခု မြေးအသက်နှစ်ဆယ်ပြည့်သည့်နေ့မှာ ရှေး တုန်းက မြေးတွေထုံးစံအတိုင်း လူငယ်ချင်း တွေ့ဆုံခွင့်ရအောင် စီမံခြင်းဖြစ်သည်။ ဒေါ်ခင်ဝေမြိုင်တို့ မိသားစုက ဒေါ်အိမ်သူ့ထံမှာ ထမင်းလာစား၊ သူတို့ တည်းခိုခန်းဟိုတယ်သို့ သူတို့က ထမင်း စားပြန်ဖိတ်၊ ဒေါ်အိမ်သူနှင့် ပုပ္ပား မြေးအဘွားနှစ်ယောက်သွား။

လူငယ်ချင်း တွေ့ဖူး မြင်ဖူး ဖြစ်သွားဖို့။

ပြီးတော့မှ ဒေါ်အိမ်သူ ခြွေရံသင်းပင်းများစွာ လက် ဆောင်ရတနာများစွာဖြင့် သမီးတောင်းမင်္ဂလာကို မိုးကုတ်သို့သွား ကျင်းပ၊ မန္တလေးသို့ တစ်ဖွဲ့ကြီး ပြန်လာပြီး စေ့စပ်ကြောင်းလမ်း ပွဲကို တရားဝင်ကျင်းပ။

အဆင့်ပေါင်းများစွာ တခမ်းတနား အကုန်အကျခံဖို့ စီစဉ်ထားခဲ့တာ။



သည်နေ့တော့ ပုပ္ပားကို တမင်အပြင်လွှတ်ထားတာ၊ လူငယ်ချင်း ဆုံတွေ့လျှင်တောင် မိန်းကလေး တန်ဖိုးရှိစေဖို့ သမီးရှင်အိမ်မှာ ဆုံကြပစေ၊ သားရှင်အိမ်မှာဆုံလျှင် သမီးရတနာ ကလေးများ ဂုဏ်ငယ်မလား။ သမီးရှင်ဘက်သို့ ဦးစားပေးများ စွာနှင့် စီစဉ်ထားခဲ့ရတာတွေ။

ခုတော့ မြိုင်မြိုင်က ထမင်းစား ပြန်မဖိတ်တော့ဘဲ အငြင်းစကားကို ဤပွဲမှာပင် ပြောဆိုသည်။

စကားဝါက စွန့်ပစ်သမီးမို့၊ စကားဝါသားမို့များ လား။

“မြိုင်မြိုင်ရေ ... ဒေါ်ဒေါ်နဲ့ မြိုင်မြိုင် ဆိုတာက တူဝရီးသား အမိဆိုလည်း မမှားဘူးကွယ်”

“ဟုတ်ကဲ့ပါ ဒေါ်ဒေါ်”

“ရှင်းရှင်းပြောကြရအောင်နော်၊ ဒေါ်ဒေါ်ကို ခွင့်ပြုကွယ်”

“ပြောပါ ဒေါ်ဒေါ်၊ မြိုင်တို့ကလည်း ဒေါ်ဒေါ့်ကို မိဘ သဖွယ် လေးစားလျက်ပါ”

“စကားဝါသားမို့များလား မြိုင်မြိုင်”

“မဟုတ်ရပါဘူး ဒေါ်ဒေါ်၊ မြိုင် အမှန်ပြောတာပါ”

ဒေါ်ဒေါ့်မြေးက ရန်ကုန်မှာ ရည်းစားရှိသတဲ့လေ။ ဘွားအေကိုတော့ ကြောက်တယ်၊ သူ့အမေကို ပြန်မခေါ်တော့မှာ လည်း စိုးရိမ်တော့ သူ့ဘက်က မငြင်းရဲတိုင်း မိန်းကလေးဘက် က ငြင်းပေးပါလို့ ဖုန်းဆက်တာ ဒေါ်ဒေါ်ရဲ့ ...

သမီးလေးကိုမို့လို့ ငြင်းတာ မဟုတ်ပါဘူးတဲ့လေ။ သူ့ချစ်သူမကလေးက လွဲရင် ဖွဲ့ဆန်ကွဲ သဘောမို့ သိကြားမင်း

www.burmeseclassic.com

www.burmeseclassic.com



သမီး ဆင်းလာရင်တောင် သမီးရှင်ဘက်က ငြင်းပေးပါလို့ ကျိတ်ပြောမယ့်သူငယ် ...

မြိုင်တို့သမီးလေး ဘယ်လောက်ရှက်ရှာမလဲဆိုတာ ဒေါ်ဒေါ် စဉ်းစားကြည့်။ ကိုယ့်သမီးကို မြင်ဖူးအောင်တောင် မကြည့်တော့ဘဲ ဒီလိုအပြောခံရတော့ မြိုင့်ရင်ထဲ ဝင်ကြည့်ပါ ဒေါ်ဒေါ်။

မြိုင်တို့က မိန်းမသားဘက်ကပါ။ ဒေါ်ဒေါ့်မြေး နှုတ်ဖျားက စကားတစ်ခွန်းပြောတိုင်း ပြည်တန်ပတ္တမြားတစ်လုံး ထွက်ကျမယ် ဆိုရင်တောင် လက်မခံနိုင်တော့ဘူး ...

စိတ်ဆိုးတယ် မဟုတ်ပေမယ့် သမီးဖေဖေများလည်း နာကျင်ထိခိုက်ရှာတယ်၊ ဒေါ်ဒေါ် ကိုယ်ချင်းစာနိုင်မှာပါ ...

သည်စကားတွေကို ဒေါ်ခင်ဝေမြိုင် ပွင့်လင်းမြဲဝသီဖြင့် ပြောချချင်လှပါ၏။ သို့ပေမဲ့ ... ခုတော့ ဒေါ်ခင်ဝေမြိုင့် ဘဝမှာ သင်ခန်းစာ ရခဲ့ပြီးပြီ။ ပွင့်လင်းခြင်းကို ရိုးသားမှုဟု တန်ဖိုးထားခဲ့ပေမယ့် ဒီအချက်ကို အရည်အချင်းအဖြစ် သတ်မှတ်ဖို့ မေ့လျော့တတ်သူနှင့်ဆုံတော့ ...

လူကောင်း သူကောင်းလေးမို့ ကိုယ့်သမက်လေးကို ချစ်ပြလိုက်ရတာ။ ခမည်းခမက်တွေက သူတို့သားလိုလူမျိုး မရနိုင်သည်မို့ ငမ်းငမ်းတက်သည် ထင်ကြလေရောသလား။ သူတို့ဘက်ကျတော့ သမီးကြီးအပေါ်မှာ တင်းမာသည် မဟုတ်ပေမယ့် ပျော့ပျောင်းမှု ပါးလျား၏။

ဩော် ... ဖိတ်စာရိုက်ပြီးသည့်အဆင့် ရောက်ပြီးမှ သူတို့မျက်နှာကြောတွေ ဒီ့ထက်ပျော့ပျောင်းသင့်တာကို သိခဲ့ရလို့။



သားရှင်၏တာဝန်ကျေလှုပ်ရှားမှု မင်္ဂလာပွဲထဲ ကိုယ့်[illegible]မီး အထွတ်အမြတ်ကို ထည့်ပေးလိုက်ရတာ၊ မျက်ရည်လည်း [illegible]က်ပေါက်ကျခဲ့ရပါရဲ့။ ဒါတောင် သူတို့ ဒီလိုပဲ နေတတ်လို့[illegible]င်ပါရဲ့ဆိုပြီး ခွင့်လွှတ်ခဲ့သေးတာ။

သူတို့တွေ သမက်ရတော့ ကိုယ့်သမီးလိုတောင် [illegible]ဘက်ဘက်က မပြည့်ပါဘဲ ဆတ်ဆတ်သဲကြတော့မှ ကိုယ့်သမီး[illegible]ခဲ့ရသည့် အခွင့်အရေးကို ပိုပိုပြီး နားလည်ခဲ့ရတာ။

ဘာပဲဖြစ်ဖြစ် သမက်ကောင်းလေးကို မြိုင့်မှာတော့ [illegible]တော့တာပါပဲ။ သမီးကိုလည်း ဆုံးမ၊ သမက်ကလေးလည်း [illegible]ပေး။ ရင်ထဲ နှစ်ခြိုက်လာလျှင် ဟန်တစ်လုံး ပန်တစ်လုံး [illegible]မဆောင်တတ်ခဲ့သည့် ရလဒ်အဖြစ် သင်ခန်းစာတွေရခဲ့တာ [illegible]ည်းမနော။

ဝန်ခံရလျှင် အဲဒီကတည်းက မြိုင်ဆိုတဲ့ မိန်းမသား [illegible]ရိုးသားပွင့်လင်းမှု လျော့ပါးသွားခဲ့ရတာပါပဲ။ ပြောသင့်သည့် [illegible]၊ ပြသင့်သည့် အမူအရာလောက်ပဲ၊ ကိုယ့်အဆင့်အတန်း [illegible]လိုက်ဖက်စွာ ပြောဆို ပြုမူ၊ ဂိုက်ထုတ် ဟန်ထည့်ခြင်းဆိုတာ [illegible]ကို သမီးကြီးယောက္ခမ သင်ပေးခဲ့တာလေ။

မြိုင် ရင်ထဲရှိသမျှ ဖွင့်ပြောပြလို့ ကိုယ့်အတွက်ပဲ [illegible]ကျနိုင်မယ်ဆိုရင် မြိုင် မြိုထားတတ်ပါပြီ ဒေါ်ဒေါ်ဟုသာ [illegible]ချင်လိုက်တော့သည်။

"စကားဝါလည်း မြိုင်တို့နဲ့ ငယ်သူငယ်ချင်းပါ ဒေါ်ဒေါ် စကားဝါ့သားမို့တော့ မဟုတ်ရပါဘူး၊ ဒေါ်ဒေါ် ရယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် … သမီးလေးက ချစ်စရာကောင်းသလောက်
ရိုးသားရှာတော့ ဒါမျိုးတွေ မတွေးပါရစေနဲ့ဦးဆိုတော့
လည်း လူကြီးမိဘအနေနဲ့ သူ့လောက်မှ မလိမ္မာရင် ခက်
သွားပဲ"

ဒေါ်အိမ်သူ ကိုယ်တိုင် စကားအလှသုံး၍ နှောင်
ဆုတ်သွားကြောင်း ဒေါ်ခင်ဝေမြိုင် မိန်းမပါးမို့သိ၏။

"သားရှင် ဝတ္တရားလျော့ပါးလို့ မြိုင်မြိုင်တို့ မကျေနပ်တာ
ရှိရင်တော့ သမီးလေးအတွက် ချွေကိုယ်လေးမှာ ရတနာ
စီပြီးပဲ တင်ရဲ တင်ရပါ"

ရတနာ့ပုံတူ ရတနာ့အရွယ် ရုပ်တုကိုတောင် ရွှေ
သားအစစ်နှင့် ပြုလုပ်၍ ရတနာတွေ စီခြယ်ပြီး တင်တောင်းနိုင်
ပါသည် ဆိုသည့် ဒေါ်အိမ်သူ့ စကားက မာနကို တစွယ်တော
ပြလိုက်တာပေမယ့် တကယ်လည်း တတ်နိုင်မှာအမှန်။ သမီးရှင်
က တောင်းဆိုလာလျှင်လည်း တကယ်ထလုပ်မှာ မယုံကြည်ဖို့ရာ
ချေ။

"မြိုင်တို့ မန္တလေးမှာရှိတုန်း ဒေါ်ဒေါ်ကို တပြန်တည်
ပြုစု ပါရစေဦး ဒေါ်ဒေါ်"

"ဒါပေါ့ကွယ် … သွေးသားနဲ့ မခြားကြတဲ့သူတွေပဲ၊ ဒေါ်ဒေါ်
ကျန်းမာရေးကောင်းတဲ့တစ်နေ့မှာ အကြောင်းကြားပါ့မယ်
မြိုင်မြိုင်တို့ ကိစ္စရှိလို့ မီးကုတ်ဆင်းကြရင်လည်း တစ်ခါ
မကြို၊ တစ်ခါကြိုပေါ့နော်။ အသက်အရွယ်က စကားပြော
တယ်၊ မြိုင်မြိုင် ခွင့်လွှတ်ကွယ့်"



စေ့စပ်ကြောင်းလမ်းကြဖို့ကိစ္စ လူငယ်တွေ မျက်နှာ
ချင်းတောင် ဆုံခွင့်မရလိုက်ပါဘဲ ပျက်ပြားပြီဆိုသည့် အကြောင်း
စကားလှအောင် တန်ဆာဆင်၍ တစ်ဖွဲ့တစ်နွဲ့ ပြောကြလေ၏။
မျက်နှာထားတွေကလည်း ပြုံးပြုံးရွှင်ရွှင်။ အခင်အမင်ဟူ၍လည်း
တစ်စက်ကလေးမှ မပျက်လေဟန်။ ချစ်ဆဲ ရင်းနှီးဆဲ၊ ဖက်လှဲ
တကင်းနှင့်ပင် ပျက်ပြားရေး အစီအစဉ်ကို အတည်ပြုလိုက်ကြ
တော့သည်။

ရတနာတော့ အံ့တာပါပဲ။

မေမေ့ကိုလည်း အံ့ဩလို့မဆုံး၊ ဒေါ်အိမ်သူကိုလည်း
အံ့ဩလို့မဆုံး။ အပြုံးတွေ ပေါပေါသုံးနိုင်ကြပုံက ဘုံပိုင်မှရေဖွင့်
သလား ထင်ရသည်။ ဒါတွေ အားလုံးထဲမှာ အအံ့ဩရဆုံးလူက
တော့ …

ဘွားအေကို ကြောက်သည်မို့ သတ္တိကြောင်တိုင်း
တယ်လီဖုန်းခိုးဆက်သည့်လူသား၊ ပုပ္ပားဆိုသည့် ယောက်ျားတစ်
ယောက်ကိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

နားထဲသို့ စူးနစ်စိမ့်ဝင်လာသည့် ဂီတသံကြော
ငြိမ်သက်မှေးစက်မှုများ နိုးကြားလာရ၏။ မှေးစင်းထားသည
မျက်ခွံတွေ ပွင့်လာ၏။ သီချင်းသံက ကျက်သရေရှိပါသည်။

သို့ပေမဲ့ သီဟ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ
သည်။ သီချင်းသံ ကျက်သရေရှိတာကတခြား၊ ဒီအချိန် အိပ်ရာ
ထဲမှ မထချင်သေးတာက သပ်သပ်။ ကိုယ့်ဆံနွံနှင့် ကိုယ်သာ
ဘယ်လိုမှ အိပ်ရာမထချင်သေးသည့်အချိန်ကြီး။

... မေတ္တာဓာတ်နဲ့ ဗုဒ္ဓ မြတ်စွာ ... ဆောင်နှင်းတဲ့
အောင်ခြင်းသတ္တမပါ ...

မြန်မာ့ဂီတတွေထဲမှာ "အောင်ခြင်းရှစ်ပါး" လော
ကျက်သရေရှိတာ ရှားရှားပါးပါးပါပဲ။

"အောင်ခြင်းရှစ်ပါးတောင်ရှိတာ၊ ခုနစ်ပါး ရောက်မှပဲနိုး
တယ်လို့ ထိနမိတ္တများပါ"

ဘွားအသံက အောင်ခြင်းရှစ်ပါးနှင့် ဆန့်ကျင်စွာ
ပေါ်ထွက်လာသည်။ မှေးစင်းစင်း မပွင့်တပွင့် ဖွင့်ထားသည



မျက်ဝန်းတွေ ပိကျသွားသည်အထိ သီဟ ပြုံးလိုက်မိတော့သည်။ ဘွား အသံကြောင့် အိပ်ချင်စိတ်တွေလည်း ကုန်ပါပြီ။

ထိနမိတ္တဆိုတာ ပျင်းတာနဲ့ အိပ်ပုပ်ကြီးတာ တစ်ခုခုပဲဟု တွေးမိ၏။ ဘွား ထည့်ထည့်ပြောလေ့ရှိသည့် ပါဠိစကားတွေ၊ သီဟ လုံးဝနားမလည်ပေမယ့် သဘောပေါက်၏။

"ထတော့လေ၊ နိုးပြီးမှ ပြန်နှပ်နေတဲ့ အကျင့်က နည်းနည်းမှ ကောင်းတာမဟုတ်ဘူး၊ မွေးနေ့နော် ... မွေးနေ့၊ မဆူချင်ဘူး၊ မဆူပါရစေနဲ့၊ ကျေးဇူးပြုပြီး မဆူရအောင်နေပါ၊ ကိုယ်တော်"

"မွေးနေ့ရှင်ကလည်း နည်းနည်းမှ အဆူမခံချင်ပါဘူး ခင်ဗျာ"

ယခုမှ တွေ့ဆုံကြရတာပေမယ့် ချက်ချင်းကြီး ရင်းနှီးသွားရပြီဖြစ်သည့် ဘွားကို စချင်စိတ်ဖြင့် အလွန်ရှိကျိုးဟန်တမင်ပြု၍ ပြောသည်ကို ဘွား မသိမှာ မဟုတ်ချေ။ သိသည့်ကြားထဲကပင် အရိုအသေ အခအယကို ဘွားက အသိအမှတ်ပြုချင်နေသည်။

"ထတော့ ... နောက်တစ်ခါ မပြောပါရစေနဲ့"

ဗျစ်တောက် ဗျစ်တောက် ပြောတတ်သည့်ကြားက ချစ်စရာကြီး ဖြစ်နေသည့် ဘွား ထွက်သွားမှပဲ အိပ်ရာကထဖြစ်တော့သည်။

"ဟူး ... နှစ်ဆယ်ပြည့်ရတာ မလွယ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... သွား၊ သွား ... ငါ့ဘာသာ ထားခဲ့၊ လိုမှခေါ်မယ်၊ သွား ... သွားဆို ... တယ်"

လက်သီးစောင်နှင့် ရွယ်ပစ်လိုက်တော့မှ နီမကယပ်ထောင်လေးကို ရင်မှာကပ်၍ နှစ်လှမ်းလှည့်ကာ ဖြည်းညင်းစွာ ထွက်ခွာသွားတော့သည်။

"အဲဒါတွေ့ပေါ့၊ စိတ်နဲ့ ငါနဲ့ ညစ်ရတာ၊ စိတ်ညစ်ရတဲ့အထဲမှာ နီမလည်း ပါတယ်"

တစ်ယောက်တည်းပြောရင်း ပေါင်မုန့်နှစ်ချပ်ထပ်ကို ခွာကြည့်သည်။ တစ်ချပ်ချင်း ပြူးပြဲကြည့်သည်။

"ကျွတ် ... ငါးသေတ္တာစုတ်တွေကွာ"

ပေါင်မုန့်ထဲမှာ တစ်ခုခု ညှပ်ပေးမည်ဆိုလျှင် သီဟက ဘေကွန်ဟုခေါ်သော ဝက်သားကို ပါးပါးလေးလှီးထားတာပဲ ကြိုက်၏။ အသားမညှပ်ဘဲ ထောပတ်ဖြစ်ဖြစ် သုတ်ပေးလည်း စားနိုင်သည်။ ဘာမှမရှိဘဲ ပေါင်မုန့်ချည်းစားဆိုလည်း ငြင်းဖို့မရှိ။ ငါးသေတ္တာနှင့်ကတော့ ဘယ်ဘဝက ရန်ငြိုးမုန်းမသိ။ အနံ့ကစပြီးမကြိုက်။

"ငါးသေတ္တာများ ကော်ရုံလူ စားနိုင်မှတ်လို့၊ ငါးသေတ္တာစုတ် မဟုတ်ဘူး၊ အကောင်း ... အကောင်း"

ဘွားက ဘေးနားသို့ ဘွားခနဲ ရောက်လာ၏။ ခြေနင်းသံ ရွေ့လျားသံ လုံးဝမကြားရဘဲ ဘွားခနဲ ဘွားခနဲ ကိုယ်ထင်ပြသလို ရောက်လာတတ်သည့် ဘွား၏ညင်သာမှုကိုတော့



တကယ်ပဲ သြချလက်ဖျားခါရသည်။ ဘယ်လိုမှ မချီးကျူးဘဲမနေနိုင်ချေ။

"စိတ်ညစ်ရတဲ့ထဲမှာ နီမလည်း ပါတယ်ဆိုတော့ နီမက ဘာဖြစ်နေလို့လဲ"

"ဟာ ... ဘွား၊ အိုက်လည်းမအိုက်၊ ခြင်, ယင်, ပိုးဟပ်၊ ကြမ်းပိုး၊ ကြွက်၊ ခွေးသန်း၊ ကြောင်သန်း၊ အင်းဆက်ပိုးမွှား တစ်ကောင်တစ်မြီးမှ မရှိဘဲ ဘေးနားက ယပ်ကြီးတဖျပ်ဖျပ် လာခတ်ပေးနေတာကို စိတ်ညစ်တာ"

"အဆင့်အတန်းရှိရှိကို မနေနိုင်ဘူး။ မွဲချင်တဲ့ခွေး ပြာပုံတိုး၊ ခွေးမျိုးလို့ ပြောလိုက်ရရင် ကျုပ်ပါ ပါသွားမှာစိုးလို့"

သီဟ ဟားခနဲ အော်ရယ်တော့သည်။

"ပွါးစပ်ထဲ ပေါင်မုန့်အပြည့်နဲ့ ပါးစပ်ကြီး ဒီလောက်ပြဲ ရယ်ရသလား။ အဆင့်အတန်းကို မရှိဘူး၊ အစားစားတာကလည်း ခွေးပိန်မ မြောင်းထဲက ထမင်းကြမ်းခဲ ဟပ်သလို ပြတ်, ပြတ်နဲ့"

"သေချင်တယ်ဗျာ၊ နှစ်ဆယ့်ပြည့်တဲ့နေ့မှာ သေရင် ဘယ်လောက်ကောင်းမလဲ"

"အလိုလေး ... မြတ်စွာဘုရား၊ ဖွဟဲ့ လွဲစေ ဖယ်စေ၊ ကျက်သရေရှိအောင် အောင်ခြင်းရှစ်ပါးသီချင်းနဲ့ အိပ်ရာက ထတာပါ ငါ့မြေးရယ်"

အယူသည်းသလောက် အတိတ်နိမိတ် ကောက်တတ်တာ နိမိတ်မရှိသည့် စကားဆို လုံးဝမကြားနိုင်သည့် ဘွား သီဟ စကားကို ဆတ်ဆတ်ခါ သွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သီဟ ရတနာ့ကို ကျေးဇူးအတွ တင်နေရတော့သည်။

"အိမ်သူ့မြေးကိုများရှင့် ... ကြားဖူးရ ကြုံဖူးရတယ်လို့"

ရတနာ ငယ်ပါသေးသည်ဟု လာငြင်းသွားပြီး တည်းက "ကျုပ်မြေး သနားလုချည်ရဲ့"ဆိုကာ ဘွားနှင့် သီဟတို့ ဆက်ဆံရေးက ချက်ချင်းကြီးကို ဆယ်ဆလောက်ခုန်၍ ရင်းနှီး သွားတော့သည်။

"ဘွား မေမေ့ကို စိတ်မဆိုးဘူး မဟုတ်လား ဘွား ဒီကိစ္စ မေမေနဲ့ မဆိုင်ဘူးနော်"ဟု သီဟက တတွတ်တွတ်ပြော သည်။ ဘွားက အေးပါ ... အေးပါဟုဆိုကာ မြိန်မြိန်ကြီး ပြုံး နေသည်။ သီဟက မြေးတစ်ယောက်၏ အခွင့်အရေးကို အပြည့် အဝယူကာ ဟင်းချေးများခြင်း၊ ဘွားအေကို မထိတထိစခြင်း စသည့်အဆင့်ထိ ရောက်လာသည်။ ဘွားလက်ထဲ ကြီးပြင်းရသည့် မြေးတွေနှင့်မခြားကို တရင်းတနှီး ဖြစ်သွားရသည်။

"ကျွန်တော်တို့ တစ်ဝမ်းကွဲ ညီကိုမောင်နှမတွေ အားလုံး အသက်နှစ်ဆယ်ပြည့်တဲ့နေ့မှာ ဘွားဆီရောက်အောင်လာ ပြီး ဘွား ပေးစားမယ့်သူနဲ့ စေ့စပ်လက်ခံသွားရတဲ့အကျင့် ကို ဘယ်တုန်းက စခဲ့တာလဲ ဘွားရာ"

"အလိုလေး ... အကျင့်လို့ ရင့်ရင့်သီးသီး မပြောပါနဲ့ ကိုပုပ္ပားရဲ့၊ အစဉ်အလာလို့ဆိုပါ"

သီဟ အော်ရယ်သည်။

"မြေးမတွေတော့ ထားပါ ဘွားရဲ့၊ မြေးထီးတွေများ ဘွား ပေးစားမှ မိန်းမရ,ရမယ့်ပုံဆိုတော့ လူငယ်သိက္ခာကျလိုက် တာ"



"အလိုလေး ... မင်းက ဘာသိက္ခာရှိလို့ တကူးတက ကျ နေရဦးမှာလဲ၊ သိပ်ခါရင် ပြုတ်ကျရုံပဲ"

"ဟောဗျ ... ဘွားက အရယ်အနောက်လည်း ရသားပဲ"

"ရှေ့မီ နောက်မီ အဘွားကြီး၊ သိလား အထင်မသေးနဲ့"

"မသေးဝံ့ပါဘူး၊ တကယ်ပြောတာ၊ ဘွားကို အရမ်းအထင် ကြီးတယ်"

"မြှောက်မနေနဲ့ ပုပ္ပား၊ ကျုပ်မြေးတွေထဲမှာတော့ မင်းနှုတ် အသွက်ဆုံးပဲ"

သီဟက ငါဖြင့် ရန်ကုန်တောင် မပြန်ချင်တော့ဘူး ဟု နောင်ရိုးကို ကျိတ်ပြောခဲ့ဖူးသည်။

"ဟိုက ဘုရင့်နောင် ဖောင်ဖျက်တဲ့ သူငယ်ကတော့ နှုတ် နည်းမှ နည်းပါလားကွယ်"

"ကျွန်တော်က စကားပြောတာ ဝါသနာမပါလို့ပါ ဘွား"

"ဟေ ... စကားပြောတာ ဝါသနာပါတဲ့သူရယ်လို့ ရှိမ လား၊ ကိစ္စ ဝိစ္စရှိလို့ ပြောကြရတာပဲ"

သီဟနှင့် ဘွားတို့ စကားပြောနေကြပြီဆိုလျှင် နောင်ရိုးက ဘာသိဘာသာ ခပ်ဝေးဝေး ရှောင်နေတတ်သည်။ သီဟက မြေးအခွင့်အရေးကို အပြည့်အဝယူလျက် ဘွား အိမ်မှာ ဗိုလ်ကျစပြုလာလေ နောင်ရိုးက သူ့ဘာသာနေလေ။

"သူက ရည်းစားပူမိလာတာ ဘွားရဲ့၊ သူ့ဖီလင်နဲ့သူ၊ အဆွေးသမား"

"အမယ်ကွယ် ... မိန်းမတစ်ယောက်ကို မရရုံနဲ့ ဒါမျိုးဖြစ် ရင် လူညံ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးက ဘွားကို လှည့်ကြည့်ကာ ယုံ့ယုံ့ပြုံးပြသည်။

"တွေ့လား ဘွား၊ အပြုံးကိုတောင် ပြန်ကျင့်နေရတယ်၊ မပြုံးတတ်တော့လို့"

"ကလေးမက သစ်စိမ်းချိုး ချိုးသလား၊ ဘွားက စပ်စုလိုက်တာ မထင်နဲ့၊ စပ်စုတယ်ဆိုတာ ကိုယ်ချင်းစာတဲ့သဘောကွယ်"

"သစ်စိမ်းချိုးက တော်သေးတာပေါ့ ဘွားရဲ့၊ အမြစ်ပါ နုတ်သွားလို့"

သီဟ ပြောချင်ရာ ပြောပစေ ဟူသည့် သဘောဖြင့် နောင်ရိုးက မျက်နှာခပ်လွှဲလွှဲ ထားသည်။

"ဘယ်လို အမြစ်နုတ်တာလဲ"

"ရည်းစားစကားလည်း ပြောလိုက်ရော"

"ပုပ္ပား စကားပြော မသိမ်မွေ့ပုံက သုံးခွန်းသောစကားလို ပြင်ပြော"

"ဟာ ... ဘွားကလည်း၊ သုံးခွန်းမဟုတ်ဘူးခင်ဗျ၊ နှစ်ခွန်းတည်း၊ ချစ်တယ် ... တဲ့။ အဲဒီနှစ်ခွန်းသော စကားကိုလည်း ပြောလိုက်ရော ဟိုက မျက်နှာချင်းကို မဆိုင်တော့တာ၊ အဲဒီလောက် မေတ္တာရှိပုံရတယ်"

"သူငယ်မက လိမ္မာရေးခြား ရှိရဲ့လား"

"ကျွန်တော် မပြောတတ်ဘူး ဘွားရဲ့"

"ဘယ့်နှယ် မပြောတတ်ရမှာလဲ"



"ကျွန်တော် သိသလောက် အဲဒီကောင်မလေးရဲ့အရည်အချင်းတွေက လှတယ်"

"ဒါပဲ ... မင်းတို့ ယောကျ်ားလေးတွေများ တယ်လည်း မျက်စိပသာဒ အလိုလိုက်သကိုး"

"ပြီးတော့ ပညာတတ်တယ်၊ မျိုးရိုးကောင်းတယ်။ အရမ်းချမ်းသာတယ်၊ ဘွားသဘောကျတဲ့ ရတ္တနာလိုပဲ မိုးကုတ်သူဌေးသမီးတဲ့"

"နာမည်က ဘယ်သူတဲ့တုန်း၊ မိုးကုတ်သူဌေးတွေ ဘွားသိတာ များတယ်"

"သက်ထားတဲ့၊ ဘွား သိလား"

"သက်ထား ... ဒီနာမည်တော့ မကြားဖူးဘူး၊ ကလေးမက ငယ်လို့ မသိတာနေမှာ၊ သူ့မိဘတွေဆို သိနိုင်တယ်၊ မိဘတွေက ဘယ်သူတွေတဲ့တုန်း"

"ဦးအောင်မျိုး၊ ဒေါ်ခင်ဝေမြိုင်တဲ့"

"အလိုလေး ... ဗုဒ္ဓေါ"

"ခင်ဗျာ ... ဘွား ဘာဖြစ်လို့လဲ"

"မောင်အောင်မျိုးနဲ့ မြိုင်မြိုင်တို့မှာ သားသမီးသုံးယောက်ရှိတယ်၊ အကြီးဆုံးသမီးက ဣန္ဒနီလာ၊ အိမ်ထောင်ကျသွားပြီ၊ ဒုတိယက သား ... အာကာမျိုးတဲ့၊ သူလည်း အိမ်ထောင်ကျပြီး အငယ်ဆုံးမလေးပဲ ကျန်တယ်"

"အဲဒီ အငယ်ဆုံးမလေးပါပဲ ဘွား"

"နာမည်က သက်ထား ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘွား"

"ရတနာပါကွယ်၊ ဘွား သိထားတာ ရတနာပါ၊ ဒေါ်အိမ်သူရဲ့မြေးကိုတောင်မှ ငြင်းသွားတဲ့ ရတနာ၊ သူတို့မှာ ဒီမောင်နှမသုံးယောက်တည်းပါ"

"ဟင်"ဆိုကာ နောင်ရိုးနှင့် သီဟတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်လိုက်ကြ၏။ နောင်ရိုး ရင်ထဲလှုပ်ရှားယိမ်းထိုးသွားရ၏။ သက်ထားရယ် ... ရတနာ ဆိုပါလား။

"ဖြစ်မှဖြစ်ရလေ ဘွားရာ၊ ကျွန်တော်ကလည်း သိပ်စိတ်မဝင်စားတော့ ရတနာ မိဘတွေ နာမည်မမေးမိခဲ့ဘူး"

ဒေါ်အိမ်သူက သီဟတစ်လှည့်၊ နောင်ရိုးတစ်လှည့် သုံးပြန်လောက် အထပ်ထပ်ကြည့်သည်။ ပြီးတော့ အဓိပ္ပာယ်ဖော်ရခက်သည့်အပြုံးကို မြိန့်မြိန့်ကြီးပြုံး၏။

"ဘွား ... မြေးနဲ့ ပေးစားချင်တာ သက်ထားလား ဘွား"

"သက်ထားလား ဘာလားတော့ မသိဘူး၊ ဘွားသိတာတော့ ရတနာပဲ၊ ဒီသူငယ်မပဲ ကျန်တာ၊ သူပဲဖြစ်မှာပေါ့"

နောင်ရိုးက မျက်စိမျက်နှာပျက်စွာ သီဟကိုလှမ်းကြည့်သည်။ သီဟကျတော့ ရှုံ့မဲ့ကာ စိတ်ညစ်စိတ်ရှုပ်သွားပုံနှင့် ခေါင်းကို တဖြင်းဖြင်း ကုတ်တော့သည်။

"ဟော့သူငယ် ... နောင်ရိုး"

မျက်နှာက ပြင်မရအောင်ပျက်လျက်၊ ချက်ချင်းကြီးကျောက်ရုပ်လို ဖြစ်သွားရသည့် နောင်ရိုး ပခုံးပေါ်သို့ ဘွားလက်တစ်ဖက် ကျလာ၏။



"နောင်ရိုး ... အဲဒီသူငယ်မကို မင်း ရအောင်ပိုးနိုင်ရင် ဘွားက ခြံတစ်ခြံနဲ့ တိုက်တစ်လုံး လက်ဖွဲ့မယ်၊ ရန်ကုန်မှာ မင်းကြိုက်တဲ့နေရာရွေး"

နောင်ရိုးက ခေါင်းကို အားလျော့စွာခါ၏။

"ဘွားက စကားတည်ပါတယ်ကွယ်၊ မယုံလို့လား"

နောင်ရိုး ငိုင်ကျတွေဝေနေပုံက အသက်မရှူရဲ့လားဟုတောင် ထင်ရနိုင်၏။ ရင်ထဲမှာ ပရမ်းပတာ လှုပ်ရှားလွန်းချိန်ဝယ် ပြင်ပခန္ဓာကိုယ် အစိတ်အပိုင်းများက ရွေ့လျားဖို့ ခွန်အားဟူ၍ တစ်စက်တစ်မှုန်မျှ မကျန်တော့ပါ။

ဖြစ်မှ ဖြစ်ရလေ သက်ထားရယ်။

ဒေါ်အိမ်သူ့မြေးကိုလည်း ငြင်းတယ်၊ တို့ကိုလည်း မျက်နှာချင်း ဆုံခွင့်မရအောင် ရှောင်တယ်၊ မင်းမှာ ရူးနှစ်စွဲမြဲတဲ့ ချစ်သူရှိနေလို့ ဆိုတာကလွဲပြီး ဘာဖြစ်နိုင်ဦးမှာလဲ သက်ထားရယ်။

ဒါနဲ့များတောင် မင်း တို့ကို မျှော်လင့်ချက်လေးတွေ စွန့်လှူခဲ့တယ်။ မတူမတန်တဲ့ အမြင့်ကပန်းမှန်းသိလို့ တို့ဘဝကို ကြိုးစားခွင့် အချိန်လေးယူဖို့ပါ။

ဒါပေမဲ့ မင်းပေးခဲ့တဲ့ မျှော်လင့်စရာတွေကို တို့ယုံစားမိလိုက်တယ်၊ မင်းပြတဲ့ သံယောဇဉ်အစအနလေးကို အထင်ကြီးမိလိုက်တယ်၊ တို့ကိုယ်တိုင် မျိုသိပ်ဖိနှိပ်ဖို့ မစွမ်းနိုင်တော့တာလည်း ပါတယ်။

ဘယ်လို နားလည်ရတော့မှာလဲ သက်ထားရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားအိမ်မှာ သုံးပတ်တိတိ ဖိမ်နှင့်စားသောက် သုံးဖြုန်း၊ သီဟာဆို ပြန်တောင် မပြန်ချင်တော့ဘူးဟု ပြောယူရသည်အထိ စည်းစိမ်ပြည့်စုံစွာ ခံစားပြီး သီဟာအတွက် ဘွားကျင်းပပေးခဲ့တဲ့ အသက်နှစ်ဆယ်ပြည့် မွေးနေ့ပွဲကိုကျင်းပ။

မွေးနေ့ပွဲ မြေးအဘွားနှစ်ယောက်တည်း ကျင်းပခြင်း ဖြစ်၍ နောင်ရိုးက အထူးဧည့်သည်တော်အဖြစ် တက်ရောက်သည်။ ဘွားက ...

“ပုပ္ပား သင်္ကန်းစည်းမလား”ဟု မေးနေသေးသည်မို့ သီဟ ခေါင်းရော လက်ရော ကမန်းကတန်းခါလျက် ဖြုံးပြိုင်ငြင်းသည်ကို ဘွား ရယ်နေသေး၏။

“သားသမီးအချစ် မြေးအနှစ်တဲ့”

ဘွားက သီဟကို တော်တော်လေး အရေးပေးချစ်ခင်စွာ ဆက်ဆံရှာ၏။ နောင်ရိုးကိုလည်း သီဟနှင့်တန်းတူ အခွင့်အရေးပေးသည်။ နောင်ရိုးက မြေးအဘွားနား မကပ်ဘဲ သူ့ဘာသာ တစ်နေရာရာ သွားထိုင် ငေးနေလျှင်တောင် လှမ်းခေါ်တတ်ကာ စကားဝိုင်းထဲ ဆွဲထည့်သည်။

“ဘွားရဲ့သားသမီးခုနစ်ယောက်နဲ့ ချွေးမ၊ သမက်တွေပါ ပေါင်းတော့ စုစုပေါင်း ဆယ့်လေးယောက်လုံးကို ဘွားသိပ်ချစ်တယ် ...



“ဘာလို့ တူတူမနေလဲလို့ ကလေးတို့ မေးချင်လိမ့်မယ်၊ ဘွားက ဒီအိမ်ကြီးမှာ ပြန်ကိုနေရမှ၊ ကလေးတို့ ဘိုးဘိုး ငယ်စဉ်က နေခဲ့တဲ့နေရာမှာ ခေါင်းချရမှလို့ ဆုံးဖြတ်တယ် ...

“သားသမီးတွေကလည်း သူတို့အလုပ်အကိုင်နဲ့ သူတို့ ရေကြည်ရာ မြက်နုရာနေရတော့ မန္တလေးမှာ တစ်ယောက်မှ မရှိဘူး”

သွေးသားရင်းခြာ ကင်းဝေးစွာ အထီးကျန် နေရချိန်များလှသည်မို့ ကိုယ့်သွေးကိုယ့်သား ရောက်တုန်းရောက်ခိုက်မှာ ဘွားစကားတွေ အများကြီး ပြောနေသလား မသိပါ။ ဘွား ပျော်နေပုံလည်း ရသည်။

သားသမီး အိမ်ထောင်တွေမှာ ခြံပိုင် တိုက်ပိုင်တွေ ဘွား ပေးထားတာ ရှိပေမယ့် ရာထူးရာခံတွေနှင့်ပေမယ့်၊ ဘွားလို သုံးမကုန် စွဲမကုန် အလျှံမပယ်ကြပါ။ ဘွားမှာ ခွဲဝေမပေးရသေးသည့် ဘွားပိုင် ခြံမြေတိုက်တာတွေ၊ နှစ်ချုပ်နှင့် ငှားရမ်းထားတာတွေ၊ ရန်ကုန်မှာရော မန္တလေးမှာပါ အများကြီး ကျန်သေးသည်။

ပြီးတော့ လက်ဝတ်ရတနာတွေနှင့် ရွှေထည် ငွေထည် အသုံးအဆောင်တွေ အများကြီးရှိသေးသည်။ ဘွား သက်ရှိထင်ရှားဆဲမို့ မခွဲမဝေရသေးပါ။ ဘွား စေ့စပ်လက်ထပ်ပေးခဲ့သည့် မြေးတွေကို ဘွားက မြေတစ်မတ်စီ ပေးခဲ့သည်။ တိုက်ပါဆောက်ပေးဖို့ပေမယ့် တစ်ဖက်ယောက္ခမတွေကိုယ်တိုင်ကလည်း ဘွား ရှာထားသူတွေမို့ သူဌေးတွေချည်းပဲ ဖြစ်နေရကာ တိုက်အတွက် တာဝန်ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိမ်သူ မျိုးဆက်ရယ်လို့ တည်ထောင်ထားခဲ့ချင်တယ်၊ မျိုးဆက်ဝင်အားလုံးဟာ ပညာရှိရမယ်၊ ချမ်းသာပြည့်စုံရမယ်၊ လိမ္မာယဉ်ကျေးရမယ်၊ မဟုတ်တာ မမှန်တာလုပ်တတ်တဲ့ တေလေကြမ်းပိုးတွေ မပါစေချင်ဘူး"

ဘွားဧ၏ ရည်ရွယ်ချက် အကြံအစည်က ကြီးမားခန့်ထည်လှပါ၏။

"ဆွေကြီးမျိုးကြီးဆိုတဲ့ ဂုဏ်မှာ ဆွေသန့် မျိုးသန့်ဆိုတာပါ ဖြည့်စွက်ချင်တယ်"

အိမ်ထောင်ရေး ပျက်ပြားမှုကို ဘွားဧာ ခွင့်မပြုပါ။ တည်ဆောက်ထားတဲ့ အိမ်ထောင် မပြိုကွဲစေဖို့ အုတ်မြစ်ကိုအခြေစိုက်အောင်ချခဲ့၊ မတည်ဆောက်ခင်က ဦးနှောက်သုံး၍ အချိန်ယူစဉ်းစားဟု ပြောဆို ဆုံးမခဲ့ပါ၏။ ကံမကောင်း အကြောင်းမလှသည်မို့ မုဆိုးဖို မုဆိုးမ ဖြစ်ခဲ့ရလျှင်လည်း ဘွားက ဒုတိယအိမ်ထောင် တည်ဆောက်ခြင်းကို လုံးဝခွင့်မပြုပါ။ ကျန်ဆွေမျိုးသားချင်းများက စီးပွားရေး၊ လူမှုရေး အားလုံးမှာ ဝိုင်းဝန်းကူညီကြ၊ စည်းလုံးညီညွတ်မှုကိုပြကြ၊ ကျောချင်းကပ်လျက် သွေးစည်းကြဟု ဆုံးမခဲ့ပါ၏။

ဘွား၏ အဆိုအမိန့်မှ မသွေမတိမ်း တည်ဆောက်ခဲ့ကြသော ဒေါ်အိမ်သူ မျိုးဆက်ကြီးထဲမှာ ပုပ္ပားအမေ စကားဝါသည်သာ၊ ပဝါဖြူမှာ စွန်းထင်းသည့် ရွံ့တစ်စက်နှယ် ဖြစ်ခဲ့ရကြောင်း ဘွား ထပ်ပြောသည်။

ဘွား ခွင့်မလွှတ်ခဲ့။



"ခုတော့ နှစ်တွေလည်း ကြာခဲ့ပြီ၊ စကားဝါဟာ သူ့အိမ်ထောင်ရေးမှာ သူသာယာပေမယ့် မိခင်မေတ္တာနဲ့ ကင်းကွာပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေခဲ့ရတာလည်း ကြာခဲ့ရှာပြီ ...

"ဘွား သားသမီးတွေထဲမှာလည်း အနွမ်းပါးဆုံးဖြစ်နေတယ်၊ ပြီးတော့ စကားဝါ့ကို ဘွား ကျေနပ်တဲ့အချက်တစ်ခုက သားကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပညာရေးရော စိတ်ဓာတ်ရေးပါ သွင်းပေးနိုင်ခဲ့တာ ...

"မကုန်ခန်းနိုင်တဲ့ မိဘမေတ္တာကို ပြန်ပေးဖို့ ဘွားဆုံးဖြတ်တယ်၊ ဘွားရဲ့မေတ္တာရိပ်ထဲကို ပြန်ခေါ်သွားဖို့ ဆုံးဖြတ်ခဲ့တယ် ...

"ဒါကြောင့် ပုပ္ပားကို ဒီလွှတ်လိုက်လို့ ဘွားစာရေးခဲ့တာ၊ ဘွားရေးတဲ့စာဟာ မာရေကျောရေများ ဖြစ်သွားသလား မသိပါဘူးကွယ်"

ရှစ်ဆယ်ပြည့်လုပြည့်ခင်မှာ စိတ်ထက်ဆဲ လေသံမာဆဲဖြစ်သည့် ဒေါ်အိမ်သူ၏ စကားတွေ တုန်ချင်လာ၏။ စိတ်မကောင်းဖြစ်ဟန်တူသည်။ သီဟကိုရော နောင်ရိုးကိုပါ မကြည့်ဘဲ မျက်နှာကို ခပ်မော့မော့ထားလျက် ငေးရင်း တစ်ခွန်းချင်း ပြောရှာ၏။

"ဘွားမြေးရဲ့နာမည်ဟာ ပုပ္ပား ဖြစ်မနေတဲ့အတွက် ဘွားဝမ်းနည်းတယ်၊ ပုပ္ပားဆိုတဲ့ နာမည်ကို ဘွား လှမ်းပေးခဲ့တာ၊ မြေးတစ်ယောက်အဖြစ် အသိအမှတ် ပြုခဲ့တာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သီဟနှင့် နောင်ရိုးတို့က မျက်လွှာချ၍ ငြိမ်နေကြသည်။ ယနေ့ထက်တိုင် သီဟကို ပုပွားဟုခေါ်၍ ပြောဆိုဆက်ဆံသည်။ မင်းနာမည် ဘယ်သူလဲဟု မမေးခဲ့။ ပုပွား နာမည်ကို ခံယူမထားတာကိုလည်း ကြိုသိနေနှင့်၏။ ဘွားမှာ ပုပွားနှင့်ပတ်သက်၍ သိထားတာတွေ၊ ပုပွားထင်တာထက် ပိုတောင်ပိုနေနိုင်၏။

"ပုပွားက ဘွားရဲ့စေတနာမေတ္တာကို လေ့လာချင်သေးပုံရတယ်၊ ဘွားကို မယုံမကြည် ရှိပုံရတယ်"

ယခုထက်ထိ သီဟကိုရော နောင်ရိုးကိုပါ လှည့်မကြည့်သေးချေ။ ငေးမြဲ ငေးဆဲက တစ်ခွန်းချင်း ပြောနေသည့် စကားတွေက တစ်ဦးတစ်ယောက်ကို ပြောနေပုံနှင့်လည်း မတူ။ သူ့ဘာသာ ညည်းတွားနေဟန်ပေါ်၏။

"ပုပွား ... ဘွားကိုညာတယ်"

"ညာ"ဆိုသည့် စကားလုံးမှာ အသံနစ်တိမ်သွားသည်မို့၊ စိတ်ခံစားချက်မှာ ထက်မြက်လှပါသည့် အမျိုးသမီးကြီး ကြေကွဲဝမ်းနည်းပြီး ဘွားမျက်ရည်ဝဲပြီ ဆိုတာကို သိလိုက်ကြရပါသည်။

သီဟရော နောင်ရိုးပါ ဘွားကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ဘွားက သူတို့ကို လုံးဝမကြည့်ပါ။ သီဟနှင့်နောင်ရိုးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ မျက်ဝန်းချင်းဆုံလျက် စကားတွေ အများကြီး ပြောဖြစ်သလို ခေတ္တမျှ ရူးငေးဖြစ်ကြ၏။

ရတနာ့ဆီ ဖုန်းဆက်တာ ဘွား သိသွားသလား။



ရတနာသာ သက်ထား ဆိုလျှင် သီဟ အနေနှင့် ငြင်းပစ်လိုက်တာ မှန်သွားရသည် မဟုတ်လား။ ရတနာ ခေါ် သက်ထားအတွက် နောင်ရိုး ဘာဆက်လုပ်မလဲ။

သူငယ်ချင်းနှစ်ယောက် စကားပြောဖို့တွေ အများကြီး ရှိလာပါပြီ။ တစ်ယောက်နှင့်တစ်ယောက် စူးနစ်စွာကြည့်ရင်း အသံတိတ် ဆွေးနွေးဖြစ်ကြသည်။ ခဏကြာမှ အကြည့်ကိုလွှဲ လျက် ဘွားထံ အကြည့်တစ်ချက်စီ ဖြိုင်တူရောက်ပြန်၏။

ဘွားက ခပ်မော့မော့ ငေးဆဲပါပဲ။

"နောင်ရိုး"

မည်သူ့ကိုမျှ မကြည့်ဘဲ ခေါ်သံထွက်လာသည်။

"ခင်ဗျာ ... ဘွား"

နောင်ရိုး လန့်ဖျပ်ထူးသည်။ ဘွားက နောင်ရိုးကို ကြည့်ပါ။ မော့ငေးဆဲ။

"ရတနာဆိုတဲ့ ကလေးမဟာ မင်းရဲ့သက်ထားပဲ ဖြစ်ဖို့ရှိတယ်၊ သူတို့မှာ ဒီအငယ်မလေး တစ်ယောက်ပဲကျန်တယ်"

နောင်ရိုး ဘွားကို စူးဝင့်စွာ ကြည့်နေရာမှ မျက်နှာ ၍ ခေါင်းငုံ့ကျသွားရတော့သည်။

"မင်း ကြိုးစားပါ၊ ဘွား ဖြစ်စေချင်တယ်"

နောင်ရိုး ဟုတ်ကဲ့ဟု ပြန်ပြောဖို့ ဝန်လေးနေရတော့ သည်။ ဒေါ်အိမ်သူ ကြည်ဖြူ၍ လက်ဖွဲ့ပါမည် ဆိုသော ကွက် တစ်ကွက်မှာ တိုက်တစ်လုံးပါ အပိုဆောင်းလျက်ရလာ ည့် ပစ္စည်းအတွက် သက်ထားကို မရ,ရအောင် ကြိုးစားပါမည် သည့် ကတိကိုပေးလို့ ဖြစ်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



ပေးရဲ့ပါ့မလား။ ပေးရက်ပါ့မလား။ သက်ထားရယ်။

နောင်ရိုး ရင်ထဲသို့ မုန်တိုင်းတစ်ခု တွန်းထိုးခွဲဝင်၏။ ရင်ထဲမှာ လှုပ်ရှားပြင်းထန်နေရသည်။ ကြုံဆုံလာရသည့် ဖြစ်ရပ်တွေက ပုံပြင်တစ်ခုနှယ် ယုံနိုင်ဖွယ် ကင်းနေသည်။

"ဘွားဟာ သားသမီး မြေးမြစ်တွေနဲ့ အတူနေချင်လှသပေါ့ လေ၊ ဒါပေမဲ့ ဒီခြံ ဒီအိမ်ကြီးမှာ ခေါင်းချမယ်ဆိုတဲ့ မာန် ကိုလည်း မလျှော့နိုင် ..."

"သားသမီးတွေရဲ့ အလုပ်အကိုင်ကလည်း မန္တလေး မှာမရှိ၊ သူတို့ ခြေခင်း လက်ခင်းသာလို့ လာရောက်လည် ပတ်ချိန်ကလွဲရင် နှစ်ပေါင်းများစွာ တစ်ယောက်တည်းနေ ခဲ့ရတယ်"

နောင်ရိုး ဒေါ်အိမ်သူ့ထံ စူးငေးဖြစ်ပြန်၏။ မာန် မာနကြီးလှသော ကြီးကျယ်ခမ်းနား သူဌေးမကြီးဟု မမြင်နိုင်တော့ ချေ။ အထီးကျန် ရက်များစွာကို ခြောက်သွေ့စွာ ကုန်ဆုံးစေခဲ့ တစ်စုံတစ်ခုသော ကျိန်စာသင့်နေသည့် သနားစရာ အမျိုးသမီး ကြီးတစ်ဦးဟု မြင်လာသည်။

မိမိတတ်နိုင်သည့် တစ်စုံတစ်ခုသော အတိုင်းအတာ ကို ဆောင်ရွက်ပေးဆပ်လိုက်ချင်သည့် စေတနာ အတိုင်းအဆမဲ့ ဖြစ်ထွန်း၏။

"ပုပ္ပား"

မြေးနာမည်ကို ခေါ်သံနှင့် မတူပါ။ နှုတ်ခမ်းလှုပ်ရုံ ညည်းတွား၏။

"ခင်ဗျာ ... ဘွား"



သီဟ ညင်သာတိုးတိမ်စွာ ထူးသည်။

"စကားဝါ့ကို ဘွားချစ်တယ်၊ ပုပ္ပားကိုလည်း ချစ်တယ်၊ ယုံတော့ ငါ့မြေးရယ်"

နောင်ရိုး သီဟကို ဖျတ်ခနဲ ကြည့်သည်။ သီဟက လည်း ပြန်ကြည့်၏။ တစ်ဦးနှင့်တစ်ဦး တိုင်ပင်နေဖို့ မလိုပါ။ တစ်ခြံထဲ တစ်အိမ်ထဲမှာ အကျင့်စရိုက်ချင်း မတူလှပေမယ့်၊ လိုက်လှဲချစ်ခင်စွာ နေခဲ့ကြသည့် သူငယ်ချင်းနှစ်ဦး၊ တစ်ဦးသဘော ကို တစ်ဦးက ဖွင့်မပြောဘဲ နားလည်နေကြသည်။

သီဟအနေနှင့် အခြား ဘာအကြောင်းမျှ မရှိဘူးဘဲ ထား၊ နောင်ရိုး အသက်တမျှ ချစ်နေသူ သက်ထားကို ဘွား စိတ် ချမ်းသာမှု ပေးဆပ်ရဲ့ သက်သက်ဖြင့် နောင်ရိုး လက်ထဲမှ ဘယ် လို လုယူရက်ပါ့မလဲ၊ နောင်ရိုး ကျတော့ကော သက်ထားအပေါ် ချစ်သည့် မေတ္တာသန့်သန့်လေးထဲမှာ ဘွား လက်ဖွဲ့မည်ဆိုသည့် မြေတစ်ကွက် တိုက်တစ်လုံးကို ရောစပ်ညှိစေရက်ပါ့မလား။

နှစ်ယောက်သား ထိုင်နေရာမှ ထရပ်တော့ ပြိုင်တူ။ ဒေါ်အိမ်သူထံသို့ လှစ်ခနဲ ရောက်ကြသည်။ ဘွား၏ခြေရင်းကြမ်း ခင်း ကော်ဇောပေါ်မှာ ဘွားကို ဘယ်ညာရံလျက် ဒူးထောက်လိုက် ကြ၏။ ခေါင်းကို ကိုယ်စီငုံ့ထားသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဘွား"

"ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါ ဘွား"

ကိုယ့်အစီပွာယ်နှင့်ကိုယ် ပြိုင်တူတောင်းပန်ကြလေ ၏။ ဒေါ်အိမ်သူ ဆိုသည့် ဘွားမှာ သီဟတို့ နောင်ရိုးတို့ မသိ မြင်နိုင်စွမ်းသေးသည့် အရည်အချင်းတွေ အများကြီးနှင့်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဘွားကို အထင်ကြီးသည်။ ဘွားကို လေးစားသည်။ ဘွားကို သိပ်လည်းချစ်သွားရပါပြီလေ။

ဘွားက မော့ငေးဆဲမှ စီးကျလာသည့် မျက်ရည်များကို မသိမ်းဆည်းပါ။ နားထင်အောက်ခြေဘက်မှ ကွေ့ဝိုက်လျက် နားရွက်ဖျားဘက် စီးဆင်းကျလာသည့် ဘွား မျက်ရည်တွေမှာ သမီးကို ချစ်ခြင်း၊ မြေးကို ချစ်ခြင်း များစွာပြည့်နှက် ပျစ်နှစ်သွားလေ၏။ ဘွားလက်နှစ်ဖက်က သီဟနှင့် နော်ရိုး ခေါင်းတွေပေါ်ဆီသို့ ကျလာသည်။

ဆံပင်တွေထဲ ထိုးသွင်းဖွသပ်ပေးသည်။ ခွင့်လွှတ်ကြည်ဖြူခြင်း အဓိပ္ပာယ်ပါပဲလေ။

ဒေါ်အိမ်သူ၏ မျက်ရည်ပြည့် မျက်ဝန်းအိမ်မှာ သမီးစကားဝါ၏ရုပ်သွင်က ပေါ်လာ၏။ ငယ်ရုပ် ငယ်သွေးနှင့် လှလှပပလေး မမြင်မိဘဲ၊ နှလုံးရောဂါ၏ တိုက်ခိုက်မှုကို တစ်ကြိမ် ခံစားထားရပြီးပါပြီဆိုသည့် ဖြူရော်ရော် နွမ်းဖတ်ဖတ်ရုပ်သွင်ကိုသာ မြင်ယောင်၏။

ဒေါ်အိမ်သူ မျိုးဆက်ထဲမှာ တစ်အိမ်တောင်က နှစ်အိမ်ထောင် ပြောင်းတဲ့သူ မရှိဘူး၊ တစ်ပင်လဲလို့လည်း နောက်တစ်ပင်မထူကြဘူး၊ ယောက်ျားနောက် လိုက်ခြင်း လိမ်ခြင်း၊ ညာခြင်း၊ ကောက်ကျစ်ယုတ်မာခြင်း၊ ဆိုးသွမ်းမိုက်မဲခြင်း ဆိုတာမျိုး မရှိဘူး။

ဒီလောက် သန့်စေချင်ခဲ့တာ စကားဝါရယ်။

❀ ❤ ❀



ခြံထဲမှာ လူငယ်တွေ ပြည့်နေ၏။

စင်စစ် ... ဆရာလည်းဖြစ်၊ အစ်ကိုတစ်ဝမ်းကွဲလည်းတော်သော ရန်ကြီးအောင်က တစ်ဝမ်းကွဲတွေထဲမှာ သီးသန့်လိုဖြစ်နေသည့် ပုပ္ဖွားကို တစ်ဝမ်းကွဲတွေနှင့် ဆုံစည်းစေဖို့ တမင်ဖန်တီးပေးသည့်ပွဲ ဖြစ်သည်။

"ပုပ္ဖွား ... ငါတို့တွေ စုပြီး မင်းခြံထဲလာပြီး ပျော်ပွဲစားမလို့၊ အုန်းထမင်းနဲ့ ကြက်သားကာလသားချက် စပ်စပ်ချက်ထား၊ ကျန်တာတွေ ငါတို့ တစ်ယောက်တစ်မျိုး ဝယ်လာခဲ့မယ်" ဟု ဖုန်းလှမ်းဆက်ထားသည်။

သူ့ဘာသာ ဘွား၏တစ်ခုတည်းသော အမွေဆိုသည့် နာမည်ကို မယူချင်ဘဲ ဘာနာမည်ပဲ မှည့်ထား မှည့်ထား၊ ဝမ်းကွဲညီကိုမောင်နှမတွေက ပုပ္ဖွားပဲ ခေါ်ကြတာများသည်။

တစ်ခါတစ်ရံတော့လည်း သူ လက်မခံချင်သည့် နာမည်ကို မခေါ်ဘဲ သူ့စိတ်ကြိုက်တာ ခေါ်ပေးတာမျိုးရှိ၏။

ဝမ်းကွဲညီကိုမောင်နှမ စုစုပေါင်း နှစ်ဆယ်တိတိ။ အိမ်ထောင်ကျပြီးသား လေးယောက်မို့ သူတို့ဇနီးများနှင့်ပါပေါင်းတော့ နှစ်ဆယ့်လေးယောက်။ သီဟနှင့် နော်ရိုးပါပေါင်းတော့ လူငယ် လူလတ် စုစုပေါင်း နှစ်ဆယ့်ခြောက်ယောက်။ အိမ်ထောင်သည် လေးဦးက မွေးထားသည့် ကလေး လေးပေါက်ပါပေါင်းတော့ သုံးဆယ်ယောက်ထိ ဖြစ်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆွေမျိုးတစ်သိုက် နာမည်တွေလည်း ပြောထားဦးကွ၊ ရာထူးဌာနနဲ့ ရတွေနဲ့ဆိုလည်း မှာထား၊ ရှိသေလေးစားပြ ရမယ့်လူဆိုလည်း ပြောထား"

သီဟာအဖေ၏ ညီဝမ်းကွဲက ထမင်းလာချက်ပေးရင်း သိသင့်တာလေးတွေ မေးရှာ၏။

"လုပ်မနေနဲ့ ဦးလေး၊ အဲဒီ နာမည်တွေနဲ့ ရာထူးတွေ ရထားတဲ့ဘွဲ့တွေနဲ့ တွဲမှတ်ရရင် မြန်မာရာဇဝင်မှာ ကုန်းဘောင်ဆက်ကို ပြန်လေ့လာရတာထက် ခက်ဦးမယ်၊ ကျွန်တော်လည်း အကုန်မသိဘူး"

သီဟက ရယ်၍ပြောသည်။

"ဟော ... ဒါဖြင့် ငါက ဘယ်လိုစကား ပြောရမလဲ"

"အစွယ်ကြည့်ပေါ့ ဦးလေးရ၊ ညီတန်ညီ၊ တူတန်တူ၊ ညီမ တူမ ငါ့မြေး၊ ဒါပဲပေါ့"

နောင်ရိုး၏ မှုန်တေတေ မျက်နှာတောင် နည်းနည်းပါးပါး ကြည်လင်နေ၏။ ကြည်တုန်း ခပ်ပြုံးပြုံး ဝင်ပြောပုံကို သီဟဦးလေးက ကြည့်ပြီးရယ်သည်။

"ငါ့မြေးတော့ မလုပ်ပါရစေနဲ့ဦး၊ ငါ့အသက်က ခုမှ နှစ်ဆယ့်သုံးနှစ်လေး ရှိသေးတာ"

ဦးလေးက လေးဆယ့်ခုနစ်နှစ်ရှိပြီမို့ သူ့အသက်ကို နှစ်ပိုင်းခွဲပြောသည်။ အုန်းထမင်းမို့ ရေခန်းချက်ရတာ မလွယ်ပါ။ ခြစ်လိုက်ရသည့် အုန်းသီးတွေကလည်း မနည်းမနော။

"သောက်ကျိုးနဲ့များတဲ့ ဆွေမျိုးတွေပါလား ငါ့တူရေ"



ငါ့တူဆိုတော့ မည်သူ့ကိုပြောမှန်းမသိ။ ခါတိုင်း သီဟ နောင်ရိုး ခေါ်ကာ ဘယ်တုန်းကမှ "ငါ့တူ"မလုပ်ဖူးခဲ့။

"ဘယ်သူ့ကို ပြောတာလဲ ဦးလေး"

သီဟက လှမ်းမေး၏။

"တူတန်တူဆိုကွာ၊ မင်းနဲ့ နောင်ရိုးက တူတန်တူတွေလေ၊ စမ်းပြောကြည့်တာ ငါ့တူရေ၊ တူအစွယ်အားလုံး သက်ဆိုင်တယ်လို့မှတ်"

"ပန်းတွေတော့ တစ်ခြံလုံး ပြုတ်လိမ့်မယ် ထင်တယ်၊ ကောင်မလေးတွေ ပါလာတာ ဆိုးတာပဲ"

သီဟက ရယ်လည်းရယ်၊ ရှုံ့လည်းရှုံ့၊ မဲ့ရယ် ရယ်ကြီးနှင့် ပြောပုံကို နောင်ရိုးက ခပ်တည်တည် လှမ်းကြည့်သည်။

"မင်းမျက်ခွက်ကလည်း အရယ်အပြုံး နည်းလိုက်တာ၊ မျက်နှာကြော နည်းနည်းလျှော့ပါလား"

"ဘွတ်ကင်တွေမှာ လေဘယ်လ်ကပ်ထားရဲ့လား သီဟ"

နောင်ရိုးက သူ့ပန်းတွေကိုပဲ စိတ်ဝင်စားသည်။ စရန်ယူပြီးသား၊ ရောင်းဖို့ပန်းတွေ ခူးကုန်လျှင် ပြဿနာ။

"ကပ်ထားပါတယ်ကွ၊ ဒါပေမဲ့ ပြောတော့ ပြောဦးမှ၊ ပန်းလိုချင်ရင် ကိုယ်တိုင်မခူးပါနဲ့၊ လက်ညှိုးထိုးပြပါလို့"

"သူ့မြေးတွေကို ဒီလို ပြောရပါ့မလားလို့၊ မန္တလေးက ဘွား ကြားရင် မင်းနဲ့ငါ ဘွားရှေ့ ဒူးထောက်နေရဦးမယ်"

သည်စကားပြောတော့ နောင်ရိုး မျက်နှာ နည်းနည်း ရွှင်သည်။ သီဟက ပခုံးတွန့်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနာမည်ကြီး စိတ်ပျက်တာ၊ အစ်ကိုပုပ္ပားလို သတ္တိကောင်းချင်လိုက်တာ"

အော်ကျယ်သံတစ်ခု အရင်လွင့်လာကာ လူကနောက်မှ ရောက်လာသည်။

"ဘွားက သားတို့ညီအစ်ကိုသုံးယောက်အပေါ် တကယ်ရက်စက်တယ်"

ဆယ့်သုံးနှစ်သားလောက် ရှိသေးသည့် ချာတိတ်တစ်ယောက်က နောင်ရိုးနား ရောက်လာကာ ကြက်သားဟင်းအိုးကိုငုံ့ကြည့်သည်။ မွှေးလိုက်တာဟု ပြောပြီးမှ နောင်ရိုးကို ပြန်မော့ကြည့်ပြီး သူ့ အစားငမ်းပုံကြောင့် အရှက်ပြေရယ်ပြ၏။

"ဘာဖြစ်လို့လဲကွ၊ မင်းတို့အဖေက ဘွားအားအကိုးဆုံးသားကြီးပဲဟာ၊ ဘယ်မှာရက်စက်ပါ့မလဲ"

"ဟာဗျာ ... သူများတွေ နာမည်ဘယ်လောက်ကောင်းလဲ၊ ဦးရော၊ ဦးချင်းတွင်း၊ ဦးသံလွင် ... သားတို့ ဝမ်းကွဲတွေ ကျတော့ရော ...

"ဟံသာ၊ စစ်တောင်း၊ သာစည်၊ နောင်ချို အများကြီး အကောင်းတွေချည်းပဲ၊ အစ်ကိုပုပ္ပား နာမည်လည်း ဘယ်လောက် ကောင်းလဲ၊ သားတို့ကျမှ"

"ဘာနာမည်တွေမို့လို့လဲကွ ငါ့မြေးရဲ၊ ငါ့တူရ ... အဲ ... အဲ ... တူတန် တူလား၊ မြေတန် မြေးလားကွ ... သီဟ"

ဦးလေး ဝင်ပြောပုံကြောင့် အနားမှာရှိနေသည့် အဖွဲ့တွေပါ ဝိုင်းရယ်၏။

"မြေး တန်တယ်"



ချာတိတ်ကလည်း မခေ။ ချက်ချင်းသဘောပေါက်စွာ ဝင်ပြော၏။ ဦးလေးက သေပါပြီကွာဟုဆိုကာ သူ့နဖူးသူ ရိုက်လေ၏။

"ဖေဖေ့နာမည်က ဦးရန်ကြီးအောင်တဲ့ဗျ၊ ကောင်းလား"

"ဟ ... ကောင်းသားပဲ၊ ရန်သေးသေး မဟုတ်ဘူး၊ ရန်အကြီးကြီးကို အောင်တာ"

"မလှဘူး ဘိုးလေးရ"

"ဒီကောင် မလွယ်ကြောပါလား၊ ငါ့ကို သူက ဘိုးတန်ဘိုး လုပ်ထားပြီဟေ့"

ဦးလေးက ချာတိတ်ကို ချစ်သွားရဟန် ကြက်သားဟင်းအိုးကိုမွှေပြီး ရော့ ... ဟင်းမြည်းဟုဆိုကာ အသည်းတစ်ဖတ်ဆယ်ပေး၏။ ချာတိတ် အဟီးဟုဆိုကာ မျိုချသည်။ ဒီအုပ်စုထဲမှာ သူက အငယ်ဆုံး မဟုတ်ချေ။ သူ့ထက် ငယ်တဲ့သူပါသေးသည်။ အငယ်က အနားရောက်လာလျှင် လျှော့ပေးလိုက်ရမှာစိုးသည်မို့ ဝါးတောင်မှ ဝါးရဲ့လားမသိ။

"ပြီးတော့ကော ... မင်းနာမည်လည်း ပြောဦး"

"ကိုကိုလေးနာမည် ရှိသေးတယ်၊ ကုန်းဘောင်တဲ့"

"ဟိုက်"

"မနိုပ်ဘူးလား မဟုတ်လား"

"နိုပ်ပါတယ်ကွ"

သီဟက ဘွားရှေ့မှာ ဒူးထောက်ခဲ့ရတာ ပြောပြပြီး ဘွားမှည့်ပေးထားသည့် နာမည်တွေကို မနိုပ်ဘူး၊ ပြောခဲ့တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလေး သူငယ်ချင်းတွေက ကုန်းဘောင်ကြီးကြော်တဲ့ မင်းပါရင် ဗိုက်ဆာပြေသလိုပဲ၊ ဖဲ့မြည်းဖို့ကျတော့လည်း ယောက်ျားချင်း တို့ကနန်း ဆိတ်ကနန်း ဖြစ်ဦးမယ် ဆိုပြီး ဝိုင်းစ,တယ်တဲ့"

"ဟား ဟား"

ဦးလေးက အော်ရယ်၏။ စစ်တောင်းကတော့ သူ့နာမည် သူ ကြိုက်သူမို့ လက်မထောင်ပြနေသည်။

"ကိုကိုလေးက ပြောတယ်၊ သူ့ရည်းစားနဲ့ ဘယ်လဲမသိပါဘူး သွားလည်တာ၊ သဘော်ပေါ်တက်တော့ ..."

နောင်ရိုးက အမိပွာယ်ပေါက်နှင့်စွာ ပြုးချင်ချင်ဖြစ်လာ၏။

"ရည်းစားနဲ့ သွားလည်တယ်ဆိုတော့ ပစိဖိတ်သမုဒ္ဒရာထဲ ဖြစ်နိုင်တယ်"

သီဟက ဝင်နောက်၏။ ချာတိတ်က မျက်စောင်းလှည့်ထိုးသည်။

"ကုန်းဘောင်ပေါ်က ချော်ကျမယ်၊ ကုန်းဘောင်ကို ကြည့်နင်းနဲ့ စုံနေတာပဲတဲ့ဗျာ၊ ကိုကိုလေးက ပြောပြီးမှ သူ့နာမည် ဖြစ်နေမှန်း သတိထားမိတယ်တဲ့ ... အဟား"

ချာတိတ်ကြောင့် ပွဲကျနေရ၏။

"သားသား နာမည်ကရောကွ"

"ရွှေဘိုတဲ့ဗျာ၊ သေရော"

"ဟ ... ဘယ်က သေရမှာလဲ၊ အပျံစား"

"ဖိုးလေးကလည်း ရွှေဘို ဆိုတော့ ရွှေဘနဲ့ နီးစပ်တယ်"



"ဘာဖြစ်လဲ၊ ရွှေဘ ဆိုတာ တစ်ချိန်တုန်းက နိုင်ငံကျော်မင်းသားပဲ"

ချာတိတ်က ရယ်နေ၏။ နောင်ရိုးက ချာတိတ်ခေါင်းကို သွားကိုင်ကာ တစ်ချက် နှစ်ချက် ဆွဲခါသည်။ ချစ်ဖို့ကောင်းတဲ့ ရွှေဘိုပါပဲ။

"သားတို့ နာမည်တွေ မလှဘူး၊ နာမည်လည်း မပြောင်းရဲဘူး၊ ဘွားကိုကြောက်လို့၊ အစ်ကိုပုပ္ပားပဲ သတ္တိကောင်းတယ်"

ပုပ္ပားရင်ထဲ နင့်ခနဲ ဖြစ်သွားရတာ ရွှေဘို မသိရှာ။ ငါက ဘွားရဲ့စွန့်ပယ်သမီးကမွေးတဲ့သားမို့ ထင်ရာလုပ်ရဲတာပါကွာဟု ကြေကွဲစွာ ပြောချင်၏။

ဝမ်းကွဲတွေ စုပေါင်းပြီး တမင်တကာ ဗာရင်းတနီးလာသည့်ပွဲမှာ ကြေကွဲစကား မဆိုချင်သည်မို့ နှုတ်ဆိတ်နေလိုက်ရပါ၏။ ပုပ္ပားက တစ်ဝမ်းကွဲတွေနှင့် စိမ်းလှပါ၏။ ပုပ္ပားမိခင်စကားဝါ ကိုယ်တိုင်က ...

"အရိပ်အခြည်ကိုကြည့်၊ သူတို့က ခေါ်ချင် ပြောချင်ပုံမရရင် ကိုယ်ကစပြီး ဝေးဝေးရှောင်"

ဟု မှာထားခဲ့ပါသည်။

"စိမ်းချင်လို့တော့ ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ မေမေကအပြစ်ရှိသူမို့ သားပါရောပြီး မျက်နှာငယ်ဖို့ ဖြစ်နေရလို့ပါ"

ဟုလည်း မျက်ရည်လေး အဝဲသားနှင့် ဆိုခဲ့ပါသေးသည်။

ဒီတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပား ရှောင်တာ များသည်။ သူကစ၍ နှုတ်ဆက်ခြင်း၊ အိမ်တွေ သွားလည်ခြင်းမျိုး ဘယ်တော့မှ မလုပ်ချေ။ တောင်းမှာ ရမ်းမှာ၊ ချေးငှားမှာလား အထင်ခံရမှာလည်း စိုးရိမ်၏။

“သူများတွေက ထမင်းကြမ်း ယပ်ခတ်စားပြီး အေးအေးနေချင်တယ်လို့ ပြောကြတယ်၊ ပုပ္ပားဆိုတဲ့ကောင်က ရေခဲရေသောက်ပြီး အေးချင်တဲ့ကောင်ပါ မေမေ”

ဟု ပြောခဲ့၏။

မေမေက သားဖြစ်သူ နာမည်ပြောင်းပစ်တာကို မကန့်ကွက်ခဲ့။ သားမှာလည်း သားခံစားချက်နှင့်သား ရင်ထဲအမျက်အနာလေး ရှိရှာမည်။ သို့ပေမဲ့ သူကိုယ်တိုင်ကတော့ ပုပ္ပားဟုပဲ ခေါ်ခဲ့သည်။

“မေမေ့မှာ သားရဲ့ဘွားအမွေဆိုလို့ ဒီနာမည်တစ်လုံးပဲ ရှိပါတယ်သားရယ်”... တဲ့။

ဘကြီးတွေ ကြီးတော်တွေ၊ ဦးလေးသားချင်းတွေက မဆိုးပါ။ အမြဲမပြတ် မဟုတ်တောင် စကားဝါထံ အဝင်အထွက်ရှိသည်။ ကျဲတော့ ကျဲသည်ပေါ့။ သူတို့အချင်းချင်းကျတော့ နိစ္စဓူဝ အဆက်အဆံရှိသည်။ တစ်ယောက်အိမ် တစ်ယောက် မသွားဖြစ်သည့်နေ့မှာ ဖုန်းတော့ အနည်းဆုံးဆက်ကြ၏။ တစ်ပတ်တစ်ခါ၊ တစ်အိမ်စီမှာစု၍ ချက်ပြုတ်စားသောက်ကြသည်။

ဒေါ်အိမ်သူ မျိုးဆက်တွေ စည်းရုံးပုံက လက်ဖျားခါလောက်သည်။ ဘယ်သူက မွေးထားသည့် သားသမီးပဲဖြစ်ဖြစ်



ကြွရာလူက အမြင်မတော်လျှင် ဆုံးမသည်။ ကာယကံရှင် မိဘအလည်း သဘောကျ၏။ တူတွေ တူမတွေ အားလုံးကို တစ်မိဘသည်းမှ မွေးထားသလို တပြေးညီ ဆက်ဆံသည်။

တစ်ဝမ်းကွဲတွေမှာလည်း ညီကိုမောင်နှမ ပုံစံထက်၊ သူငယ်ချင်းတွေလို ဖြစ်နေတော့သည်။ ရွယ်တူမတိမ်းမယိမ်းတွေ အလည်း ပါသည်မို့ ရုပ်ရှင်ကြည့်လျှင် တစ်ပြုံကြီး၊ ဈေးသွားလျှင် တစ်ဖွဲ့ကြီး၊ ခရီးထွက်တော့ တစ်အုပ်ကြီး။

သည်ခရီးတွေမှာ ပုပ္ပား ဘယတော့မျှ မပါခဲ့။

“ပုပ္ပား လိုက်ဦးမလား”ဟု မေးတတ်ကြပါသည်။

ပုပ္ပား အမြဲငြင်း၏။ ငြင်းဖန်များတော့ မခေါ်ဖြစ်တော့ချေ။ ပုပ္ပား တစ်ဝမ်းကွဲတွေနှင့် စိမ်းပါ၏။

“ဟေ့ကောင် ... ပုပ္ပား”

ဟံသာက ပုပ္ပားနား ရောက်လာကာ ပုပ္ပားလက်တစ်ဖက်ကို အတင်းဆွဲ၍ နှုတ်ဆက်လေ၏။

“ချိုးကျူးတယ်ကွ၊ မင်း သတ္တိကို”

ဒေါ်အိမ်သူ့ မြေးတွေထဲမှာ ပုပ္ပားပြီးလျှင် နှစ်ဆယ်ပြည့်ရမည့်သူက ဟံသာ။ နောက်ထပ် သုံးလေးလကြာလျှင် သွားက အခေါ်ဆင့်တော့မည်။ ခုလောက်ဆို ဘွားမှာ ဟံသာ့အတွက် ကြည့်ရှုပြီးသား ရှိနေလောက်ပြီ။

“ဘာဖြစ်လို့လဲကွ”

“မင်း ရတနာဆိုတဲ့ ချာတိတ်မကို ငြင်းပစ်ခဲ့ပုံလေး သင်းသကွာ”

www.burmeseclassic.com

www.burmeseclassic.com



ဟံသာ့မှာ ချစ်သူရှိနေပြီမို့ ဘွားကို တင်ပြထားသည်။ ထုံးစံတော့ မဟုတ်ပါ ဘွား ခင်ဗျာ၊ ချစ်သူအထား စောမိပါ၍ ဘွား စုံစမ်းလေ့လာပြီး သဘောတူ ခွင့်ပြုပေးနိုင်ပါလျှင် သူ့ကို ရွေးပေးပါ ခင်ဗျား ... ဟု စာရှည်ကြီးရေး၍ ချွဲထားတာ၊ ဘွားထံမှ အကြောင်းပြန်စာ မရသေး။

သူ့ခမျာ ခုထိ ရင်ထဲ တထိတ်ထိတ်။

"ငါက ငြင်းတာ မဟုတ်ပါဘူးကွာ၊ ချာတိတ်မက ငြင်းသွားတာပါ၊ ဇော်ဇော်ဟန်ပါသေးတယ်တဲ့"

"လုပ်မနေနဲ့၊ မင်း ဖုန်းခိုးဆက်ပြီး ငြင်းပေးပါပြောတာ ဘွား သိသွားလို့ ဒူးထောက်ခဲ့ရတာ သိပြီးပြီ ... ဟားဟား"

ပုပ္ပားက ခေါင်းငုံ့၍ ရှက်ပြုံး ပြုံးသည်။

"ဘွားတော့ အံ့ရော၊ ဘယ်လိုသိမှန်း မပြောတတ်ဘူး"

"မင်းအကြောင်းကို ဘွားက မင်းထက် ပိုသိတယ်၊ ညာလို့ မရတဲ့အထဲမှာ တို့ဘွားအေးလည်း ပါတယ်"

ဒီတစ်ကြိမ်တော့ ပုပ္ပား ရယ်ဖြစ်လေ၏။

"မင်းကို ခွင့်လွှတ်လိုက်တာလည်း အံ့တယ်"

အမေကို နှစ်ရှည်လများ အပြစ်ယူထားပြီးသားမို့ သားကျတော့ အပြစ်မဆင့်ချင်တော့တာ ဖြစ်နိုင်သည်။ ဘွား မာန်ကျချိန်နှင့် ဆုံလို့လည်း ဖြစ်နိုင်၏။

"နှစ်ဆယ်ပြည့်ရင် ဘာအကြောင်းနဲ့မှ ငြင်းခွင့်မရှိတဲ့ အစဉ်အလာကို မင်းနဲ့ကျမှ လျှော့ပေးတော့တယ်"



ဟံသာက ရိုးရိုးသားသား ပြောခြင်းပါပဲ။ သို့ပေမဲ့ ပုပ္ပားရင်ထဲကျတော့ ခံစားရပါ၏။ ဘွားကို ဆန့်ကျင်ခဲ့တာ ပုပ္ပား အစ မဟုတ်ပါ။ မေမေ့လက်ထက်ကတည်းကလေ။ ဒါကို သူတို့သိထားပြီးသားမို့ ပုပ္ပား မျက်နှာလည်းပူ၏။ သိမ်ငယ်သလိုလည်း ခံစားမိသည်။

အင်းလေ ... သိမ်ငယ်စရာ မလိုပါဘူး၊ သူတို့ငါ့ဆီ တူရင်းတနိုး တကူးတက လာပြီး စားကြ သောက်ကြတယ် ဆိုကတည်းက ...။

ကြေကွဲရိပ်ကို တံတွေးမျိုလျက် ဖိနှိပ်၏။

ဒါ့လည်း ဘွား အမိန့်ပဲ နေမှာပါ။ မေမေ့ကိုခွင့်လွှတ်တော့မှ ပုပ္ပားက စ,ခွင့်လွှတ်ပြပြီး ပြန်လည်စည်းရုံးစေခဲ့တာ ဖြစ်နိုင်သည်။

"စကားဝါ့ကိုလည်း ချစ်တယ်၊ ပုပ္ပားကိုလည်း ချစ်တယ်၊ ယုံပါ"တဲ့။

ဘွား မျက်ရည်ကျ၍ ပြောခဲ့ရှာ၏။

မြေးအရင်းနှင့် စကားပြောရာမှာတောင် "ပါ"ထည့်၍ သိမ်မွေ့စွာ ပြောတတ်သည့် ဘွား၊ မာန်ကြီးလှပါသည်ဆိုပေမယ့် ဘွားသည် တိကျပြတ်သားမှုကိုသာ ပြခဲ့လျက်။ မောက်မာရိုင်းစိုင်းတာမျိုး နီးမတို့အငေါ်မှာတောင် မရှိ။

မိဘမေတ္တာဆိုတာ ဒါပဲထင်ပါရဲ့။ သမီးနှင့်မြေးကို မပြတ်တောက်နိုင်စွာ ခွင့်လွှတ်ပေးခဲ့သည့် ဘွား မေတ္တာကို ပုပ္ပားရင်နှင့်အမျှ ခံစားလိုက်ပါပြီ ဘွားရယ်။

"ငါတောင် မင်းကို အားကျပြီး ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း နောက် သုံးလေးလကြာရင် သွားရမှာမဟုတ်လား"

"အသနားခံစာ တင်ထားတယ်၊ ငါ့ကောင်မလေးရဲ့ ကိုယ်ရေးရာဇဝင် အပြည့်အစုံကို ဓာတ်ပုံနဲ့တကွ ပို့ထားတယ်"

"ဆန်းလှချည်လား ငါ့တူရယ်၊ ငါ့တူတို့ အဘွားအကြောင်းကြားရတာ ရာဇဝင်တစ်ပုဒ် ပြန်ဖတ်ရသလိုပဲ၊ တူ့တန်တူရဲ့လား သီဟ"

ဦးလေးက ပြောပြီးမှ လှမ်းမေးနေသည်မို့ နားမလည်သေးသည့် ဟန်သာကို ရွှေဘိုက လူတတ်ကြီးလုပ်၍ ဝင်ရှင်းပြနေသည်။

တစ်ဝမ်းကွဲ အစ်ကိုတွေ ကြားထဲမှာ တစ်ဝကြီးပျော်ခွင့် ရလိုက်တာ ပုပ္ပားအဖို့ အဲဒီတစ်နေ့သာပဲမို့ ဒီနေ့ကို မမေ့နိုင်တော့ပါ။

● ❤ ●



## အခန်း(၁၄)

"နောင်ရိုးရေ"

ဒီအသံကို ကြားဖူးလွန်းလှပါ၏။ သို့ပေမဲ့ ဒီလိုချွဲချွဲလေးတော့ မဟုတ်၊ ခေါ်ပုံက နောင်ရိုးရေ ... တဲ့။

နောင်ရိုး စကားပြောခွက်ကိုကိုင်ရင်း ခေတ္တငိုင်၏။

"မှတ်မိလား ... တို့အသံ"

"သက်ထား"

ဝမ်းသာလိုက်လှဲသံကြီး ခုန်ထွက်သွားသည်။ ကိုယ့်ဘဝထဲမှာ ရက်ပေါင်းအတန်ကြာ ပျောက်ဆုံးနေခဲ့သည့် လမင်းကလေး။

"သက်ထား ... တို့ ဘာလုပ်ပေးရမလဲ"

"ခိုင်းချင်မှ ခေါ်ရမှာလားကွ"

မာဆတ်သံလေးက ချိုနေ၏။ "ကွ"ဆိုသည့် ရင်းနှီးစကားက နောင်ရိုး ရင်ထဲ ချိုဆိမ့်စွာ စီးဝင်သည်။ ခက်တာက နောင်ရိုးနှင့် သက်ထား အတန်းချင်း တူနေသည်။ အသက်ချင်းက မတိမ်းမယိမ်းရှိမည်။ ရက်ပိုင်း လပိုင်း ဆိုသလို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ကြီးနေနိုင်နေသေးသည်။ နောင်ရိုးကကြီးလျှင် ကိစ္စမရှိ။ သက်ထားများ ရက်ပိုင်း လပိုင်း ကြီးနေလျှင် ...

အိမ်ဦးနတ်ကြီးအဖြစ် အရိုအသေ အပြည့်အဝမှရမလား။ ခုပဲကြည့် ... ခိုင်းချင်မှ ခေါ်ရမှာလားကွ ... တဲ့။

"သက်ထားမှာ ကိစ္စရှိရင် ကူညီချင်လို့ပါ"

"မရှိပါဘူး၊ နောင်ရိုး တယ်လီဖုန်းနံပါတ်ကို သက်ထားမသိဘူး၊ ခုမှ သူများပြောလို့"

"ဩော် ... သက်ထား ဆက်ဖို့ဆန္ဒရှိမယ် မထင်လို့ ပြောမထားမိတာပါ"

"ထားပါ၊ အဲဒါ တယ်လီဖုန်းနံပါတ်မှန်လားလို့ စမ်းဆက်ကြည့်တာ၊ အကြောင်းထူး မရှိပါဘူး"

အကြောင်းပြလေးက ရိုးရှင်းသည်။

ဘာပဲဖြစ်ဖြစ် သက်ထားဘက်ကစ၍ အဆက်အဆံလုပ်လာတာကို ထခုန်မလောက်ပျော်၏။ သက်ထား အသံကလည်း ပျော်နေပုံရသည်။

"ကြွေဥ အစ်မ မင်္ဂလာမဆောင်ဘူးလား သက်ထား"

"ဘာဆိုင်လို့လဲ"

"မေနေခွေး အစ်မ မင်္ဂလာဆောင်တုန်းက သက်ထားတို့ခြံကို ရောက်လာတယ်လေ၊ လာလည်စေဖို့ အကြောင်းရှာကြည့်တာ"

နောင်ရိုး သွက်လှသည့် ကိုယ့်နှုတ်ကိုယ် သြချသည်။ သီဟာက ဘေမှုရစ်နားထောင်ကာ လက်မထောင်ပြနေ၏။

"နောင်ရိုး ဖျားတုန်းကလည်း ရောက်ပါတယ်"



"အခု ဖျားလိုက်ရမလား"

"ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ၊ မပြောကောင်း ပြောကောင်း"

"ဟာမာတိုရီလန် အပင်လေး နေကောင်းရဲ့လား"

သက်ထားထံမှ ခစ်ခနဲ ရယ်သံထွက်လာသည်။

"လာပြုစု ပေးရမလား"

"အဲဒါဆို မိုးကုတ် လိုက်သွား၊ မိုးကုတ် ရောက်သွားပြီ"

"ဟင် ... ဘာလို့ ပို့ပစ်တာလဲ"

"မေမေ ယူသွားတာ"

"ဘယ်အပင်တွေ ဖျားနာလဲ"

"တော်ကွာ"

ရယ်ပြီး ပြောပုံက တော်ကွာ ... တဲ့။ သူငယ်ချင်းပေါင်းမှ တကယ့်သူငယ်ချင်းပေါင်း။

"နောင်ရိုး စကားပြော တော်တော်သွက်နေပါလား၊ အပြင်မှာဆို ဒီလိုမသွက်ဘူး"

ခုက အရင်ကနဲ့ မတူတော့ဘူးလေဟု ပြောချင်မိသည်။

"တယ်လီဖုန်းထဲမှာမို့ ထင်တယ်"

"ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်ရမှာပေါ့၊ တယ်လီဖုန်းထဲမှာကျတော့ နှုတ်သွက်နေကျ ဖြစ်မှာပေါ့၊ ကောင်မလေးတွေနဲ့ ပြောနေကျဆိုတော့"

"မဟုတ်ပါဘူး၊ ကျွန်တော် စကားပြောမတတ်လို့တောင်မာနကြီးသလား၊ အမေးခံနေရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ညတုန်းက တီဗီမှာ လာသွားတဲ့ နောင်ရိုးသီချင်း သိပ်ကောင်းတာပဲ"

"အသက်ထက်သက်ထား ... လေ"

"သိပါတယ်၊ နောင်ရိုးအသံက ဆင်တူမရှိလို့ သဘောကျတာ၊ စီးရီးစ်ဘယ်တော့ ထွက်မလဲ"

"ထွက်တော့မယ် နီးပြီ"

"သီချင်းတွေ စုပြီးပလား"

"စုပြီးပြီ၊ ဟိုတုန်းက ကျောင်းမအားတာရော ပိုက်ဆံမရှိတာပါ ပေါင်းပြီး ကြာနေတာ"

"နားထောင်ချင်လှပြီ၊ မြန်မြန်လုပ်လေ"

"စီးရီးစ်နာမည် သိလား"

"ဟင့်အင်း"

"အသက်ထက် သက်ထား"

"ဟင် ... အဲဒီအပုဒ် ပြန်ထည့်မှာလား"

"ထည့်မှာ"

"တီဗီမှာ နှစ်ခါလာပြီးပြီ၊ နောင်ရိုး ပွဲတွေမှာလည်းဆိုပြီးသားဆိုတော့ အဟောင်းကြီး ဖြစ်မနေဘူးလား"

"အသက်ထက် သက်ထားဟာ ကျွန်တော့်အတွက် ဘယ်သည်ထိ မရိုးမဟောင်းနိုင်ဘူး"

"ဟင် ... ဒါပဲ၊ ဒါပဲ"

ရှက်ကိုး ရှက်ကန်းသံလေးနှင့် ဖုန်းချသွားပြီမို့ နောင်ရိုး မျက်နှာ ပြုံးဖြဲဖြဲကြီး ဖြစ်ကျန်ရစ်၏။

"သတိထားပါ စိတ်လျှော့"



သီဟက နောင်ရိုး ရင်ဘတ်ကို လာဖိသည်။ နောင်ရိုး ပြုံးပြုံးကြီး ကြောင်နေသည်။ အတွေးတွေက ရင်ထဲမှာ ပြောင်းဆန်နေ၏။ မန္တလေးမှ ပြန်လာပြီး အခြေအနေတွေက အဘက်ဘက်က အကောင်းဘက်သို့ချည်း ပြောင်းကုန်ပါလား။ နောင်ရိုး ဘဝမိုးစိုးရောင် အချိန်တွေ ကုန်ပြီထင်ပါရဲ့။

"ဟေ့ကောင် ... သတိထားကွာ၊ ရေသောက်"

သီဟက တကယ်ပဲ ရေတစ်ခွက် လာခပ်တိုက်တော့ နောင်ရိုး ယူသောက်လိုက်၏။

"တကယ်သောက်တယ်ဟ"

ရင်ထဲမှ အပျော်တွေက ရေအေးအေးနှင့်ရောပျော်ကာ နောင်ရိုး တစ်ကိုယ်လုံး အသွေးအသားထဲထိ ပျံ့နှံ့စီးဝင်ကုန်တော့၏။

"မီးစိမ်း ပြတာပဲကွ"

"အေးကွ ... အဟီး"

"ခွေးကောင်၊ ပျော်ပုံက အောက်သွားမရှိဘူး"

"နွားပြာကြီးလေကွာ"

ပြောပြီး သီဟကို ထခွေ့ပစ်လိုက်ချင်အောင်ကို ပျော်၏။ ရှေ့မှာ ဖြူဝင်းနေသည့် ချစ်လမ်းဖွေးဖွေးကြီးက ခလုတ်ကန်သင်းကင်းနေသလို တဖြောင့်ကြီး မြင်နေမိတော့သည်။

"အခွင့်အရေးပေးလိုက် နောင်ရိုး"

"အေး"

"မင်းက ပြန်ပြီး စလုံးရေ စရမယ်"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုနေ ထိထိုးရင်တောင် ပေါက်နိုင်တယ်"

"အေး"

"ကံတက်လာပြီကွ"

"အေး"

"မင်း ရူးသွားပြီ"

"အေး ... ဟာကွာ၊ ခွေးကောင်"

"အပြောင်းအလဲ မြန်ပုံက ဆန်းသလားလို့"

"ဆန်းချင်လည်း ဆန်းနိုင်တယ်၊ ရိုးချင်လည်းရိုးနိုင်တယ် သက်ထားနဲ့ ဒီလောက် ရင်းနှီးခွင့်ကို ဘယ်တုန်းကမှ မေ ခဲ့တော့ ငါ ပျော်တယ်"

"ဩော် ... ရောဂါ ... ရောဂါ"

"အဲဒါ ရောဂါဆိုရင် ငါ ဆေးမကုဘူး၊ သဘောပေါက်"

"ထားတော့"

"တော်ပြီ၊ ဆက်ပြောရင် မင်းစကားထဲ နိမိတ်မရှိတာတွေ ပါလာနိုင်တယ်၊ ဒီမှာပဲ ဟိုးထား"

နောင်ရိုး တစ်သက်မှာ ဒီတစ်ခါ တော်တော့ကို ပျော်လေ၏။

✿ ❤ ✿

သက်ထား ပျော်နေ၏။

"မေမေနော် ကောင်းပြီကောင်းရဲ့ စီစဉ်ပြီးကာမှ ယောကျ်ားလေးက သူ့မှာ ချစ်သူရှိလို့ ငြင်းပေးပါ အပြောခံရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ" ဟု စကားသွင်းထားသည်။



"နောက်တစ်ခါများတော့ အကြောင်းမသိဘဲ မစီစဉ် လိုက်ပါနဲ့၊ တစ်ရက်က နှစ်ရက်ဖြစ်မယ်သိလား၊ သမီးက မေမေ့ စကားနားထောင်ရတာနဲ့ နေရင်းထိုင်ရင်း ရှက်စရာဖြစ်နေမယ်" ဟုလည်း ခြိမ်းခြောက်ထားပြီးပြီ။

ဒေါ်ခင်ဝေမြိုင်ကတော့ ပုပ္ပားဆိုသည့် သူငယ်ကို ခွင့်လွှတ်တတ်သူပီသစွာ ချီးကျူးနေသေးသည်။

"ဘွားအေဆီက အမွေလိုချင်တာနဲ့ လက်ခံလိုက်ရော၊ နောက်တော့ သူ့ချစ်သူနဲ့လည်း မကင်းမကွာ၊ လက်ထပ်ပြီး တဲ့ထိ မပြတ်မစဲဆိုမှ မေ့သမီးလေး ဒုက္ခရောက်မှာ ...

"ဘွားအေကိုလည်းကြောက်တော့ သမီးဆီ ရိုးရိုး သားသား ကျိတ်ပြောဖော်ရတာ ကျေးဇူးတင်ရသေးတယ်" တဲ့။

ဖေဖေကလည်း တော်တော်လေး စိတ်ပြောင်းသွား သည်။

"စေ့စပ်ကြောင်းလမ်းမှ မြင်ဖူးသိဖူးကြရတာ သိပ်မကောင်း ပါဘူးကွာ၊ သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိ" တဲ့။

ကိုကိုတုန်းကတော့ ဖေဖေတို့မိတ်ဆွေ၊ တရင်းတနှီး ထဲက လူကြီးချင်း ခင်၍ သားပေးသမီးယူ ပြောင်းရင်း "နောက် ရင်း ခမည်းခမက်ဖြစ်သွားကြရတာပါ။ မမတုန်းကတော့ တင်ပြ လာသူကို အခြေအနေ အရပ်ရပ်ကြည့်လျက် သဘောကျနိုင်စေမှ အခြေအနေမို့...လက်ခံလိုက်တာ။

www.burmeseclassic.com



မမ ယောက္ခမနှင့် ယောက်မတွေက တရင်းတနှီး မရှိတော့ အစကတည်းက ရင်းနှီးပြီးသားမဟုတ်သည့် ခမည်း ခမက်က အဆက်အဆံမရှိသလောက်ကို ကြဲသွားရသည်။

သမီးငယ်လေးကျူရင်တော့ အစစ အားလုံး အဆင် ပြေမှာပဲ။ လူကြီးရော လူငယ်ပါ အကြောင်းသိ ရင်းနှီးမှ စိစဉ် တော့မည်ဟု ဆုံးဖြတ်ကြသည်။

"စိတ်ကြိုက် မတွေ့လို့ အိမ်ထောင်မပြုဘဲ အပျိုကြီး ဖြစ်နေတော့ရော ဘာအရေးလဲ၊ တစ်သက်လုံး ထိုင်စားနိုင်အောင် ပုံပေးခဲ့မယ်" ဟုတောင် ပြောလာကြပြီမို့ သက်ထားမှာ လွတ် လပ်ခွင့် တော်တော်ရသွားခဲ့သည်။

"သမီး နည်းနည်းပါးပါး စိတ်ပါတာရှိရင် ပြောမယ် နော်" ဟု တီးခေါက်ကြည့်တော့ မေမေ မျက်လုံးနည်းနည်းပြူးရှာ၏။

"ကြိုပြောနော် ... ကြိုပြော၊ ကြည့်ဦးမှာ၊ ထင်တိုင်း မကြိုလိုက်ဖို့ ကတိပေး" ... ဟု ဆိုသည်မို့ သက်ထား ခေါင်း ညိတ်ထားရသည်။ နောင်ရိုး အခြေအနေကို မေမေ့ထံ တင်ပြနိုင် ဖို့အထိတော့ မလွယ်ကူလှသေးပါ။ သက်ထားတို့ လူငယ်ပိုင်း ထည့်မတွက်သည့် အခြေအနေတွေ မေမေတို့ကျတော့ ထည့်တွက် မှာတွေ ရှိသည်။

ကြိုးစားဦး နောင်ရိုးရေ။

စီးပွားဥစ္စာအနေနှင့် နောင်ရိုး မေမေတို့ကို မီလာဖို့ တော့ မလွယ်ကူချေ။ သို့ပေမဲ့ ... နောင်ရိုးက ပြည်သူချစ် အနု ပညာသည် ဖြစ်လာမည့်လူ။ အောင်မြင်ကျော်ကြားမှုကို ရမည့်သူ။



စိန်၊ ရွှေ၊ ငွေဆိုတာက ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးပေါင်းဆုံချိန် မှာ ရနိုင်ဖို့ လွယ်ကူသည်။

နိုင်ငံသိ အောင်မြင်မှုဆိုတာက ပါရမီပါမှ၊ ဇီဇကို က ပါလာမှ၊ အောင်မြင်မှုဆိုတာကို စိန်နှင့် ရွှေနှင့်စက်၍ လဲလှယ်ယူ၍ ရနိုင်ကောင်းသည့် အရာမဟုတ်ပါ။ နောင်ရိုးကို မေမေ့ဆီမှာ တင်ပြတော့မည်ဆိုလျှင် မေမေ နှစ်သက်မည့် အချက်တွေ ရှိနှင့်နေဖို့လို၏။

ရိုးသားကြိုးစားခြင်း၊ သက်ထားအပေါ် သစ္စာရှိစွာ စုံမက်မြတ်နိုးခြင်း၊ နောင်ရိုး မိဘတွေက သက်ထားကို ချွေးမ အချစ်တုံးလေးအဖြစ် ဖူးဖူးမှုတ် မက်မောပြခြင်းတို့လို၏။ ပြီးတော့ မေမေတို့ကို မမီနိုင်သည့် စီးပွားဥစ္စာကိုတော့ အောင်မြင်မှုနှင့် အစားထိုးပြရမည်။

"ကိုယ့်အတွေးနှင့်ကိုယ် ပျော်၏။ ဟိုကောင်တွေဆီ သတင်းပို့ဦးမှာပဲ" ... ဟု အပျော်ဝေပေးဖို့ စိတ်ကူးရကာ စကား ပြောခွက်ကို ကောက်ကိုင်သည်။

"ကြွေဥလား"

"အေး ... ကောင်စုတ်၊ ဘယ်တုန်းက ပြန်ရောက်လဲ၊ သားနားရဲ့လား"

"အေး"

"ဒါနဲ့ ကြွေလာပြီဆိုပါတော့၊ အူကိုမြူးနေတာပဲ၊ မိန်းမ အသံက၊ နောင်ရိုးကို သနားဦး"

"ဟိုဟာ ... ထင်ရာတွေ ဗွတ်ပြောမနေနဲ့၊ အစီအစဉ်ပျက် လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... တကယ်"

"အေးပေါ့၊ ဒါကြောင့် မြူးတာ၊ ငါ့ခေါင်းထဲမှာ အစီအစဉ်တွေ အပြည့်ပဲ၊ ဟိုကောင်တွေ ခေါ်ပြီး အိမ်လာမလား၊ မေမေက မိုးကုတ်ပြန်သွားတယ်၊ မမနဲ့ ခဲအိုကြီးက ရုံးသွားတယ်၊ ချာတိတ်တွေကလည်း မေမေနဲ့ ပါသွားတယ်ကွ၊ အိမ်မှာ နောက်လိုက်ကယ်ဗိုလ်ပါနဲ့ ငါ တစ်ယောက်တည်း"

"ခွေးမ ... ခုချက်ချင်း လာခဲ့မယ်၊ ထမင်းစီစဉ်ထား၊ ကော်ဖီဖျော်ထား၊ လက်ဖက်သုပ်ထား"

"ငတ်ပါ့တော်"

"နင်ငတ်ဖို့ အချဉ်ထုပ် အထုပ်နှစ်ဆယ်ပါမယ်၊ ဒါပဲ"

"အေး ... အေး"

ပျော်ပြီဆိုတော့လည်း ပျော်ရတာကိုတောင် ပျော်နေတော့သည်။ မီးဖိုချောင်ဘက် ပြေး၍ အစားအသောက်အတွက် သတင်းပို့ပြီးသည်နှင့် ခြံထဲသို့ ဆင်းသည်။ ဘယ်တုန်းကမှ သစ်ပင် မချစ်ဖူးသူက ရေလောင်းရရင် ကောင်းမလားတောင် စိတ်ကူးပေါက်လေ၏။

✿ ❤ ✿

"ငါ့ ကတဲလီယာကြီး လှတယ်နော်"

"လုပ်မနေနဲ့ ပန်းဆိုတာ ခူးဖို့ကဝေးပြီး မမြတ်နိုးတတ်ဘဲနဲ့များ၊ နောင်ရိုးကို ချစ်တာနဲ့ သစ်ခွတွေပါ လိုက်ပြီး စိတ်ဝင်စားနေတာ၊ ဘာမှ မဆိုင်ဘူး"



ဝေစည့်စကားက တိုက်ရိုက်ကိုမှန်သည်။

ဟိုတုန်းကတော့ မေမေ့အစီအစဉ်ကြောင့် ရင်ထဲမှာ ကြိတ်မှိတ် မျိုချထားခဲ့ရတာ။ ခုတော့ ကုသိုလ်ကံက ဖေးမလာခဲ့ပြီ။ နောင်ရိုးအပေါ် ထားမိသည့် အချစ်ကို ပေးဆပ်ခွင့်ကြုံလာခဲ့၏။

ပျော်တုန်းက ပျော်ရတာကိုပဲ ပျော်နေမိသလို၊ ချစ်ပြီဆိုတော့လည်း ချစ်ရတာကိုပဲ ချစ်နေမိပြန်၏။ နောင်ရိုးကို ချစ်မိရုံနှင့် သစ်ပင်လေးတွေကိုပါ သံယောဇဉ် ဖြစ်ရသည်။ ဒါတောင် နောင်ရိုး ခြံထဲက ပန်းတွေမဟုတ်သေး။

"နောင်ရိုး ပျော်ရှာမယ်ကွယ်"

နွေးတို့ အဖွဲ့က နောင်ရိုးကိုခင်၏။ သီဟကိုလည်း ခင်သည်။ သို့ပေမဲ့ ... သက်ထားက မိခင်စကား နားထောင်ရမည့်သူမို့၊ နောင်တစ်နေ့မှာ စိတ်ဆင်းရဲရမည့်အလုပ်ကို အစမပျိုးစေချင်ခဲ့တာပဲဖြစ်သည်။

"ခုမှ သီဟကြီးပြောတဲ့ စကားတစ်ခွန်းက အမှန်တကယ်လိုအပ်လာပြီကွ"

"ဘာလဲ"

"အခွင့်အရေးလေ၊ အခွင့်အရေးပေးမှ ဖြစ်မှာပေါ့၊ သူက ဖြေဖို့အခွင့်အရေး ထပ်မပေးရင် ကိုယ်က အပြေးအလွှားသွားဖြေလို့ဖြစ်မလား"

"အေးကွ ... ဒီလူကြီးဗိုက်ထဲက စကားတွေ ထွက်လာပြီလို့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲကွာ၊ အခွင့်အရေးပေးတာပါဆိုတာ တကယ်မှန်တယ်"

"အမယ်လေး ... နောင်ရိုးလား၊ ဖုန်းတစ်ခါလောက် ထပ်ဆက်ကြည့် ပွင့်ထွက် အန်ထွက်လာပါလိမ့်မယ်၊ တပေါ့ပေါ့နဲ့၊ ကျုံးဖို့သာပြင်ထား"

"ဟာ ... ဘာတွေလဲ"

"အချစ်စကားတွေပါဟာ၊ အန်ဖတ်တွေတော့ ဘယ်ဟုတ်ပါ့မလဲ"

"သူ အရက်သောက်တတ်သလား မသိဘူးနော်"

သက်ထားဆီမှ စကားတစ်ခွန်း ထွက်လာသည်။

"နောင်ရိုး ... နောင်ရိုးပေါ့ဟာ၊ သူ ရယ်လို့၊ ငါ့နှယ်နော် အမေ ..."

နွေးကို သက်ထားက ဆွဲဆိတ်သည်မို့ နာတာထက် ပိုအော့၏။

"နင် တာဝန်ယူ ကြွေဥကြီး"

"ဘာ"

"သိဟကြီးကိုမေး၊ နောင်ရိုး အရက်သောက်တတ်သလား လို့"

"ဘာဖြစ်လို့ ငါ့ကို တာဝန်လွှဲရတာလဲ၊ ဝေစည်ကြီး မေးတော့ကော မရဘူးလား"

"မကတ်ပါနဲ့ ကြွေဥကြီးရာ"

"သွား ... တစ်သက်လုံး မေးမပေးဘူး"

"လိမ္မာသားနဲ့ ကြွေဥလေးကလဲ၊ ချစ်ဖွယ်လေးကလဲ"



"အဟုံး ... မေးပေးမယ်"

"ငပေါမ"

"ဝေစည် ... နင့်အဒေါ် မင်္ဂလာမဆောင်ဘူးလား"

"ဘာလို့ ဆောင်ရမှာလဲ"

ဝေစည်က မောင်နှမတွေထဲမှာ အကြီးဆုံးမို့ သူ့အထက်မှာ မင်္ဂလာဆောင်ဖို့ နီးနီးစပ်စပ်ဆို၍ အသက်လေးဆယ်နားကပ်နေသည့် အဒေါ်အပျိုကြီးပဲရှိသည်။

"မင်္ဂလာဆောင်ရှိမှ ပန်းသွားဝယ်ရမှာ၊ ခက်လိုက်တာကွာ ဝါတွင်းကြီး၊ မင်္ဂလာဆောင်တွေက တော်တော်နဲ့ လာဦးမှာ မဟုတ်ဘူး"

"နင် သေပါလား မိနွေးရ၊ လွှမ်းသူ့ပန်းခြင်းလုပ်ဖို့ ပန်းသွားဝယ်လည်း ရတာပဲ"

နွေးက လက်ဝါးထောင်ပြကာ 'အာဂါနဘဲ'ဟု ပြောသည်။ နဘန်ကျင်းမည် ပြောပေမယ့် အပြောခံရသူက အော်ရယ်၏။

"ဒီနေ့ သတင်းစာ လာပလား"

"ဘာလုပ်မလို့လဲ"

ကြွေဥက အရင်းမရှိ အဖျားမရှိ ကောက်မေးသည်။

"နာရေးကြော်ငြာ ဖတ်မယ်ကွာ၊ နည်းနည်းပါးပါးသိရင်ပဲ လွှမ်းသူ့ပန်းခြင်း ပေးလို့ရပါပြီ"

"တော်ဟာ ... မင်္ဂလာရှိတဲ့အချိန်မှာ နင်တို့စကားတွေက နာရေးထဲကကို မထွက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ထွက်မလား၊ ဝါတွင်းကြီးဆိုတော့ မင်္ဂလာဆောင်က ရှားတယ်"

"အမယ်လေးဟဲ့ ... မန်းဝယ်မှလား၊ ဒီတိုင်း သွားလည်းဖြစ်တာ၊ နောင်ရှိးကလည်း မိုးထဲလေထဲ ဖျားပါတော့လား"

"ကြွေညကြီးနော်၊ သီဟကြီးကို တလဲ ဖျားခိုင်းဦး"

"ခက်တော့တာပဲ၊ ငါပဲ ... ဒီသီဟနဲ့ စ,နေတယ်"

"သီဟ မျက်စိက နင့်ပေါ်မှာချည်းပဲဟာကို"

"မထင်ပေါင်၊ အဲဒီလူက ကြမ်းပိုး၊ လူပွေ၊ ကလွှေကလွင့်၊ အုတ်ကြားမြက်ပေါက်၊ အလေနတော"

"ဟဲ့ ဟဲ့ ... တော်တော့"

"မိန်းကလေးမြင်ရင် အခွင့်အရေးပေးဖို့ စောင့်နေတဲ့ သူနဲ့ ငါနဲ့ မစ,နဲ့"

"မကြိုက်ဘူးလား"

"ကြိုက်တယ်"

"ခွေးမ"

သက်ထားတို့အိမ်မှ အိမ်ဖော်မလေးက ခြံထဲပြေးဆင်းလာသည်။

"မမသက်ထား ဖုန်း"

ဝေစည်က သက်ထားကို လှည့်ကြည့်ကာ သူ့ထဘီတိုတိုကိုပါ ဆွဲချလိုက်သည်မို့ ဝါးခနဲ ရယ်ရပြန်လေ၏။



"ရတနာသက်ထားနဲ့ စကားပြောချင်လို့ပါ"

"ရှင်"

သက်ထားကို ရတနာသက်ထားဟု ခေါ်သူ အလွန်ရှားပါ၏။ သိသူတောင် နည်းသည်။ မန္တလေးမှာ ကျောင်းတက်တုန်းက ရှည်လျားလှသည့် သူ့နာမည်ကြီးကြောင့် သက်ထားသူငယ်ချင်းတွေက 'ရတနာ'ဟုပဲခေါ်သည်။ အဲသည်တုန်းက ရတနာဟုပဲ လူသိများသည်။

ရန်ကုန်ရောက်လာတော့ ဘာကြောင့်မှန်းမသိ၊ သူငယ်ချင်းတွေက အဖျားဆွတ်ခေါ်ဖို့ နာမည်ကို သက်ထား ... ချွေးကြ၏။ သက်ထားနှုတ်မှ သက်ထားဟု လွှတ်ခနဲ ပြောမိဖြစ်တာမျိုးရှိလို့လည်း ဖြစ်နိုင်၏။

ဖေဖေနှင့် ပြောလျှင် သမီး၊ သူငယ်ချင်းတွေနှင့်ကျတော့ ငါ၊ မမကြီးတို့ ကိုကိုတို့နှင့် ပြောဖြစ်လျှင်တော့ သက်ထား။ မန္တလေးမှာ ကျောင်းတက်တုန်းက ငယ်သေးသည်မို့ သက်ထားကလေ ... ဟု ထည့်မပြောဖြစ်ဘဲ၊ ငါက ... ငါက ပြောဆဲမှာ သူငယ်ချင်းတွေက 'မိနာ'ဟု ခေါ်ပစ်ကြတာ။

ရန်ကုန်ရောက်တော့ ကိုယ့်နာမည်လေး ထည့်ပြောတာ စတိုင်ထုတ်ရကောင်းမှန်း သိသည့်အရွယ် ဖြစ်လာပြီမို့၊ သက်ထား ... ဟု ထည့်ပြောဖြစ်ရာမှ အားလုံးက သက်ထား၊ သက်ထား ဖြစ်သွားသည်။ မှတ်ပုံတင်မှာ၊ ကျောင်းမှာ ရတနာသက်ထားပေမယ့် ကျောင်းစာအုပ်တွေမှာ နာမည်ရေးလျှင်တောင် သက်ထားပဲ ရေးခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ရိုးပါ"

"ဟင်"

ဒီနာမည် သူ ဘယ်လို သိသွားရတာပါလိမ့်။

"ဟို ... သက်ထားနာမည် ဘယ်လိုသိတာလဲ၊ ဖုန်းနံပါတ်ရောပဲ"

"ဦးအောင်မျိုး၊ ဒေါ်ခင်ဝေမြိုင်မှာ သမီးနှစ်ယောက်နဲ့ သားတစ်ယောက်ရှိတယ်လေ၊ သမီးကြီးက ဣန္ဒနီလာတဲ့ သားက အာကာမျိုးတဲ့၊ အငယ်ဆုံးက မိဘရှေ့ အသက်တမျှထားပြီး ချစ်ရလို့ ရတနာသက်ထားတဲ့"

"ဟောတော့"

"ဒီလောက်သိပြီးမှတော့ ဖုန်းနံပါတ်ရော ခဲယဉ်းမလား ကွာ"

"ဟင် ... လည်လိုက်တာ"

"ယောက်ျားတစ်ယောက်ဟာ သူ စိတ်ဝင်စားတဲ့ မိန်းကလေး တစ်ယောက်အကြောင်း ကောင်းကောင်းစုံစမ်းတတ်ပါတယ်"

"စကားတွေလည်း တတ်လို့"

"သီဟက မြှောက်ပေးနေတယ်၊ အခွင့်အရေးထပ်ပေးတဲ့"

"ဟာ ... ဘာမှန်းလဲ မသိဘူး"

"သက်ထားကို ချစ်တယ်"

"အဲဒါ သိပြီးသားပဲဟာ"

"ကျွန်တော် အခု လာကော့စ်တေးယ် စပို့ရှပ် ခရမ်းပုပ်ရောင် ဝတ်ထားတယ်"

"အဲဒါ ဘာဖြစ်လဲ"



"အဲဒီအကျီဝတ်ရင် သက်ထား 'ချစ်တယ်မဟုတ်လား"

"ဘာဆိုင်လို့လဲ"

"မသိဘူးလေ"

နောင်ရိုး ရယ်သံက သတ္တုကြိုးမှတစ်ဆင့် သက်ထားဆီ လွင့်လာသည်။ သက်ထား အလိုလိုနေရင်း ပြုံးနေမိရက်သားဖြစ်နေ၏။

"သက်ထား အခွင့်အရေးယူနော်"

"ဘာလို့ ယူရမှာလဲ"

"သက်ထားကို ချစ်လို့"

"ဟင်း ... အူမြူးလိုက်တာ"

"တို့က အရမ်းတုံးတယ်ကွာ၊ သီဟ ပြောမှ သဘောပေါက်တယ်"

"ဘာကိုလဲ"

"ဒေါ်အိမ်သူ့မြေးကို ငြင်းခဲ့တာ တို့ကို မခွဲနိုင်လို့တဲ့"

"ဟောတော့ ... အကုန် သိတာပဲလား"

"အဲဒါ ... ဝန်ခံစကားပေါ့ ဟုတ်လား"

"ဟင့်အင်း"

"မညာနဲ့"

"နောင်ရိုးရေ ... အရက် သောက်တတ်လားဟျို့"

ဘယ်တုန်းကများ အနားရောက်လာမှန်းမသိသည့် ကြွေဥက တယ်လီဖုန်းနားကပ်၍ အော်ထည့်တော့ တစ်ဖက်မှ နောင်ရိုးက တဟားဟား ရယ်သည်။ သက်ထားက ကြွေဥကို စွန်းထိုး ဆွဲဆိတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲ ငါ့ကို တာဝန်ပေးတော့ ကြုံတုန်း မေးထည့်လိုက်တာ ပေါ့ ... ကဲ"

"မသောက်ပါဘူးဗျာ စိတ်ချ၊ အသံပျက်မှာကြောက်လို့ ဆေးလိပ်တောင် မသောက်ပါဘူးလို့၊ နွေရာသီမှာသာ ဘီယာနည်းနည်းစုပ်တယ် ...

"အဲဒါတောင် ပိုက်ဆံ မသုံးနိုင်လို့၊ တစ်နွေလုံးမှ တစ်ဘူးလောက်ဆိုတော့ နည်းနည်းပါးပါးဆိုတဲ့ စကားလုံး ကတောင် လက်တွေ့နဲ့စာရင်များနေပါပြီလို့၊ ကြားလားဗျို့"

"ကြားတယ် ... ကြားတယ်၊ ဘိန်းရှူလား"

"ဘယ်က ရှူရမှာလဲ"

"မကောင်းတာ ဘာလုပ်လဲ"

သက်ထားက စိတ်တိုတိုရှိလာသည်မို့ စကားပြော ခွက်ကို ကြွေဥလက်ထဲ ထိုးထည့်ကာ ကျောခိုင်းပစ်လိုက်တော့ သည်။ နှုတ်ခမ်းကို ချွန်နေအောင် စူထားသည်။

"ဟော့ ... လူကြီး၊ မကောင်းတာ ဘာလုပ်လဲဆို"

"ဘာမှ မလုပ်ဘူး"

"တကယ့် သူတော်ကောင်းနဲ့ လာတွေ့နေပါလား"

"ခင်ဗျား အလုပ်လားဗျ၊ ကာယကံရှင်ကို ပေးလိုက်ပါ အခွင့်အရေး ယူချင်လို့လား"

"ကြည့်စမ်း ... အဲဒါ သီဟကြီး"

သီဟကလည်း ကြွေဥတို့နည်းတူ အနားမှာကပ်၍ နားထောင်နေပုံရသည်။ ဒီဘက်မှာ ... သက်ထား အသံမဟုတ်တော့ ဘဲ ကြွေဥအသံ ဖြစ်နေသည်မို့ သူက ဝင်လုပြော၏။ နောင်ရိုး



လည်း စကားပြောခွက်ကို သီဟလက်ထဲ ထည့်ပေးလိုက်တော့ သည်။ တော်တော်ရုပ်တဲ့ သူငယ်ချင်းတွေ။ သက်ထားလေး ကြွေ အောင် ခြွေဖို့ စကားလုံးတွေလည်း မေ့ကုန်ပါပြီ။

သီဟနှင့် ကြွေဥ အပြန်အလှန်ပြောကြ၊ ပြောရင်း ရန်ဖြစ်ကာ စိတ်တိုပြီး ဖုန်းချပစ်လိုက်တော့သည်မို့ စကားစ ပြတ်သွားရတော့သည်။

"ဒီလို သူငယ်ချင်းမျိုးတွေကလည်း နှစ်ဖက်လုံးမှာ ရှိနေ တယ်၊ ငါတော့ အံ့တာပဲ"

နွေးက သက်ထားအစား ဝင်စိတ်ညစ်ပေး၏။

"နင်တော့ ဝင်ရိုလိုက်မယ် ကြွေဥ"

"အေးဟာ ... ဆောရီး"

သက်ထား နှုတ်ခမ်းစူနေတာတွေ့မှ ဝင်ရုပ်မိတာ မှားသွားပြီဟု နောင်တရသည်။

"စိတ်ဆိုးလာ သက်ထား"

သက်ထား မေးစေ့ကို လာညှစ်မေးတော့ သက်ထား က ပုတ်ချ၏။

"ပြဿနာပဲ"

ကြွေဥ ခေါင်းကို တဖြင်းဖြင်း ကုတ်လေ၏။ သက်ထားက အောင့်မထားနိုင်ဘဲ ရယ်ချတော့မှ ကြွေဥပါ ရော၍ သွားဖြဲလေးနှင့် ရယ်သည်။

"ငါတို့အဖွဲ့ကတော့ ကမ္ဘာရှားပါပဲဟာ"

ဝေစည်က တယ်လီဖုန်းလေးကို နမြောသလို ...ငေး ကြည့်ကာ ညည်းရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သီဟလည်း ဘာထူးလဲ တူတူပဲ၊ ငါတို့ကမှ ရောက်တုန်းခဏ ဝင်လုနားထောင်တာ၊ သီဟဆိုရင် တူတူနေနေတာ၊ အမြဲဝင်နားထောင်မှာပဲ"

နွေးက သက်ထား နှင့် ဖုန်းနံပါတ် သိလားဟု မေး၏။ သက်ထားက ခေါင်းညိတ်၍ ပြောပြတော့ နွေးက ပြန်ခေါ်သည်။

"သီဟ သူများကြားထဲ ဝင်မရှုပ်ရင် ဘယ်လောက် မေးရမလဲ"

"ကြွေဥကိုရရင် တစ်သက်လုံး ဝင်မရှုပ်တော့ဘူး"

နွေးက ကြွေဥကို လှည့်ကြည့်သည်။

"နှင့်ကိုရရင့် တစ်သက်လုံး ဝင်မရှုပ်တော့ဘူးတဲ့"

"အောင်မယ် ... သေပါလား၊ ကြီးကျယ့်လို့"

"သီဟ ကြားလား၊ ကြွေဥ ပြောတာ"

"ကြားတယ်၊ ဘယ်တော့ လာခိုးရမလဲ သေချာချိန်းပါလို့"

"ဘယ်တော့ လာခိုးရမလဲတဲ့ ကြွေဥ"

"ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ပြီလို့ ပြောလိုက်၊ သူ့နောက်တော့ မလိုက်ဘူးဟေ့၊ ဒံပေါက်နှစ်ဆယ့်ရှစ်ပွဲ စားပြီးသေမယ်"

ကြွေဥက ပြောရင်းက စိတ်တိုပြီး ထလာသည်။ နွေး လက်ထဲမှ စကားပြောခွက်ကို လုသည်။

"သီဟကြီး"

"ခင်ဗျ"

"သေချင်လား"



"ဟင့်အင်း"

"နောက်တစ်ခါ ပေါက်ကရပြောရင် အသေပဲမှတ်"

"ဟုတ်"

ကြွေဥက စကားပြောခွက်ကို ဆောင့်ချသည်။ သီဟပြောစဉ် အနားကပ်နားထောင်နေသည့် နောင်ရိုးက အကုန်ကြားလိုက်၏။

"ခွေးကောင် ... သူ့အလှည့်လှကျတော့ ကြောက်သတ်လိုက်တာ"ဟု ပြောကာ လက်သီးနှင့်ထိုးသည်မို့ သီဟ အော်ရယ်နေလိုက်တော့သည်။

✿ ❤ ✿

ဒီတစ်ကြိမ်တော့ သီဟက ဖုန်းစ,ဆက်သည်။ "နောင်ရိုး ဖျားပြန်ပြီ။ ဟော်လစ်လေး ပန်းသီးလေး၊ နက်စ်ကဖီးလေးနဲ့ သတင်းမေးလာကြပါ"ဟုပြောသည်။ အိမ်မှာ ထုံးစံအတိုင်း သက်ထား တစ်ယောက်တည်း။ သူငယ်ချင်းတွေက မရှိ။ သက်ထား စိတ်ပူသွားရပေမယ့် သီဟစကားကိုလည်း သိပ်မယုံချင်။ တကယ်လား မေးတော့ သီဟက ပါးစပ်ထဲတွေ့သမျှ ထ,ကျိန်ပြနေတော့သည်။

"ဟိုကောင်တွေလည်း မရှိဘူး၊ သက်ထားတစ်ယောက်တည်း၊ လာလို့ ဘယ်ရမလဲ၊ နွေးနဲ့ ကြွေဥက ဆံပင် ညှပ်သွားကြတယ်၊ လူစုလို့လည်း မရနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း နောက်နေ့မှ လာကြပေါ့၊ ဒီမှာတော့ မထနိုင်ဘူး၊ အသည်းအသန်ပဲ"ဟု ပြောကာ ဖုန်းချသွားတော့သည်။

သက်ထား စိုးရိမ်စိတ်ဖြင့် တော်တော်လေး မှုသည်။ ခဏခဏဖျားတာ ဗိုက်ထဲမှာ တခြားရောဂါ တစ်ခုခုများဖြစ်နေလို့ လားဟု တွေးရပြန်၏။ ပြေးသွားကာ ကြည့်ချင်စိတ်ကို ထိန်းမရ သို့ပေမဲ့ ... မိန်းမသားကချည်း သွားနေလို့လည်းမဖြစ်။

ထိုင်မရ၊ ထမရ၊ စိတ်မငြိမ်နိုင်ဘဲ ယောက်ယက်ခတ် ခပ်နေသည်။ စိတ်အိုက် အကြံအိုက် စိတ်ပူလိုက်တာလည်း မပြောပါနှင့်တော့။ နောက်ဆုံးမှာ ... မနေနိုင်တော့ဘဲ ဝေစည့်ထံ ဖုန်းဆက်၏။ ဝေစည်နှင့် သက်ထားတို့က ဆံပင်ကောက်လေး မရှိသလို၊ သုံးလေးနာရီကြီး ငုတ်တုတ်ထိုင်နေဖို့လည်း ပျင်းသည် မို့ လိုက်မသွားဖြစ်ခဲ့တာ။ ဝေစည် ကျန်ခဲ့လို့သာ စကားပြောခော် ရတော့သည်။ ဝေစည်က ...

"ငါ လာခဲ့မယ်" ဆိုတော့ ရင်ထဲ နည်းနည်းသက် သာသလိုရှိသည်။ ဩော် ... ခက်ပါ့။ ဝေစည့်ကို ဟောလစ်ရေ ပန်းသီးလေးပါ တစ်ခါတည်း ဝယ်ခဲ့ခိုင်းမိရင် အကောင်းသား။ ဝေစည့်ကို စောင့်ရင်း မျှော်ရင်း လည်ပင်းတောင် ရှည်ထွက်လာ သလား ထင်မိသည်။

လူက အိမ်ပေါ်မှာ မနေနိုင်တော့။ ခြံထဲသို့ ဆင်းခဲ့ ၏။ မြေနီးလမ်းလေးမှတစ်ဆင့် ခြံတံခါးဝကိုလည်း မျှော်မိ၏။ ဝေစည် ရောက်လာပြီပဲဆိုပါတော့ ... လိုက်သွားလို့ရော ကောင်း ပါ့မလား။



ဘာဖြစ်လဲ ... သူငယ်ချင်း နေမကောင်းလို့ သတင်း မေးသွားတာ။

ညည်းစိတ်က သူငယ်ချင်းကလို့လား၊ ဟိုကလည်း ဖွင့်ပြောထားတယ်လေ။ ချစ်တယ် ... တဲ့။

အို ... ဘာပဲဖြစ်ဖြစ်။

တစ်ဦးတည်း နှစ်စိတ်ခွဲကာ အပြန်အလှန် စကား ပြောဖြစ်၏။ ချစ်တယ် ... တဲ့ ဟူသည့် စကားမှာ ပါးကလေး ရဲတက်သွားရသေးသည်။ ရင်ထဲ အေးခနဲ နွေးခနဲ လှုပ်ရှား ယိမ်း ထိုးမှုများက လှိုင်းထန်၏။

နောင်ရိုးရယ် ... ငြင်းဖို့ခွန်အား မရှိတော့ဘူး ထင် ပါတယ်။

မေမေ့ သစ်ခွရုံနားသို့ ရောက်ပြန်သည်။ တစ်နေရာ စာလစ်ဟာနေသည့် နေရာမှာ ရှိရမည့် ဟာမာတိုရှီလန် သစ်ခွအိုး လေးကို လွမ်းလှပါ၏။

နောင်ရိုးရယ် ... သစ်ခွအိုးလေးကိုတောင် သံယောဇဉ် က နက်ရှိုင်းစူးမြုပ်စွာ တည်ရှိနေပြီဆိုတော့ ...

အတွေးထဲမှာ နောင်ရိုးရယ် ... နောင်ရိုးရယ်နှင့် ခေါ်ဖြစ်နေတာကို ကိုယ့်ဘာသာ ရှက်ရင်း မျက်နှာကလေး နီရ ပြန်၏။ နောင်ရိုးအတွက် ရင်ခုန်ရတာက များလွန်းလှပါပြီ။ နောင်ရိုးရယ် ... သိပ်များ ဖျားနေသလားကွယ်။

မေမေ့မှာ ခင်ဒရိဘီယမ်အိုးက သိပ်မရှိ၊ နောင်ရိုး ခြံထဲမှာ ဖွေးဖွေးလှုပ်နေတာ ပြေးမြင်သည်။ မင်္ဂလာဆောင်ပွဲ လို့များ ဖြစ်နိုင်ခဲ့ရင် သူများခြံတွေမှာ လိုက်ဒုက္ခခံရှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့။ သတို့သမီး သတို့သားရှေ့မှာ ဧရာမပန်းပုံကြီးတစ်ခုတောင် ဖြစ်ထွန်းနိုင်၏။ ပန်းအိုးလောက်တော့ အပျော့။ ပန်းအိမ်ကြီး ဆောက်မလား၊ ပန်းတောင်ကြီးတည်မလား။

"သတို့သားကိုယ်တိုင် တစ်ပုဒ်ဖျော်ဖြေပါ"

အဲဒီလို ပြောမည့်သူတွေက ရှိဦးမယ်၊ သူ့စီးရီးစ် ထွက်ပြီးချိန်နဲ့ဆိုရင် ဘယ်လောက် အဆင်ပြေမလဲ။

အပျော်မျက်နှာလေးက ရွှန်းစက်ဝံနေသည်။ ပျော် တော့လည်း ရင်ထဲ တလှပ်လှပ်ပါပဲလား။ ရင်ခုန်သံနဲ့တင် မောရလွန်းပါပြီ နောင်ရီးရယ်။

"မေမေ ကျေနပ်မှာလား၊ လက်ခံမှာလား၊ မမကြီးတုန်းက လို သက်ထား ကံကောင်းခွင့် ကြုံပါ့မလား နောင်ရီးရယ်"

"သက်ထား"

"ဟင်"

ပခုံးလေး စုံတွန့်ကာ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

"နောင်ရီး"

လွင့်ခနဲ လိုက်ပျော်သွားရသည်မို့ လူပါ မြောက်တက်သွားသလို ခံစားရသည်။ နောင်ရီး ... နောင်ရီးရယ်။ သက်ထား သိပ်စိတ်ပူ၊ သိပ်လွမ်း၊ သိပ်မျှော်၊ သိပ်တွေ့ချင်နေလို့ သိပ်ရောက်လာရတာလား နောင်ရီးရယ်။

"သက်ထား"

လာကော့စ်တေးလ် စပို့ရှပ်နက်ပြာလေး၊ ဘောင်းဘီ အဖြူနှင့် နက်ပြာအကွက်စိပ်စိပ်ကလေး။ နောင်ရီး အသားဖွေးဖွေး



က ထင်းလျက် ရှင်းသန့်ချောမောနေသည့် မျှော်လင့်ချက်မျက်နှာ။ မျက်ခုံးနက်မှောင်နှစ်ခုက အရင်းနားဆီမှာ ခပ်မြင့်မြင့် ဝင့်တက်နေပုံက မွတ်သိပ်ငံ့လင့်မှုကိုပြ၏။

ကြည့်စိမ့်ရွှန်းစိုနေသည့် မျက်ဝန်းတွေမှာ အချစ်များစွာ ပျစ်နှစ်ပျော်နေဝင်နေသည်။ သက်ထား ... ဟု တိုးတိုးဖွဖွ ခေါ်လိုက်စဉ်က ခပ်ဟဟလေး ပွင့်သွားသည့် နှုတ်ခမ်းကို ယခုထက်တိုင် ပြန်မစေ့သေးဘဲ၊ သက်ထား ရင်ထဲမှ စကားတွေ ပွင့်အန်ကျလာအောင် ချူခြွေနေတာလား နောင်ရီးရယ်။

တလှပ်လှပ် ဖြာနေရသည့် ရင်ကို သက်ထား ကြိုးစား၍ ထိန်းရပါ၏။ မျက်လွှာကိုချသည်။ မိန်းမသားလေ။

ရှက်တာလည်း ပါပါတယ်။ ဒီလောက် ရွှန်းစက်ဝင်းသက်နေတဲ့ အချစ်မျက်ဝန်းတွေကို ရင်မဆိုင်ရဲတာလည်း ပါပါတယ်။ သက်ထား ရှုံးပါပြီ နောင်ရီးရယ်။

"နေမကောင်းဘူးဆို"

တိုးတိမ်ညှံ့သက်စွာ မေးရင်း ခွန်အားတွေ ပျောက်ဆုံးနေ၏။ မငြင်းနိုင်တော့ဘူး ထင်ပါရဲ့ နောင်ရီးရယ်။

နောင်ရီး ... လွင့်ပျံ့ဝဲရစ်နေသည့် အချစ်စွမ်းအားများကို ပြန်လည် သိမ်းဆည်းရသည်။ နှုတ်ခမ်းကို စေ့၍ လွန့်လွန့်ပြုံးပြသည်။

"နည်းနည်းပါ"

"အနွေးထည်လည်း မပါဘူး"

အကြင်နာတွေက မဖွင့်ဟချင်ပါဘဲ မျိုသိပ်မရအောင်ဖြစ်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်တက်ပါဦး"

နောင်ရိုးက သက်ထား နောက်နားမှာ ခပ်ခွာခွာ ပါလာသည်။

"ထိုင်ဦးနော် ကော်ဖီပူပူတိုက်မယ်၊ မိုးမရွာပေမယ့် အုံ့နေတော့ အေးတယ်"

"ရပါတယ် သက်ထား ထိုင်ပါ၊ ကော်ဖီ မလိုပါဘူး ရင်ထဲမှာ ပူပြီးသားပါ"

"နောင်ရိုး ရောက်လာတာ မြန်သလိုပဲ"

သက်ထားနှင့် နောင်ရိုးတို့ မျက်နှာချင်းဆိုင် ထိုင်ဖြစ်၏။

"သီဟ ဖုန်းဆက်ချိန်နဲ့ ပြောတာလား"

"အင်းပေါ့"

"သီဟက လှည်းတန်းကနေဆက်တာ၊ ဘေးနားမှာ တို့လည်းရှိတယ်"

"တကယ်ဖျားတာ ဟုတ်ရဲ့လား"

နောင်ရိုး ပြုံးနေ၏။ ရင်ထဲမှ အပျော်တွေ စုပုံဖွင့်ပြသလိုမို့ အပြုံးက ကြည်ချိုလွန်း၏။

"လူနာပဲကွာ ဖျားတယ်ပဲထားပါ"

"မျက်နှာက ဘယ်လို ဖြစ်နေတာလဲ"

နောင်ရိုး မျက်နှာမှာ တစ်ခါမှ မတွေ့ဖူးသည့် မချိမချဉ် ရက်ကိုးရက်ကန်းပုံစံ ပေါ်နေသည်။

"ဒီနေ့ တို့ စီးရီးစ် ဖြန့်တယ်"

"ဟုတ်လား ... အခြေအနေ ကောင်းလား"



"တစ်ရက်နှစ်ရက်ကြာမှ သိမှာပေါ့၊ တို့ စီးရီးစ်ဖြန့်တဲ့နေ့မှာ သက်ထားဆီက အဖြေကို ရအောင်တောင်းမလို့"

"အမ်"ဟူသည့် မပီမသ အာမေဋိတ်နှင့်အတူ သက်ထား မျက်နှာလေး ငုံ့သွားသည်။

"တို့ သက်ထား အိမ်ကို လာခဲ့ပါရစေလို့ ခွင့်တောင်းဖို့ ဖုန်းဆက်မလို့ဟာ၊ သီဟ ရှုပ်နေလို့"

'အဲဒီလူကြီး ရှုပ်ကိုရှုပ်တယ်'ဟု နောင်ရိုးနှင့် ထပ်တူညီစွာ တွေးဖြစ်သည်။

"သက်ထား တို့ ချစ်ခဲ့တာ၊ အစ်ကိုလေး ပန်းခြံမှာ တွေ့ကြကတည်းကဆိုတော့၊ သက်ထား ငယ်ငယ်လေးကတည်းကပဲ ..."

"တို့ ခုမြင် ခုကြိုက် အပြောခံရမှာစိုးလို့ အချိန်တွေ အများကြီး စောင့်ခဲ့တယ်၊ တို့ကို သက်ထား လေ့လာဖို့ အချိန်လည်း လုံလောက်ပြီထင်တယ် ..."

"အဖြေပေးပါတော့ကွာ၊ စောင့်ခဲ့ရတာ ကြာပြီ"

သက်ထား ရင်ထဲ မောလျနေ၏။ ရင်ခုန်လှုပ်ရှားမှုကြောင့် အသက်ရှုလည်း မှန်မည်မထင်တော့ပါ။

"မစောင့်နိုင်တော့လို့ပါ၊ သက်ထား ငြင်းမယ်ဆိုရင်တောင် ရင်ဆိုင်ဖို့ ခွန်အားမွေးပြီးမှ လာခဲ့တာ၊ ဒီနေ့တော့ တို့ကို ရှင်းရှင်းဖြေပေးပါ"

နောင်ရိုးရယ်ဟုသာ သမားရိုးကျ သံလေးနှင့် ညည်းလိုက်ချင်တော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ဖို့၊ စကားတွေ အများကြီးပြောဖို့၊ ချစ်တတ်တဲ့ မိန်းမသားတိုင်းမှာ ခွန်အားနည်းပါးလေ့ရှိတာ သိသင့်တယ် နောင်ရိုးရယ်။

နောင်ရိုးကို ပြောပြစရာတွေကလည်း အများကြီးရှိနေသည်။ တော်ကြာ ... ဝေစည် ရောက်လာလျှင် ပွဲပျက်ဖို့များ၏။ ပြောတော့ ပြောမှဖြစ်မှာပါ။

သက်ထား မျက်နှာမော့လာသည်။ တည်ငြိမ်ဖို့အားယူလှုပ်ရှားလိုက်တာမို့ နည်းနည်းတော့ တင်းရိပ်သန်းလေသည်။ သက်ထား မျက်နှာ တင်းတင်းကလေးက ငြင်းဆန်သည့်သဘောကို ဆောင်ရာရောက်မှာလား။ နောင်ရိုး ကြေကွဲအားလျော့သွားမှာလား။

နောင်ရိုးရယ် ... အသေးစိတ်ထိ စိုးရိမ်ဂရုစိုက်ချစ်မိရတာပါ နောင်ရိုးရယ်။

"သက်ထားမှာ ပြောစရာတွေ အများကြီးပဲ"

"ပြောပါ တစ်ခု ကြိုမေးပါရစေ၊ တို့ လိုက်လာတာ သက်ထားမှာ အနှောင့်အယှက်ဖြစ်လား"

"ဒါတော့ ရင်ဆိုင်ရမှာပဲလေ"

"ပြောပါ သက်ထား၊ တို့ နားထောင်နေပါတယ်"

"သက်ထားနဲ့ပတ်သက်ပြီး နောင်ရိုး သိသင့်တာတွေရှိပါတယ်၊ သက်ထားကို မဖြေနိုင်ခင်မှာ နောင်ရိုး ပြန်စဉ်းစားဖို့တွေ ရှိနေပါတယ်"

"ပြောချင်စိတ်ရှိရင် နားထောင်ပါ့မယ်၊ ဒါပေမဲ့ ... ဘယ်အကြောင်းကြောင့်မှ ပြန်မစဉ်းစားတော့ဘူးဆိုတာတော့ယုံ"



"နောင်ရိုးက ပရိုပို့စ် လုပ်တော့ ..."

ပြောပြီးမှ ရှက်သွားရပြန်သည်မို့ နှုတ်ခမ်းလေးကိုလျှာနှင့်သပ်၍ အားတင်းရပြန်သည်။

"သက်ထား ရှောင်သွားတာ သက်ထားမှာ စေ့စပ်ဖို့ကိစ္စအဆင်သင့်ဖြစ်ပြီးနေလို့ပါ"

"သိတယ်လေ၊ ဒေါ်အိမ်သူ့မြေးနဲ့ သက်ထား မန္တလေးကိုသွားတယ်၊ ဒါပေမဲ့ ... ငြင်းခဲ့တယ်၊ တို့ သံယောဇဉ်ကြောင့် မဟုတ်လား သက်ထား"

"သက်ထား ဝန်ခံချင်တယ်"

သက်ထား ခေါင်းလေး ပြန်ငုံ့သည်။

"ငြင်းဖို့မဟုတ်ဘဲ သဘောတူကြည်ဖြူဖို့ လိုက်သွားခဲ့တာပါ"

"ဗြော်"

နောင်ရိုး ရင်ထဲ တင်းကျပ်သွားရသည်။ မချိမဆံ့ခံစားလိုက်ရပေမယ့် ကျေနပ်ကြည်နူးတာမျိုးလည်း ဖြစ်ထွန်း၏။

"သက်ထား တစ်ခါမှ မမြင်ဖူးတဲ့လူကို မေမေ့ဆန္ဒတစ်ခုတည်းနဲ့ ခေါင်းညိတ်ဖို့ပါ၊ ဒါပေမဲ့ ... အဲဒီလူက ဖုန်းဆက် တယ်၊ သူ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောပြီးခဲ့ပါပြီတဲ့၊ သူ့မှာ သူကစပြီး ငြင်းဖို့မလွယ်တဲ့ အခက်အခဲတွေ ပြောပြတယ်၊ သက်ထားက ငြင်းပေးပါတဲ့"

"အဲဒီတော့ သက်ထား ဘယ်လို ခံစားရလဲ"

"ရှက်တယ်၊ ဝမ်းလည်းနည်းတယ်၊ ဒေါသလည်းဖြစ်တယ်၊ မခံချိမခံသာပါပဲ၊ ဒါက ... မိန်းမသားတို့ ဖြစ်ရိုးဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ပါ၊ သက်ထားရဲ့ တကယ့်ဆန္ဒနဲ့ကျတော့ ပျက်သွားရတာကို ပျော်ပါတယ် ...

"မေမေ့ဆီမှာ သက်ထား ငြင်းဖို့ ခိုင်လုံတဲ့အချက် ရသွားရတာကို ကျေနပ်ပါတယ်၊ သက်ထားတို့ မိသားစုမှာ မေမေ့ဆန္ဒဟာ ဆုံးဖြတ်ချက်ပါပဲ"

"ဒီကိစ္စမှာ တို့က ဘယ်လို ပတ်သက်လဲ သက်ထား"

"မမြင်ဖူးသေးတဲ့ လူတစ်ယောက်ကို လက်ခံဖို့ လိုက်သွားဖူးတဲ့ ဖြစ်ရပ်မျိုး ရှိခဲ့ဖူးတာကို နောင်ရိုး ပြန်စဉ်းစားဖို့ပါ"

"ဘယ်အကြောင်းကြောင့်မှ ပြန်မစဉ်းစားတော့ဘူးလို့ ပြောခဲ့ပြီပဲ"

"အဲဒါဆို ... သက်ထား မေမေ့ဆီမှာ နောင်ရိုးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ပြောပြခွင့်တောင်းရပါမယ် နောင်ရိုးရယ်၊ မေမေ့ဆုံးဖြတ်ချက်ဟာ သက်ထားရဲ့ အဖြေပါပဲ"

သက်ထား အဖြေက ဝေ့လည်သလိုလိုနှင့် ရှင်းပါ၏။ နောင်ရိုး ဒီလောက် အ,ပါ,လား သက်ထား ... ဘယ်လိုပဲ ချစ်ပေမယ့်၊ ဒေါ်ခင်ဝေမြိုင့် ဆန္ဒကို ရယူဖို့ လိုနေသေးတာတစ်ခုပဲ မဟုတ်လား။

"အန်တီက ခွင့်ပြုမယ်ဆိုရင်ကော သက်ထား"

နောင်ရိုးထံ လှစ်ခနဲ မကြည့်လိုက်မိဖို့ ကြိုးစားထိန်းချုပ်လိုက်ရသည်။ သည်းညာဆိုင် တစ်ခွေလုံးကို ခြေချနိုင်စွမ်းမည့် သူ့မျက်ဝန်းတွေနှင့် ရင်ဆိုင်နိုင်စွမ်းသတ္တိ သက်ထားမှာ ဘယ်ရှိပါ့မလဲ။

"မေမေ ခွင့်ပြုရင် သက်ထားတို့ ပျော်ဖို့ပါပဲ"



"သက်ထားရာ"

စိတ်ဒုံးဒုံးကျသွားရပုံနှင့် နောင်ရိုးထံမှ ဝမ်းသာသံကြီး ထွက်လာသည်။

"သက်ထား"

နောင်ရိုး ကိုယ်ကို ကိုင်း၍ တိုးတိုးလေး ခေါ်သည်။

"ဒေါ်အိမ်သူရဲ့ စကားကို စငြင်းရရင် ဒေါ်အိမ်သူ ပစ်ပယ်ထားတဲ့ မိခင်ကြီး စိတ်ဆင်းရဲမှာစိုးတာကြောင့်ရယ်၊ ချစ်မိတဲ့ မိန်းကလေးအပေါ်မှာ သစ္စာမဖျက် မခွဲနိုင်တာရယ်ကြောင့်၊ မရတနာ ငြင်းပေးပါလို့ အကူအညီတောင်းခဲ့တဲ့ ငမိုက်သားဟာ ပုပ္ပားဆိုတဲ့ နောင်ရိုးပါပဲကွာ"

"ဟင်"

သက်ထား အံ့သြတုန်လှုပ်လွန်းစွာ ဝိုင်းစက်ပြူးကျယ်သွားရသည့် မျက်ဝန်းလေးကိုလည်း ပြန်မသိမ်းနိုင်ခဲ့။

နောင်ရိုးရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ဒေါ်အိမ်သူ မျိုးဆက်၏ လိုက်နာစောင့်စည်းရမည့် အစဉ်အလာတစ်ခုကို ဒေါ်စကားဝါ ချိုးဖျက်ခဲ့ပါသည်။

စကားဝါ့မှာ ချစ်သူရှိသည်။ စကားဝါ ကံဆိုးတာ လားတော့မသိပါ။ ချစ်မိသူက လူကောင်းသူကောင်း၊ အားကိုး လောက်သည့် အနေအထား၊ စကားဝါ့ကိုလည်း ငုံထားမတတ် ချစ်ရပေမယ့် သမီးတစ်ယောက်ဖခင် မုဆိုးဖို။ စကားဝါ အထ မတတ်သည်မို့ ဖျာစပ်ကိုပဲ အပြစ်တင်ရမလား။ ကံကို ယိုးမယ်ဖွဲ့ ဖြစ်ပေမယ့် မယ်မယ့် စကားကိုတော့ နားထောင်ခဲ့ရသည်သာ။

မယ်မယ့်စိတ်ကြိုက် သမက်နှင့်ပဲ လက်ထပ်ခဲ့ရသည်။ စင်စစ် ... စကားဝါ၏ကုသိုလ်က ထာဝရ မှုန်မှိုင်းခဲ့ရသည်။ လေးစားရပါသည့် ခင်ပွန်းကိုပဲ တစ်သက်တာ မှီတွယ်လိုက်ဖို့ အတွေးကို နှလုံးသားနှင့် စက်၍ဆုံးဖြတ်ခဲ့ရပေမယ့် ...

စကားဝါသွားလေရာ မိုးလိုက်လို့ရွာခဲ့သည်မို့ စကား ဝါသည်သာ ကံဆိုးမပါ။



နှောင်ရိုး ကိုယ်ဝန် မစို့မပို့မှာ သူ့အဖေက ရုတ်တ က် ကွယ်လွန်ခဲ့သည်။ ကားအက်ဆီးဒင့်ဖြင့် ရုပ်ပျက်ဆင်းပျက် ဆးရုံရောက်လာချိန်မှာ အသက်ငွေ့ငွေ့လေးသာကျန်၏။

"စကားဝါ ငယ်သေးတယ်၊ မင်း ချစ်သူက လက်ခံ ယ်ဆိုရင် ကိုယ်ခွင့်ပြုခဲ့တယ်"ဆိုသည့် စကားကို တိုးတိမ်ဖြည်း နးစွာပြောရင်း အသက်ပျောက်ခဲ့ရှာ၏။

စကားဝါ သစ္စာဖောက်ဖို့ ဘယ်လိုမှ စိတ်ကူးမရှိခဲ့ ာအမှန်ပါ။ သို့ပေမဲ့ ... ငယ်ချစ်၏မေတ္တာကိုလည်း ဥပေက္ခာ ပြုနိုင်ခဲ့ချေ။

"တို့အမျိုးထဲမှာ တစ်ပင်လဲလို့ တစ်ပင်မထူရဘူး။ နောက် ပြီး မုဆိုးဖို"

မယ်မယ့် ခါးသီးမှုကတော့ အထွတ်အထိပ်မှာ။ ကားဝါ အချစ်ကို ကိုးကွယ်ခဲ့မိသည်ဟုဆိုလျှင် ကဗျာဆန်ရာ ရာက်မည်လား မသိတော့ချေ။ စကားဝါ ငယ်ချစ်နှင့် ရုံးမှာလက် တ်ထိုး လက်ထပ်တော့၊ နှောင်ရိုး ကိုယ်ဝန်က နေ့စေ့လစေ့။

လက်ထပ်ပြီး မကြာမီမှာ နှောင်ရိုးကို မွေးသည်။

"ညည်အတွက် ... နှောင်ဆုံးရပိုင်ခွင့်"ဟု ဆိုကာ၊ ယ်မယ်က "ပုပ္ပား"ဆိုသည့် နာမည်ကို ပေးလိုက်တယ်ဆိုတဲ့ ကားတစ်ခွန်း ...

လူကြုံနှင့်ပါးလိုက်သည်မှစ၍ စွန့်ပစ်ခဲ့တာ နှစ်ပေါင်း ်ဆယ်။

ပုပ္ပား လူမှန်းသိတတ်ချိန်မှစ၍ စကားဝါက အပြစ် ်တွေကို ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှ ဖြစ်ရလေ"

မေမေ ညည်းနေကျ စကားလုံးကို ယောင်ယ မြည်ကြွေးဖြစ်လေ၏။ ပုပ္ပားရင်ထဲ နင့်ခနဲ ဆွေးကျသွားရ ဖြေဆေးမရှိ။ အဖေရင်းဟု ထင်တားသူက "ပထွေး"တဲ့။ အ ရင်းဟု ထင်ထားသူက ဘာမျှမတော်စပ်ပါ ... တဲ့။ အတွေး တွေက ပုပ္ပားရင်ကို ထိုးနှက်နာကျင်စေခဲ့ပါ၏။

ထမင်းစားရတာတောင် မျိုမကျချင်သလို ဖြစ်လာ သည်။ အိမ်မှာက ပထွေးလုပ်စာ တစ်ခုတည်း။ မေမေက ထ မကျန်းမမာ ဖြစ်နေရသည်မို့ ဆေးဖိုးဝါးခကိုလည်း သည်ဝင် ထဲမှပဲ သုံးရသည်။ သွေးမတော်သည့် အစ်မက ဆယ်တန်းနှစ် ကျပြီးတော့ ကျောင်းထွက်လိုက်ရ၏။

မေမေ့ကို ပြုစုဖို့ လူလိုသည်။ ဝင်ငွေနှင့် ထွက် မမျှသည်မို့ ပညာရေးအတွက် တစ်ဦးတစ်ယောက်တည်းကို ဦးစားပေးရမည်ဆိုလျှင် ယောကျာ်းလေးဖြစ်သည့် ပုပ္ပားကိုပဲ ဖို့ ဆုံးဖြတ်ကြသည်။ ပုပ္ပား အနေခက်၊ အစားခက်၊ ဘဝင်မ မျက်နှာပူ၊ ကိုယ့်ဘဝကိုယ် စိတ်နာ။ မျက်နှာက မှုန်တေစုပ ညိုညစ်ကာ ဘယ်သူ့ကိုမှန်း ဘာကိုမှန်း အမျိုးအမည်မဲ့စွာ မ မနပ် ဖြစ်ခဲ့ရတော့သည်။

"မေမေ ... နည်းနည်းပါးပါး ထုခွဲစရာရှိရင် ကျွန်တော့် မြေတစ်ကွက်လောက် ဝယ်ပေးပါ"

စကားဝါ အိမ်ပေါ်မှာ ဆင်းလာစဉ်က ပါလာသည စိန်ထည်အချို့ကို ခင်ပွန်းသည်က "မထိရ"အမိန့်နှင့် တားတား



သည်မို့ ယခုတိုင်ကျန်၏။ မေမေက ဒါတွေကို ထုခွဲပေးမည်ဟု ပြော၏။ ပုပ္ပား ပူဆာသည်မို့ ပုပ္ပားအတွက် ဝယ်ပေးရမည့် မြေ ကွက်အတွက် ကုန်ကျရသည်မို့ အဖေကလည်း မတားတော့ချေ။

ဒီတုန်းက ပုပ္ပား ရှစ်တန်း အောင်ပြီးစလောက်ပဲ ရှိမည်။ အဲဒီ ကိုးတန်းနှစ် စာမေးပွဲဖြေပြီးကတည်းက ပုပ္ပား မည် ပြောင်းသည်။

နောင်ရိုး။

ဘုရင့်နောင် ဖောင်ဖျက်သည့်တိုက်ပွဲ၊ နောင်ရိုးအိမ် ါမှာဆင်းသည်။ ခြံထဲမှာနေသည်။ ကိုယ့်ဝမ်းစာနှင့် ကိုယ့်ပညာ ရေးအတွက် ကိုယ့်ဘာသာရှာရင်းက ဝါသနာအရ သီချင်းစဆိုခဲ့ ဘာပါပဲ။

မကျန်းမာသည့် မေမေနှင့် နောင်ရိုးတို့ သားအမိ စ်ယောက်တည်း သူစိမ်းတွေကြားမှာ နေနေရချိန်၊ အခြားဝမ်းကွဲ ညီကိုမောင်နှမတွေက မိသားစုတစ်စုတည်းတမျှ စည်းလုံးညီညွတ် နေကြသည်။ နောင်ရိုး ရင်ထဲ နာလေ၏။

ရင်ထဲ စူးကျင်မျက်ရှနေအောင် နာတာတော့ မှန် သည်။ ဘယ်သူ့ကိုလဲ၊ ဘာကိုလဲ ဆိုတာကို နောင်ရိုး ပြောမပြ တတ်ချေ။ မိခင်မို့ တစ်ပင်လဲ၍ တစ်ပင်ထူတာကို အပြစ်မဆိုရက် ပါ။ ပထွေးလက်ထဲရောက်ပြီး မကြာမီ နောင်ရိုးကို မွေးသည့် အတွက် ဒေါ်အိမ်သူ အရက်ကြီး ရက်တာကို အပြစ်ဆိုရမလား။

ဦးတည်ချက်မဲ့ ဒေါသများက နောင်ရိုး ရင်ထဲမှ ဘဝရ ဆူဝေနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ရိုး ... ဆိုပြီး နာမည်ပြောင်းပစ်တာ၊ ကိုးတန်းအ တည်းက၊ ဘွားကိုလည်း မမြင်ဖူးဘူး၊ ဘွားက အသက်နှစ် ဆယ် ပြည့်ခါနီးမှာ ...

"ပုပ္ပား ... သူ့စီစဉ်တဲ့ မိန်းကလေးကို လက်ခံမယ် ဆိုရင် မေမေ့ကိုပါ ပြန်လက်ခံမယ်၊ လာခဲ့ဆိုတော မနွေး စဉ်းစားကြည့်ပါ ...

"ဟာ့တ်အတက်ခ် တစ်ခါရထားပြီးတဲ့ မေမေဟာ ရောဂါပျောက်သလောက်နီးပါးကို လန်းဆန်းသွားတယ်၊ ကျွန်တော် မန္တလေးကို သွားရပါတယ်၊ ဒါပေမဲ့ သက်ထား ကို ဘယ်လိုမှ မခွဲနိုင်လို့ ...

"သီဟကို ပုပ္ပားအဖြစ်နဲ့ သွားကြတယ်၊ သက်ထား ဆီ ငြင်းဆေးဖို့ ဖုန်းဆက်တာတော့ ကျွန်တော် ကိုယ်တိုင် ပဲ၊ ဒါပါပဲ မနွေးရယ်၊ အဲဒါတွေ သက်ထားကို ပြန်ပြော ပြပါ"

နွေးတို့အုပ်စု အသက်ရှူဖို့ မေ့လျော့စွာ နားထောင် နေမိသည့် ဖြစ်ရပ်က ပုံပြင်တစ်ပုဒ်နှယ် ဆန်းကြယ်နေရတော့ သည်။

"အဲဒီတုန်းက သက်ထားမှန်း မသိဘူးလား"

"ရတနာ ... တဲ့။ သက်ထားနဲ့ ဘယ်လိုမှ မနီးစပ်နိုင်တဲ့ နာမည်လေ"

ကြွေဥက ရတနာနှင့် သက်ထား ကွဲပြားနေရပုံလေး ဝင်ရှင်းပြသည်။



"ရတနာ ဆိုတာ ဦးအောင်မျိုး ဒေါ်ခင်ဝေမြိုင်သမီးမှန်း လည်း သိရော၊ ထိုင်တောင် ငိုချင်စာယ်၊ တကယ်ပြောတာ၊ ပြီးတော့ သီဟကိုလည်း ပုပ္ပားလုပ်ထားသေးတော့"

နောင်ရိုးက မချိသွားဖြဲ ပြောသည်။

"ဘွားဘွားက မသိဘူးလား၊ ဒါတွေ"

"ကိုယ့်ဘာသာ လုံလုပြီ မှတ်နေတာ၊ ဘွားက ကျွန်တော်ပဲ ပုပ္ပား ဆိုတာ သိနေတယ်၊ ဘာတွေ လာထွင်နေလဲလို့ စောင့်ကြည့်နေတယ်တဲ့ ...

"သီဟက စကားများတော့ ကျွန်တော် သက်ထားကို ချစ်နေတာ ဦးအောင်မျိုး ဒေါ်ခင်ဝေမြိုင် သမီးကို မရရင် သေမလောက် ဖြစ်နေတာတွေ ဘွား သိသွားပြီး ...

"အဲဒီကလေးမလေးကိုရရင် မြေတစ်ကွက် လက် ဖွဲ့မတဲ့လေ၊ မြှောက်ပေးသေးတယ်"

"မသိဘဲနဲ့လား"

"ဘယ်ဟုတ်မလဲ၊ ဘွားက အကုန်သိနေတယ်"

"ဟင် ... နောက်တော့ရော"

"သားသမီးအချစ် မြေးအနှစ် ဆိုတာတွေ ရှင်းပြရှာတယ်၊ မျက်ရည်ကျပြီး ပုပ္ပား ညာတယ်လို့ ပြောတော့တာ ...

"အဲဒီမှာ ကျွန်တော်လည်း စိတ်ပြောင်းပြီး ဘွားရှေ့ မှာ ဒူးထောက်ပြီး ဝန်ခံလိုက်ရတာပဲ ...

"ဘွားကပြောတယ်၊ ကောင်းတယ်တဲ့၊ ဘွားအေကို ညာလို့ ကြိဖန်လွဲရတာ ဝမ်းသာတယ်တဲ့"

နောင်ရိုး မချိပြုံးနှင့် ပြောရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာဖြစ်လို့ သက်ထားဆီ ပြေးမလာတာလဲ"

"လာချင်လိုက်တာ တစ်ပိုင်းမကဘူး သုံးပိုင်း နှစ်ပိုင်း သေနေပါတယ်"

သီဟက ဝင်ပြောပြီးရယ်၏။

"သက်ထားကို ပရိုပို့စ်လုပ်လိုက်ပြီးတော့ ရှောင်သွားတာ ရယ်၊ မန္တလေး လိုက်သွားတာရယ်တွေကလည်း ရှိတော့၊ ရိုးရိုးခင်တာလား၊ အသံကို သဘောကျလို့ တရင်းတနှီး ရှိတာလားလို့လည်း တွေးရသေးတယ် ..."

"အဓိက,ကတော့ လူကြီးမိဘ ကြည်ဖြူလို့ ခေါင်း ညိတ်တာထက် ကိုယ့်အစွမ်းအစနဲ့ကိုယ် သက်ထားဆီက လူကြီးမိဘ အကူအညီမပါဘဲ ချစ်တယ်ဆိုတဲ့ စကားကို ကြားချင်လို့ပါပဲ"

"ဟင်း ... ဒါဖြင့် ဒီလောက် ရက်တွေဆွဲတာ သက်ထား ကို ညှဉ်းချင်လို့ပေါ့"

"မဟုတ်ရပါဘူး၊ ဒေါ်အိမ်သူ့မြေး ဆိုတာကို ဖယ်လိုက် ရင် ကျွန်တော်က သက်ထားနဲ့ အခြေအနေချင်း ကွာတယ် လေ ..."

"စီးပွားဥစ္စာအနေနဲ့ သက်ထားကို တစ်သက်လုံး လိုက်လို့မမီနိုင်ဘူး၊ အဲဒီ ကွက်လပ်ကို ဖြည့်ချင်တယ်၊ ငွေနဲ့မဖြည့်နိုင်ဘူး၊ ဒီတော့ ကျွန်တော်ဝါသနာနဲ့ အောင် မြင်မှုရအောင် ကြိုးစားပြီး ဖြည့်ပေးချင်တယ် ..."

"စီးရီးစ်စထွက်တဲ့နေ့ကျမှ သက်ထားဆီက အဖြေ ကို တိတိကျကျ တောင်းမယ်လို့ ဆုံးဖြတ်ခဲ့တာပါ"



သီဟက ဆတ်ဆော့ချင်တဲ့ကောင်၊ ထိတာကောင်း တယ်ဟု ပြောကာ ထိုင်ဝမ်းသာပြနေသည်။ နောင်ရီး မျက်နှာကျ တော့ ပြင်မရအောင် ပျက်နေတော့၏။

နောင်ရီး ဖြစ်ရပုံက တော်တော်ကို ဆိုးသည်။

"ပုပ္ပားဟာ နောင်ရီးပါပဲ"ဟု ဖွင့်ပြောလိုက်ချိန်မှာ သက်ထား မျက်လုံးတွေပြူးလျက် နှုတ်ခမ်းလေး အပွင့်သားဖြစ် အောင် အံ့ဩသွားရှာ၏။ "ဟင်"ဆိုသည့် အံ့ဩသံလေး ထွက် လာသည်။ နောင်ရီးကို ခပ်ကြာကြာလေး စိုက်ကြည့်သည်။ ပြီးတော့ ဆတ်ခနဲ ထရပ်ကာ အိမ်ထဲသို့ ရုတ်တရက်ကြီး ဝင် ပြေးသွားလိုက်တာ ပြန်ကိုထွက်မလာတော့ပါ။

နောင်ရီး အူကြောင်ကြောင် ငိုင်တွေတွေနှင့် ဧည့် ခန်းမှာ ငုတ်တုတ်ကြီး ကျန်ရစ်သည်။ သက်ထား ဘာဖြစ်သွား မှန်း မသိ။ စဉ်းစားလို့မရ။ အဖြေမပေါ်။ ဘာဆက်လုပ်ရမှာတဲ့ လဲ။

ဒီအချိန်မှာပဲ ဝေစည် ရောက်လာ၏။ ဧည့်ခန်းမှာ တစ်ယောက်တည်း ငုတ်တုတ်ကြီး ဖြစ်နေသည့် နောင်ရီးကို ရင် ဘတ်ဖိ၍ကြည့်သည်။ ဘာတွေ ဘယ်လိုဖြစ်နေမှန်း ဝေစည် နား မလည်။

"သက်ထားရော"

တစ်ခွန်းမေးတော့ နောင်ရီး ခေါင်းခါသည်။ မသိ ဘူးဟု ဆိုချင်သည့် ခေါင်းအခါမျိုး မဟုတ်ချေ။ စိတ်ပျက်စိတ် ကုန်စွာ ယမ်းခါသည့်ပုံစံမို့ ဧစည် မို၍စိတ်ပူ၏။

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားရော"

ထပ်မေးပေမယ့် နောင်ရိုး မဖြေ။ မဖြေတတ်တာလည်း အမှန်ပါ။ အိမ်ထဲ ဝင်ပြေးသွားတာပဲလေ။ အိပ်ခန်းထဲ၊ မီးဖိုထဲ၊ စာကြည့်ခန်းထဲ၊ အပေါ်ထပ် စသည့် တစ်နေရာရာမှာ သော်လည်းကောင်း၊ နောက်ဖေးဘက်မှ လှည့်ဆင်းပြီး ခြံထဲမှာ သော်လည်းကောင်း ရှိနိုင်၏။ နောင်ရိုးမှာ သက်ထားကို လိုက်ရှာရဲလောက်အောင် သတ္တိမရှိ။ တစ်အိမ်လုံး တစ်ခြံလုံး လိုက်ရှာဖို့လည်း မသင့်တာအမှန်။

ထပြန်သွားဖို့ကျတော့လည်း မဖြစ်။

သက်ထား ဘယ်လိုခံစားသွားရပြီး ဝင်ပြေးသွားမှန်းကို နားမလည်ချေ။

"ဘယ်လိုဖြစ်နေတာလဲ နောင်ရိုး"

"သက်ထား အိမ်ထဲဝင်ပြေးသွားတာပဲ၊ ဝေစည် လိုက်ကြည့်ပါဦး"

"ဟောတော့ ... နောင်ရိုးက ဘာတွေပြောလိုက်လို့လဲ"

နောင်ရိုးက ရှင်းမပြ။ ဝေစည်ကလည်း နောင်ရိုး အဖြေကို မစောင့်ပါ။ အိမ်ထဲ လိုက်ဝင်သွားသည်။ ခဏကြာတော့ ဝေစည် ပြန်ထွက်လာ၏။

"ဘာဖြစ်ကြမှန်းတော့ မသိဘူးပေါ့၊ တို့လည်း ဘာမှမသိရသေးလို့ နားမလည်ဘူး၊ သက်ထားက နောင်ရိုး ပြန်ပါတော့လို့ အပြောခိုင်းလိုက်တယ်"

"ကျွန်တော် သက်ထားကို ထပ်ရှင်းပြချင်သေးတယ်"



"ဘာတွေ ဘယ်လောက်ရှုပ်သွားလို့ ဘယ်လိုရှင်းမယ်ဆိုတာတော့ မသိဘူး၊ ခုနေ ရှင်းလည်း သက်ထား နားထောင်မှာ မဟုတ်ဘူး၊ တို့ကြားထဲက အကြံပေးရတာပဲ နောင်ရိုး ...

"အခု ခဏပြန်သွားဦး၊ နောက်တော့ တို့တွေပါ ဝိုင်းပြီး မေးပေး ရှင်းပေးမယ်၊ ခုချိန်မှာ သက်ထား စကား နားထောင်လိုက်ပါ"

သက်ထားရယ် ...

နောင်ရိုး ငိုင်ကျသွားရပါ၏။ သက်ထား ဘာဖြစ်သွားတာလဲ၊ ဘယ်လိုခံစားသွားရလို့လဲ ဆိုတာတွေ မျက်နှာချင်းဆိုင် မေးလိုက်ချင်သည့် ပုစ္ဆာတွေက ရင်ထဲမှာ အပြည့်ရှိနေရသည်။ တစ်ခုခုကို စိတ်ဆိုးသွားတာ ဆိုလျှင်လည်း သက်ထား ကျေနပ်သည်အထိ ဒူးပဲထောက်ရ ထောက်ရ တောင်းပန်ချော့မော့ချင်မိ၏။

သက်ထား စိတ်ကို နားမလည်တာတော့ အမှန်ပါပဲ။

သို့ပေမဲ့ သက်ထားက ပြန်ပါတော့ဟု ဆိုချိန်မှာ သက်ထား ဆန္ဒနှင့် ဆန့်ကျင်စွာ ဘာတစ်ခုမျှ မလုပ်ခဲ့ချင်သူမို့ နာယူစွာ ထပြန်ဖို့ပဲ ဆုံးဖြတ်သည်။

"တစ်ခုတော့ ကူညီပါ ဝေစည်၊ သက်ထား ကျွန်တော့်ကို စိတ်ဆိုးသွားတာလား၊ ဘာဖြစ်သွားတာလဲ ဆိုတာလောက်တော့ သိပါရစေ၊ ဝေစည်တို့ကပဲ အကျိုးအကြောင်းပြောပေးပါ၊ ကျွန်တော့်ကို"

ဝေစည် ခေါင်းညိတ်ကာ စိတ်ချဟု ပြော၏။ နောင်ရိုး၏ အပြန်လမ်းမှာ သောကများစွာ ပါလာခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်သွားတာတဲ့လဲ သက်ထားရယ် ... ဟု နားမလည်နိုင်စွာ ကြိမ်ဖန်တလဲလဲ ရေရွတ်မိခဲ့သည်။

ဒီနေ့မနက်ပိုင်း သက်ထားမှအပ သူငယ်ချင်းသုံး ယောက် ရောက်လာပြီး ဘာဖြစ်တာလဲ၊ သူတို့က စ,မေးသည်မို့ သက်ထားမှလွဲ၍ မည်သူ့ကိုမျှ မပြောမပြချင်သည့် အကြောင်းတွေ ကို ပြောပြရတော့သည်။

"ညတုန်းက ထမင်းလည်း မစားဘူး၊ အိပ်လည်း မအိပ် ဘူး၊ တစ်ညလုံး ဂစ်တာတီးပြီး သီချင်းတွေ အော်ဆိုနေတာ၊ ဒီမနက်တော့ အသံတွေပြာပြီး မအော်နိုင်တော့လို့ ငြိမ်နေ တာ"

သီဟာက ဝင်ပြောသည်။

"နောင်ရိုးက ဘာဖြစ်လို့ သီဟကို ပုပ္ပားလုပ်ပြီး မန္တလေး လိုက်သွားတာလဲ"

"ကျွန်တော့်အဘွားနဲ့ ကျွန်တော်နဲ့ကြားမှာ ကင်းစိမ်းမှုတွေ ရှိတယ် မဆွေး၊ ဘွားကို စိတ်နာတယ် မဟုတ်လှပေမယ့်၊ ဘာကိုမှန်းမသိဘဲ နာနေတဲ့အနာက ရင်ထဲမှာ ကြာပြီ...

"မေမေ့ကြောင့် သွားရပေမယ့် အမွေမက်ပြီး မန္တလေး ပြေးသွားတဲ့ကောင် မဖြစ်ချင်ဘူး၊ ပြီးတော့ ကျွန်တော် သက်ထားကို မခွဲနိုင်ဘူး ...

"ဘွား ပေးစားမယ့် အမျိုးသမီးကိုယူပြီး အမွေပုံ ပေါ် ခုန်တက်ရဖို့က သက်ထားနဲ့လဲမှ ရမယ်ဆိုရင် ကျွန် တော် လုံးဝမလုပ်ဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော်ဆို လုံးဝမသွားဘူး ...



"ဟိုရောက်ရင် မီးစင်ကြည့် က,နိုင်အောင် သီဟကို ပုပ္ပားယောင်ဆောင်ပေးဖို့နဲ့ ကျွန်တော်က ပုပ္ပားသူငယ်ချင်း အဖြစ် အဖော်ပါလာသလိုလို အခြေအနေကြည့်ဖို့ လိုက် သွားတာ"

"နောင်ရိုးက မိန်းကလေးဘက်က ဖျက်ပေးပါလို့ ဖုန်း ဆက်တယ်၊ ဟိုမိန်းကလေးက မဖျက်ဘူး ဆိုပါတော့ ... အဘွားကလည်း ဖွတ်စေ့စပ်ပေးမယ်၊ အဲဒီလိုဆိုရင် နောင်ရိုး ဘာလုပ်မလဲ"

"အမှန်ကို ဝန်ခံရရင် အဲဒီအထိ ကျွန်တော် စဉ်းစားမထား ဘူး၊ ကျွန်တော် ဖုန်းဆက်ရင် ဘယ်မိန်းကလေးမဆို နာ မှာ ရှက်မှာပဲ၊ စေ့စပ်ပွဲကို ဖျက်မှာပဲ၊ ပျက်ကိုပျက်မှာပဲလို့ အပိုင်တွက်တယ်၊ ဘွားကို ကျွန်တော် ဖုန်းဆက်ကြောင်း ပြန်တိုင်ချင်လည်း တိုင်မယ်ပေါ့လေ၊ ပျက်တာကတော့ ပျက်မှာပဲလို့ ယုံတယ်"

"အဲဒါပဲပေါ့ နောင်ရိုးရဲ့၊ ဘယ်မိန်းကလေးမဆို ရှက်မှာ နာမှာပဲဆိုတာ သက်ထား ဘာဖြစ်သွားတာလဲဆိုတဲ့အဖြေပဲ"

"ခင်ဗျာ ... ကျွန်တော် သဘောမပေါက်ဘူး"

"နောင်ရိုးက ငြင်းပေးပါ အပြောခံရတာကို သက်ထား ရှက်ခဲ့တယ်၊ နာခဲ့တယ်"

"အဲဒီလို ပြောခဲ့သူက ကျွန်တော်ပဲဟာ၊ ကျွန်တော် သက် ထားကို မခွဲနိုင်လို့ ဖုန်းဆက်တာကို သက်ထား သဘော မပေါက်ဘူးလား၊ ကျွန်တော့်စိတ်ဓာတ်ကိုတော့ သဘော ကျရမယ့်ကိစ္စ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သဘောကျတာက တစ်ပိုင်း၊ ရှက်တာက တစ်ပိုင်း၊ နာတာက တစ်ပိုင်း ... သပ်သပ်စီ"

"စုစုပေါင်း သုံးပိုင်းပေါ့"

သီဟက ဝင်နှောက်ပြန်သည်။

"မန္တလေးကို လိုက်သွားဖြစ်တာကိုလည်း သက်ထားက အပြစ်ရှိသလို ခံစားရတယ်၊ နောင်ရိုးကိုတောင် ဝန်ခံပြီး ပြန်စဉ်းစားခိုင်းသေးတယ် မဟုတ်လား"

"ဘာအကြောင်းကြောင့်မှ ပြန်မစဉ်းစားဘူးလို့ ကျွန်တော် ပြောခဲ့တယ်"

"မိန်းမသားဆိုတော့ ယောကျ်ားတွေနဲ့ စိတ်ချင်းတော့ ဘယ်တူပါ့မလဲ နောင်ရိုးရဲ့၊ သက်ထား စေ့စပ်ရမယ့်သူဟာ တခြားတစ်ယောက်ဆိုရင် သက်ထားက ဝန်ခံပြောပြလိုက်ပြီး စိတ်ရှင်းသွားမှာ၊ ခုတော့ နောင်ရိုး ကိုယ်တိုင်ဖြစ်နေတော့ ...

"ရှက်လည်း ရှက်သွားတယ်၊ ဟိုတုန်းက မန္တလေးထိ လိုက်သွားပြီးမှ ခု ချစ်ပါပြီ ပြောလို့ရော ဖြစ်မလား"

"ခင်ဗျားတို့ မချောလေးက ချစ်ရော ချစ်ပါပြီတဲ့လား"

သီဟက ဝင်မေးသည်။

"ဒါ ကာယကံရှင်ချင်း ပြောရမယ့်ကိစ္စပဲ၊ သီဟနဲ့ ဘာဆိုင်လို့လဲ"

"အလကား ရှင်းရှင်းလေးကို ကြံဖန်ရှုပ်နေတယ်၊ မိန်းမတွေကို အတွေးဘယ်လိုချော်မှန်း မသိဘူး၊ ဘာမှရှက်စရာ မရှိဘူး၊ ဘာရှက်တာလဲ၊ တခြားလူ မဟုတ်ဘဲ နောင်ရိုးဖြစ်နေလို့ကို မရှက်ရမှာ"



"ဒါက သီဟ အတွေးကိုး"

"ဒီလိုပဲ တွေးရမယ့်ဟာ"

"ကိုယ်တွေးချင်သလို တွေးတော့ ဘာလုပ်ချင်လို့လဲ"

ကြွေဥက ခါးထောက်၍ ဒေါသဖြင့် ဝင်ပြောတော့မှ သီဟ ပခုံးတွန့်ကာ စပ်ဖြီးဖြီးပြုံးသည်။

"ငြင်းမနေတော့ပါဘူး၊ အခု ဘာဆက်လုပ်ရမလဲသာ အမိန့်ချကြ၊ ဒီကောင် သေလိမ့်မယ်"

"အမယ်လေး ... ကိုယ်ကြိုက်တဲ့ မိန်းကလေးက ပြန်မကြိုက်တဲ့ရောဂါနဲ့သေတဲ့မသာ ဘယ်နှလောင်းရှိလို့လဲ၊ ယောကျ်ားတွေထဲမှာ"

"တစ်လောင်း ရှိနိုင်တယ် နောင်ရိုး"

"သေရင်လည်း ဘယ်မိန်းကလေးကမှ အထင်မကြီးဘူး"

"အထင်ကြီးဖို့ သေပြမှာ မဟုတ်ဘူး၊ မိန်းကလေးက ပြန်မကြိုက်တဲ့ရောဂါကြောင့် သေမှာလည်း မဟုတ်ဘူး၊ မအိပ်တာ မစားတာနဲ့ ဖေါင်တောင်တောင်ဖြစ်ပြီး အမှည့်ကြွေကြွေမှာ၊ ဒါကို ပြောတာ"

သီဟ ဒေါသထွက်လာပုံကို ဝိုင်းရယ်ကြသည်။

"ဒါ ... ရယ်စရာလား၊ ဘာဆက်လုပ်ရမလဲ ပြောကြပါတော့လား"

"အဘွားဆီ အကျိုးအကြောင်း လှမ်းပြောပေါ့၊ အဘွားက တစ်ဆင့် သက်ထားအမေကို ရှင်းပြပစေပေါ့၊ သက်ထားဆီကို နောင်ရိုးက ဖုန်းဆက်ပေါ့၊ လူကိုယ်တိုင် လိုက်သွားပေါ့၊ ဒါလေးမှ မလုပ်တတ်ရင် သေပစ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... စောစောက ပြောပါလား"

နောင်ရိုး ဝုန်းခနဲ ခုန်ထသည်။ သီဟက ဖြည်းဖြည်းလုပ်ပါဟာဟု ထအော်၏။ တယ်လီဖုန်းကို ကောက်လှည့်ကာ ဘွားထံ ဖုန်းဆက်တော့သည်။ ဆယ်မိနစ်လောက် ကြာအောင် ပြောပြီးမှ တယ်လီဖုန်းချသည်။ ပြီးတော့ သက်ထားတို့အိမ် ဖုန်းနံပါတ်ကို ဆက်၏။

"ဟိုး ... ဟိုး ... သက်ထား စိတ်ဆိုးတာ တစ်ခုရှိသေးတယ်၊ သက်ထားမှန်း သိသိချင်း ပြေးမလာတာ၊ အဲဒါ ရောမပြစ်ချက်"

ကြွေဥက လှမ်းပြောတော့ နောင်ရိုး ခေါင်းညိတ်သည်။ ရုံးချိန်မို့ အိမ်မှာ သက်ထား တစ်ယောက်တည်း အိမ်ဖော်ကောင်မလေးတွေနှင့်ပဲ ရှိနေသည်။ ဖုန်းလာကိုင်သူက သက်ထားကိုယ်တိုင်ပါပဲ။

"သက်ထားရယ်"

ဟယ်လိုသံလေးကို မှတ်မိသည်။ ရှင်းပြတောင်းပန်ဖို့ စကားတွေက ရုတ်တရက် ပျောက်ကုန်၏။ သက်ထားနာမည်လေးကိုပဲ ဆွေးမြည့်ကြေကွဲစွာ ရွတ်မိတော့သည်။

နောင်ရိုး ရင်ထဲမှာ လှိုင်းထန်နေ၏။ ဘာကစ၍ ပြောရမှန်းမသိ။ သက်ထား စိတ်ကျေနပ်ဖို့အတွက် ဘာကိုပဲ လုပ်ပေးရ ပေးရ ဆိုတာကို ပြောချင်သည်။ သက်ထားကိုချော့ချင်သည်။ တောင်းပန်ချင်သည်။ သိပ်ချစ်တာတွေ ပြောပြချင်သည်။ စတူဒီယိုမှာ အသံသွင်းသလို တစ်ပြိုင်တည်း လေးလိုင်း



ရှစ်လိုင်း သွင်းလို့ရလိုက်ချင်၏။ သက်ထား နားထဲသို့ ဖြေရှင်းချက်တွေ လေး,ငါးလိုင်း စုပြုံစီးဝင်စေချင်သည်။

"စိတ်မဆိုးပါနဲ့ သက်ထားရယ်၊ တို့ တောင်းပန်ပါတယ်၊ တို့ တစ်ခုခုလုပ်မိရင် အဲဒါဟာ အပြစ်ဖြစ်ချင် ဖြစ်သွားမယ်၊ ဒါပေမဲ့ အဲဒီအပြစ်ကိုပဲ သက်ထားကို ချစ်လို့ လုပ်မိသွားရတာယ်ဆိုတာ ယုံပါ"

ကြေကွဲသံက သက်ထား ရင်ထဲထိတိုင် စီးဝင်သည်။ သူပြောပုံက ရှင်းရှင်းလင်းလင်း မရှိ။ သို့ပေမယ့် မရှင်းလင်း မပြေပြစ်သည့် ဝါကျတွေက နောင်ရိုး နှုတ်ထွက်စကားတွေမို့ သက်ထား နားထဲ ရင်ထဲသို့ ချောမွေ့ကျေညက်စွာ စီးမျောလေ၏။

သက်ထား ရုတ်တရက်ကြီး ဝမ်းနည်းတာလား၊ ရှက်တာလား၊ စိတ်ဆိုးတာလား မသိ။ မိန်းမသားမို့ အံ့ဩတုန်လှုပ်စွာ ခံစားမိလိုက်တာပါပဲလေ။ နောင်ရိုး ပြန်သွားတော့ စားပွဲပေါ် ထားပစ်ခဲ့သည် "အသက်ထက် သက်ထား"ဆိုသည့် စီးရီးစ်ခွေလေးကို ဝေစည်က လာပေးသည်။ နှစ်ယောက်သား ဖွင့်နားထောင်ကြသည်။ နောင်ရိုးအသံ ချိုရှရှလေးကို ကြားရပြီး ကတည်းက သက်ထား ရင်ထဲမှာ မုန်တိုင်းစဲသွားရတာပါ နောင်ရိုးရယ် ... ဟု ချက်ချင်းကြီး ပြန်ပြောရမှာ ရှက်နေမိပြန်၏။

ဒီအသံ ဩရှရှ ချိုမြမြလေးနဲ့ ပြောပြတိုင်း သက်ထား ယုံနေတတ်တာလေ။ ဘယ်လိုမာနနဲ့ ရှက်ဒေါသတွေပဲ ရှိနေစေဦး ပြေလျော့ ကျေညက်သွားရတာလေ။

www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးရယ် ... သက်ထားကို အသံနဲ့ဖမ်းစားညို့ယူတော့တာပါပဲ။

နောင်ရိုး ပြောသမျှ ယုံပစ်လိုက်မိအောင် နောင်ရိုးစကားတွေက သက်ထား ရင်ထဲ ပြေးဝင်ငြိတွယ် နောင်ရစ်သွားစေအောင် အသံထဲမှာ ဘယ်လို စွမ်းအားတွေနဲ့ ထည့်ပြောတတ်ရတာလဲ နောင်ရိုးရယ်။

အံ့သြတုန်လှုပ်တာမှာ ရှက်ဒေါသလေး စွက်ပြီး သက်ထား ဘာလုပ်လို့ လုပ်မိမှန်းမသိ ဖြစ်သွားရတာဟာ နောင်ရိုးကို ဒီလောက် ထိခိုက် ပင်ပန်းစေမယ်မှန်းသာ ကြိုသိခဲ့ရရင် သက်ထား ကြေကွဲဝမ်းနည်းလေးနဲ့ ငြိမ်ငြိမ်လေး ဆက်ထိုင်နေပေးမိမှာပါ နောင်ရိုးရယ်။

နောင်ရိုး ပြောသမျှတွေ သက်ထား ငြိမ်ငြိမ်လေး နားထောင်ရင်း ရင်ထဲ လှုပ်ရှားတုန်ခိုက်လာရတာ နောင်ရိုးသိမှသိပါ့မလား။

"ဒီဖြစ်ရပ်တွေထဲမှာ တို့ မပွင့်လင်းတာတွေ၊ လီဆယ်သလိုဖြစ်တာတွေ ပါသွားခဲ့ရင်တောင် အဲဒါဟာ သက်ထားကို သိပ်ချစ်လို့ ကျူးလွန်မိတဲ့ အမှားတွေပါကွာ ...

"ဒီတစ်ချက်ကလေးနဲ့တင် သက်ထား နားလည်ခွင့်လွှတ်ပေးပါ"

အားလုံး ဝိုင်းနားထောင်နေကြတာကိုလည်း မေ့လျော့သွားသည်။ နောင်ရိုး ရှက်ဖို့လည်း သတိမရ။ အသက်ထက် ပိုချစ်ရသည့် သက်ထား ကျေနပ်ကြည်ဖြူဖို့ပဲ ဆန္ဒစောလေ၏။



"သက်ထား ကျေနပ်တယ်မဟုတ်လားဟင်၊ တို့ကို ခွင့်လွှတ်လား"

"ရပါတယ်"

သက်ထားထံမှ ရှက်ဝဲဝဲလေး ထွက်လာသည်။ အဲဒါတွေပါပဲ။ သက်ထားကို သိပ်ချစ်နေရတာ။ သက်ထားက ဖြူစင်သည်။

"တို့ လာခဲ့ရမလားဟင် သက်ထား"

"ဟင် ... သက်ထား မအားဘူး"

"ဘာလုပ်နေလို့လဲ"

"သီချင်းနားထောင်နေတယ်"

"ဘာသီချင်းလဲ"

"အသက်ထက် သက်ထား;တဲ့၊ အဆိုတော်က နောင်ရိုး၊ မနေ့ကမှထွက်တဲ့ အခွေလေ၊ အဆိုတော်ကိုယ်တိုင် ပေးသွားလို့"

နောင်ရိုး မျက်နှာ ချိုကြည်ပြုံးကျသွားရတော့သည်။

"လာခဲ့မယ်နော်"

"သဘောပဲ"

သဘောပဲ ... တဲ့လားကွာ။

တို့ သဘောအတိုင်းသာဆိုရင်တော့ သက်ထားကို တို့ အသက်နဲ့တူတူ တို့ရင်ထဲမှာ မျိုထားလိုက်ချင်တာပေါ့။ တို့ သီချင်းစာသားထဲမှာ ပါသားပဲ။ ကိုယ့်အသက်ကို မြတ်နိုးထိန်းသိမ်းရတာထက် သက်ထားကို ပိုပြီး ထာဝရ ဦးစားပေးနေမယ်ဆိုတာ။

www.burmeseclassic.com



ဒီစကားကိုတော့ သက်ထားနှင့်တွေ့မှ နှစ်ယောက်တည်း ပြောပြပါတော့မည်။ ခုတော့ ... ဝိုင်းကြည့် ဝိုင်းနားထောင်နေကြသည့် လူလေးယောက်၏ မျက်စိရှစ်လုံးနှင့် နားရှစ်ဖက်ကြားမှာ နှောင်ရိုး စကားတွေကို ထိမ်ချိန်ထားလိုက်ရပါဦးမည်။

တယ်လီဖုန်းလေးကို ဖြည်းဖြည်းချသည်။ သက်ထားက အရင်ချသွားပြီမှန်း သိပေမယ့် ... သက်ထားနှင့် စကားပြောခွင့် ဖန်တီးပေးခဲ့သည့် သက်မဲ့ပစ္စည်းလေးကိုတောင် ကြမ်းကြမ်းတမ်းတမ်း မကိုင်တွယ်ရက်သလို ခံစားရသည်။

သက်ထားကို အဲသည်လောက်ထိကို ချစ်တာပါ သက်ထားရယ်။ တို့ ဝါကျတွေ အများကြီးဖွဲ့ပြီး ပြောပြတော့မှာပါ။ နှုတ်နည်းတတ်တဲ့ မှုန်တေတေ နှောင်ရိုးဆီက အပြုံးတွေ၊ စကားလုံးလှလှတွေ၊ သက်ထား နားညည်း မျက်စိနောက်လောက်အောင်ကို လက်ခံရယူရတော့မှာပါ သက်ထားရယ် ...။

တချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဝင်းမြင့်

www.burmeseclassic.com